မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၅၇)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

၂၀၁၄ ခုနှစ်၊ ဇွန် ၁၉ ရက်၊ ကြာသပတေးနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ပြုပြင်ပြောင်းလဲရေးဖော်ဆောင်အောင်မြင်မှုအပေါ် ဥရောပသမဂ္ဂက အသိအမှတ်ပြု

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Roland Kobia အား ယနေ့နံနက် ၁၁ နာရီက နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အား နိုင်ငံတကာအဆင့်မီ ရဲတပ်ဖွဲ့တစ်ဖွဲ့ ဖြစ်လာစေရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များတွင် ဥရောပသမဂ္ဂက ကူညီဆောင်ရွက်ပေးနေမှုဆိုင်ရာများ၊ ရခိုင်ပြည်နယ်ရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအား ငြိမ်းချမ်းစွာအတူတကွ နေထိုင်နိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပံ့ပိုး ဆောင်ရွက်ပေးနေမှုများ၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး ဖော်ဆောင်အောင်မြင်နေမှုများအပေါ် ဥရောပသမဂ္ဂကအသိအမှတ်ပြုပြီး ဘက်စုံကဏ္ဍစုံတွင် ဆက်လက်ကူညီပံ့ပိုး ဆောင်ရွက်သွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ်ကြီး H.E.Mr.Roland Kobia အား နိုင်ငံတော်သမ္မတအိမ်တော်ရှိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒေသခံများဓာတ်အားရရှိစေမည့် နောင်ဖ-မန်တောင်း ရေအားလျှပ်စစ်စီမံကိန်း

သတင်း-ဝေယံဦး
ဓာတ်ပုံ-အေးကေလင်း

ရန်ကုန် ဇွန် ၁၈

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လျှပ်စစ်ဓာတ်အား ဖူလုံစွာရရှိရေးလိုအပ်သည်။ နိုင်ငံတိုင်းတွင် လျှပ်စစ်ဓာတ်အားရရှိရေးအတွက် သယံဇာတမျိုးစုံ အသုံးပြုရှာဖွေရယူသုံးစွဲလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ဓာတ်အားရယူထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်နှင့် မိုင်းမောမြို့နယ်များတွင် နောင်ဖ-မန်တောင်း ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်လျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်အနီး သံလွင်မြစ်ပေါ်ရှိ နောင်ဖ-မန်တောင်း ရေအားလျှပ်စစ်ထုတ်ယူမည့် စီမံကိန်းမြေနေရာကို တွေ့ရစဉ်။

နောင်ဖ-မန်တောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်ပြီး တာဝန်ရှိသူများနှင့် ဒေသခံများအား ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်ပန်ဒေသ မြို့နယ်ခန်းမ၌ ဇွန် ၁၆ ရက် နံနက်က ကျင်းပရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကာ ပွင့်လင်းမြင်သာစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

နောင်ဖ-မန်တောင်း ရေအားလျှပ်စစ်စီမံကိန်းကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တရုတ်နိုင်ငံမှ Hydro-china Corporation နှင့် မြန်မာနိုင်ငံသားပိုင် International Group of Entrepreneurs Co.,Ltd.(IGOEC) တို့က ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။

နောင်ဖစီမံကိန်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် တာဆန်းလုံကျေးရွာအနီး မြောက်ဘက် တစ်မိုင်ခန့်အကွာ လားရှိုးမြို့နှင့် တန့်ယန်းမြို့နယ်စပ် သံလွင်မြစ်ပေါ်တွင် တည်ရှိသည်။ နောင်ဖရေအားလျှပ်စစ် စီမံကိန်းသည် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၁၂၀၀ ရှိပြီး နှစ်စဉ်ပျမ်းမျှထုတ်လုပ်နိုင်သည့်ဓာတ်အားမှာ ၆၁၈၂ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်သည်။ တမံအမျိုးအစားမှာ Roller Compacted Concrete Gravity Dam ဖြစ်ပြီး တမံအမြင့် ၉၈ မီတာနှင့် အလျား ၂၆၅ မီတာဖြစ်ကာ တည်ဆောက်ရေးကာလ ခြောက်နှစ်ခန့်ကြာမြင့်မည် ဖြစ်သည်။

ထို့အတူ မန်တောင်းရေအားလျှပ်စစ်စီမံကိန်းမှာ သံလွင်မြစ်

စာမျက်နှာ ၈ ကော်လံ ၁ ➔

ယနေ့ မာတိကာ

အမေရိကန်လေကြောင်းလိုင်း ဗင်နီဇွဲလားနှင့် လေကြောင်းပြေးဆွဲမှု ဖြတ်တောက် စာ-၄

လက်ကိုင်ဖုန်းနှင့် မိုးကြိုးလျှပ်စီး အန္တရာယ် ဆောင်းပါး စာ-၆

နည်းပြသစ်တွေနဲ့ ပွဲထွက်လာမယ့် ပရီမီယာလိဂ် ဩဂုတ် ၁၆ ရက်မှာစမည် စာ-၁၄

ကြော်ငြာအချပ်ပိုရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆန်တင်ပို့မှု မြှင့်တင်ကြိုးပမ်း

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ တစ်နှစ်ထက်တစ်နှစ် ပြည်ပသို့ ဆန်တန်ချိန် ပိုမိုတင်ပို့နိုင်ရေးကြိုးပမ်းလျက်ရှိပါသည်။ သို့သော် ဈေးကွက်ယှဉ်ပြိုင်ထိုးနှက်မှုများ ကြီးထွားလာခြင်း၊ ဈေးကွက်ထိုးဖောက်မှုအစီအမံများ အားနည်းခြင်း၊ ဆန်အရည်အသွေးထိန်းသိမ်းနိုင်မှု နည်းပညာလိုအပ်ချက်များရှိခြင်းတို့ကြောင့် ဆန်တိုးမြှင့်တင်ပို့နိုင်ရန်အတွက် အဟန့်အတားများ ဖြစ်နေရပါသည်။ ဆန်တင်ပို့နိုင်ရန်စိန်ခေါ်မှု များစွာရှိနေလင့်ကစား နိုင်ငံခြားငွေ ရရှိရေးအတွက် တိုးမြှင့်တင်ပို့ရေးအစီအမံများ ချမှတ်ဆောင်ရွက်သင့်ပေသည်။

ဒုတိယကမ္ဘာစစ်မဖြစ်မီက မြန်မာနိုင်ငံ၏ ဆန်တင်ပို့ရောင်းချမှုသည် တန်ချိန်သုံးသန်းကျော်ရှိကြောင်း သမိုင်းမှတ်တမ်းများအရ သိရသည်။ ယခုမူ စစ်မဖြစ်မီက စံချိန်၏ ထက်ဝက်မျှလောက်ပင် ရောက်ရှိရန် ကြိုးစားနေရပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း ဆန်တန်ချိန် တစ်သန်းကျော်အထိသာ တင်ပို့နိုင်ခဲ့ကြောင်း သိရပါသည်။ ဤသို့ မြန်မာ့ဆန်တင်ပို့မှု နှေးကွေးနေရခြင်း၏အဓိကအကြောင်းအရင်း တစ်ရပ်မှာ ကမ္ဘာ့ဆန်ဈေးကွက်နိမ့်ကျနေပြီး မြန်မာ့ဆန်ဈေးကွက် မြင့်မားနေခြင်းကြောင့်ဖြစ်သည်ဟု ဆန်တင်ပို့ရောင်းချသူများက ဆိုပါသည်။ လွန်ခဲ့သည့်နှစ်အတွင်း ကမ္ဘာ့ထိပ်တန်းဆန်ရောင်း နိုင်ငံတစ်နိုင်ငံက အရည်အသွေးကောင်းဆန်များ ကမ္ဘာ့ဆန်ဈေးကွက်အတွင်း ဈေးနှုန်းချရောင်းခဲ့ခြင်းကြောင့် ဆန်ဈေးကွက်ကျဆင်းခဲ့ရပါသည်။ ဤသည်မှာ ဈေးကွက်ထိုးနှက်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ မည်သို့ပင်ဆန်ဈေးကွက် ထိုးနှက်မှုများရှိလာစေကာမူ နှစ်စဉ်ပြည်ပဝင်ငွေဒေါ်လာသန်းပေါင်းများစွာရရှိနေ၍ ဆန်တင်ပို့မှုတိုးချဲ့နိုင်ရေး အစီအမံများ ဆောင်ရွက်သင့်ပေသည်။

ကျွန်ုပ်တို့နိုင်ငံအပေါ် ချမှတ်ထားသော ပိတ်ဆို့ဟန့်တားမှုများ ရုပ်သိမ်းခဲ့ပြီးနောက် ဆန်နှင့်ဆန်ထွက်ပစ္စည်းအပါအဝင် ပြည်ပပို့ကုန် တင်ပို့မှုများ မြှင့်တင်နေချိန် ဤကဲ့သို့ ဈေးကွက်ထိုးနှက်မှု၊ ယှဉ်ပြိုင်မှုများလည်း တိုးလာနိုင်မည်ဖြစ်ပါသည်။ ဈေးကွက်စိန်ခေါ်မှုများရှိနေသည်က အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း အရည်အသွေးကောင်း စပါးများ တိုးချဲ့စိုက်ပျိုးပြီးဆန်တင်ပို့မှုမြှင့်တင်ရေး အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်း ဆန်ဈေးကွက်နှင့်ကမ္ဘာ့ဆန်ဈေးကွက် ချိတ်ဆက်လာနိုင်ရမည်ဖြစ်ပါသည်။ ကမ္ဘာ့ဆန်ဈေးကွက်ကျပြီး ပြည်တွင်းဆန်ဈေးကွက်မြင့်မားနေ၍ မဖြစ်ပါ။ ပြည်တွင်း ဆန်ဈေးကွက်ကျဆင်းလာပါမှ ပြည်တွင်း ဆန်စားသုံးသူတို့ သက်သာခွင့်ရရှိမည်ဖြစ်သကဲ့သို့ ပြည်ပဆန်တင်ပို့မှုလည်း အားကောင်းလာမည်ဖြစ်ပါသည်။ သို့ရာတွင် ဆန်စပါးဈေးကျဆင်းလာခြင်းကြောင့် စိုက်ပျိုးသူတောင်သူများ ထိခိုက်နစ်နာမှုများ ရှိလာနိုင်ပါသည်။ စိုက်ပျိုးသူတောင်သူလည်း အကျိုးရှိစေ၊ ဆန်တင်ပို့မှုလည်း တိုးစေဟူသော ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့်သာ နှစ်ဦးနှစ်ဖက်အကျိုးကျေးဇူးများနိုင်မည်ဖြစ်ပါသည်။ မည်သည့်အဟန့်အတားများ၊ စိန်ခေါ်မှုများရှိလင့်ကစား ဆန်တင်ပို့မှု မြှင့်တင်ရေးရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်စေရန် ဝိုင်းဝန်းကြိုးပမ်းသင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်၊ နည်းပြနှင့်ဒိုင်သင်တန်းဖွင့်

ရန်ကုန် ဇွန် ၁၈

အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်တို့ပူးပေါင်းဖွင့်လှစ်သော ၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်၊ နည်းပြနှင့်ဒိုင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၇ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်နှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် တာဝန်ခံနာယကများ၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်အယ်လ်ခွန်းရီ၊ အထွေထွေအတွင်းရေးမှူး ဒေါ်နန်းအေးခိုင်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင်များနှင့် သင်တန်းသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီး ဦးသောင်းထိုက်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၂၈ ရက်အထိ သင်တန်းသူစုစုပေါင်း ၅၁ ဦးဖြင့် အခြေခံကာ အေရိုးဗစ်နည်းစနစ်ဥပဒေများကို စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူသွားလမ်းများပေါ် သွားလာ၍မရသည်အထိ ယာဉ်ငယ်များပိတ်ဆို့

ရန်ကုန်မြို့တွင် ယာဉ်ရပ်နားရန်နေရာများပြုလုပ်မှုကြောင့် လူသွားလမ်းပလက်ဖောင်း လမ်းအကျယ်ကျဉ်းမြောင်းလာချိန်တွင် လမ်းဘေးဈေးသည်များ လူသွားလမ်းပေါ် တက်ရောက်ဈေးတည်ခင်းရောင်းချမှုကြောင့် ခြေကျင်သွားခရီးသည်များ အခက်အခဲများ ကြုံတွေ့ရသကဲ့သို့ လမ်းအချို့တွင် လူသွားလမ်းများပေါ် လမ်းသွားလမ်းလာမရအောင် ကိုယ်ပိုင်ယာဉ်ငယ်များဖြင့် ပိတ်ဆို့ရပ်ထားနေသည်ကို ဇွန် ၁၇ ရက် နံနက်ပိုင်းက မဟာဗန္ဓုလလမ်းမနှင့် အမည်တပ်လမ်းသွယ်ထိပ်နှင့် အဆိုပါ အမည်တပ်လမ်းသွယ်အတွင်း မြင်တွေ့နေရသည်ဟု အဆိုပါနေရာဝန်းကျင်တွင် အလုပ်လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

ယခုအခါယာဉ်ရပ်နားခငွေများ သက်ဆိုင်ရာမှ ၂၀၁၄ ဧပြီ ၁ ရက်မှ စတင်ကောက်ခံရာ အချို့နေရာများတွင် နေရာလွတ်များရှိလာကြောင်း၊ ယင်းသို့ နေရာလွတ်များရှိသည့်အတွက် လမ်းဘေးဈေးရောင်းချမှု၊ ပန်းပင်အိုးကြီးများချထားမှု၊ သစ်ပင်ငယ်များပြုစုစိုက်ပျိုးမှုများ မြင်တွေ့လာရချိန်တွင် ကိုယ်ပိုင်ယာဉ်ငယ်ပိုင်ရှင်အချို့၏ စည်းကမ်းမဲ့လမ်းဘေးလူသွားလမ်းများကို ပိတ်ဆို့ရပ်ထားသည်ကို မိမိတို့၏အသိစိတ်ဓာတ်ဖြင့် ပြုပြင်ပေးရန် အရေးကြီးကြောင်း၊ ရန်ကုန်မြို့တွင် ယနေ့ကြုံတွေ့နေရသော ရေကြီးမှုနှင့်အမှိုက်စွန့်ပစ်မှုတွင် ပြည်သူအချို့၏စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်နေမှုများ ပပျောက်မသွားဘဲ ရန်ကုန်မြို့တွင်းလမ်းများပေါ်တွင် အမှိုက်ထုပ်ကြီးငယ်များ အလွယ်တကူစွန့်ပစ်ထားခြင်း၊ အမှိုက်ပုံးကြီးငယ်များ ပြည့်လျှံနေခြင်း၊

ထင်သာမြင်သာပြုပြင်စရာ

အမှိုက်ပုံးအဖုံးများဖွင့်ထား၍ အနံ့ဆိုးများ ပတ်ဝန်းကျင်သို့ လွင့်ပျံ့၍အမှိုက်ပုံးအနီးနေထိုင်သူများ ကျန်းမာရေးနှင့် မညီညွတ်မှုများရှိနေကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူအချို့ အမှိုက်စွန့်ပစ်မှုနှင့်အတူ လူသွားလမ်းများပေါ် တည်ခင်းဈေးရောင်းခြင်း၊ ကိုယ်ပိုင်ယာဉ်များ ပိတ်ဆို့ရပ်ထားခြင်းများကို မပြုလုပ်သင့်ပါကြောင်း လမ်းသွားလမ်းလာ ခြေကျင်ခရီးသွားနေရသူများက ဆိုသည်။ **ခင်ဆိုင်**

မိုးရေချိန်စံချိန်သစ်

ဇွန် ၁၇ ရက် မြန်မာစံတော်ချိန် နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ အောက်ဖော်ပြပါစခန်း၌ ဇွန်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်ကို တိုင်းထွာရရှိခဲ့ပါသည်။

စဉ်	စခန်းအမည်	မိုးရေချိန်စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍လွန်ခဲ့သော နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကိုကိုးကျွန်း	၂၇၇	၁၀. ၉၁	၁၉၅	၇. ၆၈	၅-၆-၂၀၀၂	၅၅

ကျန်းမာဖွံ့ဖြိုး ဉာဏ်ရည်တိုးဖို့ နေ့စဉ် နွားနို့ သောက်ကြစို့

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renat Lok-Dessallienအား လက်ခံ တွေ့ဆုံစဉ်။(သတင်းစဉ်)

မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တပ်မတော် ပါဝင်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဇွန် ၁၈

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms.Renat Lok-Dessallien နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီက အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ သဘာဝဘေးကယ်ဆယ်ရေးကိစ္စရပ်များတွင် တပ်မတော်ကပူးပေါင်းပါဝင်ဆောင်ရွက်မှုများ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များတွင် တပ်မတော်ပါဝင်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

▼ *ကျောဖုံးမှ*

စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် ငွေကြေးနှင့် နည်းပညာအခက်အခဲ မရှိစေရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်သည်။

"တောင်သူတွေအတွက် အကျိုးရှိစေမယ့် နည်းပညာမြင့် စက်ကိရိယာတွေကို ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ လယ်ယာသုံးစက်ကိရိယာတွေကို တောင်သူတွေ လက်ထဲအမှန်တကယ်ရောက်ရှိအောင် ဆက်တိုက်ဆောင်ရွက်ပေးမယ်"ဟု မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်က ပြောကြားသည်။

ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာအရ စိုက်ပျိုးရေးကဏ္ဍကို အဆင့်မြှင့်တင်ရန် အားပေးထားပြီး နိုင်ငံတော်ကလည်း စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ချေးငွေများထုတ်ပေးခြင်း၊ တောင်သူများအတွက် အထွက်တိုးမျိုးစပါးများ စီစဉ်ရောင်းချပေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများအား တိုင်းဒေသကြီးအစီအစဉ်၊ သက်ဆိုင်ရာ မြို့နယ်အလိုက် စီမံကိန်းများချမှတ်ကာ ဖြည့်ဆည်းလျက်ရှိပြီး လယ်ယာလုပ်ငန်းနှင့် သက်ဆိုင်သည့် အသင်းအဖွဲ့အသီးသီးကလည်း ကူညီဆောင်ရွက်မှုများကို ဆောင်ရွက်ပေးခြင်းဖြစ်သည်။

"ထွက်ရှိလာတဲ့သီးနှံတွေကို ရောင်းချတဲ့အချိန်အထိ အရည်အသွေးကို ထိန်းသိမ်းထားနိုင်ဖို့အတွက် အစိုဓာတ်တိုင်းတာတဲ့ကိရိယာနဲ့တိုင်းတာထားပြီး ကုန်စည်သိုလှောင် တဲ့အခါနဲ့ ကြိတ်ခွဲခြွေလှေ့တဲ့အခါမှာ အလေအလွင့်နည်းပါးဖို့ဆောင်ရွက်မယ်"ဟု အသင်း၏ အထွေထွေအတွင်းရေးမှူးက ဆက်လက်ပြောကြားသည်။

လက်ရှိဈေးကွက်အတွင်းတွင် ငွေကျပ်တစ်သိန်းဝန်းကျင်ရှိနေသည့် အဆိုပါစက်ကိရိယာများကို ထက်ဝက်နှုန်းဖြင့် တောင်သူများဝယ်ယူနိုင်ရန်စီစဉ်ပေးသွားမည်ဖြစ်ပြီး အခြားစက်မှုလယ်ယာကဏ္ဍသုံး စက်ကိရိယာများကိုလည်းရောင်းချပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

"တောင်သူတွေလက်ထဲကို ရောက်ရှိဖို့အတွက် အကူအညီတွေ ယခုနှစ်မှာအများကြီး တိုးလာတာကိုတွေ့ရပါတယ်။ သို့သော် ရာခိုင်နှုန်းနည်းနေပါသေးတယ်။ကျွန်တော်တို့အနေနဲ့ နည်းပညာမြင့် စက်ကိရိယာတွေကို အသုံးပြုချင်ပေမယ့် ငွေကြေးမတတ်နိုင်တဲ့အတွက် အခက်အခဲရှိပါတယ်။ အသင်းအဖွဲ့တွေကနေ ဦးဆောင်ရောင်းချတဲ့အခါ တောင်သူတွေကို တိုက်ရိုက်စနစ်နဲ့ရောင်းချပေးစေလိုပါတယ်"ဟု ကျောက်တန်းမြို့နယ်ရှိ တောင်သူတစ်ဦးကဝယ်ယူရန် စုံစမ်းနေစဉ်သူ့အမြင်ကို ပြောပြသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များခန့်အပ် တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့
အမိန့်ကြော်ငြာစာ
(အမှတ် ၄၀/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များ တိုးချဲ့ဖွဲ့စည်းခြင်းနှင့် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၉-၄-၂၀၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁)ဖြင့် ဖွဲ့စည်းခန့်အပ်တာဝန်ပေးထားသော နိုင်ငံတော်သမ္မတ၏ အကြံပေးအဖွဲ့များကို အောက်ပါအတိုင်း တိုးချဲ့ဖွဲ့စည်း၍ ယှဉ်တွဲပါပုဂ္ဂိုလ်များအား အကြံပေးအဖွဲ့အသီးသီးတွင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁)	သူရဦးမြင့်မောင် (အငြိမ်းစားဝန်ကြီး)	အဖွဲ့ခေါင်းဆောင် သာသနာရေးအကြံပေးအဖွဲ့
(၂)	ဦးစိန်ဝင်းအောင် (အငြိမ်းစားသံအမတ်ကြီး)	အဖွဲ့ဝင် သာသနာရေးအကြံပေးအဖွဲ့
(၃)	ဒေါက်တာဒေါ်နုနုသာ (အငြိမ်းစားဆေးရုံအုပ်ကြီး)	ကျန်းမာရေးအကြံပေးအဖွဲ့
(၄)	ဒေါက်တာဒေါ်ရင်ရင်နွယ် (အငြိမ်းစားယူနီဆက်ဝန်ထမ်း)	အဖွဲ့ခေါင်းဆောင် ပညာရေးအကြံပေးအဖွဲ့
(၅)	ဒေါက်တာကျော်ရင်လှိုင်	အဖွဲ့ဝင် ပညာရေးအကြံပေးအဖွဲ့
(၆)	ဦးတင်ထွဋ်ဦး (အငြိမ်းစားညွှန်ကြားရေးမှူးချုပ်)	အဖွဲ့ဝင် စီးပွားရေးအကြံပေးအဖွဲ့

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ဇွန် ၁၈ ရက်က ဗြိတိန်နိုင်ငံဘုရင်မ Elizabeth II ၏ မွေးနေ့အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနား တက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E.Mr.Andrew Patrick ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် ဇွန် ၁၆ ရက် ညနေက ပဲခူးမြို့ ဟံသာဝတီယူနိုက်တက် (FC) ဘောလုံးကွင်း၌ ကျင်းပသော ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလားအသက်၂၀အောက် ဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဗိုလ်လုပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဆုပေးပွဲကျင်းပရာ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်းနှင့် ဂိုးသမားအကောင်းဆုံးဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ ပထမနှင့် ဒုတိယဆုရ အထက်တန်းကျောင်းတို့အား တာဝန်ရှိသူများက ဆုတံဆိပ်များ ချီးမြှင့်ကြပြီး ဝန်ကြီးချုပ်က ဒုတိယရရှိသော အမှတ်(၇)အခြေခံ ပညာအထက်တန်းကျောင်းအသင်းအား ဆုဖလားနှင့် ငွေသားကျပ် နှစ်သိန်း၊ ပထမရရှိသော အမှတ်(၄) အခြေခံ ပညာအထက်တန်းကျောင်းအသင်းအား ဆုဖလားနှင့် ငွေသားကျပ် သုံးသိန်းတို့ကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

CLAIMS DAY NOTICE

M.V PARAGON PESCADORES

Consignees of cargo carried by M.V PARAGON PESCADORES are here by notified that the vessel will arrive of about 11-4-2014 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်- **ဖုန်း-၂၃၀၁၁၈၆**

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

နိုင်ငံတကာသတင်း

ကမ္ဘာ့ဖလားပွဲကြည့်နေသော နိုင်ဂျီးရီးယားပရိသတ်များ အသေခံဗုံးခွဲတိုက်ခိုက်ခံရ၍ ၁၃ ဦးသေဆုံး

ယိုဘေး ဇွန် ၁၈

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ ကမ္ဘာ့ဖလားဘောလုံးပွဲ ကြည့်ရှုနေသူများကို ဗုံးခွဲတိုက်ခိုက်မှုကြောင့် အနည်းဆုံး ၁၃ဦးသေဆုံးကြောင်း ဆေးအဖွဲ့က ပြောသည်။

ဘရာဇီးနှင့် မက္ကဆီကိုပွဲကို ကြည့်ရှုနေသောပရိသတ်အား သုံးဘီးစက်ဘီး တက္ကစီသမားက အသေခံဗုံးခွဲကာ စနက်တံဖြုတ်တိုက်ခိုက်ခဲ့ကြောင်း ယိုဘေးပြည်နယ် ဒါမာတူရုမြို့မှ မျက်မြင်တွေ့ရှိသူများက ပြောသည်။

အဆိုပါ အသေခံဗုံးခွဲ တိုက်ခိုက်မှုကြောင့် အနည်းဆုံးလူ ၂၀ ဒဏ်ရာပြင်းထန်စွာရရှိသွားသည်ဟု ဆိုသည်။

နိုင်ဂျီးရီးယားနိုင်ငံ၌ အများပြည်သူများအား ကမ္ဘာ့ဖလားပွဲများကို နေရာအနှံ့ပြသလျက်ရှိရာ ဘိုကိုဟာရမ်တို့ ခြိမ်းခြောက်မှုကြောင့် ဖျက်သိမ်းလိုက်ရသည်။

ယိုဘေးအပါအဝင် ဒေသသုံးခုတွင် အစ္စလာမ္မစ်တို့၏ တိုက်ခိုက်လာနိုင်သည့် အခြေအနေကြောင့် အရေးပေါ်အခြေအနေ ကြေညာထားရသည်။ နောက်ဆုံးဖြစ်ပွားသော တိုက်ခိုက်မှုသည် မည်သည့်အဖွဲ့က တိုက်ခိုက်သည်ကို ချက်ချင်း မသိရသေးဟုဆိုသည်။

အင်္ဂါနေ့ညနေပိုင်းက ဖြစ်ပွားခဲ့သော ယင်းတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသူများအား ထရပ်ကားများဖြင့် တင်ဆောင်ကာ အနီးဆေးရုံများ၌ ကုသပေးလျက်ရှိကြောင်း ဆေးရုံလုပ်သားတစ်ဦးက ပြောသည်။ **(ဘီဘီစီ)**

အီရတ်နိုင်ငံ၏ အကြီးဆုံးရေနံသန့်စင်စက်ရုံ အစ္စလာမ္မစ်ဦးဆောင်သော စစ်သွေးကြွများတိုက်ခိုက်

ဘဂ္ဂဒက် ဇွန် ၁၈

စစ်သွေးကြွများ ဦးဆောင်သော အစ္စလာမ္မစ်တို့က အီရတ်နိုင်ငံ၏ အကြီးဆုံးရေနံချက်စက်ရုံကို မော်တာများ၊ စက်သေနတ်များဖြင့် လမ်းကြောင်းနှစ်ခုမှ တိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ဘဂ္ဂဒက်မြောက်ဘက် မိုင် ၁၃၀ အကွာ ဘိုင်ဂျီအရပ်၌ အဆိုပါ တိုက်ခိုက်မှုများကြောင့် ကုန်လှောင်ရုံများမှ မီးခိုးလုံးများ လွင့်ပျံ့နေသည်ကိုတွေ့ရကြောင်း လုံခြုံရေးနှင့် ရေနံမြေသတင်းရပ်ကွက်က ရိုက်တာသို့ ပြောကြားသည်။

အစိုးရတပ်များက မြို့တော် ဘဂ္ဂဒက်သို့ ချီတက်နေသည့်စစ်သွေးကြွများအား လေကြောင်းမှ ဖြတ်တိုက်ခဲ့သည်။ ရာမာဒီမြို့ အနောက်ပိုင်း၌လည်း တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

အစိုးရတပ်များက ISIS တိုက်ခိုက်ရေးသမားများနှင့် ဆွန်နီတိုက်ခိုက်ရေးသမားများအား ဒီယာလာနှင့် ဆာလာဟူဒင်ပြည်နယ်များ၌ ပြန်လည်တိုက်ထုတ်လျက် ရှိသည်။ ယင်းမှာ စစ်သွေးကြွများက မိုဆူးလ်မြို့ကို လွန်ခဲ့သော သီတင်းပတ်က သိမ်းပိုက်ခဲ့ပြီးနောက် ပြန်လည်တိုက်ထုတ်နေခြင်းဖြစ်သည်။

အီရတ်ဝန်ကြီးချုပ်နော်ရီအယ်လ်မာလီကီကို ဆွန်နီမွတ်စလင်နှင့် ကာဒစ် ခေါင်းဆောင်များနှင့်အတူ ရုပ်မြင်သံကြား၌တွေ့ရပြီး ၎င်းတို့က စည်းလုံးညီညွတ်သော နိုင်ငံဖြစ်ရန်နှင့်အစိုးရမဟုတ်သောတပ်များ လက်နက်ချရန် တောင်းဆိုလိုက်သည်။

လွန်ခဲ့သော သီတင်းပတ်က စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်ပြီးကတည်းက ရာနှင့်ချီသောပြည်သူများ သေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

မလေးရှားကမ်းလွန်၌ စက်လှေနစ်မြုပ်မှုဖြစ်ပွား ၃၅ ဦး ပျောက်ဆုံး

ကွာလာလမ်ပူ ဇွန် ၁၈

မလေးရှားနိုင်ငံအနောက်ဘက်ကမ်းလွန် Saugai Air Hitam အနီး ရေမိုင် ၂ မိုင်ခန့်၌ နိုင်ငံခြားသား ၉၇ ဦးကို တင်ဆောင်လာသော စက်လှေတစ်စင်း ဇွန် ၁၈ ရက် နံနက်ပိုင်းက နစ်မြုပ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၃၅ ဦး ပျောက်ဆုံးနေကြောင်း ဒေသမီဒီယာများတွင် ဖော်ပြခဲ့သည်။

စထရိတ်တိုင်းမ်သတင်းစာတွင် အမျိုးသား ၄၇ ဦး၊ အမျိုးသမီး ၁၂ ဦးနှင့်ကလေးငယ်တစ်ဦး အပါအဝင် ၆၀ ဦးကို ဒေသတွင်း ရေလုပ်သားများနှင့် ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကယ်ဆယ်နိုင်ခဲ့ကြောင်း ဖော်ပြသည်။

မလေးရှားရေကြောင်း ထိန်းချုပ်ရေးအေဂျင်စီ (အမ်အမ်အီးအေ) ညွှန်ကြားရေးမှူး အီဘရာဟင်မိုဟာမက်က ၎င်းစက်လှေသည် အင်ဒိုနီးရှားနိုင်ငံ အာချေးသို့ ဦးတည်သွားဖွယ်ရှိသည်ဟု ပြောကြားခဲ့သည်။

မီးသတ်နှင့် ကယ်ဆယ်ရေးဌာန၊ ရေကြောင်းကာကွယ်ရေးဌာန အပါအဝင် အခြားအဖွဲ့အစည်းများ အကူအညီဖြင့် အရာရှိ ၃၅ ဦးနှင့် အမ်အမ်အီးအေမှ စက်လှေ ၁၀ စင်းနှင့် ရဟတ်ယာဉ်တစ်စင်းကို အခင်းဖြစ်နေရာသို့ စေလွှတ်ခဲ့ကြောင်း ၎င်းကပြောခဲ့သည်။

အလားတူအချိန်တွင် ရဲဌာနသတင်းများအရ ၎င်းစက်လှေသည် အစောပိုင်းယူဆချက်များအရ တိမ်းမှောက်ခဲ့ခြင်းမဟုတ်ကြောင်း၊ ရေယိုပေါက်မှုကြောင့် နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သည်စတားသတင်းစာက ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

အစိုးရက ထိုင်းလယ်သမားများကို ကြွေးကျန် ဘတ် ၉၂ ဘီလီယံကျော် ပြန်လည်ထုတ်ပေး

ဗန်ကောက် ဇွန် ၁၈

ထိုင်းတပ်မတော်အစိုးရက အငြင်းပွားဖွယ် နိုင်ငံတော်ဝယ်ယူရေး စီမံကိန်းအရ ကြွေးကျန် ၉၂ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂ ဒသမ ၈၆ ဘီလီယံ)ကို အကြွေးပေးရန်ရှိသည့် လယ်သမားအားလုံးသို့ ပေးအပ်လိုက်ကြောင်း ယင်းအစီအစဉ်အရ ထူထောင်ထားသည့် ဘဏ်ထိပ်တန်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဆောင်ရွက်ချက်သည် အစိုးရ၏ အကြီးမားဆုံးသော ငွေလုံးငွေရင်းသုံးစွဲမှုစီမံကိန်းကို အဆုံးသတ်လိုက်ခြင်းဖြစ်သည်။ ပြီးခဲ့သည့် အောက်တိုဘာလကတည်းက လယ်သမားများသည် အစိုးရထံမှ ရရန်အကြွေးကို စောင့်ဆိုင်းနေခဲ့ရသည်။

အစိုးရနှင့် ဘီအေအေစီကုမ္ပဏီက ထိုင်းလယ်သမား ၈၀၀၀၀၀ ကို ကြွေးကျန်များပေးအပ်ရန် စီစဉ်ခဲ့သည်။ မိမိတို့အနေဖြင့် ယခုအချိန်မှစ၍ မည်သည့်ဆန်ဝယ်ယူရေး အစီအစဉ်မှမရှိကြောင်း နိုင်ငံပိုင်စိုက်ပျိုးရေးဘဏ်နှင့်စိုက်ပျိုးရေး သမဝါယမ(ဘီအေအေစီ)က ရိုက်တာသို့ပြောကြားသည်။ ဝန်ကြီးချုပ်ဟောင်း ရင်လတ်ရှင်နာဝပ်သည် ဒီဇင်ဘာလက ပါလီမန်ကို ဖျက်သိမ်းခဲ့သဖြင့် ၎င်း၏အစိုးရသည် ယာယီအစိုးရဖြစ်ပြီး ငွေချေးယူနိုင်ခြင်းမရှိသည့်အတွက် လယ်သမားများအား ပေးရန်ရှိသည့် ကြွေးမြီများ မပေးနိုင်ဘဲဖြစ်ခဲ့ရသည်။

အစိုးရဆန့်ကျင်ဆန္ဒပြသူများက မေ ၂၂ ရက်က တပ်မတော်မှ အာဏာသိမ်းခဲ့သည့်တိုင်အောင် ဆန္ဒပြမှုခြောက်လကြာခဲ့သည်။ ထိုင်းတပ်မတော် အစိုးရအနေဖြင့် ဖြုတ်ချခံရသည့် ဝန်ကြီးချုပ်ဟောင်း ရင်လတ်စတင်ခဲ့သော ဆန်ဝယ်ယူရေး စီမံကိန်းကို ဆက်လက်ထိန်းသိမ်းထားရန် အစီအစဉ်မရှိသေးကြောင်း အာဏာသိမ်း တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်ကြီး ပရာယွတ်ချန်အိုချာက ပြောကြားသည်။

အဆိုပါ စီမံကိန်းသည် ၂၀၁၁ ခုနှစ်က ရင်လတ်အာဏာရယူစဉ်က အဓိကမူဝါဒများအနက် တစ်ခုဖြစ်ပြီး ထိုင်းလယ်သမားများထံမှ သီးနှံများကို ဈေးကွက်ပေါက်ဈေးထက် ဝယ်ယူရန် ကတိကဝတ်ပြုထားမှုပင်ဖြစ်သည်။ **(ရိုက်တာ)**

အမေရိကန်လေကြောင်းလိုင်း ဗင်နီဇွဲလားနှင့် လေကြောင်းပြေးဆွဲမှုဖြတ်တောက်

ဝါရှင်တန် ဇွန် ၁၈

လာမည့်လမှစတင်ကာ ဗင်နီဇွဲလားသို့ ပျံသန်းနေသော လေကြောင်းခရီးစဉ် ၈၀ ရာခိုင်နှုန်းကို ဖြတ်တောက်မည်ဖြစ်ကြောင်း အမေရိကန်လေကြောင်းလိုင်းက ပြောကြားသည်။

ဇူလိုင် ၂ ရက်က စတင်ကာ အမေရိကန်တို့အနေဖြင့် လက်ရှိ တစ်ပတ် ၄၈ စင်း ပျံသန်းနေရာမှ ၁၀ စင်းသာလျှင် ပျံသန်းပြေးဆွဲတော့မည်ဖြစ်ကြောင်း အမေရိကန်လေကြောင်းလိုင်းက ဆိုသည်။

ရေနံကြွယ်ဝသော ဗင်နီဇွဲလားနိုင်ငံ၌ငွေကြေးထိန်းချုပ်မှု များပြားလာပြီး အခွန်ကောက်ခံမှု အငြင်းပွားစရာများဖြစ်ပွားနေစဉ် အဆိုပါ လေကြောင်းပျံသန်းမှု ခရီးစဉ်များ လျှော့ချလိုက်ခြင်းဖြစ်သည်။

အဆိုပါ လေကြောင်းလိုင်းများ ဆိုင်းငံ့ခြင်း သို့မဟုတ် လျှော့ချခြင်းများ ပြုလုပ်သွားမည်ဟု ဆိုသည်။ အမေရိကန်မှ ဗင်နီဇွဲလားသို့ လေကြောင်းပျံသန်းမှုများ နည်းပါးလာမည်ဖြစ်သည်။

မိမိတို့အနေဖြင့် ဗင်နီဇွဲလားသို့ လေကြောင်းပြေးဆွဲမှုနှင့် ပတ်သက်ပြီး အမေရိကန်ဒေါ်လာ ကြွေးမြီ ဒေါ်လာသန်း ၇၅၀ မရှင်းနိုင်ဘဲရှိကြောင်း၊ ဇူလိုင် ၁ ရက်မှစပြီး ဗင်နီဇွဲလားသို့ လေကြောင်းပျံသန်းမှု သိသိသာသာ လျှော့ချပစ်မည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်း၏ကြေညာချက်တွင် ဖော်ပြသည်။ မီယာမီမှသာလျှင် ဗင်နီဇွဲလားသို့ ပျံသန်းမည်ဖြစ်ပြီး နယူးယောက်၊ ဒါးလတ်နှင့်ပွာတိုရီကိုတို့မှ ပျံသန်းခြင်းကို ဆိုင်းငံ့ထားမည်ဟုဆိုသည်။

နိုင်ငံခြားငွေ ထိန်းချုပ်မှုသည် နိုင်ငံခြား လေကြောင်းလိုင်းများအတွက်အခက်တွေ့စေပြီး ဗင်နီဇွဲလားနိုင်ငံ၌ လက်မှတ်ဖိုးပြန်ယူရာတွင် အခက်တွေ့စေသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

နိုင်ငံတကာအနုပညာရှင်များ ဖျော်ဖြေမည့်ဂီတအခမ်းပွဲ

ရန်ကုန် ဇွန် ၁၈

အနောက်တိုင်း ဂန္ထဝင်ဂီတနှင့် ကမ္ဘာတစ်ဝန်းမှာ တစ်မူထူးခြားသော ဂီတများဖြင့် ဖျော်ဖြေမည့်မြန်မာဂီတပွဲတော်အမည်ရှိ ဖျော်ဖြေပွဲတစ်ရပ်ကို ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ အခမဲ့ကျင်းပသွားမည်ဟု သိရသည်။ အဆိုပါ ဂီတပွဲတော်ကို ကျောင်းများ၊ စာအုပ်ဆိုင်များ၊ အမေရိကန်သံရုံး၊ ဆွစ်ဇာလန်သံရုံး၊ Leagacy Music School၊ Monuments books၊ Myanmar Institute of Technology ကျောင်းများ အစရှိသည့် ရန်ကုန်မြို့ နေရာအနှံ့အပြားတွင် ဖျော်ဖြေပွဲကျင်းပသွားမည်ဖြစ်သည်။ နောက်ဆုံးနေ့ ဖျော်ဖြေပွဲကို ဝဇီရာ ရုပ်ရှင်ရုံ၌ ဇွန် ၂၂ ရက် ညနေ ၆ နာရီခွဲတွင် ကျင်းပသွားမည်ဟု သိရသည်။

မြတ်စန္ဒီသင်းဇော်

ပြင်ဦးလွင်အတက် ၂၁မိုင်အနီး ခရီးသည်တင်ယာဉ်မီးလောင် ခရီးသည်များ ဆင်းပြေးနိုင်ခဲ့၍ ထိခိုက်မှုမရှိဟုသိရ

ပြင်ဦးလွင် ဇွန် ၁၈

မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးပေါ် ပြင်ဦးလွင်မြို့အထွက် ၂၁မိုင်အနီးတွင် ယနေ့ည ၁၁ နာရီ ၁၅မိနစ်ခန့်က နေပြည်တော်-လားရှိုးခရီးသည်တင် **ရွှေဝံ** မှန်လုံယာဉ် မီးလောင်မှုဖြစ်ပွားရာ ခရီးသည်များ ကားပေါ်မှ ဆင်းပြေးနိုင်ခဲ့၍ ထိခိုက်မှုမရှိဘဲ အားလုံးလွတ်မြောက်ခဲ့ကြောင်း၊ အဆိုပါကားမီးလောင်မှုကြောင့် မန္တလေး-ပြင်ဦးလွင် အတက်လမ်း ကားများ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူ တစ်ဦး၏ ကနဦးသတင်းပေးပို့မှုအရ သိရသည်။

မမ(လားရှိုး)

စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၈

ဇွန် ၁၃ ရက် နံနက်ပိုင်းက ရှမ်းပြည်နယ် အမှတ်(၁၀) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့ဝင်များ၊ ဝမ်ပုံနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ သတင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မှ တပ်မတော်သားများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)အုပ်စု ပါခုတ်စစ်ဆေးရေးစခန်းတွင် ဝေ့လေလန်ကျေးရွာဘက်မှ ဝမ်ပုံဘက်သို့ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ဝမ်တုံကျေးရွာနေ အိုက်မွန်း (၁၉ နှစ်) မောင်းနှင်လာသည့် ၃ဂ/. . . . . ISUZU ယာဉ်ကို ရပ်တန့် ရှာဖွေစစ်ဆေးရာ ယာဉ်နောက်ခန်း ထိုင်ခုံအောက်အံဝှက်အတွင်းမှ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၀၀ ကိုတွေ့ရှိဖမ်းဆီးရမိခဲ့သောကြောင့် အိုက်မွန်းအား တာချီလိတ် မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ) (ရဲပြန်ကြား)**

ချောင်းဦးမြို့ မီးဘေးသင့်အိမ်ထောင်စုများအား အိမ်မိုးသွပ်နှင့် ဘိလပ်မြေအိတ်များ ပေးအပ်လှူဒါန်း

ချောင်းဦး ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့ ချောင်းဦး(မ)ရပ်ကွက်တွင် မေ ၃၁ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် မီးဘေးသင့်အိမ်ထောင်စုပေါင်း ၅၄ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အိမ်မိုးသွပ်နှင့် ဘိလပ်မြေအိတ်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၄ ရက် နံနက် ၈ နာရီက ချောင်းဦး(မ)ရပ်ကွက် မဟာအောင်မြေသာစံ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ကျင်းပခဲ့ရာ အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးဘေးသင့်ပြည်သူများတက်ရောက်ခဲ့ကြရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေးက မီးဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အိမ်မိုးသွပ်အချပ် ၄၈၀ လှူဒါန်းရာ မီးဘေးသင့်ပြည်သူများကိုယ်စား ဦးအောင်ကြိုင်အားလည်းကောင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောလှထွန်းနှင့် အဖွဲ့အစည်းများက ဘိလပ်မြေအိတ် ၂၄၀ ကို မီးဘေးသင့်ပြည်သူများကိုယ်စား ဦးစိန်ဝင်းအားလည်းကောင်း ပေးအပ်လှူဒါန်းသည်။

မီးဘေးသင့်ပြည်သူများကိုယ်စား ဦးအောင်ကြိုင်က "မေ ၃၁ ရက်က မီးလောင်ရာသို့ မီးသတ်ကားများစွာနဲ့ သက်ဆိုင်ရာတာဝန်ရှိသူများလာရောက်ပြီး မီးငြိမ်းသတ်ပေးခဲ့လို့ ကျေးဇူးတင်ပါတယ်။ ထို့အပြင် အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် တစ်နိုင်ငံလုံးမှ စေတနာရှင်မိဘပြည်သူများက အလှူငွေ၊ ဆန်၊ ဆီ၊ ဆေး၊ လူသုံးကုန်၊ စားသောက်ကုန်အမျိုးမျိုး လှူဒါန်းပေးခဲ့ကြတာကြောင့် ဖူလုံစွာရရှိခဲ့ကြလို့ ဝမ်းသာကြည်နူးခဲ့ရပါတယ်။ ထပ်မံပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က မီးဘေးသင့်အိမ်ထောင်စုများအတွက် အိမ်မိုးသွပ်ပြားနဲ့ ဘိလပ်မြေအိတ်လှူဒါန်းပေးလို့ ကျေးဇူးတင် ဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

❂ ကျောဖုံးမှ

"ရန်ကုန်မြို့တွင်း ခရီးသည်တင် ဟိုင်းလပ်ယာဉ်တွေကို ယာဉ်အမျိုးအစားအရ မေ ၁ ရက်နောက်ပိုင်း ပြေးဆွဲခွင့် ကန့်သတ်တားမြစ်ခဲ့ပြီး ကတည်းက မီနီဘတ်စ်ယာဉ်တွေကို အဆက်မပြတ် အစားထိုးပြေးဆွဲခွင့်ပေးခဲ့ပါတယ်။ ဒါပေမယ့် ရန်ကုန်မြို့တွင်း မီနီဘတ်စ်ပြောင်းလဲပြေးဆွဲမှုဟာ အခုချိန်ထိ ၁၉၉ စီးပဲ ပြေးဆွဲပေးနိုင်ပါသေးတယ်။ ခုနောက်ထပ် ဟိုင်းလပ်အစားထိုး မီနီဘတ်စ် ၄၇ စီး ထပ်မံတိုးချဲ့ပြေးဆွဲပေးဖို့ သက်ဆိုင်ရာအစိုးရအဖွဲ့ကိုတင်ပြထားပြီးပါပြီ။ အဲဒါရောဆိုရင် ဟိုင်းလပ်အစားထိုး ပြေးဆွဲပေးတဲ့ မီနီဘတ်စ်ယာဉ် ၂၄၆ စီးဖြစ်လာမှာပါ။ ယခင်ပြေးဆွဲပေးနေတဲ့ဟိုင်းလပ် အစီးရေနဲ့စာရင်တော့ နည်းပါသေးတယ်။ ဒါကလည်း အချို့ဟိုင်းလပ်ယာဉ်တွေဟာ ဂက်စ်အိုးတွေကို ကားကြီးတွေပြောင်းလဲ တပ်ဆင်ကြတယ်။ အခုဆို ကားကြီးတွေကို ဟိုင်းလပ်ယာဉ်တွေက ဂက်စ်အိုးပြောင်းလဲတပ်ဆင်မှုဟာ အနည်းဆုံး အစီး ၃၀၊ ၄၀ လောက်တော့ရှိနေပြီ။ တချို့ကလည်း မြို့တွင်းကုန်စည်တင်ဆောင်ခွင့် ကားအဖြစ် ပြောင်းသွားကြတယ်။ ဒါပေမယ့် ရန်ကုန်မြို့ စည်ပင်နယ်နိမိတ်အတွင်း ပြေးဆွဲခွင့်တားမြစ်လိုက်တဲ့ ဟိုင်းလပ်ယာဉ်အချို့ကတော့ မြို့ပြင်ယခင်မူလလိုင်းတွေမှာ ဆက်လက်ပြေးဆွဲပေးနေပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးဗဟိုကော်မတီ ဥက္ကဋ္ဌ ဦးလှအောင်က ပြောကြားသည်။

ရန်ကုန်မြို့တွင်း မေ ၁ ရက်မှ စတင်ပြီး ခရီးသည်တင် ဟိုင်းလပ်ယာဉ်များ စည်ပင်နယ်နိမိတ်အတွင်း ပြေးဆွဲမှုကို အကြောင်းပြုပြီး အချို့ယာဉ်လိုင်းများမှ ယာဉ်နောက်လိုက်အချို့သည် ခရီးသည်များအပေါ် ယခင်မူလ သတ်မှတ်ဈေးနှုန်းထက် ငွေကြေးကောက်ခံမှု ပိုများလာခြင်း၊ နံပါတ်အနက်ဖြင့်ကားများ လိုင်းကားအသွင် ဝင်ရောက်ပြေးဆွဲမှုများရှိလာခြင်း စသည့်မလိုလားအပ်သော ပြဿနာများဖြစ်ပေါ်လျက်ရှိကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဟိုင်းလပ်ယာဉ်တွေ မြို့တွင်း စည်ပင်နယ်နိမိတ်အတွင်း ကန့်သတ်လိုက်တာကောင်းတော့ ကောင်းပါတယ်။ ခရီးသွားပြည်သူတွေအတွက် အန္တရာယ် နည်းသွားတာပေါ့။ ဒါပေမယ့် ဒီယာဉ်လိုင်းတွေနေရာမှာ အခြားကားတွေ အလျင်အမြန် ပြန်လည်အစားထိုးနိုင်ရင်တော့ ကောင်းပါတယ်။ ယခင် ရန်ကုန်မြို့တွင်း ပြေးဆွဲပေးနေတဲ့ ခရီးသည်တင် ဟိုင်းလပ်ယာဉ် စုစုပေါင်း ၈၀၀ ကျော်ရှိတယ်လို့ကြားတယ်။ ဒါပေမယ့် မီနီဘတ်စ် အစားထိုးယာဉ်က ခုမှ ၂၀၀ ကျော်ပဲဆိုတော့ တော်တော်တော့ ကွာနေသေးတယ်။ အဲဒါကိုအကြောင်းပြုပြီး အချို့ယာဉ်လိုင်းတွေက ယာဉ်စီးခတွေပိုတောင်းကြတယ်။ ကြားထဲက ပြည်သူတွေပဲနစ်နာကြရတာ။ အခုလို မီနီဘတ်စ်တွေ အတတ်နိုင်ဆုံး အလျင်အမြန်ထပ်ပြီးတော့ ဖြည့်ပြေးဆွဲပေးရင်တော့ ပိုကောင်းပါတယ်" ဟု ရန်ကုန်မြို့တွင်း ခရီးသွားပြည်သူတစ်ဦးက သုံးသပ်ပြောကြားသည်။

(မြန်မာ့အလင်း)

ရန်ကုန်-ပြည် အမြန်ရထားဘီးချော်

လက်ပံတန်း ဇွန် ၁၈

ရန်ကုန်မှ ပြည်သို့ စက်ခေါင်းမောင်း အောင်ဇော်ထွဋ် မောင်းနှင်လာသည့် အမှတ်(၇၁)အဆန်၊ အမြန်ရထားစက်ခေါင်းအမှတ် BDTEZ-13058 သည် ဇွန် ၁၇ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့အဝင် အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းရှေ့ မိုင်တိုင်အမှတ် (၇၆/၉) နှင့် (၇၆/၁၀)ကြားအရောက် တွဲ(၁)၏ အတွင်းဘီး ၁ နှင့် ၂ အပြင် ၇ နှင့် ၈ ဘီးများလမ်းချော်ကျသဖြင့် ဒုကြီးကြပ်ရေးမှူး (သွား/လာ) ဦးအေးမင်း၊ စက်ခေါင်းရုံတာဝန်ခံ ဦးစိုးညွန့်၊ အငယ်တန်း အင်ဂျင်နီယာ(သံလမ်း) တို့မှ ဦးဆောင်၍ ပို့ဆောင်ရေး အင်ဂျင်နီယာအဖွဲ့တို့မှ ဝန်ထမ်းများက ခရီးသည်များ အချိန်မီသွားလာနိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ ဇွန် ၁၈ ရက် နံနက် ၁ နာရီခွဲတွင် ပြည်ဘက်သို့ ဆက်လက်ထွက်ခွာနိုင်ခဲ့သည်။

ထို့အတူ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ရဲတပ်ဖွဲ့၊ မီးရထားရဲတပ်ဖွဲ့တို့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ပြီး မိုးထဲရေထဲတွင် ဆောင်ရွက်ပေးခဲ့သည့် ပို့ဆောင်ရေးနှင့် အင်ဂျင်နီယာဌာနအား ကျေးဇူးတင်ရှိကြောင်း ခရီးသည်တစ်ဦးက ပြောကြားခဲ့သည်။ **(၀၉၈)**

မကွေးမြို့နယ် ဒေါင်းနေကျေးရွာအနီးယာခင်းတွင် အမှိုက်မီးရှို့စဉ်ပေါက်ကွဲမှုဖြစ်ပွား

မကွေး ဇွန် ၁၈

မကွေးမြို့နယ် ဒေါင်းနေကျေးရွာ၏ တောင်ဘက်ထိပ်မကွေး-ရေနံချောင်း ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၃၄၄/၅)အနီးယာခင်း၌ ဇွန် ၁၈ ရက် နံနက် ၈ နာရီကျော်က ပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမျိုးသားတစ်ဦးနှင့် နွားနှစ်ကောင် ဒဏ်ရာရရှိခဲ့သည်။ ဖြစ်စဉ်မှာ ဦးအောင်မြင့်၏ ယာခင်းတွင် သူရင်းငှားလုပ်ကိုင်သူ အောင်မျိုးဇော် ဒေါင်းနေကျေးရွာနေသူသည် ယာခင်းကို ထွန်ယက်ပြီး အမှိုက်များကို စုပုံမီးရှို့စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် အောင်မျိုးဇော်နှင့်ခိုင်းနွားနှစ်ကောင်တွင် ဒဏ်ရာများရရှိခဲ့သဖြင့် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံသို့ ရဲဆေးစာဖြင့်တင်ပို့ထားကြောင်းနှင့် ခိုင်းနွားများအား ဆေးကုသရန်အတွက် မကွေးမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ထားကြောင်း သိရသည်။ အခင်းဖြစ်နေရာသို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ရောက်ရှိကာ ထိုပေါက်ကွဲမှုဖြစ်ပွားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ အခင်းဖြစ်နေရာတွင် တစ်လက်မခန့်ရှိ ဗုံးအပိုင်းအစသုံးခု ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါအပိုင်းအစများမှာ ၃၆ ခွင်းဗုံးအဟောင်းမှ အပိုင်းအစများဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည်။

ကျော်ဇေယျ(မကွေး)

ကော့သောင်းမြို့တွင် ဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် နေအိမ်တစ်လုံးမီးလောင်ကျွမ်း

ကော့သောင်း ဇွန် ၁၈

ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် မြရည်ပုလဲလမ်းရှိ အိမ်အမှတ်(၂၁၀) အုတ်ညှပ်သွပ်မိုးနှစ်ထပ်နေအိမ် အောက်ထပ်အခန်းဝိုင်ယာရှော့ခ်ဖြစ်ရာမှတစ်ဆင့် မီးလောင်ကျွမ်းမှုဖြစ်စဉ်တစ်ခု ဇွန် ၁၇ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က ဖြစ်ပွားသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ အဆိုပါနေအိမ်အောက်ထပ်တွင် အခန်းနှစ်ခန်းရှိရာ တစ်ခန်းတွင် အိမ်ပိုင်ရှင်ဦးသန်းထွန်း (၄၀ နှစ်)နှင့်မိသားစုဝင်ခြောက်ဦး၊ အောက်ထပ်ဘေးခန်းအား ဦးနေမင်းစိုး (၃၁နှစ်)နှင့်မိသားစုဝင်သုံးဦး ငှားရမ်းနေထိုင်ကြပြီး အိမ်အပေါ်ထပ်တွင် ဦးမင်းသိန်း (၃၉ နှစ်)နှင့်မိသားစုဝင်သုံးဦး ငှားရမ်းနေထိုင်ကြရာနေအိမ်အောက်ထပ်မှ လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ပြီး ဇွန် ၁၇ ရက် နံနက် ၉ နာရီ ၅၅ မိနစ်က အဆောက်အအုံအား မီးစတင်လောင်ကျွမ်းရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်သူများ၊ NGO အဖွဲ့များ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ တခြားအိမ်များသို့ ကူးစက်လောင်ကျွမ်းမှုမရှိ၊ နံနက် ၁၀ နာရီခွဲတွင် မီးညွှန့်ကျိုးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ လူထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိဘဲ နေအိမ်တွင် နေထိုင်ကြသည့် အိမ်ထောင်စုသုံးစုမှ မိသားစုဝင် ၁၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး နေအိမ်တစ်လုံး အပါအဝင် ပရိဘောဂ အိမ်အသုံးအဆောင်နှင့် လက်ဝတ်ရတနာများ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅ သိန်း ခန့်ဆုံးရှုံးသည်။ အိုးမဲ့အိမ်မဲ့မိသားစုဝင်များအား ကော့သောင်းခရိုင်နှင့် မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများမှ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားပြီး မီးလောင်ကျွမ်းမှုနှင့်ပတ်သက်၍ တာဝန်ရှိသူအား မြို့နယ်ရဲတပ်ဖွဲ့မှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လက်ကိုင်ဖုန်းနှင့် မိုးကြိုးလျှပ်စီးအန္တရာယ်

သိပ္ပံစာရေးဆရာ-ကိုကိုအောင်

၂၀ ရာစုသို့ ကူးပြောင်းရောက်ရှိချိန်တွင် ကမ္ဘာ့နေရာဒေသ အနှံ့အပြား၌ ဆက်သွယ်ရေးကွန်ရက်များ သိသာစွာ ကျယ်ပြန့်လာခဲ့သည်။ ပြယုဂ်များအဖြစ် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌သာမက ဖွံ့ဖြိုးမှုနောက်ကျကျန်နေသော နိုင်ငံအချို့၌ပင် ဆဲလ်ဖုန်းများကို ကျယ်ပြန့်စွာသုံးစွဲလာကြသည်ကို တွေ့ရှိရမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လူဦးရေ၏ ၇၅ ရာခိုင်နှုန်းက ဆဲလ်ဖုန်းများ သုံးစွဲနေကြချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ၃၀ ရာခိုင်နှုန်းသော လူဦးရေတို့ကလည်း နောက်ဆုံးပေါ် ခေတ်မီဆဲလ်ဖုန်းများကို တွင်ကျယ်စွာသုံးစွဲနေကြပြီဖြစ်သည်။ ဖွံ့ဖြိုးမှုနောက်ကျကျန်နေသော နိုင်ငံများ၌မူ ဆဲလ်ဖုန်းသုံးစွဲမှုမှာ နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်းအနည်းငယ်မျှသာရှိနေသေးသော်လည်း မကြာတော့သော ကာလတွင် ဆဲလ်ဖုန်းသုံးစွဲမှုနှုန်းမှာ သိသာစွာမြင့်တက်လာတော့မည်ဖြစ်သည်။

လက်ကိုင်ဆဲလ်ဖုန်းများ သုံးစွဲနေကြရာတွင် လုပ်ငန်းသဘောအရတစ်ခါတစ်ရံမျှသာ ဖုန်းပြောကြသူများရှိသလို တစ်နေ့တာအချိန်၏ အများစုကို လက်ကိုင်ဖုန်းပြောခြင်းဖြင့် ကုန်လွန်စေသူများကိုလည်း တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ လက်ကိုင်ဖုန်းသုံးစွဲမှု ကျယ်ပြန့်လာချိန်တွင် သဘာဝဖြစ်ရပ်များကြောင့် လက်ကိုင်ဖုန်းမှတစ်ဆင့်သုံးစွဲနေသူထံသို့ ရောက်ရှိလာနိုင်သော ဘေးအန္တရာယ်ကိုလည်း သိထားကြရန် လိုအပ်လာသည်။

မိုးကြိုကာလ၊ မိုးဥတုကာလ၊ ရာသီဥတုဖောက်ပြန်သော ကာလများကို လူတိုင်းကြုံတွေ့ဖြတ်သန်းကြရသည်။ ယင်းကာလများတွင် ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးကြိုးမုန်တိုင်းကျရောက်ခြင်းများသည် ကမ္ဘာ့ဒေသအနှံ့၌ ဖြစ်ပေါ်လေ့ရှိသည်။

မိုးကြိုးပစ်ခြင်းသည် တိမ်လွှာအောက်ခြေရှိ လျှပ်စစ်အမဓာတ်နှင့် မြေပြင်ရှိ လျှပ်စစ်အဖိုဓာတ်များအကြား လျှပ်စစ်ဖိအား ခြားနားမှုကြောင့် ခုန်ကူးပေါင်းစပ်မှုပြုခြင်းဖြစ်သည်။ မြင့်မားသောအဆောက်အအုံများ၊ သစ်ပင်ကြီးများ၊ အလံတိုင်များ စသည်တို့သည် ခုန်ကူးပေါင်းစပ်ရန်အတွက် နေရာကောင်းများဖြစ်သလို လွင်တီးခေါင်ပြင်၏ အလယ်တွင် ရပ်နေသူသည်လည်း အလားတူပင် နေရာကောင်းတစ်ခုဖြစ်လျက်ရှိသည်။ တစ်နည်းအားဖြင့် အဆိုပါနေရာနှင့် အနေအထားများသည် မိုးကြိုးပစ်မှတ်များပင် ဖြစ်သည်။

မိုးကြိုးပစ်သည့်အခါ ကျယ်လောင်သောအသံနှင့် အလွန်တောက်ပသော အလင်းရောင်ပါ ထွက်ပေါ်လာသည်။ ထစ်ချုန်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ကမူ မိုးကြိုးဖြစ်ပေါ်လာရခြင်းနှင့် အခြေခံဖြစ်စဉ် တူညီသော်လည်း ဖြစ်ပေါ်ပုံမှာမူ ကွဲပြားခြားနားလျက်ရှိသည်။ ထစ်ချုန်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့သည် ထူထပ်သော တိမ်လွှာတစ်ခုအတွင်း သို့တည်းမဟုတ် နီးကပ်သော တိမ်လွှာထုများအတွင်း လျှပ်စစ်ဖိအားခြားနားမှုကြောင့် ခုန်ကူးပေါင်းစပ်ခြင်းဖြစ်သည်။

ထိုသို့ ခုန်ကူးပေါင်းစပ်ရာတွင် မိုးကြိုးပစ်သကဲ့သို့ ကျယ်လောင်သော အသံကြီးမဖြစ်ပေါ်ဘဲ တစ်ခါတစ်ရံထစ်ချုန်းသည့်အသံ (Clap)များသာ ထွက်ပေါ်လာပြီး အများအားဖြင့် ပြိုးပြိုးပြက်ပြက် အလင်းရောင်များသည်သာ တိမ်လွှာများအကြားတွင် ထွက်ပေါ်လာသည်။ ဤသည်မှာ လျှပ်စီးလက်ခြင်း (Lightening) ပင်ဖြစ်သည်။

ယေဘုယျအမြင်ဖြင့်ကြည့်လျှင် မိုးကြိုးပစ်ခြင်းသည် အလွန်ကြောက်မက်ဖွယ်ကောင်းလှပြီး ထစ်ချုန်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့မှာမူ မိုးကြိုးပစ်ခြင်းလောက် ကြောက်စရာမလိုဟုထင်ရသည်။ အဘယ်ကြောင့်ဆိုသော် မိုးကြိုးပစ်လျှင် အသက်ဆုံးရှုံးခြင်း၊ မိုးကြိုးစက်ကွင်းမိခြင်း၊ သစ်ပင်နှင့်အဆောက်အအုံများ ပျက်စီးခြင်းတို့ကို ကြုံတွေ့ရနိုင်သောကြောင့် ဖြစ်သည်။

တိမ်လွှာထုများအတွင်း ဖြစ်ပေါ်သော လျှပ်စစ်ဖိအား ခြားနားမှုသည် သာမန်အားဖြင့် ထစ်ချုန်းခြင်းနှင့် လျှပ်စီးလက်ခြင်းတို့ဖြင့်သာ အဆုံးသတ်လေ့ရှိသည်။ သို့သော် တစ်ခါတစ်ရံ ထူးခြားဖြစ်စဉ်မျိုး၌ တိမ်လွှာထုအတွင်း ဖြစ်ပေါ်သော လျှပ်စစ်ဖိအားခြားနားမှု အင်အားပမာဏအဆမတန်မြင့်မားလာသည့်အခါ မြေပြင်ပေါ်ရှိ လျှပ်စစ်ကူးနိုင်သော ပစ္စည်းများဆီသို့ အင်ပီယာမြင့်မားသော လျှပ်စီးကြောင်းတစ်ရပ် ကူးပြောင်းဝင်ရောက်လာတတ်သည်။ ဤသည်ကို မိုးကြိုးလျှပ်စီးဝင်ရောက်ခြင်းဟု ခေါ်သည်။

သံ၊ သတ္တု၊ ကြေး စသော လျှပ်ကူးကောင်းသည့် ပစ္စည်းများနှင့် ယင်းပစ္စည်းများကို ထည့်သွင်းပြုလုပ်ထားသော လူ့အသုံးအဆောင်ပစ္စည်းများသည် ဖော်ပြပါအခြေအနေမျိုး၌ မိုးကြိုးလျှပ်စီးဝင်ရောက်ရန် အခွင့်အလမ်းရှိနေသည်။ လက်ကိုင်ဖုန်းများ၊ သံကွင်းတပ်ထားသည့် လက်ကိုင်အိတ်များ၊ လက်ပတ်နာရီများ၊ သံ၊ သတ္တုတို့ဖြင့် ပြုလုပ်ထားသည့် ကလစ်နှင့် ရင်ထိုးများ အစရှိသည်တို့သည် မိုးကြိုးလျှပ်စီးဝင်ရောက်နိုင်သော ပစ္စည်းများဖြစ်ကြသည်။

လက်ကိုင်ဖုန်းများသည် မိုးကြိုးလျှပ်စီး ဝင်ရောက်ရန် အခွင့်အလမ်းအများဆုံးရှိနေသောပစ္စည်းဖြစ်သည်။ လက်ကိုင်ဖုန်းအသုံးပြုနေစဉ်၌ လျှပ်စီးပတ်လမ်းတစ်ရပ်ဖြစ်ပေါ်တည်ရှိနေသည်ဖြစ်ရာ ယင်းအခြေအနေသည် မိုးကြိုးလျှပ်စီးကူးပြောင်းဝင်ရောက်ရန် အကောင်းဆုံးသောအနေအထားပင်ဖြစ်သည်။

အင်အားကြီးမားသော မိုးကြိုးလျှပ်စီးတစ်ရပ် ဖြစ်ပေါ်ချိန်တွင် စက်ဘီးစီးနေသူ၏ စက်ဘီးလက်ကိုင်နှင့် ကိုယ်ထည်များဆီသို့လည်း လျှပ်စီးဝင်ရောက်လာနိုင်သည်။ Base Ball ကစားနေသူ၏ ဖိနပ်အတွင်းရှိ သံခွာအတွင်းသို့လည်းရောက်ရှိလာနိုင်သည်။ ဦးထုပ်တွင် တပ်ဆင်ထားသော ကြေးတံဆိပ်နှင့် သံကွင်းများဆီသို့လည်း ဝင်ရောက်လာနိုင်သည်။

ဤသို့သော ဖြစ်နိုင်ခြေများထဲတွင် လက်ကိုင်ဖုန်းများသည် မိုးကြိုးလျှပ်စီးဝင်ရောက်ရန် အခွင့်အလမ်းအများဆုံးရှိနေသော ပစ္စည်းဖြစ်သည်။ လက်ကိုင်ဖုန်းအသုံးပြုနေစဉ်၌ လျှပ်စီးပတ်လမ်းတစ်ရပ်ဖြစ်ပေါ်တည်ရှိနေသည်ဖြစ်ရာ ယင်းအခြေအနေသည် မိုးကြိုးလျှပ်စီးကူးပြောင်းဝင်ရောက်ရန် အကောင်းဆုံးသော အနေအထားပင်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုတွင် နှစ်စဉ်လူ ၁၀၀၀၀ ခန့်သည် လက်ကိုင်ဖုန်းအသုံးပြုနေစဉ် မိုးကြိုးလျှပ်စီးဝင်ရောက်မှုကြောင့် ထိခိုက်ဒဏ်ရာရခြင်း၊ အာရုံကြောများပျက်စီးခြင်း၊ ဒုက္ခိတဘဝသို့ ရောက်ရှိခြင်းနှင့် အသက်ဆုံးရှုံးရခြင်းများ ဖြစ်ပွားလျက်ရှိသည်။ အလားတူပင် ကမ္ဘာ့မြောက်ပိုင်းဒေသများဖြစ်သော ကနေဒါ၊ ဗြိတိန်နှင့်ဥရောပနိုင်ငံအချို့၌လည်း ထစ်ချုန်းနေစဉ် လက်ကိုင်ဖုန်းအသုံးပြုခြင်းကြောင့် ထိခိုက်သေဆုံးရခြင်းများ ဖြစ်ပွားရလေ့ရှိသည်။

သို့ဖြစ်၍ ရာသီဥတုဖောက်ပြန်ပြီး ထစ်ချုန်းသည့်အခါများနှင့် လျှပ်စီးလက်သည့်အခါများ၌ လက်ကိုင်ဖုန်းများကို အသုံးမပြုဘဲ စက်ကိုပါပိတ်ထားခြင်းအားဖြင့် မိုးကြိုးလျှပ်စီးအန္တရာယ်ကို ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။

မိုးကြိုးလျှပ်စီးသည် လက်ကိုင်ဖုန်းများဆီသို့သာမကဘဲ တစ်ခါတစ်ရံ နေအိမ်သုံး ကြိုးဖုန်းများအတွင်းသို့လည်း ဝင်ရောက်လာနိုင်ကြောင်း သုတေသနပြုထားချက်များအရ တွေ့ရှိရသည်။ အော်တိုတယ်လီဖုန်း အသုံးပြုနေချိန်သည် ယင်းစနစ်အတွင်း လျှပ်စီးပတ်လမ်းတစ်ခုကို ဖြစ်ပေါ်နေစေသည့်အတွက် ထစ်ချုန်းပြီး လျှပ်စီးလက်ချိန်များတွင် ကြိုးဖုန်းများ၌လည်း အန္တရာယ်ရှိလာနိုင်သောကြောင့် ယင်းအချိန်မျိုးတွင် တယ်လီဖုန်းဆက်သွယ်ပြောဆိုခြင်း မပြုသင့်ကြပေ။

ခေတ်မီသိပ္ပံပညာရပ်များဖြင့် နောက်ဆုံးသုတေသနပြုထားချက်များအရ မိုးကြိုးလျှပ်စီးသည် ရာသီဥတုဖောက်ပြန်နေချိန်များတွင် တိမ်လွှာထုများအတွင်း၌သာ ဖြစ်ပေါ်နိုင်သည် မဟုတ်ဘဲ လေဆင်နှာမောင်း တိုက်ခတ်ချိန်၌လည်း လေဆင်နှာမောင်း၏အတွင်း၌ မိုးကြိုးလျှပ်စီးတစ်ရပ် ဖြစ်ပေါ်လာကြောင်း တွေ့ရှိရသည်။ အလားတူပင် မီးတောင်ပေါက်ကွဲပြီး ပြာမှုန်များ မှုတ်ထုတ်နေချိန်၌လည်း ယင်းပြာမှုန်များအတွင်း၌ လျှပ်စီးတစ်ရပ်ဖြစ်ပေါ်လေ့ရှိကြောင်း တွေ့ရှိရသည်။

သိပ္ပံပညာရှင်တို့၏ စမ်းသပ်ချက်များအရ သဲမုန်တိုင်း တိုက်ခတ်နေချိန်တွင်လည်း သဲမှုန်အချင်းချင်း ပွတ်တိုက်မှုကြောင့် Statie Electricity ဖြစ်ပေါ်ပြီး လျှပ်စီးတစ်ရပ်ထွက်ပေါ်လာကြောင်း တွေ့ရှိရသည်။ နှင်းမုန်တိုင်း တိုက်ခတ်သည့်အခါများ၌လည်း နှင်းမှုန်ထုအတွင်း ကြီးမားသော လျှပ်စီးတစ်ရပ်ဖြစ်ပေါ်လာသည်ကို သုတေသနပြုတွေ့ရှိကြရသည်။

အဏုမြူဗုံးများ ပေါက်ကွဲသည့်အခါ၌မူ အင်အားပမာဏ အလွန်ကြီးမားသော လျှပ်စီးကြောင်းကြီး ဖြစ်ပေါ်လာကာ ပတ်ဝန်းကျင်ရှိ လျှပ်စစ်ကူးနိုင်သော နေရာအများအပြားဆီသို့ အင်ပီယာအဆမတန် မြင့်မားသော လျှပ်စီးဝင်ရောက်ကာ သေကျေပျက်စီးဆုံးရှုံးရမှုများကို ကြီးမားစွာဖြစ်ပေါ်စေသည်။

မိုးကြိုးလျှပ်စီးသည် သစ်တောများတည်ရှိရာ ကောင်းကင်ယံ၌လည်း ဖြစ်ပေါ်တတ်ပြီး လျှပ်စီးအင်အားပမာဏအလွန်ကြီးမားလာသည့်အခါ သစ်ပင်ကြီးများ၏ ပင်စည်အတွင်းပိုင်းရှိ အနှစ်များအတွင်းထိတိုင် ဖောက်ထွင်းဝင်ရောက်လာတတ်ကြောင်း ထိတ်လန့်တုန်လှုပ်ဖွယ် တွေ့ရှိရသည်။ ပင်စည်၏ အနှစ်ထဲ၌ တဖြည်းဖြည်းနှင့် အပူပမာဏအဆမတန် မြင့်မားလာပြီး နာရီပိုင်း သို့မဟုတ် ရက်အနည်းငယ်အတွင်းမှာပင် မီးထတောက်ကာ တောမီးကြီးလောင်ကျွမ်းရသည့်အဆင့်အထိ ဖြစ်ပေါ်လာရကြောင်း သုတေသနပြုတွေ့ရှိရသည်။

အထက်ဖော်ပြပါ ဖြစ်စဉ်သည် နောက်ဆုံးဖော်ထုတ်တွေ့ရှိကြရသည့် သစ်တောမီးသင့်ရခြင်း၏ ထူးခြားဖြစ်စဉ်တစ်ရပ်ပင်ဖြစ်သည်။

လက်ကိုင်ဖုန်းသုံးစွဲသူများသည် ရာသီဥတုဖောက်ပြန်ပြီး ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်နေစဉ်အချိန်မျိုး၌သာမကဘဲ လေဆင်နှာမောင်းတိုက်ခတ်နေချိန်၊ မီးတောင်ဝမှ ပြာမှုန်များ မှုတ်ထုတ်နေချိန်၊ သဲမုန်တိုင်းနှင့်နှင်းမုန်တိုင်းတိုက်ခတ်နေချိန်များ၌ပါ လျှပ်စီးဝင်ရောက်လာနိုင်သည့်အန္တရာယ်ကို ကြိုတင်သတိထားသင့်ကြသည်။

အချုပ်ဆိုရသော် ခေတ်မီသူတိုင်း လက်ကိုင်ဖုန်းသုံးကြသည်ဟုဆိုရလောက်အောင် လက်ကိုင်ဖုန်းကို တွင်ကျယ်စွာ သုံးစွဲနေကြသည့် ယနေ့ခေတ်တွင် မိုးကြိုးလျှပ်စီးကြောင့် အန္တရာယ်ဖြစ်နိုင်ခြေပို၍ ရှိနိုင်သော လက်ကိုင်ဖုန်းကို ဥတုရာသီအခြေအနေပေါ်မူတည်ပြီး ချင့်ချိန်သုံးစွဲကြခြင်းဖြင့် မိုးကြိုးလျှပ်စီး၏ အန္တရာယ်မှ ရှောင်လွှဲနိုင်ကြမည်ဖြစ်ပေသည်။ ။

ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်သင်တန်းဖွင့် လှိုင်သာယာမြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပ

လှိုင်သာယာ ဇွန် ၁၈

EU Project အစီအစဉ်ဖြင့် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ်သင်တန်း အမှတ်(၇/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို လှိုင်သာယာမြို့နယ် မြို့မရဲစခန်းရှိ အစည်းအဝေးခန်းမတွင် ဇွန် ၁၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကားပြောကြားပြီး EU Project မှ Communtiy Policing Leader Mr.DAVID HAMILTON မှ သင်တန်းပို့ချရခြင်း၏ ရည်ရွယ်ချက်နှင့် ဖွင့်လှစ်ပြီးခဲ့သည့် သင်တန်းခြောက်ခု၏အောင်မြင်မှုကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ သင်တန်းမှာ လေးပတ်သင်တန်းဖြစ်ပြီး နှစ်ပတ်ကိုစာတွေ့သင်ကြားကာ ကျန်နှစ်ပတ်ကို ရပ်ကွက်၊ ကျေးရွာအတွင်း စက်ဘီးအစီး ၂၀ ဖြင့် လက်တွေ့ကွင်းဆင်းဆောင်ရွက်သင်ကြားမည်ဖြစ်သည်။

သင်တန်းသား ၁၂၀ တွင် ဒုရဲအုပ်ခုနစ်ဦး၊ ရဲအုပ်ငါးဦးပါဝင်ပြီး EU Project မှ Mr.DAVID HAMILTON နှင့်အတူ သင်တန်းအပတ်စဉ်(၁)မှ ရဲအုပ်ခြောက်ဦးက အနီးကပ်သင်ကြားပေးမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစဉ် သင်တန်းများကို ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းအပတ်စဉ်(၁)မှ ဖြစ်သော နည်းပြရဲအုပ်သိန်းစံက "အမှုဖြစ်တယ်ဆိုရင် ရဲစခန်းကိုလာပြီး တိုင်ရတယ်။ အခု ရပ်ကွက်ထဲကို ဆင်းပြီး လှည့်လည်တဲ့အတွက် ရဲနဲ့ ပြည်သူတိုက်ရိုက်ဆက်သွယ်လို့ရပါပြီ။ ကြန့်ကြာနှောင့်နှေးမှုလည်း မရှိတော့ဘူး။ ဘယ်ဟာက ပြစ်မှုဖြစ်တယ် မဖြစ်ဘူးဆိုတာကိုလည်း ခွဲခွဲခြားခြား သိရှိလိုက်နာနိုင်အောင် ပြည်သူကြားထဲကို နွေးနွေးထွေးထွေး အသိပညာပေးလို့လည်းရပါပြီ"ဟု သင်ကြားပြီးခဲ့သည့် သင်တန်းအတွေ့အကြုံအပေါ် သုံးသပ်ပြောသွားသည်။ ဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့်တိုင်းဒေသကြီး၊ ခရိုင်မှတာဝန်ရှိသူများ၊ မြို့နယ်ဌာနဆိုင်ရာမှတာဝန်ရှိသူများ တက်ရောက်ကြပြီး သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ **သန်းထိုက်(လှိုင်သာယာ)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ အမာသို့ စတင်စမ်းသပ်ထုတ်လွှင့်

နေပြည်တော် ဇွန် ၁၈

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ဧရာဝတီတိုင်းဒေသကြီး အမာရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မေ ၃၁ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့သည်။ အဆိုပါစက်ရုံမှ လွှင့်အား 1KW၊ လှိုင်းနှုန်း (UHF Channel J-13) ဖြင့် ဇွန် ၁၀ ရက်မှစ၍ Analogue စနစ်ဖြင့် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို အရုပ်၊ အသံကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိရာ မိုင် ၂၀ ပတ်ဝန်းကျင် ကျေးရွာများဖြစ်သော ကဒုံ၊ ဧရာ (အရှေ့မြောက်ဘက်)နှင့် ဆိပ်မ၊ ဒေါ်ငြိမ်း(အနောက်မြောက်ဘက်)ကျေးရွာကြီးများမှ ကောင်းမွန်စွာ ဖမ်းယူရရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်မြို့ဇောတိကာရုံပါဠိတက္ကသိုလ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ပြည် ဇွန် ၁၈

ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဘိဇမဟာရဋ္ဌဂုရုနိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော စာချ စာသင်သံဃာတော် ၄၀၀ ကျော်တို့အား ဇူလိုင် ၁၂ ရက် (စနေနေ့) ညနေ ၄ နာရီတွင် ဇောတိကာရုံပါဠိတက္ကသိုလ် ပရိယတ္တိ သာသနာနုဂ္ဂဟအဖွဲ့ကြီးကကြီးမှူး၍ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဌာနဆိုင်ရာမြေကွက်များအတွင်း၌ ယာဉ်ရပ်နားစခန်းများ ယနေ့အထိ ဆောင်ရွက်ပေးခြင်းမရှိ

နေပြည်တော် ဇွန် ၁၈

ယနေ့ အစည်းအဝေးတွင် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် အတည်ပြု၍ပေးပို့သော **"ရွေ့လျားနိုင်သော ပစ္စည်းကိရိယာများနှင့်လေယာဉ်ပစ္စည်းကိရိယာ သီးသန့်ကိစ္စရပ်များဆိုင်ရာ နိုင်ငံတကာ အကျိုးစီးပွားများ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။

မေးခွန်းများမေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းအစီအစဉ်တွင် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ **"မော်တော်ယာဉ် တင်သွင်းမှု များပြားခြင်းကြောင့် မော်တော်ယာဉ်များ ရပ်နားရန်အတွက် ရန်ကုန်၊ မန္တလေးမြို့များရှိ ဌာနဆိုင်ရာမြေများတွင် ယာဉ်ရပ်နားစခန်းများဆောက်လုပ်နိုင်ရေးဆောင်ရွက်မည့်အခြေအနေကို သိရှိလိုပါကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လေးထပ်နှင့်အထက် အထပ်မြင့် အဆောက်အအုံများဆောက်လုပ်ခွင့် လျှောက်ထားရာတွင် ဆောက်လုပ်မည့် မြေကွက်အကျယ် စတုရန်း ပေ ၂၅၀၀ ၊ (၅၀×၅၀) ပေနှင့်အထက် မြေကွက်များတွင် မြေညီထပ်နှင့် မော်တော်ယာဉ် ရပ်နားရန်နေရာ (Car Parking) ထည့်သွင်းဆောင်ရွက်ရန် ၂၀၁၂ ခုနှစ် ဩဂုတ်မှ စတင်၍ သတ်မှတ်ခဲ့ပါကြောင်း။

လူနေအိမ်ခန်းများနှင့်သက်ဆိုင်သော အထပ်မြင့် ကွန်ဒိုအဆောက်အအုံများဆောက်လုပ်ပါက အခန်းအရေအတွက်ပေါ်မူတည်၍လည်းကောင်း၊ စီးပွားရေးနှင့်သက်ဆိုင်သော အထပ်မြင့် အဆောက်အအုံများ ဆောက်လုပ်ပါက ကြမ်းခင်းဧရိယာ အပေါ် အခြေခံ၍ လည်းကောင်း၊ တွက်ချက်ပြီးရရှိသည့် ကားအစီးအရေအတွက်အား ၂၀ ရာခိုင်နှုန်းထပ်ဆောင်း၍ ယာဉ်ရပ်နားရန်နေရာ

ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြေကြားစဉ်။ (သတင်းစဉ်)

ဖော်ပြပါရှိမှသာ ဆောက်လုပ်ခွင့်ပြုမိန့်အား စိစစ်ခွင့်ပြုလျက်ရှိပါကြောင်း။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ လမ်းမကြီးများတွင် ယာယီယာဉ်ရပ်နားရန် နေရာများအတွက် ဟံသာဝတီလမ်းမှ ဗားကရာလမ်းအထိ ပေ ၄၂၀၀၊ ဗားကရာလမ်းနှင့်အောင်ရတနာလမ်းကြား ပေ ၈၀၀၀၊ ဘုန်းကြီးလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းကြား ပေ ၁၀၀၀၀၊ ဗိုလ်တထောင်ဘုရားလမ်းမှ ကမ်းနားလမ်းအထိ ပေ ၄၀၀၀၀၊ လမ်းသစ်လမ်းမှ မဟာဗန္ဓုလတံတားအထိ ပေ ၃၈၀၀၀၊ အလုံသစ်တောလမ်းမှ ရာဇဓိရာဇ်လမ်းအထိ ပေ ၃၆၀၀၀၀ အတိုင်းအတာတို့အား ယာဉ်ရပ်နားရန်အတွက် ပလက်ဖောင်းများအား ပြုပြင်ဆောင်ရွက်ထားရှိပြီး မော်တော်ယာဉ်ရပ်နားရန် အခက်အခဲများအား ဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာမွန်ဈေးသစ်စီမံကိန်းဝင်းအတွင်း ယာဉ်ရပ်နားရန်နေရာ ၅၀ ရာခိုင်နှုန်းပါရှိသော အဆောက်အအုံတည်ဆောက်လျက်ရှိပါကြောင်း၊ မော်တော်ယာဉ်ရပ်နားရန် အခက်အခဲများ ဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဗိုလ်တထောင်မြို့နယ် ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ် ၄၅ လမ်းနှင့် ကမာရွတ်မြို့နယ် လှည်းတန်းလမ်းနှင့် ထန်းတပင်လမ်းထောင့်မြေနေရာများတွင် ယာဉ်ရပ်နားရန် အဆောက်အအုံစီမံကိန်းများ အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အခြားဌာနဆိုင်ရာမြေကွက်များအတွင်း၌ ယာဉ်ရပ်နားစခန်းများ ယနေ့အထိ ဆောင်ရွက်ပေးခြင်းမရှိပါကြောင်း။

မန္တလေးမြို့ရှိ တိုးတက်များပြားလာသောလူဦးရေ၊ မော်တော်ယာဉ်များနှင့် သင့်တင့်မျှတမှုရှိစေရန် ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းအား အဆင့်မြှင့်တင်မှု ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ယာဉ်များရပ်နားရန် အခက်အခဲရှိသည့် သီရိမန္တလာယာဉ်ရပ်နားစခန်းအား မြို့၏အနောက်တောင်ဘက် မဟာအောင်မြေမြို့နယ် သံလျက်မှော်အရှေ့ရပ်ကွက်ရှိ ၉ ဒသမ ၆၂၁၁ ဧက ကျယ်ဝန်းသောနေရာသို့လည်းကောင်း၊ ဒေါနဘွားကုန်တင်ယာဉ် ရပ်နားစခန်းအား ပုသိမ်ကြီးမြို့နယ် မဲကင်းကုန်းကွင်းရှိ မြေအကျယ်အဝန်း ၅ ဧက ခန့်ရှိသော နေရာသို့လည်းကောင်း၊ ရှမ်းပြည်

ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

နယ်(မြောက်ပိုင်း)သို့ပြေးဆွဲလျက်ရှိသော မော်တော်ယာဉ်များအတွက် ပြည်ကြီးမျက်ရှင်ယာဉ်ရပ်နားစခန်းအား ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိ ၆ ဒသမ ၂၁၂ ဧက ကျယ်ဝန်းသောနေရာသို့ လည်းကောင်း ရွှေ့ပြောင်းနေရာချထားနိုင်ရန် ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်လျာထား၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် Down Town ဧရိယာများတွင် ယာဉ်များရပ်နားရန်နေရာ ၅၅ နေရာအား လေလံစနစ်ဖြင့် လုပ်ပိုင်ခွင့်နှင့်လုပ်ဆောင်မှုများသတ်မှတ်ပြီး ယာဉ်ရပ်နားနိုင်ရန် နေရာများဆောင်ရွက်ရေး သတ်မှတ်ပေးထားလျက်ရှိပါကြောင်း၊ မန္တလေးမြို့တွင် ယာဉ်ကြောပိတ်ဆို့မှုရှိသည့် ဈေးချိုတစ်ဝိုက်တွင် ယာဉ်များသီးခြားရပ်နားနိုင်ရန် မန်းမြန်မာပလာဇာအဆောက်အအုံရှိ မြေအောက်ထပ်အပါအဝင် ငါးထပ်အတွင်း စက်ဘီး၊ ဆိုင်ကယ် ၆၀၀ စီးခန့်၊ မော်တော်ယာဉ် ၃၀၆ စီးခန့် ရပ်နားနိုင်မည့်နေရာအား စီစဉ်ဆောင်ရွက်ထားပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **"သတ္တုတွင်း၊ စွမ်းအင်နှင့်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့၌ချုပ်ဆိုသည့် ထုတ်လုပ်မှုခွဲဝေသည့် စာချုပ်စာတမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်တွင် နစ်နာဆုံးရှုံးမှုများ ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးဇေယျာအောင်က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ဥပဒေတို့နှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိရာ အငြင်းပွားမှုဖြေရှင်းခြင်းနှင့်ပတ်သက်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပေဒပုဒ်မ ၄၃ နှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၃၃ တို့တွင် အငြင်းပွားမှုပုဂ္ဂိုလ်များအကြား ပေါ်ပေါက်လာသည့် အငြင်းပွားမှုကို ချစ်ကြည်ရင်းနှီးစွာ ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပုဒ်မခွဲ(က) အရ ဖြေရှင်း၍ ပြေလည်မှုမရရှိပါက သက်ဆိုင်ရာ စာချုပ်တွင် အငြင်းပွားမှုဖြေရှင်းနည်း သတ်မှတ်ထားခြင်းမရှိလျှင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သက်ဆိုင်ရာစာချုပ်တွင် အငြင်းပွားဖြေရှင်းနည်းသတ်မှတ်ထားခြင်းရှိလျှင် ယင်းသတ်မှတ်ထားသည့် ဖြေရှင်းနည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ထုတ်ပြန်မည့် (၁/၂၀၁၃) အမိန့်ကြော်ငြာစာတွင်လည်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းအမျိုးအစားပေါ်မူတည်၍ ဒေသဆိုင်ရာပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုမရှိစေရေး သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုအနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါသဖြင့် လူမှုပတ်ဝန်းကျင်ဆိုင်ရာ ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်စီမံထားပါကြောင်း။

ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စာချုပ်စာတမ်းများ (Production Sharing Contract-PSC) ချုပ်ဆိုခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးအမြတ်များ၊ အခွင့်အလမ်းများရရှိသည့်အပြင် အငြင်းပွားမှုကိစ္စရပ်များပေါ်ပေါက်ပါက နိုင်ငံတော်၏တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် ကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ ချုပ်ဆိုဆောင်ရွက်ရာတွင် ယနေ့ထိတိုင် ယင်းကုမ္ပဏီများနှင့် အငြင်းပွားဖွယ်ရာကိစ္စရပ်များ တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ခြင်းမရှိသည့်အတွက် နိုင်ငံတော်အတွက် မည်သည့်နစ်နာဆုံးရှုံးမှုမျှ ပေါ်ပေါက်ခဲ့ခြင်းမရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

အမျိုးသားပညာရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၌ ဆွေးနွေးတင်ပြ

နေပြည်တော် ဇွန် ၁၈

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ မေးခွန်းနှစ်ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်းတစ်ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ်၏ **"ချင်းပြည်နယ် တီးတိန်မြို့နယ် မြွေတောင်၊ ဖားတောင်ဒေသတွင် နီကယ်သတ္တုထုတ်လုပ်ရေးစီမံကိန်း ကန်ထရိုက်တာ North Mining Investment Co.,Ltd.(NMIC)၏လုပ်ငန်းဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်ပေးရန်"** မေးခွန်းနှင့်စပ်လျဉ်း၍ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က မြွေတောင်ဒေသရှိ မြွေတောင်စီမံကိန်းလုပ်ငန်းအတွက် တင်ဒါစနစ်ဖြင့် နိုင်ငံတကာအဖွဲ့အစည်းများအား တင်ဒါခေါ်ယူခဲ့မှုမရှိပါကြောင်း၊ အဆိုပါဒေသတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Kingbao Mining Ltd. က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်အရ နီကယ်သတ္တုစမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး နည်းပညာအားနည်းမှုရှိသဖြင့် လုပ်ငန်းရပ်ဆိုင်းခဲ့ပါကြောင်း၊ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် North Mining Investment Co.,Ltd.က ယင်းဒေသတွင် လုပ်ငန်းဆောင်ရွက်လိုကြောင်း သတ္တုတွင်းဝန်ကြီးဌာနသို့ လျှောက်ထားလာသဖြင့် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ် တီးတိန်မြို့နယ် မြွေတောင်ဒေသတွင် North Mining Investment Co.,Ltd. ၏ တင်ပြ လျှောက်ထားမှုအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် မြွေတောင်ဒေသ နီကယ်သတ္တုထုတ်လုပ်မှု ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကို ဆောင်ရွက်ခဲ့ပါကြောင်း၊ လေ့လာမှုအစီရင်ခံစာအရ သတ္တုသိုက်ပမာဏ ၄၂ သန်းတန်ခန့်ရှိပြီး နီကယ် ၁ ဒသမ ၃၇ ရာခိုင်နှုန်း၊ သံ ၁၆ ဒသမ ၃၂ ရာခိုင်နှုန်း၊ ခရိုမီယမ် ဝ ဒသမ ၈၈ ရာခိုင်နှုန်း၊ ကယ်စီယမ်အောက်ဆိုက်ဝဒသမ ၇၂ ရာခိုင်နှုန်း၊ မဂ္ဂနီစီယမ်အောက်ဆိုက် ၂၀ ဒသမ ၇၂ ရာခိုင်နှုန်း၊ အလူမီနီယမ်အောက်ဆိုက် ၂ ဒသမ ၈၇ ရာခိုင်နှုန်း၊ ဆီလီကာ ၃၉ ဒသမ ၄၆ ရာခိုင်နှုန်း၊ ကာဗွန် ဝ ဒသမ ၅၄ ရာခိုင်နှုန်းနှင့် ဆာလ်ဖာ ဝ ဒသမ ဝ၄၄ ရာခိုင်နှုန်း ပါဝင်ပါကြောင်း၊

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးခက်ထိန်နန် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နီကယ်သတ္တုရိုင်းမှ သတ္တုသန့်စင်ထုတ်လုပ်မှုဆောင်ရွက်မည့် အခြေအနေအား နည်းပညာကော်မတီအဖွဲ့ဖြင့် စိစစ်ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

North Mining Investment Co.,Ltd. မှ စမ်းသပ်လေ့လာတင်ပြခဲ့သော ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုအစီရင်ခံစာအား စိစစ်ဆောင်ရွက်ဆဲ အဆင့်တွင်သာ ရှိပါကြောင်း၊ ပညာရှင်များ၏ စိစစ်အတည်ပြုချက်ရရှိပြီးပါက နောင်တစ်ချိန်၌ ပြဿနာမပေါ်ပေါက်စေရန် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် မြွေတောင်ဒေသရှိ ဒေသခံပြည်သူလူထုများအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းတင်ပြ၍ သဘောထားရယူပြီးမှသာ စာချုပ်ချုပ်ဆို၍ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြွေတောင်နီကယ် စီမံကိန်း အကောင်အထည် ဖော်ရေးနှင့် သဘာဝနှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် တူးဖော်ထုတ်လုပ်မည့်နည်းစဉ်ကို စိစစ်ခြင်းနှင့် ဒေသခံများ၏လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးနှင့် မြို့ရွာဖွံ့ဖြိုးတိုးတက်ရေးများအတွက် အာမခံပေးနိုင်မှုရှိစေရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေနှင့် လူမှုဖွံ့ဖြိုးရေးအတွက် ရန်ပုံငွေများအား စနစ်တကျ ထားရှိနိုင်ရေးအတွက် North Mining Investment Co.,Ltd. နှင့် နည်းပညာကော်မတီအဖွဲ့များ ပြန်လည်စိစစ် ဆွေးနွေးဆောင်ရွက်နေဆဲ ဖြစ်ပါကြောင်း။

မြွေတောင်ဒေသ နီကယ်သတ္တုထုတ်လုပ်မှု ဖြစ်မြောက်နိုင်စွမ်းလေ့လာမှုကိုကုမ္ပဏီ၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ် (သို့မဟုတ်) နှစ်ဦးနှစ်ဖက်ထည့်ဝင်မှုအပေါ် အခြေခံသည့် အမြတ်ခွဲဝေမှုစနစ်(သို့မဟုတ်)အခြားနည်း

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အကျိုးအမြတ် ခွဲဝေခံစားသည့်စနစ်တို့ဖြင့် ဓာတ်သတ္တုထုတ်လုပ်ရေးလုပ်ငန်းများအတွက် သဘောတူစာချုပ်ချုပ်ဆိုမည် ဖြစ်ပါကြောင်း၊ သဘောတူစာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိပါက သဘောတူစာချုပ်များကို ယှဉ်ပြိုင်အဆိုပြုခြင်း (သို့မဟုတ်) ချမှတ်ထားသော အချက်အလက်များနှင့် စည်းကမ်းများကိုအခြေခံ၍ ညှိနှိုင်းခြင်းတို့ဖြင့် ဆောင်ရွက်သွားရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း။

မြွေတောင် နီကယ်စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိသေးပါကြောင်းနှင့် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှုအပေါ် ပညာရှင်များပါဝင်သော နည်းပညာကော်မတီဖြင့် စိစစ်ဆွေးနွေးနေဆဲဖြစ်ပါကြောင်း ဖြေကြားသည်။

အစည်းအဝေးတွင် **အမျိုးသားပညာရေးဥပဒေကြမ်း**နှင့် စပ်လျဉ်း၍လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြရာ လွှတ်တော်ဥက္ကဋ္ဌက ယင်းဆွေးနွေးချက်များနှင့် ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည် ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက လွတ်လပ်သည့် ပညာရေးစနစ်ကို ဖော်ဆောင်သင့်ပါကြောင်း၊ ပညာရေးစိတ်ပါဝင်စားသူများအား လွတ်လွတ်လပ်လပ် ဖော်ဆောင်နိုင်သည့် အခွင့်အရေးများပေးရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏အထက်တွင် ကောင်စီ(သို့မဟုတ်)ကော်မရှင်များရှိပါက လုပ်ငန်းဆောင်ရွက်ရာတွင် မတွင်ကျယ်နိုင်ပါကြောင်း၊ မူကြိုပညာရေးသင်ယူပြီးပါက သူငယ်တန်းမရှိသည့် မူလတန်းအဆင့် တစ်တန်းမှ စတင်သင့်ပါကြောင်း၊ သူငယ်တန်း ပညာရေးသင်ယူခြင်းကို ပယ်ဖျက်သင့်ပါကြောင်း၊ ကျောင်းများတွင် ဘာသာရေးနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများ၏စွက်ဖက်မှုမှ ကင်းလွတ်စေရမည်ဆိုသည့်အချက် ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခက်ထိန်နန်က ပုဒ်မခွဲ(ဆ) "အမျိုးသားပညာရေးဆိုသည်မှာ *စာမျက်နှာ ၉ ကော်လံ ၁ သို့*

ပြည်တွင်းသတင်း

တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်ဆွေးနွေး

နေပြည်တော် ဇွန် ၁၈

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် မာလာမြိုင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာဦးဆောင်သော ဈေးကွက်မန်နေဂျာများ၊ ပညာရှင်များအား နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေး ဧက ၉၀၀ စိုက်ကွင်းအတွင်းတွေ့ဆုံ၍ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village,One Product) စနစ်ဖြင့် စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ ဈေးကွက်များသို့ ဈေးကွက်ခိုင်မာစွာ တင်ပို့ရောင်းချနိုင်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်သူပညာပေး တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်းရှိ ဓါတုကင်းလွတ် ထိုင်ဝမ်မူရင်းမျိုး သဘော်သီးစိုက်ခင်း၏ သဘော်သီးများ အစီအရီ အောင်မြင်စွာဖြစ်ထွန်းနေမှုများ(ဝဲပုံ)၊ ကန်စွန်းနှင့် ပိန္နဲသီးနှံရောနှောစိုက်ခင်းရှိ ကန်စွန်းပင်များ စိမ်းစိုဖြစ်ထွန်းအောင်မြင်နေမှုများ၊ အောင်မြင်နေသော ပုလဲသွယ်စပ်မျိုး မိုးစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂျပန်နိုင်ငံမူရင်းမျိုး ကန်စွန်းဥစိုက်ခင်း၊ ဗာရာဏသီမျိုး ကန်စွန်းဥစိုက်ခင်းတို့၏အပင်များ သန်စွမ်းဖြစ်ထွန်းအောင်မြင်နေမှုများနှင့် နိုင်ငံခြားပို့ကုန်အမယ်သစ် ပိန်းဥစိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖူး၊ အပွင့်များ စုံညီစွာထွက်ရှိနေသော ဈေးကွက်ဝင် နဂါးမောက်သီးနှံစိုက်ခင်းသို့ရောက်ရှိပြီး နဂါးမောက်သီးများအား နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာအနီး၌ ပုလဲသွယ်စပ်မျိုးနွေစပါးစိုက်ခင်းကို ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး တစ်ဧက တင်း ၂၀၀ ထွက်ရှိနိုင်သည့် ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် အချိန်မီဖြန့်ဖြူးနိုင်ရေးတို့ကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❍ ရှေ့ဖုံးမှ

အတွင်းသို့ လက်ယာဘက်မှ စီးဝင်သည့် ပထမမြစ်လက်တက်ဖြစ်သော နမ့်မမြစ်ပေါ်တွင် တည်ရှိသည်။ တန့်ယန်းမြို့မှ ၄၅ မိုင်အကွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းမောမြို့နယ် မန်တောင်းရွာအနီးတွင် တည်ရှိသည်။

မန်တောင်းရေအားလျှပ်စစ်စီမံကိန်းကို သံလွင်မြစ်အတွင်းသို့ လက်ယာဘက်မှ စီးဝင်သည့်ပထမမြစ်လက်တက်ဖြစ်သော နမ့်မမြစ်မှ စီးဆင်းသော ရေထုအနည်းငယ်ကို သာရယူကာ လျှပ်စစ်ဓာတ်အား ထုတ်ယူမည်ဖြစ်သည်။ တပ်ဆင်စက်အင်အားမှာ ၂၂၅ မဂ္ဂါဝပ်ဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ၉၃၆ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်သည်။

တမံအမျိုးအစားမှာ Concrete Faced Rock Filled Dam ဖြစ်ပြီး တမံအမြင့်မှာ ၁၀၉ မီတာရှိကာ တမံအလျားမှာ ၅၁၈ မီတာရှိသည်။ မန်တောင်းရေအားလျှပ်စစ်စီမံကိန်းကို တည်ဆောက်ကာလ ငါးနှစ်ခန့်ကြာမြင့်မည်ဟု ခန့်မှန်းထားသည်။

နောင်ဖ-မန်တောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် သံလွင်မြစ်ရေ၏ ၁ ဒသမ ၂ ရာခိုင်နှုန်းကိုသာ အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

နောင်ဖ-မန်တောင်း ရေအားလျှပ်စစ်စီမံကိန်းအတွက် သဘောတူညီမှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးခြင်း၊ EIA/SIA ဆန်းစစ်သည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဖက်စပ်သဘောတူစာချုပ် (JUA) လက်မှတ်ရေးထိုးခြင်း၊ ဖက်စပ်ကုမ္ပဏီ(JV Company) တည်ဆောက်ခြင်း၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်သွားရန် စီစဉ်လျက်ရှိသည်။

ဒေသခံများကို ရှင်းလင်းဆွေးနွေးသည့်အခါ မန်ပန်ဒေသမှ တောင်ယာလုပ်ကိုင်သူ ဦးအိုက်ဘကျော်က "လျှပ်စစ်ဓာတ်အား ထုတ်ယူတဲ့အခါ ဒေသခံကျေးရွာပြည်သူတွေကို ဖွံ့ဖြိုးရေးတွေလုပ်ပေးသလို မီးလင်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါဆိုရင် ကျွန်တော်တို့ ဒေသကပြည်သူတွေလည်း ဓာတ်အားအသုံးပြုနိုင်မှာပါ" ဟု ပြောကြားသည်။

အဆိုပါ ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် IGOEC မှ မန်နေဂျင်း ဒါရိုက်တာ ဦးအောင်ကျော်မင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဒေသခံများ၏ မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။ နောင်ဖ-မန်တောင်းရေအားလျှပ်စစ်စီမံကိန်းသည် လာမည့်နှစ်အနည်းငယ်အတွင်း အကောင်အထည်ပေါ်လာတော့မည်ဖြစ်သည်။

(မြန်မာ့အလင်း)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲတွင် ဆုရရှိသူများစာရင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၁၈

၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲများမှ စာမူနှင့်လက်ရာများကို အကဲဖြတ်ပညာရှင် ၅၁ ဦး မှစိစစ်ရွေးချယ်ခဲ့ရာ ဝတ္ထုတိုပြိုင်ပွဲတွင် ပထမဆုကို ဟသ်ာတမြို့ တာငါးဆယ်ဆောင်ရပ်ကွက်နေ ဦးသန်းဦး(သန်းကိုဦး-ဟသ်ာတ)၊ ဒုတိယဆုကို နေပြည်တော်ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်နေ ဒေါ်အေးအေးမာ (အင်ကြင်းမွှေး-နေပြည်တော်)၊ တတိယဆုကို သရက်ခရိုင် ကံမမြို့နယ် ခြောက်ပင်ရွာနေ ဦးဇင်ပိုင်ဖြိုး(ဇင်ပိုင်ဖြိုး-ကံမ) နှင့် အထူးဆုရရှိသူသုံးဦး၊ ဆောင်းပါးပြိုင်ပွဲတွင် ပထမဆုကို နေပြည်တော်၊ ထုတ်လုပ်ရေးတပ်(ပြည်သူ့ဆက်ဆံရေး)မှ တပ်ကြပ်ကြီးဘိုသန်း(ဘုန်းရဲနိုင်-ဂန့်ဂေါ)၊ ဒုတိယဆုကို ပုသိမ်မြို့ တောင်ရာမည (၁)လမ်းနေ မလှိုင်းဇာလီသိမ့်(ပုသိမ်သူ)၊ တတိယဆုကို ပုသိမ်မြို့ အမှတ်(၄) ရပ်ကွက်နေ မောင်ဌေးအောင် (သက်ဝေမျှ-မြဝတီ)နှင့် အထူးဆုရရှိသူသုံးဦး၊ ကဗျာပြိုင်ပွဲတွင် ပထမဆုကို လွိုင်လင်ခရိုင် မိုင်းပွန်မြို့ လမ်းမတော်ရပ်ကွက်(၄)နေ ဦးဖုန်းကျော်(ခင်ဖုန်းကြည်-မိုင်းပွန်)၊ ဒုတိယဆုကို မိုးမောက်မြို့ အမှတ်(၄၃၇) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီးသက်နောင်(ပုလောစိုးနံ့သာ)၊ တတိယဆုကို ဇလွန်မြို့ လမ်းမတော်(မြောက်) ရပ်ကွက်နေ ဦးမြင့်ဆန်း(ဇလွန်မောင်စိမ်းအောင်)နှင့် အထူးဆုရရှိသူသုံးဦး၊ တေးသီချင်းပြိုင်ပွဲတွင် ပထမဆုကို လှိုင်သာယာမြို့နယ် (၂၀) ရပ်ကွက်နေ ဒေါ်မေသန့်ရွှေ(ငယ်သန့်-သုခုမ)၊ ဒုတိယဆုကို လှိုင်သာယာမြို့နယ်(၂၀) ရပ်ကွက်နေ ဦးဝေလင်း(ဝေလင်း-သုခုမ)၊ တတိယဆုကို တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သုမင်္ဂလာလမ်းနေ ဦးမြင့်လွင် (လားရှိုး-မြင့်သိန်းအောင်)နှင့် အထူးဆု သုံးဦး ရရှိခဲ့သည်။

ဓာတ်ပုံပြိုင်ပွဲတွင် ရမည်းသင်းမြို့ လမ်းမတော်နေ အေးလွင်ဦး(ရွှေပန်းချီ)မှ ပထမဆု၊ ပုသိမ်ကြီးမြို့ မြို့မရပ်နေ အောင်ကျော်ထွန်း(ပုသိမ်ကြီး)မှ ဒုတိယဆု၊ ချမ်းအေးသာစံမြို့နယ် (၂၆×၂၇)ကြား (၉၂)လမ်းနေ မျိုးမင်းကြွယ်(ရွှေတောင် ကြား)မှ တတိယဆုကိုလည်းကောင်း၊ ကွန်ပျူတာပိုစတာပြိုင်ပွဲတွင် ပထမဆုကို ကျိုင်းတုံမြို့နယ်နေ မသီရိနန္ဒာရွှေဝါဘုန်း၊ ဒုတိယဆုကို တောင်ဒဂုံမြို့နယ် (၂၄) ရပ်ကွက်နေ ဦးဝဏ္ဏအေး၊ တတိယဆုကို ပုသိမ်မြို့ ရပ်ကွက်(၂)နေ စိုင်းရစ်ချတ်ပူးဘရိုင်းနှင့် အထူးဆုရရှိသူ သုံးဦး၊ ပန်းချီ(မူလတန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၂)ချမ်းအေးသာစံမှ မောင်ပိုင်ဇွဲသာ၊ ဒုတိယဆုကို အမက(၂၀)ပုသိမ်မှ မောင်စစ်မင်းနိုင်၊ တတိယဆုကို အထက(၁)လှိုင်ကော်မှ မအိမ့်မှူးကိုကိုနှင့် အထူးဆုရရှိသူသုံးဦးက လည်းကောင်း ရရှိကြသည်။

ပန်းချီ(အလယ်တန်း)ပြိုင်ပွဲတွင် ပထဆုကို အထက(၄)အလုံမှ မောင်ဇွဲရန်နိုင်၊ ဒုတိယဆုကို အထကခွဲ(၁)လှိုင်ကော်မှ မဖြူနှင်းထက်၊ တတိယဆုကို အထက(၆)လားရှိုးမှ မသဲဆုမျက်သွယ်နှင့် အထူးဆုရရှိသူသုံးဦး၊ ပန်းချီ(အထက်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထကခွဲ(၄)လှိုင်မှ မခင်စုစုဟန်၊ ဒုတိယဆုကို ကချင်ပြည်နယ် အထက(မြသီတာ)မှ မောင်ငြိမ်းချမ်းဝင်းနှင့် တတိယဆုကို အထက(၂)စမ်းချောင်းမှ မဆွေယွန်းနန္ဒီနှင့် အထူးဆုရရှိသူသုံးဦး၊ ကာတွန်း (မူလတန်း)ပြိုင်ပွဲတွင် ပထမဆုကို အထကခွဲ(၂) တောင်ငူမှ မသင်းစုစန္ဒီ၊ ဒုတိယဆုကို မိုးကောင်းမြို့ အမက(အလယ်ရပ်)မှ မောင်ထက်ဝေယံထူး၊ တတိယဆုကို အမက(၂၀)ပုသိမ်မှ မောင်ဇော်လင်းထက်နှင့် အထူးဆုရရှိသူသုံးဦး၊ ကာတွန်း(အလယ်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၃) မြစ်ကြီးနားမှ မောင်စည်သူအောင်လတ်၊ ဒုတိယဆုကို လေ့ကျင့်ရေးကျောင်း (အလက)တောင်ငူမှ မဖြူစင်အုန်းမြင့်၊ တတိယဆုကို အထက(၆)ပုသိမ်မှ မောင်မြင့်မိုးအောင်နှင့်အထူးဆုရရှိသူသုံးဦး၊ ကာတွန်း(အထက်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၂)လသာမှ မပြည့်သန္တာစိုး၊ ဒုတိယဆုကို အထက(၂) ဟုမ္မလင်းမှ မခင်ခင်ချို၊ တတိယဆုကို အထက(၂) လသာမှ မနှင်းရတနာဦးနှင့်အထူးဆုရရှိသူသုံးဦး၊ ပိုစတာ(မူလတန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၂)လသာမှ မကြည်ဇင်သန့်၊ ဒုတိယဆုကို အလက(၅)လားရှိုးမှ မောင်ရဲထွဋ်အောင်၊ တတိယဆုကို အထကခွဲ(၂)ပဲခူးမှ မသင်းစုစန္ဒီနှင့် အထူးဆုရရှိသူသုံးဦးရှိကြောင်း သိရသည်။ ပိုစတာ(အလယ်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၁)လမ်းမတော်မှ နော်ဆာကညောစိန်ဒွေး၊ ဒုတိယဆုကို အထက(၂)သန်လျင်မှ မောင်ဘုန်းပြည့်ကျော်၊ တတိယဆုကို အထက(၆) လားရှိုးမှ မနှင်းအိလှိုင်နှင့်အထူးဆုရရှိသူသုံးဦး၊ ပိုစတာ(အထက်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၃)ဒဂုံမြောက်မှ မချောအိခင်၊ ဒုတိယဆုကို အထက(၄)အလုံမှ မောင်မင်းသုခ၊ တတိယဆုကို အထက(၁)မရမ်းကုန်းမှ မသင်းနန္ဒာစိုးနှင့် အထူးဆုရရှိသူ သုံးဦး၊ ကွန်ပျူတာပန်းချီ(အလယ်တန်း)ပြိုင်ပွဲတွင် ပထမဆုကို အထက(၃)မကွေးမှ မမိုးစက်ချို၊ ဒုတိယဆုကို အထက(၂)စမ်းချောင်းမှ မဝင့်ကေခိုင်မြင့်၊ တတိယဆုကို အလက(၁၂)အင်းစိန်မှ မောင်မင်းသူကျော်နှင့် အထူးဆုရရှိသူသုံးဦး၊ ကွန်ပျူတာပန်းချီ(အထက်တန်း)ပြိုင်ပွဲတွင် ပထမဆုကို မြိတ်မြို့နယ် ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်အံ့ထူးအောင်၊ ဒုတိယဆုကို မွန်ပြည်နယ် အထက(လမိုင်း)မှ မောင်ခန့်ဇော်နိုင်၊ တတိယဆုကို အထက(၄)မကွေးမှ မောင်ဝေယျာအောင်နှင့် အထူးဆု သုံးဦးတို့ အသီးသီးရရှိခဲ့ကြကြောင်း သိရသည်။

ကိုရဲ

လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရန် ကုလသမဂ္ဂအဖွဲ့အစည်းများ လွယ်ဂျယ်မြို့နယ်ခွဲသို့ရောက်ရှိ

လွယ်ဂျယ် ဇွန် ၁၈

UNOCHA အဖွဲ့မှ Mr.Matt Byme(Gender Capacity Adi-ser)၊ ဦးမိုးအောင်(ကွင်းဆင်းညှိနှိုင်းရေးအရာရှိ)တို့ဦးဆောင်ပြီး WFP မှ အရာရှိနှစ်ဦး၊ UNHCR မှ အရာရှိနှစ်ဦးလိုက်ပါလာလျက် UN မှ မော်တော်ယာဉ်သုံးစီး၊ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လာသော ကုန်တင်ယာဉ်ကြီးကိုးစီးဖြင့် ဇွန် ၁၇ ရက်က ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲသို့ ရောက်ရှိလာကြသည်။

UN မှ အဖွဲ့အစည်းများသည် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ လာနာဇွပ်နှင့် ဘုံဆစ်ပါစစ်ဘေးရှောင်မိသားစုများကို ဆန် ၆၁ ဒသမ ၇၀၂ တန်၊ ဆီ ၄ ဒသမ ၁၁၃ တန်၊ ပဲ ၈ ဒသမ ၂၂၇ တန်၊ ဆား ၀ ဒသမ ၆၈၆ တန်၊ အာဟာရမှုန့် ၀ ဒသမ ၃၈၆ တန်တို့ကို WFP မှ မျှဝေကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယနေ့ဆိုက်ရောက်လာသော ကုလသမဂ္ဂအဖွဲ့အစည်းများသည် လွယ်ဂျယ်မြို့နယ်ခွဲတွင် ညအိပ်ရပ်နားပြီး လာနာဇွပ်နှင့် ဘုံဆစ်ပါစခန်းများသို့ ဆက်လက်ထွက်ခွာသွားနိုင်ရန် လိုအပ်သည်များကို မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဇော်မျိုးအောင်က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရင်ငြိမ်းပန်း(လွယ်ဂျယ်)

ဧရာဝတီတိုင်း ဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာမူလတန်းကျောင်းများတွင် နို့တိုက်ကျွေးရေးအစီအစဉ် **School Milk Program** ဖွင့်ပွဲကို ဇွန် ၁၈ ရက်က အမကဘုရားကြီးကုန်းကျောင်း၌ ကျင်းပရာ အမကဘုရားကြီးကုန်းကျောင်း၌ရှိသော ကျောင်းသားကျောင်းသူများအား နို့တိုက်ကျွေးစဉ်။

မင်းဇော်ဦး(ရေကြည်)

လွှတ်တော်ရေးရာကဏ္ဍ

❑ *ကျောဖုံးမှ*

ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုသည့် အပိုဒ်၊ အပိုဒ်ခွဲနှင့် အကြောင်းအရာကို ဖော်ပြလက်မှတ်ရေးထိုးပြီး အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်နာယကက ကြေညာသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေးက ရှင်းလင်းတင်ပြရာတွင် ရေအားဖြင့်လျှပ်စစ်ထုတ်ခြင်းသည် ရေကိုပြန်လမ်းမရှိသုံးစွဲသည့် လုပ်ငန်းအမျိုးအစားမဟုတ်သည့်အတွက် ရေအားလျှပ်စစ်ကြောင့် ရေပျောက်ဆုံးမှုမဖြစ်သည့်အတွက် ဆောင်ရွက်သင့်သော ရေအသုံးချလုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ယနေ့တပ်ဆင်စက်အင်အား စုစုပေါင်းသည် (အရင်းအမြစ်အားလုံး) မဂ္ဂါဝပ် ၄၃၆၂ ဒသမ ၅ သာရှိသေးသည့်အတွက် နှစ်စဉ်လိုအပ်ချက်ပြည့်မီရေး နှစ်အလိုက် ဓာတ်အားပေးစက်ရုံများ တိုးတက်တည်ဆောက်ရန် လိုအပ်လျက်ရှိပါကြောင်း၊ နှစ်စဉ်တိုးတက်နှုန်း ၁၃ ရာခိုင်နှုန်းဖြင့် တွက်ချက်၍ အရန်ဓာတ်အား ၃၀ ရာခိုင်နှုန်းထားရှိရန် စီစဉ်လျာထားသွားမည်ဖြစ်ပါကြောင်း။

ဤသို့ တိုးတက်လိုအပ်လာသော ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရာတွင် တည်ငြိမ်ရေး၊ ဈေးနှုန်းသက်သာရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု အနည်းဆုံးဖြစ်စေရေးအချက်(၃)ချက်ကို အဓိကထား၍ နိုင်ငံတော်အတွင်း ဖြစ်သင့်သည့် အရင်းအမြစ်ပါဝင် အချိုး(Generation Mix) ဖြစ်ပေါ်လာစေရေးအတွက် Master Plan ရေးဆွဲထားပြီးဖြစ်ကြောင်း။

ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်က ကိုယ်တိုင်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်စေခြင်း (BOT) နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ခြင်း (JV/BOT)စသည့် နည်းလမ်းသုံးမျိုးဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပျဉ်းမနားမြို့နယ်ရှိ (အထက်ပေါင်းလောင်းစီမံကိန်း)၊ မိုးမိတ်မြို့နယ်ရှိ ရွှေလီစီမံကိန်း၊ ဖြူးမြို့နယ်ရှိ ဖြူးစီမံကိန်း၊ ကျောက်မဲမြို့နယ်ရှိ အထက်ရဲရွာစီမံကိန်း၊ သံတွဲမြို့နယ်ရှိ သူငွေးစီမံကိန်းနှင့်ကျိုင်းတောင်းမြို့နယ်ရှိ အထက်ကျိုင်းတောင်းစီမံကိန်းများကို နိုင်ငံတော်က ကိုယ်တိုင်ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် ၁၆၃၂ ရှိပါကြောင်း၊ ထို့ပြင် ပြည်တွင်းတိုင်းရင်းသားရင်းနှီးမြှုပ်နှံမှုဖြင့် အထက်ဘီလူးချောင်းစီမံကိန်း၊ နမ္မတူ (သီပေါ)စီမံကိန်းနှင့် မိုင်းဝစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၁၉၆ ဒသမ ၄ ရှိပါကြောင်း။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(ဖက်စပ်ပိုင်) JV Agreement လက်မှတ်ရေးထိုး၍ ချီဖွေစီမံကိန်း၊ လိုက်ဇာစီမံကိန်းနှင့် ကွမ်းလုံစီမံကိန်းများကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် ၁၃၈၀၀ ရှိပါကြောင်း၊ ထို့အတူ MOA လက်မှတ်ရေးထိုးပြီးသည့် ဝူဆောက်စီမံကိန်း၊ ခေါင်လံဖူးစီမံကိန်း၊ ယီနန်စီမံကိန်း၊ ဖီဇောစီမံကိန်း၊ ဂေါလန်းစီမံကိန်း၊ ခန်ကန်းစီမံကိန်း၊ လောင်ဒင်စီမံကိန်း၊ ထုံရှင်းချောင်စီမံကိန်း၊ ရွာသစ်စီမံကိန်း၊ ဟတ်ကြီးစီမံကိန်း၊ နောင်ဖစီမံကိန်း၊ မန်တောင်းစီမံကိန်း၊ ရွှေလီစီမံကိန်း၊ နမ့်တဘက်စီမံကိန်း၊ ထုကျန်းစီမံကိန်း၊ ဟန်နစီမံကိန်း၊ သခွစီမံကိန်း၊ ပလောင်စီမံကိန်းနှင့် ဘော်လခဲစီမံကိန်းစသည့် စီမံကိန်း ၁၉ခုရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် ၁၆၉၇၀ ရှိပါကြောင်း။

အလားတူ MoU လက်မှတ်ရေးထိုးပြီး စူးစမ်းလေ့လာဆဲစီမံကိန်းများဖြစ်သည့် တာပိန်စီမံကိန်း၊ မိုင်းတုံစီမံကိန်း၊ ကျိုင်းတုံစီမံကိန်း၊ ဝမ်တာပင်းစီမံကိန်း၊ ဆီလူးစီမံကိန်း၊ ကျိုင်းရမ်းစီမံကိန်း၊ ဟီကူးစီမံကိန်း၊ နမ့်ခစီမံကိန်းနှင့် နမ့်တဘက်စီမံကိန်းစသည့် စုစုပေါင်းစီမံကိန်း ၉ ခုရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် ၃၈၇၈၀ ရှိပါကြောင်း၊ MoUလက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသော (JV/ BOT) ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု (ဒွန်ဘန်နှင့် နမ္မလီစီမံကိန်း)ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် ၂၉၅ ရှိပါကြောင်း၊ ထို့အတူ MoU လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသော (BOT)ရေအားလျှပ်စစ်စီမံကိန်းနှစ်ခု (မိုင်းယောင်းစီမံကိန်းနှင့် နမ့်ခုတ်စီမံကိန်း)ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် ၉၅ ရှိပါကြောင်း၊ ဒီးဒုတ်စီမံကိန်း၊ အလယ် ပေါင်းလောင်းစီမံကိန်း၊ အလယ်ရဲရွာစီမံကိန်းနှင့် ဘောဂထစီမံကိန်းများသည် ဖြစ်နိုင်စွမ်းရှိ၍ ဆောင်ရွက်ရန်စီစဉ်လျက်ရှိပြီး စုစုပေါင်းစက်တပ်အင်အား မဂ္ဂါဝပ် ၆၄၆ ရှိပါကြောင်း။

ရှင်းလင်းတင်ပြ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမော်သာထွေး ရှင်းလင်းတင်ပြစဉ်။
ဓာတ်ပုံ-(သတင်းစဉ်)

ကွမ်းလုံစီမံကိန်း၊ ချီဖွေစီမံကိန်းနှင့် လိုက်ဇာစီမံကိန်းသုံးခု ဆက်လက်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ နှစ်စဉ်အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၃၆၇ သန်းခန့်ရရှိပြီး နိုင်ငံတော်အတွင်း သုံးစွဲရန် တပ်ဆင်စက်အင်အား မဂ္ဂါဝပ် ၂၆၂၀ တိုးတက်သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း၊ ၎င်းစီမံကိန်းများကို အကောင်အထည်ဖော်ပါက တည်ဆောက်ရေးကာလအများဆုံး ခုနစ်နှစ်ကြာမြင့်မည်ဖြစ်ရာ ၂၀၂၁-၂၀၂၂ ခုနှစ်ခန့်တွင် ဓာတ်အားသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း။

အဆိုပါစီမံကိန်းများအတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှု (EIA/ SIA)အစီရင်ခံစာများကို တတိယအဖွဲ့အစည်းတစ်ခုဖြစ်သော Biodiversity and Nature Conservation Association (BANCA)က အသီးသီးတင်သွင်းသွားပြီးဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းများမှ သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူလူထုသို့လည်း ပွင့်လင်းမြင်သာမှုရှိစွာ ရှင်းလင်းချပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သံလွင်မြစ်ပေါ်တွင် ကွမ်းလုံစီမံကိန်း နောင်ဖစီမံကိန်း၊ မိုင်းတုံစီမံကိန်း၊ ရွာသစ်စီမံကိန်းနှင့် ဟတ်ကြီးစီမံကိန်း စုစုပေါင်း စီမံကိန်းငါးခုကို ဆောင်ရွက်လျက်ရှိပြီး စုစုပေါင်း စက်တပ်အင်အား မဂ္ဂါဝပ် ၁၄၉၆၀ ရှိပါကြောင်း၊ သံလွင်မြစ်ပေါ်မှ ကွမ်းလုံစီမံကိန်းနှင့် နောင်ဖစီမံကိန်း၊ နမ့်မမြစ်ပေါ်မှ မန်တောင်းစီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော်နိုင်မည်ဆိုပါက နိုင်ငံတော်မှ ရရှိမည့်ဓာတ်အားနှင့် နိုင်ငံတော်မှ ရရှိမည့် ဓာတ်အား မဂ္ဂါဝပ် ၁၄၁၂ နှင့် အမေရိကန်ဒေါ်လာ ၁၆၈ ဒသမ ၇ သန်း အကျိုးအမြတ် ရရှိမည်ဖြစ်ပါကြောင်း။

လျှပ်စစ်ဓာတ်အား ဖူလုံလာပါက ပြည်သူများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်သဖြင့် နိုင်ငံတော်၏ ကြွယ်ဝသော ရေသယံဇာတဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေး၊ ရေအခြေခံစီးပွားရေး၊ (Water-based Economy) ဆောင်ရွက်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းထိခိုက်မှု အနည်းဆုံးဖြစ်စေရေး စနစ်တကျစီမံကြီးကြပ်၍ ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၎င်းအပြင် ဓာတ်အားတည်ငြိမ်စွာ ဖြန့်ဖြူးနိုင်ရေးအတွက် တည်ဆောက်ရေးကာလတိုတောင်းသည့်၊ ဓာတ်အားရရှိမှု တည်ငြိမ်သည့် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံများကိုလည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးစိစစ်၍ ခေတ်မီနည်းပညာများ အသုံးပြုကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။ အဆိုပါ ဒုတိယဝန်ကြီး၏ ရှင်းလင်းတင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ဆောင်ရွက်ခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်မှ

နိုင်ငံတော်ရှိတိုင်းရင်းသားအားလုံး၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး ဘက်စုံအတွေးအခေါ်မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော လူ့စွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးသော နိုင်ငံတော်၏ ပညာရေးစနစ်ကိုဆိုသည်” ဆိုသည့် ပုဒ်မခွဲတွင်ပါသည့် “ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထားပြီး” စကားရပ်အစား“ရိုးရာဓလေ့များ၏ အနှစ်သာရများကို တန်ဖိုးထား၍ ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးပြီး”ဟု ထည့်သွင်းသင့်ပါကြောင်း၊ “ဘက်စုံအတွေးအခေါ် မှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်သော” ဆိုသည့် စာကြောင်းအစား “ဘက်စုံအတွေးအခေါ် မှန်ကန်၍ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သော” စာသားထည့်သွင်းလိုပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက ကျောင်းသားဗဟိုပြု ချဉ်းကပ်နည်းဆိုသည်မှာ သင်ယူသူများ သင်ယူမှုဖြစ်ထွန်းစေရန် ဆရာ ဆရာမများက ထိရောက်သော နည်းလမ်းများကို အသုံးပြု၍ နှစ်လိုဖွယ်ရာ ဆရာ ဆရာမများအား ဆက်ဆံရေးဖြင့် ပံ့ပိုးဖော်ဆောင်ပေးသော သင်ယူမှုဖြစ်စဉ်ကို ဆိုလိုခြင်းဖြစ်ပြီး ယင်းအချက်သည် အရေးကြီးသော အချက်တစ်ချက် ဖြစ်ပါကြောင်း၊ ချဉ်းကပ်နည်းဖြင့် သင်ကြားခြင်းသည် မိမိတို့နိုင်ငံတွင် အထူးလိုအပ်ပါကြောင်း၊ ထိုစနစ်ကို မသုံးခဲ့သည့်အတွက် ယနေ့ကျူရှင်ပညာရေးသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေခြင်းဖြစ်ပါကြောင်း၊ အနာဂတ်တွင် ရုံးသုံးဘာသာအဖြစ် အသုံးပြုနိုင်ရန်အတွက် အင်္ဂလိပ်စာအား မူလတန်းမှစတင်၍ သင်ကြားရမည်ဟု ဖြည့်စွက်သင့်ပါကြောင်း၊ အင်္ဂလိပ်စာရုံးသုံးဖြစ်ပါက ပို၍လေ့လာမည်ဖြစ်ပြီး ပိုမိုတတ်မြောက်ကြမည် ဖြစ်ပါကြောင်း၊ အင်္ဂလိပ်စာတတ်မြောက်မှသာ ကမ္ဘာကို လိုက်မီနိုင်မည် ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က ယခု အမျိုးသားပညာရေး ဥပဒေကြမ်းကို သုံးသပ်သည့်အခါ ပြည့်စုံသောအဆင့်သို့ ရောက်ရှိလာပြီဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်သည့်အခါ အလွန်တာဝန်ကြီးလိမ့်မည်ဟု ယူဆပါကြောင်း၊ ယခု ဥပဒေကြမ်း အတည်ပြုပြီးပါက ပညာရေးဝန်ကြီးဌာန၏ တာဝန်သည် အလွန်အရေးကြီးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ၏ အသုံးစရိတ်များကို ပြည်ထောင်စုဘတ်ဂျက်၏ ၁၂ ရာခိုင်နှုန်းနှင့်အထက် နှစ်တိုင်းပံ့ပိုးပေးနိုင်မှသာ လုပ်ငန်းအကောင်အထည်ဖော်ရာတွင် အဆင်ပြေနိုင်မည်ဟု ယူဆပါကြောင်း၊ ဥပဒေကြမ်းအတည်ပြုပြီးပါက ငါးနှစ်အတွင်း အကောင်အထည်ဖော်ရမည်ဖြစ်ပြီး မိမိတို့၏ လူသား အရင်းအမြစ်များအတွက် အလွန်အရေးကြီးပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့ အမက (မြစ်ကျိုး)ကျောင်းမှ ကျောင်းသား ကျောင်းသူများအား အာဟာရ နို့တိုက်ကျွေးရေးအခမ်းအနားကို ဇွန် ၁၈ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးသန်းဝင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာအောင်ဝေဆန်း၊ မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဦးမောင်မောင်ငွေး၊ အမက(မြစ်ကျိုး) ကျောင်း ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ မိဘဆရာအသင်းနှင့် ကျောင်းသားမိဘများက ကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးစဉ်။ သီဟ(လေးမျက်နှာ)

ကျောင်းကျန်းမာရေးလုပ်ငန်းများထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးလွှတ်တော်တွင်ဆွေးနွေး

နေပြည်တော် ဇွန် ၁၈

ယနေ့နိုင်ငံတော်တွင် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်လူငယ်ကျောင်းသား ကျောင်းသူများ ကျန်းမာကြံ့ခိုင်ရေးအတွက်လည်း ကျန်းမာရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ သန့်ရှင်းသော သောက်ရေနှင့် ယင်လုံအိမ်သာများ ထားရှိရေးနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မောင်လေးက အခြေခံပညာကျောင်းများ အားလုံးတွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သန့်ရှင်းသော သောက်ရေနှင့် သုံးရေလုံလောက်စွာရရှိရေး စီမံကိန်းများချမှတ်ဆောင်ရွက်ပေးရန်အဆိုကို အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့တွင် တင်သွင်းခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ယင်း၏ရည်မှန်းချက်နှစ်ရပ်ဖြစ်သော လူတိုင်းလူတန်းစေ့သက်ရှည်ကျန်းမာရေး၊ လူတိုင်းရောဂါဘယ ကင်းဝေးရေးနှင့် ပတ်သက်ပြီး အိမ်တိုင်းသန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ယင်လုံအိမ်သာ သုံးစွဲရေး၊ အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ထို့အတူ ကျောင်းကျန်းမာရေး၊ ကျောင်းသား ကျောင်းသူများ ရောဂါဘယ ကင်းရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ၁၉၉၆ ခုနှစ်ကတည်းက ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သိရပြီး နှစ်စဉ်နှစ်တိုင်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သြဂုတ်လကို ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ်သတ်မှတ်ပြီး ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း သိရပါကြောင်း၊ အခြေခံပညာ ကျောင်းများသည် လူမှုအဖွဲ့အစည်း၏ အခြေခံကျသော ဌာနတစ်ခုဖြစ်သည်နှင့်အညီ ကျောင်းများမှ ပညာပေးသည့်အပြင် ယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ဗလငါးတန်ပြည့်စုံရေး ပြုစုပျိုးထောင်ပေးသောနေရာတစ်ခုဖြစ်ပါကြောင်း၊ ကျောင်းများတွင် လူငယ်များ မိသားစုတစ်ခုနှင့်တစ်ခုမတူညီသော အကျင့်စရိုက် ဖလှယ်ကြသောနေရာလည်းဖြစ်၍ ကျောင်းများမှစတင်ပြီး လူငယ်များပြုစု ပျိုးထောင်ခြင်းသည် နိုင်ငံတကာတွင် အခြေခံကျသော အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ထို့ကြောင့် ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်(၅)ရပ်ဖြစ်သော “ဝန်းကျင်သန့်ရေး၊ စစ်ဆေးကျန်းမာ၊ ရောဂါကုလျက်၊ ကူးစက်ကာကွယ်၊ အာဟာရဖွံ့ဖြိုးတိုးတက်စရာ၊ ပညာပေးမှုသုတေသနပြုပေါင်းစု ကျောင်းကျန်းမာ”ဟူသော ဆောင်ပုဒ်နှင့်အညီ ယင်းလုပ်ငန်းစဉ် ငါးရပ်အနက်မှ ကျန်းမာစစ်ဆေးဟု ဆိုရာတွင် ရေကောင်းရေသန့်ရရှိရေး၊ ယင်လုံ အိမ်သာထားရှိရေး အရေးကြီးပါကြောင်း၊ အထူးသဖြင့် ရေကောင်းရေသန့်ရရှိရေးအရေးကြီးပါကြောင်း၊ ကျန်းမာရေးဟုဆိုရာတွင် ရှိသင့်ရှိထိုက်သော ကိုယ်အလေးချိန်ရရှိရေး၊ အသက်အရွယ်နှင့် လိုက်လျောညီထွေ ရှိ

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မောင်လေး။ ဓာတ်ပုံ-(သတင်းစဉ်)

သော အာဟာရ (Valance Diet) ကျောင်းတွင်း အာဟာရတိုက်ကျွေးရေးတို့ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊ ရေကောင်းရေသန့် မရရှိပါက ကမ္ဘာပေါ်တွင် နှစ်စဉ် ၁ ဒသမ ၈ သန်းခန့် သေကျေပျက်စီးရသော ဝမ်းပျက်ဝမ်းလျှောရောဂါကို ဖြစ်ပွားစေနိုင်ပါကြောင်း၊ ထို့ကြောင့် ကျောင်းတွင်း တစ်ကိုယ်ရေ ကိုယ်လက်သန့်ရှင်းရေး အလေ့အထနှင့် လုပ်ပါက ၃၂ ရာခိုင်နှုန်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှု ကျဆင်းမည်ဖြစ် ပြီးရေကောင်းရေသန့်ရရှိ ပါက ၃၆ ရာခိုင်နှုန်းနှင့် လက်သန့်ရှင်းရေး ဂရုပြုပါက ၄၄ ရာခိုင်နှုန်းထိကျ ဆင်းနိုင်ကြောင်း ဒေါက်တာ ခင်မောင်လေးက ပြောကြားသည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ၊ ရေကောင်းရေသန့် ရရှိရေးနှင့်ပတ်သက်ပြီး ၎င်းက “ကျွန်တော် ကျောင်းကျန်းမာရေး၏ လုပ်ငန်းတွေ၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေကို “ကျောင်းကျန်းမာရေးအစ စာသင်ကျောင်းကဆိုတဲ့ ဆောင်ပုဒ်နှင့်အညီ လွန်ခဲ့တဲ့ ၂၅ နှစ်လောက်က ပျော်ဘွယ်မြို့နယ်မှာ ဆေးရုံမှူးတာဝန်ယူတုန်းကပေါ့၊ အဲဒီအချိန်မှာ ကျောင်းကျန်းမာရေး ဆရာဝန်တစ်နိုင်ငံလုံးမှာ အယောက် ၈၀ ပဲ ရှိသေးတယ်၊ အဲဒီအချိန်မှာ ဒေသခံကျန်းမာရေးဆရာဝန်တွေ၊ ပညာရေးဝန်ထမ်းတွေနဲ့ ပူးပေါင်းပြီး လုပ်ဆောင်ခဲ့တယ်၊ ကွင်းဆင်းတယ်၊ ကျန်းမာရေးစောင့်ရှောက်မှုတွေ လေ့လာပြီး ဆောင်ရွက်ခဲ့တာ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်၊ အခုလည်း ပြည်ခရိုင်မှာ ကျွန်တော်ပညာရေးမှူးရဲ့ အကူအညီကိုယူပြီး ကျောင်းသား ကျောင်းသူများ ရေကောင်းရေသန့် ရရှိရေး အစီစီတွင်း ရေရရှိရေး ကျောင်းပေါင်း ၅၃၅ ကျောင်းကို ကွင်းဆင်းစစ်ဆေးရာမှာ အထက်တန်းကျောင်းတွေရဲ့ ၃၂ ဒသမ ၂၅ ရာခိုင်နှုန်း၊ အလယ်တန်းကျောင်းတွေရဲ့ ၃၃ ဒသမ ၃ ရာခိုင်နှုန်းနဲ့ မူလတန်းကျောင်းတွေရဲ့ ၅၃ ဒသမ ၈ ရာခိုင်နှုန်းမှာ သန့်ရှင်းတဲ့ သောက်သုံးရေအတွက် အဝီစိတွင်းတွေ မရှိတာကို တွေ့ရှိခဲ့ရပါတယ်၊ အဲဒါကြောင့် လူမှုရေးအခြေခံဖြစ်တဲ့ ကျောင်းကျန်းမာရေးအတွက် အဓိကကျတဲ့ ရေကောင်းရေသန့်မရှိတော့ ကလေးတွေအတွက် စိုးရိမ်ပူပန်မိပါတယ်၊ ဒါကြောင့် ကျွန်တော်ဒီ အဆိုကို တင်သွင်းခဲ့တာပါ၊ အမျိုးသားရေးတာဝန်တစ်ရပ် အနေနဲ့လည်း ခံယူပါတယ်”ဟု ၎င်း၏ အမြင်ကို မြန်မာ့အလင်းသို့ ပြောကြားခဲ့သည်။

ဇင်ဦး(မြန်မာ့အလင်း)

အပူပိုင်းဒေသစိမ်းစိုဖို့ သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ပြည်တွင်းသတင်း

နိုင်ငံတကာမြန်မာ့စီးပွားရေးအပေါ် အကောင်းမြင်ဟောကိန်းထုတ် မြန်မာနိုင်ငံသို့ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာနိုင်မည်



ရန်ကုန် ဇွန် ၁၈

စက်ရုံ၊ အလုပ်ရုံများတွင် လုပ်ငန်းခွင်အေးချမ်းသာယာ၍ လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေပြီး ကုန်ထုတ်စွမ်းအား တိုးတက်စေရန်နှင့် အလုပ်ချိန်၊ အလုပ်သမားများအနေဖြင့် အလုပ်သမားရေးရာဥပဒေများကို ကောင်းစွာသိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သည့် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများ လျော့နည်းစေရန်ရည်ရွယ်လျက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနမှ ရန်ကုန်မြို့ ရန်ကုန်စက်မှုဇုန် ဇေကမ္ဘာအစည်းအဝေးခန်းမတွင် အလုပ်သမားရေးရာ အသိပညာပေးဆွေးနွေးပွဲကို ဇွန် ၁၆ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် **(အပေါ်ယာပုံ)**နှင့်တာဝန်ရှိသူများ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ အလုပ်အမှုဆောင်များနှင့်အလုပ်ရှင်အလုပ်သမားကိုယ်စားလှယ်များ တက်ရောက် ခဲ့ကြသည်။

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်က မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုသည် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်းအထိ တိုးလာနိုင်သည်ဟု IMF က ခန့်မှန်းထားပါကြောင်း၊ ဘဏ္ဍာရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများကို စနစ်တကျဆောင်ရွက်နိုင်လျှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှု၌ လမ်းပွင့်လာနိုင်သကဲ့သို့ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင်ဖြစ်သော အာဆီယံဒေသ၏ စီးပွားရေးဝန်းကျင် တည်ဆောက်မှုမှာ အကျိုးအမြတ်များ ပိုမိုခံစားရနိုင်သည်ဟု IMF က ခန့်မှန်းထားပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကလည်း မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုကို နှစ်စဉ် ၆ ရာခိုင်နှုန်းကျော် ထိန်းထားနိုင်မည်ဆိုလျှင် မြန်မာနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ် မတိုင်ခင် အလယ်အလတ် ဝင်ငွေရရှိသောနိုင်ငံဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြပါကြောင်း၊ နိုင်ငံတကာနှင့် ဒေသတွင်း ဘဏ္ဍာရေးအဖွဲ့အစည်းတွေ ကိုယ်တိုင်မြန်မာနိုင်ငံ၏ စီးပွားရေး အလားအလာကောင်းများအပေါ် အကောင်းမြင်ဟောကိန်းထုတ်နေကြသည့်အတွက် မြန်မာနိုင်ငံသို့ ပြည်ပမှ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) များပိုမိုဝင်ရောက်လာနိုင်မည့် အလားအလာများရှိနေပါကြောင်း။

နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စက်မှုကဏ္ဍ၏ သက်ရောက်မှုဖြစ်သော Industrial Impact များကို လျစ်လျူရှုပြီး ဆောင်ရွက်၍မဖြစ်နိုင်ပါကြောင်း၊ အငြင်းပွားမှုဖြစ်ပွားရသည့်အကြောင်းအရင်းများစွာအနက် လုပ်ငန်းခွင်အတိုင်း စနစ်တကျစီမံအုပ်ချုပ်မှုအားနည်းခြင်းနှင့် အလုပ်သမားရေးရာ ဥပဒေများအပေါ် သိရှိလိုက်နာကျင့်သုံးမှု အားနည်းခြင်းများကို တွေ့ရှိရပါကြောင်း၊ အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်အတွင်း ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိထားရန် လိုပါကြောင်း၊ လုပ်ငန်းခွင်များသည် Safe, Healthy and Decent Workplaces ဖြစ်ရန် ILO မှ ထုတ်ပြန်ထားပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်ရာမှာ အမြတ်အစွန်းတစ်ခုတည်းကိုသာမကြည့်ဘဲ လူမှုပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးကို တာဝန်ယူဆောင်ရွက်သော စနစ်ဖြစ်သည့် Corporate Social Responsibilities (CSR) ကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုပါကြောင်း၊ အလုပ်သမားများဘဝ၊ လူမှုဘဝနှင့် ကျန်းမာရေးကောင်းမွန်ပြီး လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်နိုင်ခြင်းသည် လူ့အဖွဲ့အစည်းတစ်ရပ်အတွက်သာမက သက်ဆိုင်ရာလုပ်ငန်းများ၊ ကုမ္ပဏီများနှင့်အလုပ်ဌာနများအတွက် ကုန်ထုတ်စွမ်းအားနှင့်ယှဉ်ပြိုင်နိုင်စွမ်းကိုပါ တိုးတက်စေသကဲ့သို့ ဂုဏ်သိက္ခာမြင့်မားမှုကို ပေးစွမ်းနိုင်ပါကြောင်း။

လုပ်ငန်းခွင်တွင် အငြင်းပွားမှုပြဿနာများဖြစ်ပွားနေခြင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းမှုမရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံများသို့ FDI များ ဝင်ရောက်လေ့ မရှိပါကြောင်း၊ အနည်းဆုံး အခကြေးငွေဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပြီးဖြစ်၍ အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးအတွက် အမျိုးသားကော်မတီနှင့် တိုင်းဒေသကြီး/ပြည်နယ် ကော်မတီများကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးသို့ သွားရောက်၍ အစည်းအဝေးနှင့်ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အလုပ်သမားများနှင့် ယင်းတို့၏မိသားစုလိုအပ်ချက်များ၊ စားဝတ်နေရေးကုန်ကျစရိတ်တို့ကို အခြေခံစဉ်းစားရမည်ဖြစ်ပြီး အလုပ်သမားနှင့် ၎င်း၏မိသားစုအနိမ့်ဆုံးလိုအပ်ချက်ကို ကာမိစေကာ အလုပ်ရှင်များကလည်း ပေးနိုင်မည့် နှုန်းထားဖြစ်သင့်ပါကြောင်း။

ယခုဆွေးနွေးပွဲမှ ရရှိသည့် အချက်အလက်များကို လုပ်ငန်းခွင်တွင် အလုပ်ရှင်၊ အလုပ်သမားနှစ်ဦးနှစ်ဖက်အကျိုးရှိစွာ ပြန်လည်အသုံးချနိုင်ခြင်းအားဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာပြီး ညီညွတ်မျှတသည့် လုပ်ငန်းခွင်ဆက်ဆံရေး ထူထောင်နိုင်ကြပါစေကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး တာဝန်ရှိသူတို့က EC စာချုပ်နှင့် အလုပ်သမားအဖွဲ့အစည်းဥပဒေအကြောင်း၊ အလုပ်သမားဥပဒေများအကြောင်း၊ လူမှုဖူလုံရေးဥပဒေအကြောင်းတို့ကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အလုပ်သမားရေးရာ အသိပညာဆွေးနွေးပွဲသို့ မင်္ဂလာဒုံစက်မှုဇုန်၊ ရန်ကုန်စက်မှုဇုန်၊ ပျဉ်းမပင်စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များ၊ စက်ရုံ၊ အလုပ်ရုံများမှအလုပ်ရှင်၊ မန်နေဂျာများနှင့် ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၂၇ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၁-၆-၂၀၁၄ ရက်နေ့တွင် သာကေတ၊ သဃ်န်းကျွန်း၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ရန်ကင်း၊ မြောက်ဥက္ကလာပ၊ စမ်းချောင်း၊ လသာ၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ လှိုင်၊ သန်လျင်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ မှော်ဘီ၊ လှည်းကူး၊ တိုက်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်းလည်းကောင်း၊ အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

၃။ ၂၂-၆-၂၀၁၄ ရက်တွင် မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သာကေတ၊ လှိုင်၊ မရမ်းကုန်း၊ အေးရွာ၊ သန်လျင်၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၂း၀၀ နာရီအတွင်းလည်းကောင်း၊ ၁၃း၀၀ နာရီမှ ၁၆း၀၀ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရပ်ဝေးကျောင်းသား ကျောင်းသူများကို စက်ဘီးများအခမဲ့ငှားရမ်း

ရေကြည် ဇွန် ၁၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အထက ရေကြည် တေဇာသီရိခန်းမ၌ ဇွန် ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲက အလှူရှင် အထက ရေကြည် ကျောင်းသားဟောင်း ဦးအောင်ကျော်မိုး(ရန်ကုန်) မိသားစုက ကျောင်းသား ကျောင်းသူများ အသုံးပြုရန်အတွက် စက်ဘီး ၂၅ စီး လှူဒါန်းပွဲ ကျင်းပရာ အထက ရေကြည် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သန်းက အမှာစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင် ဦးစိုးနိုင်က စက်ဘီးများ လှူဒါန်းရခြင်းနှင့် ငှားရမ်းခြင်းအပေါ် အကျယ်တဝင့် ဆွေးနွေးရှင်းလင်းသည်။ ထို့နောက် ရပ်ဝေးကျောင်းတက် ကျောင်းသားကျောင်းသူ ၂၅ ဦးတို့ကို ကျောင်းတက်ရာသီအတွက် အခမဲ့ငှားရမ်းမည်ဖြစ်ပြီး အတန်းတင်စာမေးပွဲဖြေဆိုပြီးပါက အထက ရေကြည်ကျောင်းသို့ ပြန်အပ်ရမည်ဖြစ်ပြီး အသေးစားပြင်ဆင်မှုများကို မိမိကိုယ်တိုင် ပြင်ဆင်ရမည်ဖြစ်သည်။ အကြီးစားပျက်စီးမှုများကို အထက ရေကြည် စက်ဘီးငှားရမ်းရေးအဖွဲ့က ပြင်ဆင်ပေးမည်ဖြစ်ပြီး ကျောင်းသားမိဘများကိုယ်စား အလှူရှင် ဦးအောင်ကျော်မိုးနှင့် စက်ဘီးငှားရမ်းရေးအဖွဲ့ကို ကျောင်းသားမိဘတစ်ဦးက အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောပြခဲ့သည်ဟု သိရသည်။

မင်းဇော်ဦး (ရေကြည်)

ဥပဒေဘောင်တွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံပေါးကျေးရွာ၌ မူးယစ်ဆေးဝါးပပျောက်ရေးအသိပညာပေးဟောပြော

ဟိုပုံး ဇွန် ၁၈

မူးယစ်ဆေးဝါး ပပျောက်ရေး ငါးနှစ်စီမံကိန်းတွင် ၂၀၁၄-၂၀၁၅ မှ ၂၀၁၈-၂၀၁၉ အထိ စီမံကိန်းလျာထားရာ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းပပျောက်ရေးအတွက် ပြည်သူအားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် လုံပေါးကျေးရွာအုပ်စု လုံပေါးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ကျင်းပရာ ဟောပြောပွဲတွင် လုံပေါးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခွန်ထီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းဦးခမ်းက "မူးယစ်ဆေးဝါးပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဝိုင်းဝန်းကာကွယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဦးမောင်မောင်ဝင်းက "ဘိန်းစိုက်ပျိုးမှုပပျောက်ရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများ"ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ဒေသခံရပ်မိရပ်ဖ ဦးအောင်သုခက ဘိန်းစိုက်ပျိုးမှုပပျောက်ရေးအတွက် မိမိတို့၏ အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ပအိုဝ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းဟောပြောခဲ့ပြီးနောက် ကျေးရွာ အထောက်အကူပြုကော်မတီ ဦးခွန်မောင်ရှိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

ဟောပြောပွဲသို့ လုံပေါးကျေးရွာအုပ်စုရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ အမကမူလွန်ကျောင်းမှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၁၈၀ ခန့် တက်ရောက်ကြသည်။

နန်းဦးခမ်း(ဟိုပုံး)

မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်တွင် အိန္ဒိယမှ ပါမောက္ခများ၊ ဆရာ ဆရာမများလာရောက်၍ ငါးနှစ်ကြာ သင်ကြားပို့ချပေးမည်

နေပြည်တော် ဇွန် ၁၈

မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၏ ပင်မခြောက်ထပ်ကျောင်းဆောင်သစ်အဆောက်အအုံ အုတ်မြစ်ချပွဲကို ဇွန် ၁၇ ရက် နံနက် ၉ နာရီက ၇၃ လမ်း ၄ရွှေဝါနှင့် ခိုင်ရွှေဝါလမ်းကြား ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့၌ ကျင်းပသည်။

အခမ်းအနား၌ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမျိုးသား အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်သော မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်သည် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ပညာရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်အရ ဖွဲ့စည်းတည်ထောင်သော တက္ကသိုလ်တစ်ခုဖြစ်ပါကြောင်း၊ အရည်အချင်းရှိသော မြန်မာလူငယ်များ လူမှုဘဝ တိုးတက်မြင့်မားလာစေရန်၊ အရည်အချင်းပြည့်ဝသော ကျွမ်းကျင်သူပညာရှင်များအဖြစ်ဖွံ့ဖြိုးလာစေရန်နှင့် သုတေသနလမ်းကြောင်းများကို ညွှန်ကြားပြသနိုင်ရန် ဖြစ်ပါကြောင်း။

လူငယ်များ၏ ပညာရေးနှင့် ဖန်တီးနိုင်စွမ်းအားကို မြှင့်တင်ပေးနိုင်မှာဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်နိုင်ပြီး နိုင်ငံတကာမှ ပညာရှင်များနှင့် ရင်ပေါင်တန်းနိုင်သော ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ကမ္ဘာ့အဆင့်မီ ပညာရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်သည့် အဆင့်မြင့်တက္ကသိုလ်တစ်ခုဖြစ်လာစေရန် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် ကြိုးပမ်းအားထုတ်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သည် မြန်မာနိုင်ငံ၌ အရည်အသွေးပြည့်မီသော သုတေသနဌာနများနှင့် ပညာရေးအဖွဲ့အစည်းများ ထပ်မံတည်ထောင်နိုင်ရေးအတွက် စံနမူနာယူစရာ သာဓကကောင်းတစ်ခု ဖြစ်ပါကြောင်း၊ အရည်အချင်းပြည့်ဝပြီး ခေတ်မီနည်းပညာနှင့် အတွေးအခေါ် အယူအဆအသစ်များကို ဖန်တီးနိုင်သည့် ကျွမ်းကျင်ပညာရှင် လူငယ်များအား လိုအပ်နေသည့် မြန်မာနိုင်ငံ၏ စက်မှု၊ ကုန်ထုတ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ မျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါကြောင်း၊ ယခု မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်တွင် အိန္ဒိယသမ္မတနိုင်ငံမှ ပါမောက္ခများ၊ ဆရာ ဆရာမများ လာရောက်၍ ငါးနှစ်ကြာ သင်ကြား ပို့ချပေးမည်ဖြစ်ပြီး သင်ကြားရေးတွင် အထောက်အကူ ပစ္စည်းများကိုလည်း အိန္ဒိယသမ္မတနိုင်ငံအစိုးရက ကူညီထောက်ပံ့သွားမည်ဖြစ်ပါကြောင်း အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် တည်ဆောက်ရာတွင် နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Gautam Mukhopadhaya က အိန္ဒိယ-မြန်မာ နှစ်နိုင်ငံအကြား သိပ္ပံနှင့်နည်းပညာပိုမိုဖွံ့ဖြိုး တိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ရည်ရွယ်၍ တည်ဆောက်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ အိန္ဒိယသမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ (Myanmar Institute of Information Technology-MIIT) task force မှ အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(မန္တလေး)၊ ကွန်ပျူတာလုပ်ငန်းရှင်များအသင်း၊ ကွန်ပျူတာပညာရှင်များအသင်းတို့မှ ဧည့်သည်များ၊ ထူးဆောက်လုပ်ရေး ဖွံ့ဖြိုးမှုကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် မန္တလေး ကွန်ပျူတာတက္ကသိုလ်၌လည်း မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ MIIT ဖွင့်လှစ်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် ICT ပညာရေးဖွံ့ဖြိုးလာရေးကိစ္စများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလေးဝမြို့ ယာဉ်လိုင်းများ မိုးရာသီ ယာကြီးလမ်းသွားလာမှုခက်ခဲ၍ ကလေးဝ-ရေဦး-မုံရွာ လမ်းကြောင်းမှ ပြောင်းလဲပြေးဆွဲ

ကလေးဝ ဇွန် ၁၈

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝမြို့မှ ယာဉ်လိုင်းများအနေဖြင့် မိုးရာသီ ယာကြီးလမ်းသွားလာမှု ခက်ခဲ၍ ကလေးဝ-ရေဦး-မုံရွာ လမ်းအတိုင်း ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

"မိုးရာသီဆိုတော့ ယာကြီးလမ်းက အသုံးပြုလို့မရဘူးလေ၊ ကားလေးတွေတော့ သွားကြတယ်။ ရှမ်းတောင်တန်း ပါဂျဲရိုးကားတွေ၊ စိုးမိုးသူက ကားလေးတွေ၊ ရွှေလွင်ပြင်က ကားတွေတော့ သွားကြတယ်။ ယာကြီးလမ်းက ယခုအချိန်မှာ ဖိုးဝိုးပါတဲ့ ကားအမြင့်တွေပဲ သွားနိုင်ကြတယ်" ဟု ကလေးဝဒေသခံတစ်ဦးက ပြောသည်။

အသုံးပြု

"ကလေးဝမြို့အနေနဲ့ ဆိုရင် ကားဂိတ်က ရွှေမြန်မာတစ်ဂိတ်ပဲရှိပါတယ်။ ရွှေမြန်မာကားဂိတ်ကတော့ ကလေးဝ-ရေဦး-မဟာမြိုင်လမ်းအတိုင်း သွားပါတယ်၊ လမ်းကတော့ နည်းနည်း ပိုရှည်တာပေါ့၊ သွားမယ်ဆိုရင် ကလေးဝကနေ ယုဇလယ်၊ အောင်ချမ်းသာ၊ သက္ကယ်ကျင်း၊ ပျဉ်းကိုင်း၊ တောကျင်၊ ကံထူးမ၊ ရေဦး အထိဆိုရင် ၁၀၅ မိုင် ၄ ဖာလုံ ရှိပါတယ်။ ကားခကတော့ ကလေးဝကနေ မုံရွာအထိဆို ငွေကျပ် ၆၀၀၀ ပေးရပါတယ်" ဟု ဒေသခံတစ်ဦးက ရှင်းပြသည်။ "မဟာမြိုင်လမ်းဆိုတာ ယခင်တုန်းကတော့ ကလေးမြို့၊ တမူးမြို့နှင့် ချင်းပြည်နယ် (မြောက်ပိုင်း) ကားတွေအတွက် အဓိကလမ်းမကြီး ဖြစ်ခဲ့ပါတယ်။ သဲချောင်းတွေကလည်း ပေါတယ်ဗျ။ တံတားတွေလည်း ကြံ့ခိုင်မှု အားနည်းလာတာ တစ်ကြောင်း၊ အတက်အဆင်းတွေလည်း ကြီးတာ တစ်ကြောင်း၊ တောကောင်တွေ ပေါတာကြောင့် အသုံးပြုမှု အားနည်းလာခဲ့တာပါ။ နောက်ပြီးတော့ ယာကြီးလမ်းက ၂၀၀၀ ပြည့်နှစ်လောက်မှာ ဖောက်ခဲ့ပြီး လမ်းကြောင်းကလည်း ပိုတိုတာကြောင့် ကလေးဝ-ရေဦးလမ်းကို အသုံးပြုမှု မရှိခဲ့တာပါ။ ယခုတော့ ပြန်ပြီး အသုံးပြုလာကြပါပြီ၊ ချင်းတွင်းတံတားသာ ဆောက်လုပ်ပြီးစီးပါက ဒီလမ်းက ပိုပြီးစည်ကားလာဦးမှာပါ"ဟု ကားဆရာတစ်ဦးက ပြောသည်။

သျှင်နေမင်း

မြန်မာနိုင်ငံသားတစ်ဦးနှင့် ငွေများ ထိုင်းရဲဖမ်း၊ မြန်မာနိုင်ငံမှ တာဝန်ရှိသူများလိုက်လံကယ်ထုတ်ခဲ့ရ

တာချီလိတ် ဇွန် ၁၈

ဇွန် ၁၇ ရက် နံနက် ၁၀ နာရီခန့်က တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်နေ ကိုစိုင်းရှုန်ကန်သည် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် နေထိုင်သည့် အစ်ကိုတော်စပ်သူထံမှ ပေးပို့သော ထိုင်းဘတ်ငွေနှစ်သိန်းကို ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ အုပ်စု (၇) ဝိန်းဖန်းခမ်းရပ်ကွက် ဖာဟိုယော်ထင်လမ်းမကြီးပေါ်ရှိ K Bank (ကာစီးကွန်းဘဏ်)တွင် ATM ကတ်ဖြင့် ထုတ်ယူနေစဉ် ထိုင်းနိုင်ငံ ၁၉၁ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ရောက်ရှိလာကာ မသင်္ကာသဖြင့် စစ်ဆေးရန်ဟုဆိုကာ မယ်ဆိုင်မြို့ ရဲတပ်ဖွဲ့စခန်းသို့ ငွေနှင့်လူကို ဖမ်းဆီးထိန်းသိမ်းခေါ်ဆောင်သွားခဲ့သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ကူညီဖြေရှင်းပေးပါရန် တာချီလိတ်မြို့ရှိ သက်ဆိုင်ရာတာဝန်ရှိသူများထံ လာရောက်အကူအညီတောင်းခံရာ တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၏ ညွှန်ကြားမှုဖြင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့ရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးနှင့် စေ့စပ်ညှိနှိုင်းရေး ကော်မတီဝင်များဖြစ်ကြသည့် ဦးဘိုလေး၊ ဦးအောင်ဖြိုးရှိန်နှင့် ဦးစည်သူတို့သည် ထိုင်း-မြန်မာ နယ်ခြား ကော်မတီအတွင်းရေးမှူး ဗိုလ်ဒေးရှားကျန်းထားနှင့်အတူ မယ်ဆိုင်မြို့ ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မယ်ဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဖန်ချာ့ဆုမ်းဆူဝါးက ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနယ်စပ်ဒေသကို အမှီပြုကာ မူးယစ်ဆေးဝါးရောင်းဝယ်မှုနှင့် ငွေကြေးခဝါချမှုများ၊ တရားမဝင် ငွေကြေးလွှဲပြောင်းမှုများကို စီမံချက်ချကာ တိုက်ဖျက်နေပါကြောင်း၊ ယခု ဖမ်းဆီးရရှိသော ငွေကြေးများနှင့် ပတ်သက်၍ မြန်မာနိုင်ငံဘက်မှ တာဝန်ရှိသူများကိုယ်တိုင်က ရိုးသားစွာရရှိသော ငွေကြေးများဖြစ်ကြောင်း လိုက်လံရှင်းလင်းပြောကြားပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ တာချီလိတ်-မယ်ဆိုင်မြို့နှစ်မြို့သည် ညီကိုမောင်နှမမြို့ ဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုကို အခြေခံပါကြောင်း၊ ယခုဖြစ်စဉ်အတွက် မြန်မာဘက်မှ တာဝန်ရှိသူများ စိတ်အနှောင့်အယှက်ဖြစ်ရမည်ဆိုပါလျှင် တောင်းပန်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားကာ ထိန်းသိမ်းထားသောဘတ်ငွေနှစ်သိန်းကို ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့သည်။

ယခုဖြစ်စဉ်တွင် ကာယကံရှင်များအနေဖြင့် ရိုးသားစွာရှာဖွေရရှိသော ငွေကြေးဖြစ်နေခြင်း၊ ထိုင်းတာဝန်ရှိသူများက အမှန်တကယ် စီမံချက်ဖြင့် ဆောင်ရွက်လုပ်ကိုင်နေခြင်း၊ မြန်မာတာဝန်ရှိသူများထံ အချိန်မီတိုင်ကြား အသိပေးနိုင်မှုတို့ကြောင့် ဆုံးရှုံးသွားသည့် ငွေကြေးများ ပြန်လည်ရရှိခဲ့ခြင်း ဖြစ်သော်လည်း အဆိုပါ စီမံချက်ကို ခုတုံးလုပ်ကာ မသမာသူတချို့နှင့် အကျင့်ပျက်ဝန်ထမ်းအချို့သည် ထိုင်းနိုင်ငံသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေထိုင်ကြသည့် မြန်မာနိုင်ငံသားများအနေဖြင့် မိမိတို့၏ လုပ်အားခများ၊ ငွေကြေးများကို ထိုင်းနိုင်ငံရှိ ဘဏ်များတွင် အပ်နှံထားခြင်း၊ ATM ကတ်များလုပ်ထားခြင်းများဖြင့် စုဆောင်း၊ လွှဲပြောင်းခြင်းများကို ဆောင်ရွက်တတ်ကြသည်ကို အချိန်ယူလေ့လာကြကာ ဘဏ်မှငွေထုတ်လာချိန်၊ ATM ကတ်ဖြင့် ငွေထုတ်ယူနေချိန်များတွင် အကြောင်းအမျိုးမျိုးပြကာ ခြိမ်းခြောက်ငွေညှစ်ခြင်းများကို မကြာမကြာ လုပ်ဆောင်တတ်လေ့ရှိသည့်အတွက်အထူးသတိပြုကြရန်လိုအပ်ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပြည်တွင်းသတင်း

မူးယစ်ဆေးဝါးပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့်

ရန်ကုန် ဇွန် ၁၈

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အဖြစ် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော နံရံကပ်ဓာတ်ပုံ၊ နံရံကပ်ပန်းချီ၊ နံရံကပ်ကဗျာ ဆောင်းပါးများနှင့် စာအုပ်စာစောင်ပြပွဲကို ဒို့အားမာန်အမည်ဖြင့် ဇွန် ၁၇ ရက် နံနက် ၉နာရီခွဲက ရန်ကုန်အရှေ့ပိုင်းခရိုင် သယ်္ဃန်းကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။

အဆိုပါ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု အသိပညာပေးပြပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ပြပွဲကို ဇွန် ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်ပြသမည်ဖြစ်ကြောင်း သိရသည်။

နံရံကပ်နှင့် စာအုပ်စာစောင်ပြပွဲကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ပြည်သူများနှင့် အထကကျောင်းငါးကျောင်း၊ အလကကျောင်း ငါးကျောင်း၊ အမကကျောင်း ၃၈ ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၂၅၀ လာရောက်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျန်းမာရေး ပညာပေးစကားဝိုင်းကျင်းပ

ပျဉ်းမနား ဇွန် ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာ၌ နေပြည်တော် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့် နေပြည်တော် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သက်တူဆင့်တူ ကျန်းမာရေး ပညာပေးစကားဝိုင်းကို ဇွန် ၁၄ ရက်က ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နေပြည်တော် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးစန်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး ကိုယ်ဝန်ဆောင်မိခင် ၂၃ ဦးအား ကိုယ်ဝန်ဆောင်စဉ် ကျန်းမာရေးစောင့်ရှောက်မှု အကြောင်း၊ အန္တရာယ်ရှိ ကိုယ်ဝန်ဆောင်လက္ခဏာများအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးတို့ကို စကားဝိုင်းအသွင်ဖြင့် ဆွေးနွေးဟောပြောပြီး အိုင်အိုဒင်းဆား၊ ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော် ကျန်းမာရေးဦးစီးဌာနမှ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်လှလှကြည်၊ ပျဉ်းမနား ခုတင် ၂၀၀ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်၊ ဒက္ခိဏခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီတာကြိုင်၊ ပျဉ်းမနားမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးတို့က တက်ရောက်လာသော ကျေးရွာနေပြည်သူ ၂၀၀ တို့အား ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဇော်မျိုးနိုင်

မိုးရာသီသစ်ပင်စိုက်ပျိုး

မင်းတပ် ဇွန် ၁၈

မင်းတပ်မြို့နယ်သစ်တောဦးစီးဌာနကကြီးမှူး၍ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မင်းတပ်မြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးဝင်းအတွင်းရှိ အမှတ်(၆)အခြေခံပညာမူလတန်းကျောင်းအနီး၌ ဇွန် ၁၄ ရက် နံနက်က ကျင်းပရာ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်သို့ မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်အုံ့မောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးအောင်မြင့်စိုး၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုးအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေစိုး၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်သက်နှင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ NGO အဖွဲ့အစည်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ စုစုပေါင်း အင်အား ၂၄၂ ဦးမှ ယူကလစ်ပင်၊ ချယ်ရီပင်၊ ခါတော်မီပင် ပျိုးပင်ပေါင်း ၃၈၀ ကျော်ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(ဝ၂၁)**

စာသင်ကျောင်းများတွင် ပရိဘောဂများ ဖြည့်ဆည်းဆောင်ရွက်ထား

ကျောက်ထု ဇွန် ၁၈

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသရှိ စာသင်ကျောင်းများ၌ ကျောင်းသုံးပရိဘောဂများ ဆောင်ရွက်ခြင်းနှင့် အဆောက်အအုံများပြင်ဆင်မွမ်းမံခြင်းတို့ဆောင်ရွက်ရာ ခွင့်ပြုငွေကျပ် ငါးသိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်းတို့ဖြင့် နွားသိုးကျေးရွာ အလက(ခွဲ)တွင် စာသင်ခုံတန်းရှည် ၂၀ကိုလည်းကောင်း၊ ခွင့်ပြုငွေကျပ် ငါးသိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်းတို့ဖြင့် မိအယ်ကျေးရွာ အလက(ခွဲ)တွင် စာသင်ခုံတန်းရှည် ၂၀ကို လည်းကောင်း၊ ခွင့်ပြုငွေကျပ် ငါးသိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ငါးသိန်းတို့ဖြင့် တောခလွန်ကျေးရွာ အမကတွင် အလျား ပေ ၉၀၊ အနံ ပေ ၃၀ရှိ ပျဉ်ကြမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း၊ ယောမြို့ အမက၌ ခွင့်ပြုငွေကျပ် ခုနစ်သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ခြောက်သိမ်းတို့ဖြင့် အလျား ပေ ၉၀၊ အနံ ပေ ၃၀ရှိ ကွန်ကရစ်ကြမ်းခင်းခြင်းလုပ်ငန်းကိုလည်းကောင်း ဆောင်ရွက်ထားကြကြောင်း သိရသည်။ **(၁၀၁)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

နွားနောက်မုန်တိုင်းကြောင့် ဘုတ်ပြင်းမြို့တွင် ပျက်စီးမှုများ အမြန်ဆုံးပြန်လည်တည်ဆောက်ရန် ပေါင်းစပ်ညှိနှိုင်း

ကော့သောင်း ဇွန် ၁၈

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့တွင် သဘာဝဘေးအန္တရာယ်နွားနောက် (Nanauk) မုန်တိုင်းအရှိန်ကြောင့် ဒေသအတွင်း ပျက်စီးဆုံးရှုံးမှုအခြေအနေများကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦး၊ ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး၊ ဘုတ်ပြင်းမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၆ ရက် မွန်းလွဲပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် သဘာဝဘေးအန္တရာယ် နွားနောက် (Nanauk) မုန်တိုင်းအရှိန်ကြောင့် ဇွန် ၁၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် တောင်ကျရေအဆမတန် စီးဆင်းလာသဖြင့် ကော့သောင်း-ဘုတ်ပြင်း ကားလမ်း မိုင်တိုင်အမှတ်(၁၇၀/၀) နှင့် (၁၇၁/၁) တာဖတ်ကျေးရွာအနီးရှိ အရှည်ပေ ၆၀၊ အကျယ် ၁၆ ပေ၊ တာဖတ်ချောင်းကူး သစ်တားတံတားတစ်စင်း ရေထဲမျောပါပျက်စီးသဖြင့် ယာဉ်များသွားလာမှု ခေတ္တပြတ်တောက်ခဲ့ရသည်။ ဇွန် ၁၄ ရက်တွင် ဘုတ်ပြင်းတပ်နယ်မှ တပ်မတော်သားများနှင့်ကျေးလက်ပြည်သူများပူးပေါင်း၍ ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ရေး ဝိုင်းဝန်းပြန်လည်တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ရောက်ရှိပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အဆိုပါမုန်တိုင်းအရှိန်ကြောင့် ဘုတ်ပြင်းမြို့နယ် အုန်းတောကမ်းကျေးရွာနှင့် နီပါးကျေးရွာချင်းဆက် အရှည်ပေ ၅၉၃ ရှိ လိပ်ဥချောင်းသစ်သားတံတားပျက်စီးခဲ့ပြီးကျေးလက်ပြည်သူများနှင့် ကျောင်းဖွင့်ရာသီ ကျောင်းသား ကျောင်းသူများ သွားလာမှုအခက်အခဲကြုံတွေ့နေသဖြင့် ဇွန် ၁၇ရက် နံနက်ပိုင်းတွင် သွားရောက် ကြည့်ရှုစစ်ဆေးပြီး အမြန်ဆုံးပြန်လည် ပြင်ဆင်နိုင်ရေး ကူညီညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့နယ် ချောင်းကဖီးကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းရှေ့ရှိပြိုကျပျက်စီးခဲ့သည့် မြေထိန်းနံရံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ယူမှု အခက်အခဲမဖြစ်ပေါ်စေရန်နှင့်ပင်မကျောင်း အဆောက်အအုံထိခိုက်မှု ဆက်လက်မဖြစ်ပေါ်စေရန် အမြန်ဆုံးပြန်လည် တည်ဆောက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်း ကူညီပံ့ပိုးမှုပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်း

မိုးကောင်း ဇွန် ၁၈

မိုးကောင်းမြို့နယ် မန်ပင်ကျေးရွာ၌ နိုင်ငံတော်အစိုးရ၏ အရင်းမပျောက်လည်ပတ်ရင်းနှီးငွေကျပ်သိန်းသုံးရာဖြင့် ကျေးရွာသူကျေးရွာသားများ၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားလာစေရန် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်မည်ဖြစ်ရာ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းချို၊ အတွင်းရေးမှူး ဦးကျော်ခိုင်တို့ အပါအဝင် အဖွဲ့ဝင် ခုနစ်ဦးဖြင့်လည်းကောင်း၊ ဘဏ္ဍာရေးဆပ်ကော်မတီကို အဖွဲ့ဝင်သုံးဦးဖြင့်လည်းကောင်း ကျေးရွာနေပြည်သူများက ဆန္ဒမဲပေး၍ ရွေးချယ်ဖွဲ့စည်းပြီးဖြစ်ကြောင်း သိရသည်။

ဝင်းအောင်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၆-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)			
ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၀၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၂၁၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၆၀၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)		
ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၇
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၉၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၁၁၄၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)			
၁။	ငါးကြင်း	တစ်ပိဿာ	၄၀၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၈၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၅၀၀-၂၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၇၀၀၀-၂၀၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၅၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၉၀၀၀-၁၅၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၈၅၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)		
အမေရိကန်	တစ်ဒေါ်လာ	၉၆၅-၉၇၂
ဥရောပ	တစ်ယူရို	၁၂၉၈-၁၃၁၆
စင်ကာပူ	တစ်ဒေါ်လာ	၇၆၀-၇၇၇
ထိုင်း	တစ်ဘတ်	၂၉.၈-၃၀
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၃၁
တရုတ်	တစ်ယွမ်	၁၅၃-၁၅၅
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၁

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း		
မိုးဆန်(ဧည့်သည်အသစ်)	တစ်အိတ်	၁၇၀၀၀
ပေါ်ကြွဲ (အသစ်)	တစ်အိတ်	၂၁၀၀၀
ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၅၅၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၄၈၇
ဆိပ်ဖြူကြက်သွန်ဖြူ	တစ်ပိဿာ	၃၇၅-၅၇၅
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၅၀-၁၇၀၀
ကြက်သွန်ဖြူ(ကြူကုတ်)	တစ်ပိဿာ	၁၁၅၀-၁၇၀၀
အာလူး(ရှမ်း)	တစ်ပိဿာ	၄၅၀-၆၄၀
ငရုတ်ရှည် (ညောင်ရမ်း)	တစ်ပိဿာ	၂၄၀၀-၂၅၅၀
ငရုတ်ပွ (စိမ်းစား)	တစ်ပိဿာ	၄၄၀၀-၄၈၀၀
သကြား	တစ်ပိဿာ	၉၂၀-၉၃၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့စပ်တင်ပြသည်။

ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်

ကန့်ဘလူ ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ဇွန် ၁၆ ရက်က ဦးကင်းကြည်ကျေးရွာ၌ ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်နေသည်ကို မြို့နယ်ဦးစီးမှူး ဦးကျော်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး) နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသန့်စင်ဝင်းတို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ရာ ကျေးလက်ရေပေးရေးလုပ်ငန်းတစ်ခုဖြစ်သော ဦးကင်းကြည်ကျေးရွာ လေးလက်မစက်ရေတွင်း၊ ကွန်ကရစ်ရေစင်နှင့်ရေစက်ရုံ ပေ ၄၀၀၀ ရေပိုက် လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အချိန်မီပြီးစီးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ပေးဝေနိုင်

အဆိုပါ လုပ်ငန်းများ ပြီးစီးသွားပါက ကျေးရွာရှိ အိမ်ခြေ ၂၀၀ ကျော်ကို ရေလုံလောက်စွာပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ ချေးငွေများချေးယူနိုင်ကြောင်းကြေညာခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် ဆောင်ရွက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်မှ တင်ဒါအောင်မြင်သည့်လုပ်ငန်းတန်ဖိုး၏ ၃၀ ရာခိုင်နှုန်းအား ချေးငွေအဖြစ် ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးယူနိုင်ပါကြောင်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-

ဦးဆောင်ညွှန်ကြားရေးမှူး
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ နေပြည်တော် ဖုန်း-၀၆၇-၄၂၁၀၉၂၊ ၄၂၁၉၄၁
ဒု-ဦးဆောင်ညွှန်ကြားရေးမှူး
ကျေးလက်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ရန်ကုန်ဘဏ်ခွဲ ဖုန်း-၀၁-၃၉၁၂၇၉
ညွှန်ကြားရေးမှူးချုပ်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၆၇-၄၀၉၀၂၆
ညွှန်ကြားရေးမှူး(ကျေးလက်စီးပွားရေးနှင့် ဘဏ္ဍာရေးဌာန) ဖုန်း-၀၆၇-၄၀၉၄၀၉

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြောက်ဦးခရိုင်လက်အောက်ရှိ မင်းပြားမြို့နယ်ရုံး ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ၆၈ × ၃၀ × ၂၀ ပေ

၂။ စိတ်ဝင်စားသူ လုပ်ငန်းရှင်များအနေဖြင့် ဆောက်လုပ်မည့်ပုံစံနှင့် အသေးစိတ်အချက်အလက်များပါဝင်သော အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံအား ရုံးချိန်အတွင်း ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စစ်တွေမြို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံ စတင်ရောင်းမည့်ရက်** - ၁၇-၆-၂၀၁၄ ရက်
တင်ဒါပုံစံ ရောင်းချမှုနောက်ဆုံးရက် - ၇-၇-၂၀၁၄ ရက်

၄။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ပြည်နယ်ရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၉-၄၉၂၈၁၁၆၆

(ခ) ခရိုင်ရုံး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စစ်တွေမြို့၊ ဖုန်း-၀၄၃-၂၁၉၂၃

တင်ဒါရွေးချယ်ကြီးကြပ်မှုကော်မတီ

အရည်အချင်းစစ်ဆေးရန်အတွက် သတင်းပို့ရန်အကြောင်းကြားခြင်း

အားကစားနှင့်ကာယပညာဦးစီးဌာနမှ ၁၀-၅-၂၀၁၄ရက်နှင့် ၁၁-၅-၂၀၁၄ရက် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခေါ်ယူထားသော လစ်လပ်ရာထူးနေရာများတွင်ခန့်ထားရန်အတွက် သတ်မှတ်ချက်နှင့်ကိုက်ညီသူများအား ရေး/ဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခံနိုင်ရေး၊ ၂၄-၆-၂၀၁၄ ရက်နှင့် ၂၅-၆-၂၀၁၄ရက်တွင် ရုံးအမှတ် (၃၁)၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့ သတင်းပို့ရန် အသေးစိတ်သိလိုပါက ဖုန်း-၀၆၇-၄၀၆၀၃၉ သို့ မေးမြန်းနိုင်ပါသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၉

ဦးထွန်းလင်းနိုင်	နှင့်	၁။ ဦးအောင်ဆန်း
		၂။ ဒေါ်သိန်းကြွယ်
တရားလို		**တရားပြိုင်များ**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၄ လမ်း၊ ၂၈×၂၉လမ်းကြားနေ (၁)ဦးအောင်ဆန်း (၂)ဒေါ်သိန်းကြွယ် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၁၅)၊ ဦးပိုင်အမှတ်(၇)(၈) မြေကွက်များနှင့်ပတ်သက်၍ တရားလိုတရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၇ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ပါအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ပြည့်ဖြိုးဆွေ)
ဒုတိယမြို့နယ်တရားသူကြီး(၁)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ပါခုတ်စစ်ဆေးရေးဂိတ် ကွင်းရှောင်လမ်း၌ စိတ်ကြွရူးသွပ်ဆေးပြား ကျပ်သိန်းပေါင်း ၁၄၀၀၀ ကျော်ဖိုး ဖမ်းဆီးရမိ

တာချီလိတ် ဇွန် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မိုင်းဖုန်း (ခ)အုပ်စု ပါခုတ်စစ်ဆေးရေးဂိတ်နှင့် ဂိတ်ကွင်းရှောင်လမ်းတွင် ကျပ်သိန်းပေါင်း ၁၄၇၅၀ ရှိ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၀၀၀ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်မှ ပါခုတ်စစ်ဆေးရေးဂိတ်တာဝန်ကျ ရဲတပ်ကြပ်ကြီးဝင်းကို၊ ရဲဒုတပ်ကြပ် နန်းကိုတို့သည် ဇွန် ၁၃ ရက် နံနက် ၆ နာရီမှစ၍ ရဲအုပ်စိုင်းနော်ဟိန်းဦးစီး ရှစ်ဦးနှင့်အဖွဲ့သည် တာချီလိတ်မြို့နယ် ပါခုတ်စစ်ဆေးရေးဂိတ်နှင့် ဂိတ်ကွင်းရှောင်လမ်းများတွင် ဖြတ်သန်းသွားလာသော မော်တော်ယာဉ်များကို အဖွဲ့ငယ်များ ဖြန့်ခွဲ၍ စစ်ဆေးရှာဖွေခဲ့ရာ နံနက် ၁၁ နာရီခွဲတွင် ကြိုတင် သတင်းရရှိထားသည့် ၂ဂ/--- အီဆူဇူးအမျိုးအစား အဖြူရောင် နှစ်ခန်းတွဲမော်တော်ယာဉ်သည် မယ်ယန်းကျေးရွာဘက်မှ ပါခုတ်စစ်ဆေးရေးဂိတ်(ခမ မပညာ PC ၀၆၈၅၇၆)သို့ မောင်းနှင်ရောက်ရှိလာသဖြင့် စစ်ဆေးရှာဖွေရာ ယာဉ်မောင်း အိုက်မွန်းနှင့်အတူ ယာဉ်နောက်ခန်းရှိ ဖင်ထိုင်ခုံအောက်အံဝှက်အတွင်းမှ အဝါရောင် ရှမ်းစက္ကူများဖြင့် ပတ်ထားပြီး အပြာရောင် ပလတ်စတစ်အိတ်များဖြင့်ထည့်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား တစ်စည်းလျှင် ၆၀၀၀ စီပါ ၉၄ စည်း၊ ၄၀၀၀ စီပါ ခြောက်စည်းနှင့် ၂၀၀၀ စီပါ တစ်စည်း စုစုပေါင်း ဆေးပြား ၅၉၀၀၀၀၊ အလေးချိန် ၅၉ ကီလိုဂရမ်၊ ကာလတန်ဖိုး ဆေးပြားတစ်ပြားလျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ငွေကျပ်သိန်းပေါင်း ၁၄၇၅၀ တို့ကို တွေ့ရှိသဖြင့် ရဲအုပ်စိုင်းနော်ဟိန်းက သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

အမှုမှ စိတ်ကြွဆေးပြားများနှင့်အတူ လက်ဝယ်တွေ့ရှိသူ အိုက်မွန်း (၁၉ နှစ်) ဝမ်တုံကျေးရွာ မိုင်းဖုန်း (က)အုပ်စု တာချီလိတ်မြို့နေသူအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မိုးသက်လေပြင်းတိုက်၍ သစ်ပင်များပြိုလဲကာ ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့

ဘားအံ ဇွန် ၁၈

ကရင်ပြည်နယ် ဘားအံမြို့နယ်၌ ဇွန် ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်ခန့်က မိုးသက်လေပြင်းများ ပြင်းထန်စွာ တိုက်ခတ်သဖြင့် အမှတ် (၂၂) တပ်မဌာနချုပ်ဝင်းအတွင်းရှိ သက်တမ်းရင့် ဖက်သန်းပင်ကြီးပြိုလဲသွားရာ တပ်မ (၂၂) ခြံစည်းရိုး အုတ်တံတိုင်း ၁၅ ပေခန့်နှင့် ပြည်နယ်လျှပ်စစ်ရုံးအရှေ့ ဗိုလ်ချုပ်လမ်းမပေါ်ရှိ လျှပ်စစ်မီးတိုင်လေးတိုင်မှာ လဲကျပျက်စီး၍ ဘားအံမြို့တွင် လျှပ်စစ်ဓာတ်အား ခေတ္တပြတ်တောက်သွားခဲ့ပြီး အခင်းဖြစ်နေရာတွင် ယာဉ်ကြောတစ်ခြမ်း ပိတ်ဆို့ခဲ့ကြောင်း သိရသည်။

၎င်းလဲပြိုကျသော သစ်ပင်ကို တပ်မတော်သားများ၊ စည်ပင်ဝန်ထမ်းများ၊ လျှပ်စစ်ဝန်ထမ်းများက အမြန်ဆုံး ရှင်းလင်းဖယ်ရှားပေးခဲ့ပြီး ယာဉ်ကြောများပိတ်ဆို့မှုမရှိအောင် ယာဉ်ထိန်းရဲများက တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

မြို့နယ်လျှပ်စစ်ဌာနက လဲကျ၊ ယိုင်လဲပျက်စီးသွားသော ဓာတ်တိုင်များကို အမြန်ဆုံးစိုက်ထူနိုင်ရေးနှင့် ဓာတ်အား အမြန်ဆုံး ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်ချိန် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်မှ စတင်၍ ၈ နာရီခန့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ခဲ့သော်လည်း ယင်းနေ့ ည ၈ နာရီတွင် လျှပ်စစ်ဓာတ်အားလိုင်းများ ကောင်းမွန်စွာ ဆောင်ရွက်ပြီးစီး၍ မြို့ခံပြည်သူများ ပုံမှန်အတိုင်း လျှပ်စစ်မီးများ ပြန်လည်သုံးစွဲနိုင်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းထွေး(ဘားအံ)**

မိုးသည်းထန်စွာရွာသွန်းသဖြင့် တောင်ကျရေများစီးဆင်း

ကျောက်မဲ ဇွန် ၁၈

ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီမှ စတင်ပြီး မွန်းလွဲ ၁ နာရီကျော်အထိ ကျောက်မဲမြို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တောင်ကျရေစီးကြမ်းမှုကြောင့် အမှတ်(၁) ရပ်ကွက် ပင်ပေါ်လေးအောက်ပိုင်း၊ အမှတ်(၂)ရပ်ကွက် ရန်ကင်းနေအိမ်အချို့ ရေများစီးဝင်ခဲ့ပြီး အိမ်တစ်ဝက်ရေမြုပ်ခဲ့သည်။

အမှတ်(၂)ရပ်ကွက်ရှိ အမက (၈)ကျောင်းနှင့် အထက(၄)နမ့်တုန်ကျောင်းတို့တွင် ရေများဝင်ရောက်ခဲ့သည်။ ကျောက်မဲမြို့လယ်ရှိ ပင်လုံလမ်းမကြီး၊ အောင်ဆန်းလမ်းမကြီးပေါ်တွင် ရေဝင်နစ်မြုပ်သွားသည်။ **(ယာပုံ)**

ယခုကဲ့သို့ ရေကြီးခြင်းသည် တောင်ပေါ်မြို့ဖြစ်သည့် ကျောက်မဲမြို့တွင် အနှစ် ၁၀၀ အတွင်း ပထမအကြိမ်ဖြစ်ကြောင်း သိရသည်။ တောင်ဘက်ရှိ တောင်ကုန်းများမှ တောင်ကျရေ စီးဆင်းမှုများခြင်း၊ ရေနုတ်မြောင်းများအတွင်း စည်းကမ်းမဲ့ အမှိုက်၊ ပလတ်စတစ်များ ပစ်ခြင်းတို့ကြောင့် ဖြစ်သည်။

ရေဘေးသင့် နေအိမ်များကို သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မောင်မောင်(ကျောက်မဲ)

မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ကျောက်မဲ ဇွန် ၁၈

မူးယစ်ဆေးဝါးသတင်းအရ ဇွန် ၁၇ ရက် နံနက် ၁၁ နာရီခွဲတွင် ခရိုင်ထ/န ခေါင်းဆောင် ဒုရဲအုပ်ကျော်စွာထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မင်းမင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ နယ်မြေမှူး အသိသက်သေများနှင့်အတူ ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက် ကုန်းသာရပ်နယ်မြေ (၉)ရှိ အိမ်ရှင်အောင်လွင်ထွန်း(ခ) ထွန်းထွန်း (၄၂နှစ်) နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ ဘိန်းဖြူ ၁၃ ဒသမ ၆ ဂရမ် ဆေးပြား ၄၁ ပြား၊ ဘိန်းမည်း ၂၅ ဂရမ်တို့ကို ရှာဖွေဖမ်းဆီးရမိပြီး မူးယစ်ဆေးဝါးသုံးစွဲဖြန့်ချိရောင်းဝယ်ရန် ရောက်ရှိနေသော ရဲထွန်း(၄၂)နှစ် နယ်မြေ (၄) (၇)ရပ်ကွက်နေသူအား အတူဖမ်းဆီးရမိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးသုံးစွဲဖြန့်ချိသူ အောင်လွင်ထွန်း(ခ)ထွန်းထွန်းနှင့် ရဲထွန်းတို့နှစ်ဦးအား ကျောက်မဲမြို့မရဲစခန်းက မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၉၀)

ရန်ကုန်၊ သန်လျင်မြို့၊ ခအောင်ချမ်းသာ(၅)ရပ်ကွက်ရှိ မြေကွက်အမှတ် (K-၃) နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းမြင့် (တာနီအောင်)
တရားလွှတ်တော်ရှေ့နေ (စဉ်-[illegible])
အမှတ်-၆၂ (ပထမထပ်)၊ Winner Firm၊ အခန်း (၉) ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ Ph : 09 51 90 13 2

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာစံပြ၊ သရဖီလမ်းနှင့် ၂၇ လမ်းထောင့်၊ မြေကွက်အမှတ် ၈၁၆၊ ပေ(၈၀×၆၅)၊ စတုရန်းပေ ၅၂၀၀ အကျယ်အဝန်းရှိ ဦးတင်ငွေ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ဌေးဌေးလှိုင် ၁၂/လကန(နိုင်)၂၀၈၁၈၈ ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်တင်စုဝေ (စဉ်-၃၂၆၉၃) (LL.B,D.B.L,D.M.L)

ဦးဝင်းထိုက် (စဉ်-၃၆၇၃၇) (LL.B,D.B.L)

အထက်တန်းရှေ့နေများ

Myanmar United Land **အိမ်၊ ခြံ၊ မြေ အကျိုးဆောင်နှင့် ဥပဒေအကြံပေးကုမ္ပဏီ**
အမှတ်-၆၆/၆၈(မြေညီထပ်)၊ စံရိပ်ငြိမ် ၆ လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၃၁၂၉၈၇၂၄၊ ၀၉-၄၃၀၈၂၀၀၃၊ ၀၉-၄၂၅၂၈၈၉၂၁

ဖြိုး ရာထူးဝင်ခွင့်သင်တန်း
အမျိုးသားစီမံကိန်း(ဒုဦးစီးမှူး)
Assignment ယယ်ယူနိုင်သည်
LO - 4

နှစ်ဦးသဘောတူကွာရှင်း

ကျွန်တော် ကျန်းအိန်းချင့် ၁/မကန(ပြု)၀၀၁၀၃၄ နှင့် မဇပရယ်(လ်)မိုင်းမိုင်း ၁/မကန(နိုင်)၁၅၁၃၄၂ တို့သည် ၁၈-၆-၂၀၁၄ ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြီးစီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)

ကျန်းအိန်းချင့်

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၁၀၂၅၊ ၆ဂ/၁၀၂၈၊ ၆ဂ/၁၀၃၁၊ ၆ဂ/၁၀၃၄တို့၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့်ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဆရာဝန်အသင်း၊ ကလေးကျန်းမာပညာအဖွဲ့၏ ၂၀၁၄ ခုနှစ်အတွက် Refresher Course(Part A) ကို "Evidence-Based Practice in Pediatrics" ခေါင်းစဉ်ဖြင့် ၂၀၁၄ ခုနှစ် ဇွန် ၂၁ရက် နံနက် ၉း၀၀နာရီမှ မွန်းလွဲ ၁၂း၃၀နာရီထိ ရန်ကုန်မြို့၊ ရန်ကုန်ကလေးဆေးရုံကြီးတိုးချဲ့ဆောင်သစ်ရှိ Conference Room တွင် ဆေးနှင့်ဆေးပစ္စည်းပြခန်းများနှင့် အတူ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူဆရာဝန်များ၊ ဆေးကျောင်းသူ ကျောင်းသားများ စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း အသိပေးဖိတ်ကြားအပ်ပါသည်။

စာပေကော်မတီ၊ ကလေးကျန်းမာပညာအဖွဲ့
မြန်မာနိုင်ငံဆရာဝန်အသင်း

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/6105,Toyota Vitz, Hutch Back ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်း ၁၂/ဥကမ(နိုင်)၁၀၇၈၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၂၀၃၃၊ 8C/2033 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

အမည်ပြောင်း

ကျွန်တော်ဦးမင်းကျော်၏သား အထက(၂)ဗဟန်း Grade-6(c)မှ မောင်ကောင်းမြတ်ဟိန်းအား မောင်ကောင်းစံဟိန်းဟု ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

မောင်ကောင်းစံဟိန်း

ပျောက်ဆုံးကြောင်း

ကျွန်မ မမိုးကြည်၏ နိုင်ငံကူးလက်မှတ်အမှတ် PP/574553 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၃၅၃၅၁၅

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

နိုင်ငံတကာအားကစားနှင့် ကျော်ကြား

နည်းပြသစ်တွေနဲ့ပွဲထွက်လာမယ့် ပရီမီယာလိဂ် ဩဂုတ် ၁၆ ရက်မှာစမည်

အာကာကျော်

လာမယ့် ပရီမီယာလိဂ်ကန့်လန့်ကာအဖွင့်မှာတော့ လက်ရှိချန်ပီယံ မန်စီးတီးအသင်းဟာ နယူးကာဆယ်နဲ့ ကစားရမှာဖြစ်ပါတယ်။ အဖွင့် ပွဲစဉ်ကိုတော့ ဩဂုတ် ၁၆ ရက်မှာ စတင်မှာဖြစ်ပါတယ်။ နာမည်ကြီး ချယ်လ်ဆီးကတော့ ဘန်လေနဲ့တွေ့မှာဖြစ်ပါတယ်။ လူးဝစ်ဗန်ဟားရဲ့ မန်ယူကတော့ ဆွမ်ဆီးကို အိမ်ကွင်းမှာ လက်ခံကစားမှာဖြစ်ပါတယ်။ ရော်နယ်ကိုးမန်းရဲ့ ဆောက်သမ်တန်ကတော့ လီဗာပူးရဲ့ အန်ဖီးကွင်းမှာ သွားကစားရမှာဖြစ်ပါတယ်။

နည်းပြသစ် ပိုချစ်တင်နို လက်အောက်ကို ရောက်လာတဲ့ စပါးအသင်းကတော့ အဖွင့်ပွဲမှာ ဝက်စ်ဟမ်းအိမ်ကွင်းသို့ သွားရောက်ကစားရမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက ချန်ပီယံရှစ်ချန်ပီယံဖြစ်ခဲ့တဲ့ လီဆက်စတာစီးတီးအသင်းကတော့ အဲဗာတန်နှင့်တွေ့ရမှာဖြစ်ပါ တယ်။ Play-off ကစားပြီး ချန်ပီယံဖလားကိုင်မြှောက်ခဲ့တဲ့ ကျူပီအာကတော့ အဖွင့်ပွဲမှာ

ဟားလ်စီးတီးနဲ့ နွှဲရမှာဖြစ်ပါတယ်။

ကိုးနှစ်ကျော် ဖလားမိုးခေါင်မှုကို အက်ဖ်အေဖလားနဲ့ကျေနပ်လိုက်ရတဲ့ အာကြီးခေါ် အာဆင်နယ်ကတော့ ခရစ္စတယ်ပဲလေ့ကို ဧည့်ခံပါလိမ့်မယ်။ လာမယ့်ပရီမီယာလိဂ်မှာတော့ ကစားသမားသစ်တွေ၊ နည်းပြသစ်တွေနဲ့ ဘယ်ပုံဘယ်နည်း ပွဲထွက်လာမယ်ဆိုတာ စိတ်ဝင်စားစရာပါပဲ။ လက်ရှိ နယ်သာလန်နည်းပြ ဗန်ဟားကတော့ မန်ယူနည်းပြ ဖြစ်လာမှာဖြစ်တဲ့အတွက် ပရိသတ်များ စိတ်ဝင်စားနေပါတယ်။ ဗန်ဟားဟာ နည်းပြဖာဂူဆန်ကဲ့သို့ အောင်မြင်တဲ့ နည်းပြကောင်းတစ်ဦးပါပဲ။ ပရီမီယာလိဂ်မှာ ဗန်ဟားနဲ့အတူ မော်ရင်ဟို၊ အာစင်ဝင်းဂါး၊ ပယ်ရီဂရီနီတို့ရဲ့အားပြိုင်မှုတွေကိုကြည့်ရှုရတော့မှာဖြစ်ပါတယ်။

အိုချိုအာ၏လက်စွမ်း ဂိုးပျောက်ခဲ့ရတဲ့အိမ်ရှင်

သီဟ

အုပ်စု(က) ဘရာဇီးနှင့် မက္ကဆီကိုပွဲကို ဇွန်၁၈ရက် နံနက်အစောပိုင်းက Estadio Castelao ကွင်းတွင် ယှဉ်ပြိုင်ခဲ့ရာ ဂိုးမရရှိဘဲ နှစ်သင်းစလုံး သရေတစ်မှတ်စီဖြင့်သာ အုပ်စုဒုတိယပွဲစဉ် ပြီးဆုံးခဲ့သည်။

ပွဲစသည်နှင့်ဘရာဇီးမှ ဖိအားပေးခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုများခဲ့သော်လည်း ဂိုးမသွင်းနိုင်ခဲ့ပေ။ ဘရာဇီးမှ တိုက်စစ်ဖိကစားခဲ့ရာ အကြိမ်ကြိမ် ဂိုးသွင်းခွင့်ရသော်လည်း အိုချိုအာ**(အောက်ပုံ)** လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။ တန်ပြန်တိုက်စစ်ဖြင့် မက္ကဆီကိုက အဝေးသွင်းဂိုးများဖြင့် ခြိမ်းခြောက်နိုင်ခဲ့သည်။ ပွဲပြီးချိန်ထိ နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ အဝါကတ် နှစ်ယောက်စီထိကာ သရေရလဒ်ဖြင့် ကျေနပ်ခဲ့သည်။

တခြားပွဲစဉ်အဖြစ် ဇွန်၁၈ရက် နံနက်ပိုင်းက ရုရှားနှင့်တောင်ကိုရီးယားတို့ ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ တောင်ကိုရီးယားက ဘောလုံးပိုင်ဆိုင်မှုများခဲ့ပြီး ပထမပိုင်း အချိန်ထိဂိုးများမရရှိခဲ့ပေ။ ဒုတိယပိုင်း ၆၈မိနစ်တွင် တောင်ကိုရီးယားမှ လီကွမ်ဟိုက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၇၄မိနစ်တွင် ရုရှားမှ ကာဇာကို့ဗ်က ချေပဂိုးသွင်းယူခဲ့၍ သရေရလဒ်ဖြင့်သာ ပြီးဆုံးသွားခဲ့သည်။

ခရိုအေးရှားကွင်းလယ်ကစားသမား ဘာစီလိုနာ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူ

စပိန်နာမည်ကြီးအသင်း ဘာစီလိုနာက ခရိုအေးရှား ကွင်းလယ်ကစားသမား အီဗန်ရာကီတစ်အား လာလီဂါပြိုင်ဘက် ဆီဗီလာမှ ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်သည်။ ပြီးခဲ့သောရာသီက ၁၅ ဂိုးသွင်းယူခဲ့သည့် ရာကီတစ်သည် ကမ္ဘာ့ဖလားအဖွင့် ဘရာဇီးနှင့်ပွဲတွင် ပါဝင်ကစားခဲ့သည်။ ၎င်းသည် ဆီဗီလာအသင်းကို ဦးဆောင်ကစားခဲ့ပြီး ဘင်ဖီကာကို နိုင်ကာ ယူရိုပါလိဂ်ဖလား ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဆွစ်ဇာလန်ဖွား ရာကီတစ်သည် ခရိုအေးရှားအသင်းအတွက် ၆၂ ပွဲ ပါဝင်ကစားပေးထားသည်။

ကောင်းမြတ်သူ-စုစည်းသည်

စတာလင်းက ရှန်းနေနှင့် ပွဲထွက်ကစားလို

ကမ္ဘာ့ဖလားတွင် ရှန်းနေနှင့်ကစားရသည်မှာ ပျော်ရွှင်ကြောင်း စတာလင်းက အခိုင်အမာပြောကြားလိုက်သည်။ အသက် ၁၉ နှစ်ရှိ စတာလင်းသည် အီတလီကို အင်္ဂလန်က နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲတွင် စတာရစ်နောက်မှ ကစားခဲ့ရသည်။ သို့သော် စတာရစ်က လာမည့် ဥရုဂွေးနှင့်ပွဲတွင် အနိုင်ကစားသွားမည်ဟု ပြောကြားခဲ့သည်။ နည်းပြ ရွိုင်ဟော့ဆင်အနေဖြင့် ရှန်းနေနှင့် စတာရစ်တို့အတွဲကို အစပွဲ ပွဲထုတ်ကစားဖွယ်ရှိသည်။ အသက် ၁၉ နှစ်သာရှိသေးသည့် စတာလင်းကလည်း အင်္ဂလန်ကစားသမားများတွင် အကောင်းဆုံးကစားရန် ဆန္ဒပြင်းပြလျက်ရှိသည်။ ၎င်းအနေဖြင့် တိုက်စစ်မှူး ရှန်းနေနှင့်တွဲကစားရန်ဆန္ဒပြင်းပြနေသည်။



အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ ဆတ်သွားကျေးရွာနေ ဦးငွေဝင်း၏သမီး အမှတ်(၁၄၉)၊ မူလွန်ကျောင်း၊ ဒုတိယတန်းကျောင်းသူ မဟန်ငွေဝင်းကို မသင်းပြည့်စုံဝင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မသင်းပြည့်စုံဝင်း

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဒေါ်ယင်းကုန်းရွာနေ ချောက်ကြား အထက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မယမင်းသိမ့်၏ ဖခင်အမည်မှန်မှာ ဦးညွန့်ဝင်းဖြစ်ပါသည်။

ဦးညွန့်ဝင်း

အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်တော် ရဲတပ်ကြပ်ကြီးအောင်မြင့်ဦး ၁၂/ရကန(နိုင်)၀၅၅၇၈၇ ၏ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မြေကွက်ကြီးအမှတ် ၁၄၆၊ မြေကွက်အမှတ် ၇၄၀၊ မြေအကျယ်ပေ(၄၀×၆၀)မြေကွက်အားကျွန်တော်ပိုင်မြေကွက်ဖြစ်ကြောင်း ၎င်းမြေကွက်နှင့် မြေချပါမစ်အား ဝယ်ယူခြင်း၊ လက်ဝယ်ထားခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည် အသိပေးကြေညာအပ်ပါသည်။

ရဲတပ်ကြပ်ကြီးအောင်မြင့်ဦး
ဖုန်း-၀၉-၄၂၀၇၃၀၄၇၄

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇င/၈၂၉၇ Nissan Vanette SKFZTN P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၁၂/မဂဒ(နိုင်)၁၄၁၀၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊
အင်းစိန်

ကျေးဇူးဆပ်ပါမည်

ကျွန်တော်ဦးဇာနည်ဦး ၁၂/ကမရ(နိုင်)၀၄၉၄၁၄၏ ကားပါမစ် ISP IDV 8 14.15/8720 22.5.14နှင့်အတူ ကားခတ်ပုံ Custem Statement များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူအား ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၅၀၂၇၀၀



Tender Invitation

1. The Management of Prime Hill Business Square (PHBS) invites all interested applicants to submit tender for a Coffee Shop and a Convenience Store in PHBS.
2. Tender applicant shall submit the close tender from 23rd June, 2014 to 4th July, 2014 between 8:30 and 17:00 at Business Suites #04-10~04-11, Sedona Hotel, Kaba Aye Pagoda Road, Yangon by hand.
3. Tender applicant shall pay refundable tender deposit Kyats 100,000 together with tender documents when the applicant submits the tender.
4. Tender instruction and application can be requested by e-mail to phyowaimin@cpw.com.mm

Chiyoda & Public Works Co.Ltd
Business Suites #04-10~04-11, Sedona Hotel, Kaba Aye Pagoda Road, Yangon
Phone: 01 545605

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	Specification
(က)	Computer	25 Nos	Brand-Dell CPU-Core i7 Memory-4GB HDD-1TB 7200 RPM O/S-64 bit Monitor-19.5" Multi Media and Accessories
(ခ)	Laser Jet Printer	15 Nos	A4
(ဂ)	Ink Jet Printer	4 Nos	A4
(ဃ)	Fax Machine	6 Nos	(Print/Copy/Fax 24PPm × 600 × 600 dpi 64 MB) (Memory)
(င)	Digital Copier	4 Nos	Canon iR -2545, iR -2520 512 MB (Option) 600 × 600 dpi
(စ)	Projector and Tripod Screen	2 Nos	Epson EB-X24, Optoma DLP Projector (X410), Panasonic

၂။ **တင်ဒါပုံစံထုတ်ယူရမည့်ရက်** - ၁၈-၆-၂၀၁၄ရက်မှ ၂၄-၆-၂၀၁၄ ရက်အထိ ရုံးအမှတ် (၃၂)၊ နေပြည်တော်နှင့်အမှတ် (၁)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်(ရုံးခွဲ)တွင် ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၅-၆-၂၀၁၄ရက် ၀၉း၃၀ နာရီမှ ၁၂း၀၀ နာရီအတွင်း ရုံးအမှတ် (၃၂)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၅-၆-၂၀၁၄ရက် (၁၃း၀၀)နာရီ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၆၁၂၅နှင့် ၀၆၇-၄၀၆၁၀၆၈၊ ၀၆၇-၄၀၆၄၇၃သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ

ယမန်နေ့မှအဆက်

ဌာနမှ သတ်မှတ်ချက်ဖြစ်သော (Annual Average Daily Traffic) နည်းဖြင့် တစ်နှစ်ပတ်လုံး နေ့စဉ်ယာဉ်သွားလာမှု ပျမ်းမျှနှုန်းအား ကောက်ခံတွက်ချက်၍ စောင့်ကြည့်ပြီး လိုအပ်ပါကပြင်ဆင်မည့် နှစ်လမ်းသွား တံတားအဖြစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၄။ **မံဝိန်း-ချီဖွေလမ်းပေါ်ရှိ ခဝမ်ရွာ မိုင်(၁၇/၀)နှင့် ရှငေါ်ရွာ မိုင် (၁၉/၀) ကြား အတက်အဆင်း မတ်စောက်၍ မိုးတွင်းကာလတွင် ကားများ ဆင်းရတက်ရခက်နေသော နေရာနှစ်နေရာအား ပြင်ပေးရန် ကိစ္စနှင့် ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားခြင်း မရှိသေးပါ။ ပြည်ထောင်စု အထူးပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေတင်ပြတောင်းခံပြီး ယခုဘဏ္ဍာနှစ်အတွင်းတွင် ဖော်ပြပါနေရာနှစ်ခုကို ပြုပြင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၅။ **မံဝိန်း-ချီဖွေလမ်းပေါ်ရှိ တံတားအမှတ် (၂/၈) နမ္မလိတံတားအား ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်၍** မံဝိန်း-ချီဖွေလမ်းပေါ်ရှိ တံတားအမှတ် (၁/၈) နမ္မလိတံတား ၂၂၄ ပေ ရှည် တံတား၏ ကွန်ကရစ်ကမ်းကပ်ခုံနှင့် ကျောက်စီရေလယ်တိုင်များမှာ ကောင်းမွန်လျက်ရှိပြီး ဘေလီ $+H_{20}$ သံပေါင်များမှာ အသင့်အတင့် ကောင်းမွန်လျက်ရှိပါသည်။ သစ်သားကြမ်းခင်းများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပြုပြင်ရန် တံတားကို စောင့်ကြည့်စစ်ဆေးပြီး လိုအပ်မည့်အချိန်တွင် ကွန်ကရစ်တံတားကို တည်ဆောက်ပေးပါမည်ဟု ပြန်လည်ဖြေကြားထားပါသည်။

၆။ **မံဝိန်း-ချီဖွေသို့ သွားရာလမ်း ဝိုင်းမော်မြို့နယ်အပိုင်းတွင် မိုင်(၆/၀-၉/၀) အတွင်းနှင့် မိုင် (၁၉/၀ မှ ၂၈/၀)တွင်း အမာခံသဲကျောက်လမ်းရှိသော်လည်း လမ်းများကျဉ်းမြောင်းသဖြင့် လမ်းချဲ့ပေးရန် အစီအစဉ်နှင့် ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားခြင်း မရှိသေးပါ။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေရရှိနိုင်ရေးအတွက် တင်ပြတောင်းခံပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားထားပါသည်။

၇။ **မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း (မြစ်ကြီးနား-တန်ဖဲကျေးရွာ မြစ်ဆုံလမ်းအပိုင်း)ကို အဆင့်မြှင့်တင်၍** ရေရှည်တည်တံ့အောင်ပြုပြင်ဆောင်ရွက်ထိန်းသိမ်းရန်နှင့် သစ်သားတံတားများကို ကွန်ကရစ်တံတား အဆင့်မြှင့်ပြုပြင်ဆောင်ရွက်ထိန်းသိမ်းမှုကိစ္စနှင့်ပတ်သက်၍ မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်း(မြစ်ကြီးနား-တန်ဖဲကျေးရွာမြစ်ဆုံလမ်းအပိုင်း) ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ၁၂ ပေအကျယ် ၄ မိုင် ၃ ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါ၍ မြစ်ကြီးနားမှ တန်ဖဲရွာ မြစ်ဆုံအထိ ကတ္တရာလမ်းအဆင့်တိုးမြှင့်ထားပြီးဖြစ်ပါသည်။ အဆိုပါလမ်းအပိုင်းတွင် တံတားအမှတ် (၂/၂၃) ပေ၃၀ တစ်စင်းနှင့် တံတားအမှတ် (၁/၂၅) ပေ ၄၀ တစ်စင်း၊ မိုင် (၂၅/၀-၂၇/၀) ကြား ၅ ပေတံတား နှစ်စင်း စုစုပေါင်း ကွန်ကရစ်တံတား လေးစင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားထားပါသည်။

၈။ **မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း တန်ဖဲရွာ (၂၇/၂)မှ မြစ်ကြီးနားမြို့နယ်အဆုံးဖြစ်သော တီယန်ဇွတ်ကျေးရွာ (၈၃/၀) မိုင်အထိ အမာခံလမ်းမှ ကျောက်သားလမ်း၊ ကတ္တရာလမ်းသားများအဆင့်မြှင့်တင်ရန် မေးမြန်းချက်နှင့်ပတ်သက်၍** မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် မြစ်ကြီးနားမှ တန်ဖဲရွာ၊ မြစ်ဆုံအထိ ကတ္တရာလမ်းဖြစ်ပြီး တန်ဖဲရွာ(၂၇/၂)မှ တီယန်ဇွတ်(၅၃/၀)ထိ ၂၅ မိုင် ၆ ဖာလုံအား အမာခံလမ်းအဆင့် ကောင်းမွန်အောင် ဆောင်ရွက်ထားပြီးဖြစ်သည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် လမ်းအထူးအဖွဲ့ ၁၄ မှ ပြည်ထောင်စုရန်ပုံငွေဖြင့် ဖော်ပြပါအပိုင်းတွင် မိုင်(၂၇/၂)မှ (၃၁/၅)ထိ ၄ မိုင် ၃ ဖာလုံ ၁၂ ပေအကျယ် ကတ္တရာလမ်းနှင့် ၅ ပေ ရှစ်စင်း၊ ၁၀ ပေ ငါးစင်း၊ ၁၅ ပေ သုံးစင်း၊ ပေ ၄၀ တစ်စင်း စုစုပေါင်း ၁၇ စင်းတည် ဆောက်သွားမည်ဖြစ်ပါသည်။ ဘဏ္ဍာရေးနှစ်အလိုက် လမ်းနှင့် တံတားများအား အဆင့်မြှင့်တင်၍ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၉။ **ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး မိုးညှင်းမြို့နယ်လမ်းပိုင်း တိုးတက်ကောင်းမွန် အဆင်ပြေချောမွေ့စေရေး မည်ကဲ့သို့ဆောင်ရွက်ပေးမည်နည်း။ လက်ရှိအခြေအနေအရ ပြည်သူက အားရကျေနပ်မှု မရှိသေးပါ။ တိုးတက်ကောင်းမွန်မှုထင်သာမြင်သာ မတွေ့ရသေးသဖြင့် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရွှေဘို-မြစ်ကြီးနားလမ်း မိုးညှင်းမြို့နယ် အပိုင်းသည် မိုင် (၁၆၈/၀-၂၀၅/၀)ထိ (၃၇/၀)မိုင်ရှိပြီး ကတ္တရာလမ်းခင်းရန်ကျန်ရှိသော ၂၃ မိုင် ၇ ဖာလုံအား ဘတ်ဂျက်တင်ပြတောင်းခံပြီး ရရှိသည့် ရန်ပုံငွေအပေါ်မူတည်လျက် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၁၀။ **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရွှေဘို-မြစ်ကြီးနားလမ်း နန့်စီးအောင်မှ မြစ်ကြီးနားအထိ ကတ္တရာလမ်း တစ်ဆက်တစ်စပ်တည်း ဖြစ်စေရေးအတွက် လမ်းအထူးအဖွဲ့များအသုံးပြု၍ စံချိန်စံညွှန်းမီအောင် နယ်မြေအလိုက် ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း ၂၂၀၀ ရရှိထားပြီး ကတ္တရာလမ်း တစ်ဆက်တစ်စပ်တည်းဖြစ်စေရန်အတွက် မိုးကောင်းမြို့နယ်အပိုင်းမှစတင်၍ ၉ မိုင် ၂ ဖာလုံ ခင်းသွားမည်ဖြစ်ပါသည်။ ရရှိသောရန်ပုံငွေဖြင့် အထူးစီမံကိန်းကြီးအဖွဲ့ခွဲ ၄ အား တာဝန်ပေးအပ်ထား၍ လုံလောက်မှုရှိပါကြောင်း ဖြေကြားအပ်ပါသည်။

၁၁။ **မိုးညှင်းမှ မြစ်ကြီးနားအထိ ကတ္တရာလမ်းများသည် မူလလမ်းအဆင့်မှ တိုးတက်လာမှုမရှိသေးကြောင်း၊ ခင်းပြီးကတ္တရာမှာလည်း စံချိန်စံညွှန်းအရ အက်ကွဲကြောင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အချို့နေရာများတွင် မြေသားတာပေါင်ချဲ့ရန်နှင့် စက်ယန္တရားများ အားနည်းနေကြောင်းသိရှိရ၍ စံချိန်စံညွှန်းမီစွာဖြင့် ဆောင်ရွက်ပေးရန်မေးမြန်းချက်နှင့် ပတ်သက်၍** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ကတ္တရာလမ်းများ ဆောင်ရွက်ရာတွင် အနည်းဆုံး ကတ္တရာသက်တမ်းငါးနှစ်စဉ်းစား၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းတွင် အသုံးပြုမည့်စက်၊ ယာဉ်၊ ယန္တရားများအနေဖြင့် Grader တစ်စီး၊ Loader တစ်စီး၊ Excavator တစ်စီး၊ Roller ငါးစီး၊ Tipper ငါးစီး၊ ကတ္တရာဖျန်းစက်တစ်စီးတို့ဖြင့် အထူးစီမံကိန်းကြီးအဖွဲ့ခွဲ(၄)မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ လမ်း/တံတား အရေအသွေးပြည့်မီမှုရှိ မရှိအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်)မှ ကချင်ပြည်နယ်တာဝန်ခံ အင်ဂျင်နီယာချုပ်နှင့်ကချင်ပြည်နယ်အင်ဂျင်နီယာမှူးကြီးတို့အဖွဲ့မှ အနည်းဆုံးတစ်လ တစ်ကြိမ်လုပ်ငန်းများဆောင်ရွက်မှုစစ်ဆေးလျက်ရှိပါကြောင်းဖြေကြားအပ်ပါသည်။

၁၂။ **ရွှေဘို-မြစ်ကြီးနားလမ်းတွင် နှစ်စဉ်ဘဏ္ဍာငွေချမှတ်ပေးပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိသော်လည်း သိသာထင်ရှားစွာ မတိုးတက်လာသေးသဖြင့် အတွေ့အကြုံပြည့်ဝပြီး စက်၊ ယာဉ်ယန္တရား ပြည့်စုံသော ကုမ္ပဏီများအား ခွင့်ပြုလုပ်ကိုင်ပေးနိုင်မှု အစီအစဉ် ရှိ မရှိသိရှိလိုကြောင်း မေးမြန်းချက်နှင့် ပတ်သက်၍** ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ရရှိသောရန်ပုံငွေဖြင့် အထူးအဖွဲ့တစ်ဖွဲ့တည်းသာလျှင် ဆောင်ရွက်ပါက လုံလောက်မှုရှိပါကြောင်း၊ ပြည်ထောင်စုလမ်းဖြစ်သော်လည်း ပြည်နယ်တိုးတက်ရေးအတွက် ပြည်နယ်ရန်ပုံငွေများထည့်သွင်းသုံးစွဲနိုင်ရေး ပြည်သူ့ကိုယ်စားလှယ်များမှ အင်တိုက်အားတိုက်ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန်နှင့် ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လိုအပ်သော လူ၊ စက်၊ ယန္တရားများ လုံလောက်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ရေပုတ်ရေလှောင်တမံအတွင်းသို့ ငါးမျိုးစိုက်ထည့်

လှိုင်းဘွဲ့ ဇွန် ၁၈

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ထီလုံကျေးရွာ ရေပုတ်ရေလှောင်တမံအတွင်းသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ဝေ၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာများ၊ ဘားအံတက္ကသိုလ် သတ္တဗေဒနှင့် ရုက္ခဗေဒ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ကျေးရွာ လုပ်သားပြည်သူများသည် ဇွန် ၁၄ ရက် နံနက် ၉ နာရီခွဲက ဇီဝမျိုးစုံမျိုးကွဲ ငါးမျိုးများဖြစ်သော ငါးမြစ်ချင်း၊ ငါးခုံးမကြီး၊ ငါးခူသားပေါက်များနှင့် ငါးဘောင်ဇင်း၊ ငါးပြေမနှင့်လိပ်မျိုးများကို ရေပုတ်ရေလှောင်တမံအတွင်း မျိုးစိုက်ထည့်ခဲ့ရာ သားပေါက်ကောင်ရေ ၈၀၀၀၀ ခန့် မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားတွင် ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနဌာနမှူး ဒေါက်တာညွန့်ဝေက ရေနေသတ္တဝါများ အစား အစာပေါများစေရန် ကောက်ရိုးအတွင်း ဖွဲနု၊ ထုံး၊ ကြက်ချေးများ ထည့်သွင်း ပက်ဖျန်း၍ ရေနေသက်ရှိလေး (Zooplankton) နှင့်အပင်လေး (Phyto-plankton)များ ပေါက်ပွားလာစေရေးအတွက် ငါးစာကောက်ရိုးထုံးများ လုပ်ကိုင်နည်းကိုလက်တွေ့ပြသခြင်းနှင့် ဆွေးနွေးဟောပြောခြင်းများ ကျင်းပခဲ့ကြောင်း သိရသည်။ **ငါးလုပ်ငန်းဦးစီးဌာန**

မြိုင်မြို့မ (၁) အာစရိယပူဇော်ပွဲကျင်းပရန် ကော်မတီဖွဲ့စည်း

မြိုင် ဇွန် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့အမှတ်(၁) ရပ်ကွက် မြို့ မ(၁) မူလတန်းကျောင်းတွင် ပညာသင်ကြားပေးခဲ့သော အသက် ၆၀ ပြည့်နှင့် အထက် ဆရာ ဆရာမကြီးများကို ပထမအကြိမ်အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်၍ တပည့်ဟောင်းကျောင်းသား ကျောင်းသူများ ညှိနှိုင်းဆွေး နွေးပွဲကို ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီခွဲက မြိုင်မြို့မ(၁) အထက (ခွဲ) ကျောင်း ခန်းမ၌ ကျင်းပသည်။ အဆိုပါ ညှိနှိုင်းပွဲတွင် မြိုင်မြို့မ (၁) အထက(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးဆန်းက အမှာစကားပြောကြားခြင်း၊ ကျောင်းသားဟောင်း ဦးပိုက အာစရိယပူဇော်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးရာ တက်ရောက်ကြသူများက အကြံပြုတင်ပြကြပြီး အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီအဖွဲ့ကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(၁၃၅)**

သင် ယနေ့ နွားနို့သောက်ပြီးပြီလား

ခေတ္တရာအသင်း(ရန်ကုန်မြို့)
ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ

ခေတ္တရာအသင်း၊ ရန်ကုန်မြို့၏ ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၆-၇-၂၀၁၄ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့၊ ရွှေတိဂုံစေတီတော် အရှေ့ဘက်ဓာတ်လှေကား အနီးရှိ ခေတ္တရာအသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ပြည်ခရိုင်အသင်းသူ အသင်းသားများ မိသားစုနှင့်တကွ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်မှာ ဦးငွေအောင် ဖုန်း-၅၃၀၆၆၇၊ ဦးဘိုနီ ဖုန်း-၇၀၉၀၄၅၊ ဒုဗိုလ်မှူးကြီးဝင်းမြင့်(ငြိမ်း)ဖုန်း-၀၉-၄၃၁၉၂၂၆၃၊ ဦးဝင်းမော် ဖုန်း-၀၉-၇၃၂၄၁၆၉၁၊ ဒေါ်ဥမ္မာသန်း ဖုန်း-၀၉-၅၀၀၄၂၃၁ နှင့် ဦးမျိုးအောင် ဖုန်း-၀၉-၇၃၁၆၆၄၅၆ ဖြစ်ပါသည်။

အသင်းသားများထံသို့ သီးခြားဖိတ်စာမပို့ပါ။ ဤကြော်ငြာအား ဖိတ်စာအဖြစ် မှတ်ယူ၍ ကြွရောက်ကပ်လှူပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဥက္ကဋ္ဌ
ခေတ္တရာအသင်း၊ ရန်ကုန်မြို့

စစ်ကွင်းအသင်း(ရန်ကုန်)
အကြိမ်(၂၀)မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ သက်ကြီးပူဇော်ပွဲ၊
ပညာရည်ချွန်ဆုပေးအပ်ပွဲနှင့် (၂၁)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး

စစ်ကွင်းအသင်း(ရန်ကုန်)သည် အထက်ပါအခမ်းအနားကို ၂၀၁၄ခုနှစ် ဇူလိုင် ၆ရက် နံနက် ၇ နာရီမှ ၁၀ နာရီခန့်အထိ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ဥယျာဉ်တိုက်ကျောင်းဝင်းရှိ ရွှေကျင်ကျောင်းတိုက်တွင် ကျင်းပမည်။ အသင်းဝင်များအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ရန်ကုန်ရောက် စစ်ကွင်းသူ/သားများ မိသားစုနှင့်အတူ ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ သင်္ကန်းတစ်စုံလျှင် ကျပ် (၅၀၀၀ိ)နှုန်းဖြင့် စီစဉ်ထားပါသည်။ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသူ **အသင်းဝင်များ၏သားသမီးများကို ပညာရည်ချွန်ဆုပေးအပ်မည်ဖြစ်၍ ခိုင်လုံသောအထောက်အထားဖြင့် ၁-၇-၂၀၁၄ရက် နောက်ဆုံးထားပြီး နီးစပ်ရာ အမှုဆောင်များထံ စာရင်းပေးကြရန်။** လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးသန်းစိန်း ဖုန်း-၀၉-၈၆၁၁၇၄၄၊ ဒုဥက္ကဋ္ဌတင်အောင် ဖုန်း-၀၉-၅၁၉၀၄၆၆၊ ဒုဥက္ကဋ္ဌ ဦးတင်ဝင်း ဖုန်း-၀၉-၇၃၀၃၂၇၇၀၊ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်း ဖုန်း-၀၉-၅၀၉၀၉၆၄၊ ဦးကြင်စိန်(စစ်ကွင်း) ဖုန်း-၀၉-၅၃၆၆၂၄၉၊ ဦးစိန်ဝင်း ဖုန်း-၀၉-၇၃၀၆၂၅၁၄၊ ဦးဇော်မင်းဦး ဖုန်း-၀၉-၅၀၂၁၉၀၅၊ ဦးသန့်ဇင် ဖုန်း-၀၉-၇၃၁၂၀၂၇၆ နှင့် ဦးရီမင်း ဖုန်း-၀၉-၄၂၀၇၄၁၃၁၁ တို့သို့ ဆက်သွယ်နိုင်ကြပါသည်။

အမှုဆောင်အဖွဲ့
စစ်ကွင်းအသင်း(ရန်ကုန်)

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်
ဒုတိယအကြိမ်နှစ်ပတ်လည်မျက်နှာစုံညီ အစည်းအဝေးအခမ်းအနားအား
ဖိတ်ကြားအပ်ပါသည်

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၏ နှစ်စဉ်ကျင်းပပြုလုပ်သော နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဒုတိယအကြိမ်အဖြစ် ၂၀၁၄ခုနှစ် ဇူလိုင် ၁၈ရက် (သောကြာနေ့) နံနက် ၉း၀၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်းရှိ Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားသို့ တက်ရောက်လိုသော အဖွဲ့ချုပ်ဝင်သင်္ဘောသားများသည် ဖိတ်စာများကို ၁၀-၇-၂၀၁၄ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးအမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၁၅၉၂ တို့သို့ ဆက်သွယ်၍ ဖိတ်စာများကို အခမဲ့ထုတ်ယူတက်ရောက်နိုင်ကြပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

နှစ်ပတ်လည်အစည်းအဝေးအတွက် အကြံပြုစာများလက်ခံခြင်း

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၏ နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးတွင် အဖွဲ့ဝင်သင်္ဘောသားများမှအဖွဲ့ချုပ်၏ တိုးတက်ရာတိုးတက်ကြောင်း အကြံပြုလိုသည့်ကိစ္စရပ်များကို အဖွဲ့ချုပ်ရုံးအမှတ် ၅၃၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၁၅၉၂ သို့ ၇-၇-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးပို့ကြပါရန် နှိုးဆော်ကြေညာအပ်ပါသည်။ ဖော်ပြပါ သတ်မှတ်ရက်ထက်နောက်ကျ၍ တင်ပြလာမှုများကို အချိန်မီဆောင်ရွက်ပေးနိုင်မှု ခက်ခဲမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

ဖောင်းကြွပျောက်ဆုံး ကြေညာခြင်း

ယာဉ်အမှတ် ၇ခ/၉၆၅၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/5625 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3B/7846 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၆၆၁၃၉ Honda Wave NF100/MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေသက်ညို ၁၀/မဒန(နိုင်)၁၈၅၁၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

လမ်းဘေးယာဉ်ရပ်နားရန်နေရာတွင် ကားဂိုဒေါင်-ဝပ်ရှော့-ကားဂိတ်များ အသုံးချနေမှုရှင်းလင်းပေးစေလို

ရန်ကုန် ဇွန် ၁၈

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု လျော့ကျစေရေးအတွက် နိုင်ငံတော်က ငွေကြေးအကုန်အကျခံကာ ယာဉ်ရပ်နားရန်နေရာများ ပြုလုပ်ပေးသော်လည်း လမ်းမတော်၊ အလုံ၊ ကြည့်မြင်တိုင်မြို့နယ်များအတွင်းရှိ ယာဉ်ရပ်နားနိုင်သည့် လမ်းဘေးနေရာများတွင် ကားဂိုဒေါင်- ဝပ်ရှော့- ကုန်ကားဂိတ်များအဖြစ် အသုံးချနေမှုများ ရှိနေသည့်အတွက် သက်ဆိုင်ရာက ယာဉ်များ လွယ်လင့်တကူ ရပ်နားနိုင်ရေးအတွက် အရေးယူရှင်းလင်းပေးစေလိုကြောင်း မြို့နယ်တွင်း နေထိုင်သူများက ဆိုသည်။

နှစ်ပေါင်း ၂၀ သက်တမ်းရှိ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံခွင့်ကို ၂၀၁၁ နှစ်ကုန်ပိုင်းမှစ၍ သက်ဆိုင်ရာမှ ဆောင်ရွက်ခဲ့ရာ ယခုအထိယာဉ်ပေါင်း ၁၃၀၀၀၀ ကျော် အပ်နှံလဲလှယ်ခွင့်ပြုပြီးဖြစ်ပြီး စက်မှုဇုန်ထုတ် ကားများကိုလည်း ယခုနှစ်အတွင်း အပ်နှံခွင့်ပြုသွားရန်ရှိသည်။ သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ဇွန် ၁၀ ရက် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဖြေကြားမှု ပေါ်ထွက်လာပြီးနောက် စက်မှုဇုန်ထုတ် ကားများ တန်ဖိုးမြင့်လာပြီး အမြတ်အစွန်းရရှိရေးအတွက် ဝယ်သူများအနေဖြင့် အများပြည်သူအသုံးပြုရန် တည်ဆောက်ပေးထားသော လမ်းဘေးယာဉ်ရပ်နားရန်နေရာတွင် စီတန်းရပ်နားထားကြကြောင်း၊ အချို့သောကားများ၏ တာယာဘီးများတွင် လေလုံးဝမရှိဘဲ ပြားချပ်နေကြကြောင်း လမ်းမတော်မြို့နယ် (၂)ရပ်ကွက်ရှိ ဗန္ဓုလလမ်းပေါ်နေထိုင်သူတစ်ဦးက ဆိုသည်။

၂၀၁၁ ခုနှစ်မှစ၍ စက်မှုဇုန်တွင် ကားများထုတ်လုပ်ခဲ့ရာ ရာဝါဂျစ်တစ်စီးလျှင် ငွေကျပ်သိန်း ၁၀၀ကျော်၊ မန္တလေးဂျစ်နှင့် ရှမ်းစတားဂျစ်များမှာ တစ်စီးလျှင် ငွေကျပ်သိန်း ၅၀ မှ ၇၀ ဝန်းကျင်ရှိကြောင်း၊ ၂၀၁၄ နှစ်ဆန်းပိုင်းတွင်စက်မှုဇုန်ကားများ ဂျစ်ကားဆိုလျှင် ငွေကျပ်သိန်း ၂၀ မှ ၃၀ အတွင်းသာရှိရာမှ အပ်နှံခွင့်ရှိမည်ဆိုသော သတင်းထွက်ပေါ်ချိန်တွင် ဈေးမြင့်လာရာ ယခုအခါ ငွေကျပ်သိန်း ၄၀မှ ၅၀ထိမြင့်လာကြောင်း၊ အမြတ်အစွန်းရရန် လိုက်လံဝယ်ယူထားသူများ မိမိပိုင်မြေပေါ်တွင် သိမ်းဆည်းခြင်းမပြုဘဲ အများပြည်သူသုံးနေရာများတွင် ဂိုဒေါင်သဖွယ်ထားရှိနေခြင်းကို သက်ဆိုင်ရာက တားမြစ်အရေးယူ ပေးစေလိုသည်ဟု လမ်းသွားလမ်းလာများက ဆိုသည်။

ခရီးသည်တင် ခေတ်မီယာဉ်ကြီးများ၊ ကုန်ကားများပြုပြင်နေခြင်း၊ ဝပ်ရှော့သဖွယ်အသုံးချခြင်း၊ ကုန်ကားဂိတ်အပြင် ကုန်ကားကြီးငယ်မျိုးစုံ ယာဉ်နားရန်ပြုလုပ်ထားသောနေရာတွင် ကုန်တင်ကုန်ချပြုလုပ်ခြင်းများကို အဆိုပါသုံးမြို့နယ်အတွင်း မြင်တွေ့နေရာ လမ်းပေါ်သွားလာသော ယာဉ်များယာဉ်ရပ်နားရန် အခက်အခဲရှိလာကြောင်း၊ လမ်းမပေါ်တွင် ရပ်နားထားရသည့်အခါ သက်ဆိုင်ရာမှ ထုတ်ပြန်ထားသော ယာဉ်မရပ်ရလမ်းများတွင် ပါဝင်နေသဖြင့် ကရိန်းကားခကျပ်ငါးသောင်း အပါအဝင် ပေးဆောင်ရမည့် ငွေကြေးအချိန်ကာလတို့နှင့် ကြုံတွေ့ရကြောင်း၊ သို့ဖြစ်ပါ၍ လမ်းဘေးယာဉ်နားရန် နေရာများတွင် စီးပွားရေးအရလုပ်ဆောင်နေခြင်းများကို ထိရောက်စွာ ဖယ်ရှားအရေးယူမှသာ လမ်းများပေါ်တွင် ယာဉ်ပိတ်ဆို့မှု လျှော့ချနိုင်မည်ဟု အိမ်စီးကားပိုင်ရှင်တစ်ဦးက ဆိုသည်။

ခင်ဆိုင်

မိတ္ထီလာ ရှမ်းတဲပရိယတ္တိစာသင်တိုက်သို့ မော်တော်ယာဉ်လှူဒါန်း

မိတ္ထီလာ ဇွန် ၁၈

မိတ္ထီလာမြို့ ရှမ်းတဲ စံပြကျေးရွာရှိ စာသင်ရဟန်းသံဃာ ၃၂ ပါး သီတင်းသုံးပြီး ပရိယတ္တိစာပေများ လေ့လာသင်ယူလျက်ရှိသည့် ရှမ်းတဲပရိယတ္တိစာသင်တိုက်ကျောင်းသို့ အလှူရှင်မိသားစုတစ်စု ငွေကျပ် သိန်း ၁၂၀ တန်ဖိုးရှိ HONDA FIT မော်တော်ယာဉ်တစ်စီးကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက လာရောက်လှူဒါန်းကြောင်း သိရသည်။

ရှမ်းတဲကျေးရွာနေ အလှူရှင်မိသားစု ဦးလှသောင်-ဒေါ်ခင်ရီ(ရန်မျိုးအောင်ရပ်ကွက် ယုဇနလမ်း) တို့မှ မွေးရပ်မြေ ဘုန်းတော်ကြီးကျောင်း၌ သာသနာရေးကိစ္စများအတွက် ခရီးသွားလာရာတွင် ချောမွေ့အဆင်ပြေစေရေးအတွက် ရှမ်းတဲဆရာတော်ဘဒ္ဒန္တအာစိဏ္ဏထံ ယာဉ်အမှတ် 7G/2330 HONDA FIT မော်တော်ယာဉ်ကို ဆက်ကပ်လှူဒါန်းရာ ကျောင်းတိုက်အကျိုးဆောင် ဦးကြည်ဝင်းက လက်ခံယူကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

အမကကျောင်းနှစ်ကျောင်းအတွက် စာရေးကိရိယာနှင့်ကျောင်းဝတ်စုံများ လှူဒါန်း

တောင်ငူ ဇွန် ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ (၁၁)ရပ်ကွက်အတွင်းရှိ ကန်တော်အမကနှင့် ကျွန်းတောကုန်းအမက ကျောင်းများရှိ ကျောင်းသား/ကျောင်းသူ ၂၃၀ အတွက် ဗလာစာအုပ် ဒါဇင် ၈၀၊ ခဲတံ ၅၈ ဒါဇင်၊ ပေတံ ဒါဇင် ၂၀၊ ခဲဖျက် ဒါဇင် ၂၀ နှင့် ကျောင်းဝတ်စုံ ကျား/မ ၇၅ စုံ စုစုပေါင်း တန်ဖိုးငွေကျပ် လေးသိန်းကျော်ကို (၁၈) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မျိုး၊ ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဥက္ကဌ ဦးမြင့်သူ (နန်းသူဇာ ပဲလှော်) တို့နှင့်အဖွဲ့ဝင်များက သွားရောက်လှူဒါန်းခဲ့ ကြောင်း သိရသည်။

(၁၁၅)

မင်းဘူးတွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများပေးအပ်

မင်းဘူး ဇွန် ၁၈

မင်းဘူးမြို့နယ်အတွင်း ကျေးရွာများရှိ ပြည်သူများအတွက် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက်က မင်းဘူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး၊ လက်ထောက်ကျန်းမာရေးမှူးတို့က အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာ ၁၁၅ လုံးကို ကျေးရွာအုပ်စု ၅၈ အုပ်စုမှ ကျေးရွာပေါင်း ၁၁၅ ရွာသို့ တစ်လုံးစီ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံယူသည်။

အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများပေးအပ်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးများက တစ်ရွာစီ အရေးပေါ်သုံးတိုင်းရင်းဆေးသေတ္တာများ ရရှိသည့်အတွက် ကျေးရွာနေပြည်သူများကိုယ်စား ဝမ်းသာလျက်ရှိပါကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

မင်းလှမြို့တွင် အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေး သေတ္တာပေးအပ်

မင်းလှ ဇွန် ၁၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့ အထကကျောင်း မင်းလက်ဝါးခန်းမ၌ အရေးပေါ်သုံး မြန်မာတိုင်းရင်းဆေးသေတ္တာ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းတည့် ၁၂ နာရီက ကျင်းပခဲ့သည်။ အဆိုပါအခမ်းအနားတွင် မင်းဘူးခရိုင် တိုင်းရင်းဆေးမှူး ဦးဘိုမြင့်က ဆေးသေတ္တာအတွင်း ပါဝင်သော ဆေးပစ္စည်းများအသုံးပြုပုံနှင့် မင်းလှမြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီသိမ့်က မကွေးတိုင်းဒေသကြီးအတွင်း လွယ်ကူပေါများစွာရရှိသော ဆေးဖက်ဝင်အပင်များ အသုံးဝင်ပုံနှင့် အသုံးပြုပုံများကို ရှင်းလင်းပြောကြားခဲ့ပြီးနောက် မင်းလှမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်က တက်ရောက်လာကြသည့် ရပ်ကွက်၊ ကျေးရွာ ၁၂၂ ခုမှ ကိုယ်စားလှယ်များအား တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်နှင့် ဦးလှစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပေါက်ကျော်၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၂၀၀ ကျော်တက်ရောက်ခဲ့ကြသည်။

ကျော်ဇေယျ(မကွေး)

မွေးသက္ကရာဇ်အမှန်

စစ်တွေမြို့၊ ကြက်ကိုင်းတန်ကျေးရွာနေ ဦးအေးထွန်းစိန် ၁၁/ရသတ(နိုင်)၀၀၉၂၉၀ ၏သမီး မညိုညိုအေး၏ မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်အရ ၂၉-၃-၁၉၉၃ ဖြစ်ပါကြောင်း။

C.A.C ချစ်တီးနှင့် ၄င်း၏အမွေစားအမွေခံများ ဆက်ခံခွင့်ရှိသူများသိစေရန်

ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်၊ ဗိုလ်တောက်ထိန်လမ်း၊ အမှတ် ၉/၃၃ နေ ကွယ်လွန်သူ ဦးသွင်၊ ဒေါ်ခင်ကြည်တို့၏ သားသမီးများဖြစ်ကြသော ဦးမောင်မောင်မြင့် ၉/မနမ(နိုင်)၀၂၈၁၈၇၊ ဒေါ်စန်းစန်းရီ ၉/ပမန(နိုင်)၀၀၉၂၈၃၊ ဦးသန့်စင် ၁၂/ဒဂန(နိုင်)၀၁၇၂၄၅၊ ဦးဝေလွင် ၁၂/ရကန(နိုင်)၀၇၆၇၀၇၊ ဒေါ်သီတာလတ် ၉/ပမန(နိုင်)၀၃၆၂၃၈၊ ဒေါ်ဝင်းမင်းသွင် ၉/ပမန(နိုင်)၀၃၆၃၄၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးအကြောင်းကြားအပ်ပါသည်။

ပျဉ်းမနားမြို့၊ ရန်အောင်(၂)ရပ်၊ အကွက်အမှတ် ၂၃(ဂုဏ်တန်ဆောင်)၊ ဦးပိုင်အမှတ်(၅ᵃ)ဟု အမည်တွင်သည့် ဧရိယာ ၀.၁၁၁၆၉ဧကရှိ ဘိုးဘွားပိုင်မြေကို C.A.C ချစ်တီးထံမှ ကျွန်ုပ်မိတ်ဆွေများ၏ မိဘများဖြစ်သော ဦးသွင်၊ ဒေါ်ခင်ကြည်တို့က အရပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိခဲ့ပါသည်။

ကျွန်ုပ်မိတ်ဆွေအနေဖြင့် လူကြီးမင်းထံမှ ဝယ်ယူခဲ့သော အထက်ဖော်ပြပါမြေကွက်ကို တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုလိုသည့်အတွက် လူကြီးမင်းသည် ၃၀-၆-၂၀၁၄ရက် နောက်ဆုံးထားပြီး လာရောက်ဆောင်ရွက်ပေးပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ လူကြီးမင်းအနေဖြင့် ဤအကြောင်းကြားစာပါအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဟန်(စဉ်-၃၅၀၈/၈၅) **ဒေါ်အိန္ဒယ်ကျော်(စဉ်-၈၅၈၃/၁၂)**
တရားလွှတ်တော်ရှေ့နေ **တရားလွှတ်တော်ရှေ့နေ**
အမှတ် ၁၄/၈၅၊ စိုက်ပျိုးသိပ္ပံကျောင်းလမ်း၊
မစိုးရိမ်အရှေ့ရပ်ကွက်၊ ပျဉ်းမနားမြို့
၁။ ဒေါ်ခိုင်လင်းမူ(စဉ်-၃၂၆၅၅)
၂။ ဦးဝင်းသိန်းဦး(စဉ်-၃၂၉၃၃)
၃။ ဦးဇင်ဝင်း(စဉ်-၃၅၅၂၈)
၄။ ဒေါ်မေသူမြင့်ဆွေ(စဉ်-၄၀၆၂၁)
၅။ ဒေါ်ရူပါထွန်း(စဉ်-၄၂၈၇၂)
၆။ ဒေါ်အေးမို့မို့ဝင်း(စဉ်-၄၃၁၁၀)
(အထက်တန်းရှေ့နေများ)

ဘဏ္ဍာရေးဝန်ကြီးဌာန
နေပြည်တော်မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း
နေပြည်တော်ကောင်စီနယ်မြေ

တင်ဒါခေါ်ယူခြင်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် နေပြည်တော်ကောင်စီနယ်မြေ၊ နေပြည်တော် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းရုံး၊ ၅၀ပေ×၄၃ပေ× ၁၃ ပေ သံကူကွန်ကရစ်တစ်ထပ်အဆောက်အအုံအား ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်၍ ခြံစည်းရိုး ပေ၂၀၀×ပေ၂၀၀ ကွန်ကရစ်တိုင် ချိန်းလင့်ကာရံမည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ အိတ်ဖွင့်တင်ဒါနှင့် တင်ဒါစည်းကမ်းများကို ၁၉-၆-၂၀၁၄ရက်မှစတင်၍ ရုံးချိန်အတွင်း နေပြည်တော်ကောင်စီနယ်မြေ၊ နေပြည်တော် မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၉-၇-၂၀၁၄ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ပေးပို့တင်သွင်းရန် ဖြစ်ပါသည်။

ဖုန်း-၀၆၇-၅၅၀၁၇၁၊ ၀၆၇-၅၅၀၁၇၂

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ အထက(၁)သတ္တမတန်း (F)ရှိ မနှင်းစန္ဒာနှင့် အမက(၁၀)စတုတ္ထတန်း (E)ရှိ မောင်စိုးဝဏ္ဏထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော် ၁၄/ဟသတ(နိုင်)၂၀၈၀၆၂ ဖြစ်ပါသည်။

တစ်ဦးတည်းဖြစ်ပါကြောင်း

သံတောင်ကြီးမြို့၊ အမှတ်(၁)ရပ်ကွက်နေ စောခဲခေါ်၏သမီး နော်ဂေါ်ဘို(ခ)နော်ကော်ဘို ၃/သတန(နိုင်)၀၂၆၆၉၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

နော်ဂေါ်ဘို(ခ)နော်ကော်ဘို

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အုန်းတော(၁)ရပ်နေ ဦးဝီလ်ဆင်-ဒေါ်သီတာတို့၏သားလတ် မောင်သက်ပိုင်စိုး ၉/ပမန(နိုင်)၁၅၇၇၇၅သည် မိဘများခွင့်မလွှတ်နိုင်သောကိစ္စရပ်အား ပြုလုပ်သွားပါသဖြင့် ၁၅-၆-၂၀၁၄ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ် ရာသက်ပန်စွန့်လွှတ်လိုက်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးဝီလ်ဆင်(မြန်မာ့မီးရထား)-ဒေါ်သီတာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရန်ကုန်-မန္တလေး အမြန်လမ်း ပြုပြင်ထိန်းသိမ်းရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည့် ရန်ကုန်-စစ်တွေလမ်း (စစ်တွေအပိုင်း)၊ မဇင်-ငပလီ-မြပြင်-လုံးသာလမ်း၊ သံတွဲ-ငပလီလမ်းစသည့် လမ်းအပိုင်းများအဆင့်မြှင့်တင်တည်ဆောက်ခြင်းတို့အတွက် ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/ပြည်နယ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းတစ်လမ်းစီအတွက် လိုအပ်သော လမ်းခင်းကျောက် အရွယ်မျိုးစုံ၊ ဘိလပ်မြေနှင့် လမ်းခင်းပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ စိတ်ပါဝင်စားသူများသည် အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါရုံးများတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) ရန်ကုန်-စစ်တွေလမ်း(စစ်တွေအပိုင်း)

လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၈-၆-၂၀၁၄ ရက်
လျှောက်လွှာပိတ်မည့်ရက်၊ အချိန် - ၂၉-၆-၂၀၁၄ ရက်၊ ၁၆း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၁-၇-၂၀၁၄ ရက်၊ ၁၄း၀၀နာရီ
တင်ဒါရောင်းချ/ဖွင့်လှစ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

ဖုန်း-၀၉-၆၈၁၉၇၈၇၊ ၀၉-၄၀၂၇၆၇၇၄၉၊၀၉-၂၅၀၉၀၂၀၀၄၊ ၀၆၇-၈၁၀၀၁၄၆

(ခ) မဇင်-ငပလီ-မြပြင်-လုံးသာလမ်းနှင့် သံတွဲ-ငပလီလမ်း

လျှောက်လွှာစတင်ရောင်းချမည့်ရက် - ၁၈-၆-၂၀၁၄ ရက်
လျှောက်လွှာပိတ်မည့်ရက်၊ အချိန် - ၂၈-၆-၂၀၁၄ ရက် ၁၆း၃၀နာရီ
တင်ဒါဖွင့်မည့်ရက်၊ အချိန် - ၃၀-၆-၂၀၁၄ ရက် ၉း၀၀နာရီ
တင်ဒါရောင်းချ/ဖွင့်လှစ်မည့်နေရာ - ခရိုင်အင်ဂျင်နီယာမှူးရုံး၊ သံတွဲမြို့၊ ရခိုင်ပြည်နယ်။

ဖုန်း-၀၉-၄၄၈၀၀၁၀၁၆၊ ၀၉-၂၅၀၉၀၂၀၀၄၊ ၀၆၇-၈၁၀၀၁၄၆

ပြင်ဆင်ဖတ်ရှုပါရန်

၅-၆-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ ၁၃ ပါ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာမှ ဈေးဆိုင်ခန်းအမှတ် C1 က-၂၀၄အစား C1က-၂၁၄ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဂန့်ဂေါမြို့တွင် ဗောဓိသက်ရှင်ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီး ထုလုပ်ပူဇော်

ဂန့်ဂေါ ဇွန် ၁၈

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့အနီး၌တည်ရှိသော အောင်တော်မူ ဗောဓိကုန်းတောင်တော်ပေါ်တွင်ဗောဓိသက်ရှင်ဘွဲ့အမည်တော်ရ ရုပ်တော်မူ ဗုဒ္ဓဆင်းတုတော်မြတ်ကြီး တစ်ဆူကို ထုလုပ်ပူဇော်ကိုးကွယ်ထားရှိကြောင်း သိရသည်။

ဗောဓိသက်ရှင် ရုပ်တော်မူဗုဒ္ဓဆင်းတုတော်မြတ်ကြီးကို ကျွန်းသစ်ဖြင့် ထုလုပ်ပူဇော် ကိုးကွယ်ထားရှိခြင်းဖြစ်ပြီး ဉာဏ်တော်ကိုးပေရှိသည်။ ယခု ဗောဓိသက်ရှင် ရုပ်တော်မူဗုဒ္ဓဆင်းတုတော်အဖြစ် ထုလုပ်သော ကျွန်းသစ်လုံးကြီးသည် အလျား ၂၂ ပေ ၊ လုံးပတ် ၇ ပေခွဲရှိပြီး ချင်းပြည်နယ် မတူပီမြို့နယ်အတွင်း ကင်းလိပ်ချောင်းထဲ၌၂၀၀၆ ခုနှစ်မှ ၂၀၁၃ ခုနှစ် ဧပြီ ၂၅ ရက်အထိ ရေတွင်လည်းမမျော၊ တောမီးလည်းမလောင်၊ လူတစ်ဦး တစ်ယောက်ကမျှလည်း ယူဆောင်ခြင်းမပြုကြသဖြင့် အောင်တော်မူဗောဓိကုန်းတောင်တော်သို့ ကားဖြင့်သယ်ဆောင်လာကာ ဉာဏ်တော်ကိုးပေရှိ ဗုဒ္ဓဆင်းတုတော်တစ်ဆူနှင့်ဉာဏ်တော်ခုနစ်ပေရှိ ရှင်သီဝလိရုပ်ပွားတော်တစ်ဆူတို့ကို ထုလုပ်ပူဇော်ကိုးကွယ်ကြခြင်း ဖြစ်သည်။

ဗောဓိသက်ရှင် ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးကို ၁၃၇၅ ခုနှစ် ဝါခေါင်လပြည့် မေတ္တာတော်အခါနေ့ ၂၁-၈-၂၀၁၃ ရက်တွင် စတင်ထုလုပ်တော်မူရာ ယင်းနေ့ နံနက်စောစောမှ မွန်းလွဲ ၁ နာရီတိုင်အောင် မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်။ ဗုဒ္ဓဆင်းတုတော်အား ၂၀၁၃ ခုနှစ် ဩဂုတ် ၂၈ ရက်တွင် ထုလုပ်ပြီးစီးခဲ့သည်။ ရှင်သီဝလိရုပ်တုတော်အား ၂၀၁၃ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် စတင်ထုလုပ်ခဲ့ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃ ရက်က ထုလုပ်ပြီးစီးခဲ့သည်။ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် အောင်တော်မူ ဗောဓိကုန်းတောင်တော်၌ ဗောဓိသက်ရှင်ရုပ်တော်မူရုပ်ပွားတော်မြတ်ကြီးနှင့် ရှင်သီဝလိရုပ်ပွားတော်မြတ်ကြီးတို့ သီတင်းသုံးတော်မူမည့် ဂန္ဓကုဋိတိုက် တည်ဆောက်ရန် မြို့မတောင်ကုန်းကျောင်းတိုက်၊ မြို့မအရှေ့ကျောင်း၊ မြို့မတောကျောင်း၊ ဒက္ခိဏာရာမတောင်ကုန်း၊ ကျောင်းတိုက်တို့မှ ဆရာတော် အရှင်သူမြတ်တို့က အန္တရာယ်ကင်းပရိတ်ကမ္မဝါစာများ ရွတ်ဖတ်ကာ မြေသန့်စင်ပေးတော်မူခဲ့ကြသည်။ မေ ၁၃ ရက်တွင် ဗုဒ္ဓါဘိသေကမင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲကျင်းပခဲ့ကြသည်။

ယခုအခါ အောင်တော်မူ ဗောဓိကုန်းတောင်တော်၌ သီတင်းသုံးစံပျော်လျက်ရှိသော ဗောဓိသက်ရှင်ရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးညို့ပရိသတ်များ၊ ကမ္ဘာ့ဌာန်းဘာဝနာရှုပွားသူများဖြင့် နေ့စဉ်စည်ကားလျက်ရှိသည်။ **ကြီးမြင့်နိုင်(လှိုင်ကော်)**

မြန်မာအုန်းသီး အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်မှဝယ်ယူမှုကြောင့် ဈေးကောင်းရ

ကလေး ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် နန်းဖာလုံဈေးနှင့် ထိစပ်လျက်ရှိသော မိုရေးဈေးမှတစ်ဆင့် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် မိုရေးမြို့မှ မြန်မာအုန်းသီးများကို ဝယ်ယူနေမှုကြောင့် တမူးနှင့် ကလေးဒေသ အုန်းသီးဈေးကွက် အရောင်းသွက်နေကြောင်း သိရသည်။

အုန်းသီးများကို မြန်မာနှစ်သစ်ကူးအပြီးမှစပြီး မဏိပူရပြည်နယ်ဘက်က ဝယ်ယူလာကြကြောင်း၊ အုန်းသီးဝယ်ရောင်း လုပ်နေသူများအနေဖြင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသူများဆီအထိပါသွားပြီး အုန်းသီးများကိုဝယ်ယူကာ အိန္ဒိယနိုင်ငံအထိ ပို့ဆောင်ပေးနေမှုကြောင့် ကလေးမြို့တွင် အုန်းသီးခြောက်တစ်လုံး ငွေကျပ် ၁၅၀ ဈေးပေါက်နေကြောင်း သိရသည်။

အုန်းသီးကို ကလေးမြို့မှ တမူးမြို့ နန်းဖာလုံဈေးအထိ သယ်ယူစရိတ် တစ်လုံးလျှင် ငွေကျပ် ၅၀ ပေးရကြောင်း အုန်းသီးဝယ်ရောင်း လုပ်ကိုင်နေသူတစ်ဦးက ပြောသည်။

"ကျွန်တော်တို့ တမူးနန်းဖာလုံဈေးမှာတော့ မြန်မာပြည် အနယ်နယ်အရပ်ရပ်ကလာတဲ့ အုန်းသီးတွေကို ဝယ်ယူပြီး တစ်ဖက်နိုင်ငံကို ရောင်းရပါတယ်။ ဒီဘက်မှာ ဝယ်ယူမှုများတာက မဏိပူရ ကသည်းကုန်သည်တွေ အဝယ်များပါတယ်၊ ဒီဘက်မှာက မြန်မာဘက်ကလို ကြွက်မြီးအုန်းသီးဆိုတာမျိုး မရောင်းပါဘူး၊ အလုံးလှမယ်၊ အလုံးကြီးမယ်၊ လတ်ဆတ်မယ်ဆိုရင် အရောင်းသွက်ပါတယ်" ဟု တမူး နန်းဖာလုံဈေးမှ အုန်းသီးကုန်သည် ဦးလှမောင်က ပြောသည်။

မြန်မာအုန်းသီးများကို တစ်ဖက်နိုင်ငံမှ စက်မှုကုန်ကြမ်းအဖြစ်နှင့် ကသည်းလူမျိုးတို့ ရိုးရာဘာသာရေးပွဲတော်များတွင် အထွတ်အမြတ်အဖြစ် သုံးစွဲရန်ဝယ်ယူခြင်းဖြစ်ကြောင်း ဦးလှမောင်က ပြောကြားသည်။ မဏိပူရပြည်နယ်က မြန်မာအုန်းသီးကို နှစ်စဉ်သင်္ကြန်ရာသီမှ စတင်ဝယ်ယူပြီး အုန်းသီးအလုံး ၅၀၀၀၀၀ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ယခုရက်ပိုင်း နယ်စပ်ဈေးကွက်သို့ အသွားများသော အုန်းသီးများမှာ ကလေး၊ ဂန့်ဂေါနယ်ထွက် အုန်းသီးများဖြစ်ပြီး မိုးရာသီတွင် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ ကလေးဝ၊ မင်းကင်း၊ ကနီ၊ ဟုမ္မလင်း၊ ဖောင်းပြင် အုန်းသီးများလည်း ယူချောင်းရေကြောင်းလမ်းမှ လာရောက်ရောင်းချကြကြောင်း ၎င်းကုန်သည်က ပင်ပြောသည်။

ယခုရက်ပိုင်း နယ်စပ်ရောက် အုန်းသီးတစ်လုံးကို အိန္ဒိယငွေကျပ် ၁၀ ရူပီးမှ ၁၅ ရူပီးအထိ အရောင်းအဝယ်ဖြစ်ပြီး နယ်စပ်နေ့စဉ်ရောင်းဝယ်မှုတွင်(ပတ္တားဈေး)ခေါ် နယ်စပ်ငွေလွှဲနှုန်းအပေါ်မူတည်၍ ဈေးအတက်အကျဖြစ်ပေါ်ကြောင်း သိရသည်။ **သျှင်နေမင်း**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သတင်းတိုများ

ပြည်သူ့ဆေးရုံအတွက် E.C.G စက်တစ်လုံးနှင့် အထက အင်းတော်အတွက် စာသင်ခုံများလှူဒါန်း

အင်းတော် ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီ (မစက)၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အစည်းအဝေးကို ဇွန် ပထမပတ်က အင်းတော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ထို့နောက် မစက ဥက္ကဋ္ဌ ဦးဆန်နီက ယာဉ်လုပ်သားဆုကြေး ငွေကျပ် ၁၃၅၁၅၅ ကို ယာဉ်လုပ်သားတစ်ဦးအားလည်းကောင်း၊ အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံအတွက်တန်ဖိုးငွေနှင့် သယ်ယူခငွေကျပ် ၁၂၅၅၀၀၀ တန်ဖိုးရှိ E.C.G စက်တစ်လုံးကို မြို့နယ်ဆရာဝန်ကြီး ဦးမျိုးဇော်လှ ထံလည်းကောင်း၊ အင်းတော်အထကအတွက် စာသင်ခုံအစုံ ၃၀ ကို ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် ၁၀၅၀၀၀၀ တန်ဖိုးရှိ စာသင်ခုံအစုံ ၃၀ ကို အထက အင်းတော်ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးထံလည်းကောင်း လှူဒါန်းပေးအပ်ရာ ဆရာမကြီး ဒေါ်မိုးမိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(၁၅၆)**

စည်းကမ်းသတ်မှတ်ချက်များအတိုင်း ရှိ/မရှိ အဝေးပြေးယာဉ်များ နေ့စဉ်စစ်ဆေး

တောင်ကြီး ဇွန် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရှမ်းပြည်နယ်ရုံး တောင်ကြီးမှ ညွှန်ကြားရေးမှူး ဦးဇေယျာအေးနှင့် ရုံးဝန်ထမ်းများသည် အေးသာယာအဝေးပြေးကားဂိတ်တွင် တိုင်းဒေသကြီး/ပြည်နယ်၊မြို့နယ်အနှံ့သို့ ခရီးထွက်ခွာမည့် အဝေးပြေးယာဉ်များကို မေ ၂၀ ရက်မှစ၍ နေ့စဉ်ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ခရီးသည်ပို့ဆောင်ရေး အဝေးပြေးယာဉ်များ ခရီးစဉ်မထွက်ခွာမီပြည့်စုံစွာ ဆောင်ရွက်ထားရှိရမည့် စည်းကမ်းသတ်မှတ်ချက်များ လိုက်နာမှုရှိမရှိနေ့စဉ် စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ ဇွန် ၂ ရက်က ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာန တောင်ကြီးရုံးမှ ညွှန်ကြားရေးမှူး ဦးဝေလင်းအောင်ဦးစီးအဖွဲ့နှင့် ပူးပေါင်း၍ တောင်ကြီးမှ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မကွေး၊ ပုဂံ၊ မုံရွာများသို့ ထွက်ခွာမည့် အဝေးပြေးယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့်တွေ့ဆုံပြီး ယာဉ်အရေးပေါ် ထွက်ပေါက်ပါရှိရမည့် လက်သုံးကိရိယာများ၊ မီးသတ်ဆေးဘူး၊ အရက်သေစာသောက်စားထားမှု ရှိ မရှိတို့အားလည်းကောင်း၊ ယာဉ်စီးခရီးသွားအချို့နှင့် တွေ့ဆုံပြီး ယာဉ်တွင်ပါရှိသည့်အရေးပေါ် ထွက်ပေါက်၊ လက်သုံးကိရိယာများ အသုံးပြုမှု၊ ယာဉ်မောင်းနှင်နေစဉ် ထိုင်ခုံခါးပတ်များ ပတ်ထားကြရန် စသည့်အချက်များအား မေးမြန်းရှင်းလင်းပြောကြားခဲ့သည်။ ယာဉ်မောင်းများ ယာဉ်မောင်းနှင်နေစဉ် လက်ကိုင်ဖုန်းမပြောရန်နှင့် ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းပြောကြားမှုကိုတွေ့ပါက ယာဉ်အမှတ်၊ ခရီးစဉ်၊ အချိန်နှင့်တကွ ခရီးသည်များက တိုင်ကြားနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(ပြည်နယ် ပို့/ဆက်)**

ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာန၊ စစ်တွေမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာန အောက်ဖော်ပြပါမီးသတ်ယာဉ်/စက်၊ မီးသတ်ပစ္စည်းကိရိယာနှင့် ရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	မီးငြိမ်းသတ်ယာဉ်	၈စီး
(ခ)	မီးသတ်ရေသယ်ယာဉ်	၈စီး
(ဂ)	အပေါ့စားမီးသတ်စက်	၁၅ လုံး
(ဃ)	မိတ္တူကူးစက်(လေဆာ)	၄လုံး
(င)	Computer & Colour Printer(Inkjet)	၄စုံ
(စ)	Fax smile(laser)	၆လုံး

၂။ ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာနလက်အောက်ရှိ (မာန်အောင်၊ မောင်တော၊ ပုဏ္ဏားကျွန်း) မြို့နယ်များတွင် ၅ ယူနစ် မီးသတ်စခန်းနှင့် လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်သွားမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၂၀-၆-၂၀၁၄ရက်မှ စတင်ရောင်းချမည်ဖြစ်ပြီး ၃၀-၆-၂၀၁၄ ရက် ၁၆:၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ရခိုင်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံး ဖုန်း- ၀၄၃-၂၁၆၀၅၊ ၀၉-၄၉၆၇၉၂၂ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန ဒဂုံတက္ကသိုလ်

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်အစီအစဉ်ဖြင့် အောက်ဖော်ပြပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်-

၁။ **သင်တန်းအမည်** - ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ်ဘွဲ့လွန် ဒီပလိုမာသင်တန်း (Post Graduate Diploma on Geographic Information System)(PGDGIS)

၂။ **သင်တန်းဝင်ခွင့်အရည်အချင်း** - သင်တန်းတက်ရောက်လိုသူများသည် အနည်းဆုံး တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိထားသူ ဖြစ်ရမည်။

၃။ **သင်တန်းကာလ/အချိန်** - (၁) ၂၀၁၄ ခုနှစ် ဇွန်လမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအထိ ၉လသင်တန်း
(၂) စနေနေ့ နံနက် ၈း၃၀ မှ ညနေ ၃း၃၀ နာရီ တနင်္ဂနွေနေ့ နံနက် ၈း၃၀ မှ မွန်းလွဲ ၁၂း၃၀နာရီအထိ

၄။ **သင်တန်းဖွင့်မည့်ရက်** - သင်တန်းများကို ၂၉-၆-၂၀၁၄ ရက်မှစ၍ ဖွင့်လှစ်ပါမည်။

၅။ **သင်တန်းလက်ခံမည့်ရက်** - သင်တန်းကို ၂၃-၆-၂၀၁၄ ရက်မှစ၍ လက်ခံပါမည်။

၆။ **သင်ကြားမည့်ဌာန** - ပထဝီဝင်ဌာန၊ ဒဂုံတက္ကသိုလ်

၇။ **ဆက်သွယ်ရန်လိပ်စာ** - လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဒဂုံတက္ကသိုလ်နှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဒဂုံတက္ကသိုလ်၊ ပထဝီဝင်ဌာန၊ ဖုန်း-၅၈၅၀၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

သင်တန်းကြီးကြပ်ရေးကော်မတီ
ဒဂုံတက္ကသိုလ်

ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ငါးထပ်ကြီးကျောင်းတိုက်၊ ဒေါ်နုခင်ကျောင်း ဆရာတော်ဘဒ္ဒန္တနန္ဒိယ၏ သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆) ဝါရမွေးနေ့မင်္ဂလာပွဲ၌ မနောရမလေးထပ်သိမ်ကျောင်း မဟာဗောဓိစေတီတော်မြတ်အား အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ခုနစ်ရက် မဟာသတိပဋ္ဌာန်တရားစခန်းပွဲတို့ဖြင့် ပူဇော်မည်ဖြစ်ပါသည်။ တရားအားထုတ်လိုသူများ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အအေးလှူဒါန်းလိုသူများ ကြိုတင်၍ စာရင်းပေးသွင်းကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နိုးဆော်သတိပေးအပ်ပါသည်။ မွေးနေ့ ၂၅-၆-၂၀၁၄ရက်တွင် ကြွရောက်လာသော ဧည့်ပရိသတ်တို့အား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။

ပဋ္ဌာန်းဖွင့်ပွဲ - ၂၂-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၀၀နာရီ (၁၃၇၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀ ရက်မှ ၁၃ ရက်အထိ) ၂၂-၆-၂၀၁၄ ရက်မှ ၂၅-၆-၂၀၁၄ ရက်အထိ

ပဋ္ဌာန်းသိမ်းပွဲ - ၂၅-၆-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၀၀နာရီ

အရုဏ်ဆွမ်းကပ်ချိန် - နံနက် ၅း၃၀နာရီ

နေ့ဆွမ်းကပ်ချိန် - နံနက် ၁၀း၃၀နာရီ

တရားစခန်းပွဲ - ၁၃၇၆ခုနှစ် နယုန်လပြည့်ကျော် ၁၃ ရက်မှ ဝါဆိုလဆန်း ၅ ရက်အထိ ၂၅-၆-၂၀၁၄ ရက်မှ ၁-၇-၂၀၁၄ ရက်အထိ

ပွဲကျင်းပရေးကော်မတီ
ဒေါ်နုခင်ကျောင်း၊ ငါးထပ်ကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်
ဖုန်း-၀၁-၅၄၀၀၁၉၊ ၀၉-၅၀၆၃၆၆၄

အမည်မှန်

ဖားကန့်မြို့နယ်၊ ဆန်းကြွယ် အမက မူလွန်ကျောင်း သတ္တမတန်းမှ မဇင်မာအောင်၏ အမည်မှန်မှာ မဇင်နွယ်အောင် ဖြစ်ပါကြောင်း။

မဇင်နွယ်အောင်

ဖခင်အမည်မှန်

ဦးသန်းစိန် ကိုယ်ပိုင်အထက်တန်းကျောင်းမှ (၇)တန်း မဆုလှဲ့စန္ဒာ၊ (၆)တန်း မဟေမာထွန်းတို့၏ ဖခင်အမည်မှန်မှာ ဦးလောဂူ ဖြစ်ပါသည်။

ပျောက်ဆုံးခြင်း

ကျွန်မ မနီနီဝင်းလွင် ၁၂/အလန(နိုင်)၀၄၃၃၆၁ ၏ ပတ်စ်ပို့နံပါတ် မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၃၉၆၃၃၈**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇က/၅၅၄၅ Toyota Publica kp 39/ပစ်ကပ်ယာဉ်လက်ဝယ်ရှိသူ သာသာနုဗိမာန်ရွှေကျင်ကျောင်းမှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

အမည်ပြောင်း

ဆားလင်းကြီးမြို့နယ်၊ ကံကုန်းရွာ၊ အခြေခံမူလတန်းကျောင်းမှ ဦးထွန်းထွန်းနိုင်၏ သမီးကြီး မရွှန်းစန္ဒီဝင်းအား မသီရိယသော်ဟုလည်းကောင်း၊ သမီးငယ် မရွှန်းသီတာထွန်းအား မသွန်းဆုဝသန်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ထီးလင်းမြို့နယ် ထန်းပင်ကုန်းရွာအနီး သံသေချောင်းတံတားတည်ဆောက်ပြီးစီး

ထီးလင်း ဇွန် ၁၈

O_2Bမုန်တိုင်း၌မျောပါခဲ့ပြီး ခံနိုင်ဝန် ၁၃ တန်မျှသာရှိသော မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် ထန်းပင်ကုန်းရွာအနီးရှိ သံသေချောင်းတံတားကို အသစ်တည်ဆောက်လျက်ရှိရာ ယခုအခါ တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း တာဝန်ယူတည်ဆောက်နေသော တံတားအထူးအဖွဲ့ (၁၃) တာဝန်ခံအင်ဂျင်နီယာထံမှ သိရသည်။

အဆိုပါတံတားကို ပခုက္ကူ-ပေါက်-ထီးလင်း-ဂန့်ဂေါလမ်း မိုင်တိုင် ၉၉/၄ နှင့် ၉၉/၅ကြား တံတားအမှတ် ၁/၁၀၀ သံသေချောင်း၌ ဆောက်လုပ်ခြင်းဖြစ်သည်။ တစ်ဖက်လျှင် လူသွားလမ်း နှစ်ပေခြောက်လက်မစီနှင့် ယာဉ်သွားလမ်း ၂၄ ပေအပါအဝင် အားလုံးပေါင်း ၂၉ ပေအကျယ်၊ တံတားအုတ်မြစ်လေးပေ Dia Spun Pipe နှင့် သံကူကွန်ကရစ်အခန်းဖွင့်ဖွဲ့စည်းပုံ ပေ ၆၀ ရှိ အခန်းသုံးခန်း စုစုပေါင်းအရှည် ပေ ၁၈၀ ရှိသည်။ တံတားခံနိုင်ဝန် ယာဉ်တစ်စီးခြင်း တန် ၆၀ ရှိပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ခဲ့ရာ မိုးကာလ၌ မိုးများခြင်း၊ ရေကြီးခြင်းနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

"အရင်တံတားက သေးပါတယ်၊ အခုလို ကြီးမားခိုင်ခံ့တဲ့ တံတားကြီး တည်ဆောက်ပေးတာ ဝမ်းသာပါတယ်။ ဆိုင်ကယ်နဲ့ ကားကြီး ကားငယ်အလွယ်တကူ မြန်မြန်သွားလာနိုင်ပါတယ်။ ဒီတံတားက ဂန့်ဂေါမှ ထီးလင်း၊ ကျောက်ထု အဲ့ဒီကနေ မင်းတပ်၊ မတူပီ၊ ဆော၊ ကန်ပက်လက်၊ ပခုက္ကူ၊ မန္တလေးအထိ သွားလာရာလမ်းမှာရှိပါတယ်"ဟု ထန်းပင်ကုန်းရွာမှ ဦးကျော်စိန်က ပြောသည်။

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လမ်း၊ တံတားများ တည်ဆောက်ပြုပြင်လျက်ရှိရာ တစ်ဖက်လျှင် နှစ်ပေ ခြောက်လက်မနှင့် ယာဉ်သွားလမ်း စုစုပေါင်း ၂၄ ပေ စုစုပေါင်း ယာဉ်သွားလမ်း ၂၉ ပေ အကျယ်နှင့် တံတားအုတ်မြစ်လေးပေ Dia Spun Pipe နှင့် သံကူကွန်ကရစ်တံတားများ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ(၁) သံသေချောင်းတံတားအပါအဝင် (၂) ပခုက္ကူ-ပေါက်-ကျင်း-ထီးလင်းကားလမ်း၌ မိုင်တိုင်၈၄/၅ နှင့် ၈၄/၆ ကြား အရှည်ပေ ၄၀ ရှိတံတားအမှတ် ၁/၈၇၊ အလယ်တန်းတံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀ နှင့် (၃) အဆိုပါကားလမ်းရှိ မိုင်တိုင် ၁၀၆/၀ နှင့် ၁၀၆/၁ အရှည်ပေ ၆၀ ရှိ တံတားအမှတ် ၁/၁၀၇ ငပွေးချောက်တံတားကို ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၃၇၊ (၄)မိုင်တိုင် ၁၁၂/၁ နှင့် ၁၁၂/၂ ကြား အရှည်ပေ ၈၀ ရှိ တံတားအမှတ် ၂/၁၁၃ ထိန်တိုင်း တံတားခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၈၈၊ (၅)မိုင်တိုင် ၁၁၄/၀ နှင့်၁၁၄/၁ ကြားရှိ အရှည်ပေ ၅၀ ရှိ တံတားအမှတ် ၁/၁၁၅ ဆေးမင်းတောတံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း၁၂၁၊ (၆)မိုင်တိုင်အမှတ် ၁၁၆/၅ နှင့် ၁၁၆/၆ ကြား အရှည်ပေ ၅၀ ရှိ တံတားအမှတ် ၁/၁၁၇ ရေခါးချောက်တံတားကို ခွင့်ပြုရန်ပုံငွေကျပ် သန်း ၁၄၅၊ (၇)ငဖဲ-စေတုတ္တရာ-ဆော-ထီးလင်းလမ်း-ပန်းဆန်-ထီးလင်းလမ်းပိုင်း မိုင်တိုင် ၁၇/၁ နှင့် ၁၇/၂ အကြားရှိ ရှည်ပေ ၁၂၀ ရှိ တံတားအမှတ် ၁/၁၈ အောင်းတံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၅၊ (၈) မိုင်တိုင် ၂၄/၀ နှင့် ၂၄/၁ ကြား အရှည်ပေ ၆၀ရှိ တံတားအမှတ် ၁/၁၀၀ ထီးလင်းမြို့ဝင် တံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၆၈ နှင့် (၉) ဆေးမင်းတော-တောမ-ရေမျက်နီ ကားလမ်း မိုင်တိုင် ၉၁/၄ နှင့်၉၁/၅ ကြားအရှည်ပေ ၈၀ ရှိ တံတားအမှတ် ၁/၉၂ ညီနောင်တံတားကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၅၅ တို့ဖြင့် တည်ဆောက်ကြောင်းနှင့် မြေသားလမ်းတိုးချဲ့ဖောက်လုပ်ခြင်း၊ အမာခံကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းများ ရေပြွန်တံတားများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖိုးသားလေး(ယောမြေ)

မိုးနဲမြို့တွင် မွေးမြူရေးစရိတ်များ ထုတ်ချေး

မိုးနဲ ဇွန် ၁၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ မွေးမြူရေးစရိတ်ချေးငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပွဲကို မြို့နယ်ကမ္ဘောဇခန်းမ၌ ဇွန် ၁၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ နို့စားနွားမွေးမြူရေးအစုအတွက် ငွေကျပ် ၁၃၅ သိန်း၊ ငါးမွေးမြူရေးအစုအတွက် ငွေကျပ် ၈၄ သိန်း၊ အသားစား နွားမွေးမြူရေးအတွက် ငွေကျပ် ၆၃ သိန်း၊ ဥစားကြက်မွေးမြူရေးအတွက် ငွေကျပ် ၁၈ သိန်းကို အစုအဖွဲ့အလိုက် ချေးငွေများကို တာဝန်ရှိသူများက မွေးမြူရေးအစုအဖွဲ့ ၁၈ ဖွဲ့အတွက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

နှမ်းစပါးစိုက်ပျိုးရေလုံလောက်ရရှိ၍ လျာထားချက်ပြည့်မီ အောင်မြင်ဖြစ်ထွန်း

ဆိပ်ဖြူ ဇွန် ၁၈

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသဝမ်းစာဖူလုံစေရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံအဝန်းတွင် ဆည်တာတမံများ တည်ဆောက်ခြင်း မြစ်ရေတင် စိုက်ပျိုးရေးစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စုရှိ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ မြစ်ရေတင်စနစ်ဖြင့် နှစ်စဉ်မိုးစပါး နှမ်းစပါးစိုက်ပျိုးလျက်ရှိရာ ယခုနှစ် နွေရာသီတွင် လျာထားနှမ်းစပါးစိုက်ဧက ၂၇၅ ဧက လျာထားခဲ့ပြီး လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေအလုံအလောက် ရရှိ၍ လျာထားစိုက်ဧက ပြည့်မီစွာ စိုက်ပျိုးနိုင်ခဲ့သည်။

အောက်ဆိပ်လျှပ်စစ် မြစ်ရေတင်မှ တောင်သူများသည် ပုလဲသွယ်၊ ဆင်းသုခ၊ ရွှေပြည်ဌေး စသည့်အထွက်နှုန်းကောင်း မျိုးစပါးများကို စိုက်ပျိုးထားရှိပြီး တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် ရေအရင်းအမြစ် ဝန်ထမ်းများက လက်တွေ့သရုပ်ပြ ဟောပြောပွဲများ သိပ္ပံနည်းကျ စိုက်ပျိုးစနစ် (၁၄)ချက်ဖြင့် စိုက်ပျိုးရေးဟောပြောအသိပညာများပေးခဲ့ပြီး ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။ ရေကိုအကျိုးရှိစွာသုံးစွဲနိုင်ရေး၊ ရေအလုံအလောက်ရရှိစေရေးနှင့် ရေသောက်ဧရိယာ ပြည့်နိုင်ရေးအတွက် ရေမြောင်းများကို ရေစီးရေလာကောင်းမွန်စေရေးအတွက် တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လျာထားချက်အောင်မြင်စွာ စိုက်ပျိုးနိုင်မှုကြောင့် တောင်သူများ ဝမ်းသာလျက်ရှိကြောင်း သိရသည်။

စိုးလင်းနိုင်(iprd)

သတင်းတို

တံတားမြို့နယ်ခွဲ၌ GSM တာဝါတိုင်တည်ဆောက်

ကျောက်တန်း ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကျောက်တန်းမြို့တံတားနယ်ခွဲတွင် မြန်မာ့ဆက်သွယ်ရေးနှင့် အေးရှားမီဂါလင့်ကုမ္ပဏီတို့ ပူးပေါင်း၍ မေ ၂၀ ရက်မှစတင်ကာ GSM တာဝါတိုင်ကို တည်ဆောက်လျက်ရှိသည်။ ကျေးလက်နေပြည်သူများ ဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေကျပ်နှစ်သိန်းတန်နှင့် ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်း မိုဘိုင်းဖုန်းများကို ယနေ့အထိ ရောင်းချပေးဆဲဖြစ်သည်။ သို့သော် ပြည်သူများ သုံးစွဲလျက်ရှိရာတွင် လိုင်းကျပ်မှုများကြောင့် အဆင်မပြေမှုများ ရှိသော်လည်း ယခုအခါတံတားမြို့နယ်ခွဲ ဆက်သွယ်ရေးရုံးဝင်းအတွင်း တည်ဆောက်လျက်ရှိသော GSM တာဝါတိုင်ကို ကြည့်ရှု၍ မြို့နယ်ခွဲအတွင်းရှိ ပြည်သူများအနေဖြင့် ဝမ်းသာပီတိဖြစ်လျက်ရှိပြီး GSM တာဝါတိုင်ကြီး ပြီးစီးပါက လွယ်ကူကောင်းမွန်စွာဖြင့် ဖုန်းပြောနိုင်တော့မည်ဟု ဒေသခံပြည်သူတစ်ဦးက ပြောဆိုကြောင်း သိရသည်။ **တင်နိုင်ဝင်း**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၀၊ မြေကွက်အမှတ် ၅၉၇၊ မြေကွက်တည်နေရာအမှတ် ၅၉၇၊ (၉၀) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် (ဦးကျော်သိန်း)အမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးကျော်သိန်း ၁၂/အစန(နိုင်) ၀၄၇၅၄၄ ကိုယ်တိုင်က မြေချပါမစ်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် ဂရန်လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့မင်္ဂလာဆုမွန်လွှာ

သမီးလေး **ကောင်းကောင်း@ဒေါက်တာခင်ကောင်းမွန်ဆွေ** (AMO; Asia Royal Hospital)၏ ၁၉-၆-၂၀၁၄ရက်တွင် ရောက်ရှိသော (၂၅)နှစ်ပြည့် ငွေရတုမွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကျန်းမာပျော်ရွှင်ပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသောအကျိုးကို သယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ဖေဖေ - ဦးမြင့်ဆွေ(ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန
မေမေ - ဒေါ်ခင်အုန်းမြင့်
ကိုကြီးနှင့် မမ - ကိုပြည့်စုံဟိန်းဆွေ၊ မမီမီမောင်(ခ) မမြတ်စုမွန်
ချစ်တူလေး - မောင်ဘုန်းပြည့်ဟိန်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
သံဖြူဇရပ်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆

ဒေါ်ရုံ	**နှင့်**	၁။ ဦးအေး	၂။ ဒေါ်မြင့်
(၎င်း၏အထွေထွေကိုယ်စားလှယ်		၃။ မစော	၄။ အဗလိုင်
စာရသူ ဦးတင်ဝင်း)		၅။ အမောင်	၆။ မဝင်း
		၇။ မင်းအောင်	၈။ ဦးဘိုင်
တရားလို		**တရားပြိုင်များ**	

သံဖြူဇရပ်မြို့နယ်၊ ရသေ့တောင်ကျေးရွာနေ (၃)မစော၊ (၄)အဗလိုင်၊ (၅) အမောင်၊ (၆)မဝင်း၊ (၇)မင်းအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အမွေပုံပစ္စည်းစီမံခန့်ခွဲအုပ်ချုပ်ခွဲဝေပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၄ရက် (၁၃၇၆ ခုနှစ် နယုန်လပြည့်ကျော် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှမျိုးလွင်)
မြို့နယ်တရားသူကြီး
သံဖြူဇရပ်မြို့နယ်တရားရုံး

ပန်းချစ်သူ နံ့သာဖြူသဘာဝအသားချောသနပ်ခါး
ပုလဲရူပါ ရှင်မတောင်သဘာဝအသားချောသနပ်ခါး
ပုလဲရတနာ သံပရာ တင်းတိပ်၊ ဝက်ခြံပျောက်သနပ်ခါး

ရန်ကုန်မြို့၊ သိမ်ကြီးဈေးနှင့် အမြို့မြို့အနယ်နယ်ရှိ အလှကုန်ဆိုင်များတွင် ရရှိနိုင်ပါသည်။

ဖုန်း-၀၁-၅၄၀၄၀၅၊ ၀၉-၇၃၀၈၂၁၁၃၊ ၀၉-၅၁၆၅၆၁၈၊ ၀၉-၅၁၈၁၂၂၆၊ ၀၁-၂၄၆၃၂၀၊ ၀၁-၃၉၅၇၅၁

ကျေးဇူးဆပ်ပါမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်၊ ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၂)တိုးချဲ့ ပိုင်ရှင်ဦးစိုးမိုး စီ ၁၆ လမ်းနှင့် စီ ၁၇ လမ်းကြား အကွက်အမှတ် ၁၄၈ နှင့် ၁၉၁ တွင် နေထိုင်လုပ်ကိုင်လျက်ရှိသော ကျွန်တော်၏ မြေချပါမစ်မှာ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်တွေ့ရှိပါက အကြောင်းကြားပါရန် မေတ္တာရပ်ခံပါသည်။

ပိုင်ရှင် ဦးစိုးမိုး ၁၄/မအပ(နိုင်)၁၆၅၈၄၀
ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၆၄၁၇၄၄၊ ၀၉-၅၁၉၉၀၈၀

မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်း(ဒလ-ပျော်ဘွယ်ကြီး)၏
လစဉ် ဝိပဿနာ တရားစခန်းဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘဉာဏ်လမ်း၊ အမှတ် ၈၈၈၊ ဓမ္မရသဓမ္မာရုံကြီးတွင် လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်၊ ကမ္မဋ္ဌာနာစရိယချုပ်ဆရာကြီးဦးသန်း၏ တပည့်များအနီးကပ်ညွှန်ပြပို့ချအပ်သော လစဉ်ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ၁-၇-၂၀၁၄ ရက်မှ ၉-၇-၂၀၁၄ ရက်အထိ ဖွင့်လှစ်ပါမည်။ တရားစခန်းဝင်လိုသူများ အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ ဖျော်ရည်လှူဒါန်းလိုသူများ ဖုန်း-၀၉-၃၁၅၆၆၈၂၁၊ ၀၉-၇၃၀၀၈၅၂၈ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

လယ်တီမူအနာဂါမ်ဆရာသက်ကြီးဝိပဿနာအဖွဲ့ချုပ်
(၅၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊
၃၉ အထူး၊ ၁၇၆ ဂိတ်ဆုံး

မကွေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာနတွင် ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ် လက်မှတ်ရသင်တန်းဖွင့်မည်

မကွေး ဇွန် ၁၈

အနာဂတ်မျိုးဆက်သစ်လူငယ်များအတွင်း ခေတ်မီအိုင်တီနည်းပညာသစ်တစ်ခုပြန့်ပွားနိုင်ရန်နှင့် သုတေသနလုပ်ငန်းများတွင် Modern Spatial Technology ကို တွင်ကျယ်စွာအသုံးပြုနိုင်ရန်ရည်ရွယ်၍ မကွေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနတွင် ပထဝီဝင်ဆိုင်ရာသတင်းအချက်အလက်စနစ်၊ လက်မှတ်ရသင်တန်း(Certificate in Geographic Information System)ကို ဇူလိုင် ၃ ရက်မှ စက်တင်ဘာ ၅ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းကို အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် ညနေ ၄ နာရီမှ ၆ နာရီအထိ မကွေးတက္ကသိုလ်တွင် သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကြေးမှာ ငွေကျပ် ၃၀၀၀၀ ဖြစ်ကာ သင်တန်းသားဦးရေ ကန့်သတ်ထားကြောင်း သိရသည်။ သင်တန်းကို မည်သည့်အထူးပြုဘာသာရပ်မဆို တက်ရောက်နိုင်သော်လည်း ဘာသာရပ်ဆိုင်ရာသဘောအရ ဘူမိဗေဒ၊ ပထဝီ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာသိပ္ပံပညာ၊ ရှေးဟောင်းသုတေသန၊ မိုးလေဝသနှင့် ဇလဗေဒဘာသာရပ်များ၊ စည်ပင်သာယာ၊ ရေအရင်းအမြစ်၊ သစ်တောရေးရာ၊ ဆည်မြောင်း၊ မြေစာရင်း၊ ငါးလုပ်ငန်း၊ ပြည်ထဲရေး၊ ကာကွယ်ရေး၊ မီးသတ်ဦးစီးဌာနများနှင့် ဓာတ်သတ္တုတူးဖော်ရေး၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းများအတွက် အထူးသင့်လျော်သောသင်တန်းဖြစ်ကြောင်း သိရသည်။ သင်တန်းသို့ နိုင်ငံသားစစ်စစ်ဖြစ်သူ၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ၊ ကွန်ပျူတာပညာအခြေခံကျွမ်းကျင်သူနှင့် ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနတာဝန်ရှိသူ၏ သင်တန်းတက်ရောက်ခွင့်၊ ခွင့်ပြုချက် အထောက်အထားတင်ပြရမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ တာဝန်ရှိသူတစ်ဦးကရှင်းပြသည်။ သင်တန်းတက်ရောက်ရန် လျှောက်လွှာများကို သင်တန်းရေးရာဌာန မကွေးတက္ကသိုလ်တွင် ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၃-၂၃၁၉၃ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **ကျော်စွာ(မကွေး)**

ကျောက်ပန်းတောင်းမြို့ သမိုင်းဝင်ထိန်ကန်ကြီးတွင် သန့်ရှင်းရေးဆောင်ရွက်

ကျောက်ပန်းတောင်း ဇွန် ၁၈

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ရှိ ထိန်ကန်ကြီးအနီးဝန်းကျင်တွင် စည်းကမ်းမဲ့စွန့်ပစ်အမှိုက်များကို မြို့နယ်အထောက်အကူပြုကော်မတီနှင့်မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် အလွတ်ပညာသင်ကျောင်းများမှ ကျောင်းသားကျောင်းသူလေးများက ဇွန် ၁၅ ရက်ညနေက စုပေါင်းသန့်ရှင်းရေးလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် ယခုအခါ အဆိုပါသမိုင်းဝင် ရေကန်ကြီးနှင့်အနီးဝန်းကျင်နေရာများမှာ ဘုရားဝန်းကျင်ရှိ ပျံ့ကျဈေးသည်များ၏ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့်ပတ်ဝန်းကျင်ညစ်ညမ်းလျက်ရှိနေရာ မြို့နယ်တာဝန်ရှိသူများ၏ စီစဉ်မှုဖြင့် မြို့မရပ်ကွက်ရှိ ဆရာကြီးဦးမောင်မောင်၏ အလွတ်ပညာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူ ၈၀၊ ပြည်တော်သာရပ်ကွက်ရှိ ဆရာဦးစောဝင်း၏ လမင်းသာအလွတ်ပညာသင်ကျောင်းမှ ကျောင်းသားကျောင်းသူ ၆၀ စုစုပေါင်း ကျောင်းသူ၁၄၀ နှင့် ဆရာဆရာမများက ကုသိုလ်ဖြစ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါထိန်ကန်ကြီးမှာ မြို့၏ သမိုင်းဝင်ရေကန်ကြီးဖြစ်ပြီး ကျောက်ပန်းတောင်းမြို့တည်စ ပုပ္ပားတောင်မှစိမ့်စမ်းရေသွယ်ယူသုံးစွဲခြင်းမပြုနိုင်သေးမီကာလများတွင် ထိန်ကန်ရေကို အမှီပြု၍ နှစ်ပတ်လည် သုံးစွဲခဲ့ကြခြင်းဖြစ်ကာ နှစ်ပေါင်း၂၀၀ ကျော်ရှိပြီဖြစ်ကြောင်း သိရသည်။ **နေအောင်**

ပန်းဘဲလုပ်ငန်းထွက် လက်သမားသုံးပစ္စည်းများ မြို့ကြီးများသို့ တင်ပို့ရောင်းချရ

မိတ္ထီလာ ဇွန် ၁၈

စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ကင်းကျေးရွာဒေသခံများ၏ မိရိုးဖလာပန်းဘဲလုပ်ငန်းထွက် လက်သမားသုံးပစ္စည်းများကို စစ်ကိုင်း၊ မုံရွာ၊ မန္တလေးမြို့ကြီးများသို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

"ကင်းရွာမှာ ပန်းဘဲလုပ်ငန်းကို ယနေ့အထိ လုပ်ကိုင်နေကြပါတယ်။ တူ၊ ဆောက်၊ တူရွင်း၊ ချိန်သီးစတဲ့ လက်သမားသုံးပစ္စည်းအမျိုးမျိုးအပြင် ပဲခွပ်၊ ဓား စတဲ့ပစ္စည်းတွေကိုလည်း ပြုလုပ်ပြီးတော့ ထွက်ရှိတဲ့ ပန်းဘဲပစ္စည်းများကို စစ်ကိုင်း၊ မုံရွာ၊ မန္တလေးမြို့ကြီးများသို့ အဓိကတင်ပို့ရောင်းချနေပါတယ်။ ပုဂံ၊ ညောင်ဦး၊ ပခုက္ကူ၊ ရေစကြိုမြို့တွေဘက်ကိုတော့ အနည်းအကျဉ်းတင်ပို့ရောင်းချပါတယ်" ဟု ဒေသခံ ပန်းပဲလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

ကင်းကျေးရွာထွက် လက်သမားသုံးပစ္စည်းများသည် အရည်အသွေးကောင်းမွန်ခြင်းကြောင့် ဈေးကွက်တွင်နာမည်ရကာ အထူးသဖြင့် ကင်းကျေးရွာထွက် ဆိတ်ချိုတူများသည် တရုတ်နိုင်ငံထုတ် ဆိတ်ချိုတူများ၏အရည်အသွေးထက် အဆင့်မီခြင်းကြောင့် လူကြိုက်များပြီး ပန်းဘဲဖိုထွက် ဆိတ်ချိုတူတစ်ချောင်း ငွေကျပ်၇၀၀ နှုန်းဖြင့် ဈေးကွက်သို့တင်ပို့ရောင်းချရပြီး ဈေးကွက်တွင် ငွေကျပ် ၂၀၀၀အထိ ပြန်လည်ရောင်းချကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

သတင်းတိုများ

မူလတန်းလွန်ကျောင်းများ အဆင့်တိုးမြှင့်ခွင့်ရ

မြင်းခြံ ဇွန် ၁၈

မန္တလေးတိုင်း ဒေသကြီးတွင် ယခုပညာသင်နှစ်တွင် အခြေခံပညာ မူလတန်းကျောင်းများနှင့် မူလတန်းလွန်ကျောင်းများကို အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိရာ မူလတန်းကျောင်းငါးကျောင်းနှင့် မူလတန်းလွန်ကျောင်း ၁၇၂ ကျောင်း စုစုပေါင်း ၁၇၇ ကျောင်းကို အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ခွင့်ရခဲ့ကြောင်း သိရသည်။ ထို့အပြင် မြင်းခြံမြို့နယ်မှ ခေါင်းကွဲကျေးရွာ၊ အနိမ့်ကျေးရွာ၊ သစ်ရုံကျေးရွာ၊ တူရွင်းဘို့ကျေးရွာ၊ ပျားကျေးရွာ၊ ပတ္တာ(အနောက်)ကျေးရွာများရှိ မူလွန်ကျောင်း ခြောက်ကျောင်းကိုလည်း အလယ်တန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)

ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်း သင်တန်းဖွင့်

သန်လျင် ဇွန် ၁၈

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် EU တို့ ပူးပေါင်းဖွင့်လှစ်သော ပြည်သူ့ဗဟိုပြု ရဲလုပ်ငန်းသင်တန်း အမှတ်စဉ် (၆/၂၀၁၄) ဖွင့်ပွဲကို ဇွန် ၁၆ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းသို့ သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှ သင်တန်းသား ၁၂ ဦးတက်ရောက်မည်ဖြစ်ကာ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းအကူတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးမင်းဦးနှင့် EU Project မှ Mr.Friedrich Schwindt တို့က အမှာစကား ပြောကြားပြီး သင်တန်းဖွင့်ပွဲသို့ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ **သန်းဝင်း(သန်လျင်)**

ဖခင်အမည်မှန်

လှိုင်သာယာမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော မောင်ဘုန်းထက်သာ၏ ဖခင်အမည်မှန်မှာ ဦးအုန်းလွင် ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မချမ်းမြမြသူ (Grade 10)(G) အထက(၂) ကမာရွတ်နှင့် မအိခိုင်မိုး (Grade 5) အမက(၁၀) ကမာရွတ်တို့၏ ဖခင်အမည်မှန်မှာ ဦးလှမျိုးသူဖြစ်ပါကြောင်း။

ကျေးဇူးဆပ်ပါမည်

မြဝတီမြို့၊ အမှတ်(၄)ရပ်ကွက်၊ မေတ္တာ ၈လမ်းနေ ဦးအောင်ဇော်လွင် ၅/ဝလန(နိုင်)၁၂၅၇၀၅၏ သွင်းကုန်လိုင်စင်မူရင်းအမှတ် WQ IL1 13-14 7570 (22-1-2014) MGS Beverages Co.,Ltd. ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **ဖုန်း-၀၉-၄၅၀၀၆၇၁၄၅**

အများသိစေရန်ကြေညာခြင်း

၂၀၁၄ ခုနှစ် မေ ၃၁ ရက် (စနေနေ့)တွင် ထုတ်ဝေသော မြန်မာ့အလင်းသတင်းစာပါ အတွဲ ၅၃၊ အမှတ် ၂၃၈၊ စာမျက်နှာ ၂၆ ပါ လှိုင်သာယာမြို့နယ်၊ မန္တလေးလမ်း၊ မြို့ကွက်အမှတ် (သကမ)၊ မြေကွက်အမှတ် ၁၃/၁၈၆၄/ခ၊ မြေအကျယ်ပေ(၂၀×၆၀)ရှိ ဒေါ်စွပ္ပမားအမည်ပေါက်ဖြင့် မြေနေရာရောင်းချခွင့်ရှိသူ ဦးကျော်မြင့် YDN-၀၂၉၅၈၈ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားသူ ဒေါ်လေးသက်မွန် ၁၄/ရကန(နိုင်)၀၈၅၃၅၉၊ အခန်း ၃-B၊ အမှတ် ၁-A၊ သာယာအေး ၁ လမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေသူနှင့် အကြောင်းအမျိုးမျိုးကြောင့်စရန်ပေးစာချုပ် ပျက်ပြယ်သွား၍ ဝယ်ယူရန်စရန်ပေးသူ ဒေါ်လေးသက်မွန်အား စရန်ငွေပြန်လည်ပေးအပ်ပြီးကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။

ဦးဇင်မောင်မောင် LL.B အထက်တန်းရှေ့နေ(စဉ်-၂၈၅၇၀)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၂၊ မြေကွက်အမှတ် ၅၀၅၊ မြေကွက်တည်နေရာအမှတ် ၅၀၅၊ (၈၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဒေါ်မြတ်မြတ်မော် အမည်ပေါက် ပါမစ်မြေအားအမည်ပေါက် ဒေါ်မြတ်မြတ်မော် ၁၂/မဂဒ(နိုင်)၀၄၉၃၉၇ ကိုယ်တိုင်မှ မြေချပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရန်ကြီးအောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ် ၆၀၊ ဧရိယာ(ပေ ၂၀×ပေ၆၀) အကျယ်အဝန်းရှိ မြေအမျိုးအစားနှစ်(၆၀)ဂရန်မြေဟုခေါ်တွင်သော မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးပေါ်ထွန်း CM-011455 [၁၂/သကတ(နိုင်)၀၄၁၉၉၉] အမည်ပေါက်ပြီး ၎င်းကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်အေးဝင်း ၁၂/သကတ(နိုင်)၀၄၂၅၃၁ မှ အမွေဆက်ခံပိုင်ဆိုင်လာသော ပစ္စည်းဖြစ်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတစ်ဦးတည်းရောင်းချပိုင်ခွင့်ရှိသော ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဌေးဌေးဝင်း LL.B, D.I.L, L.C.C.I,(UK) အထက်တန်းရှေ့နေ
အမှတ် ၁၇၂(အေ)၊ မြေညီထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၃၇၅၅၈၊ ၀၉-၄၂၀၃၀၄၉၃၃

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၆၅

ဦးညီညီထွန်း နှင့် ဦးစောဟန် ပါ-၃
တရားလို **တရားပြိုင်များ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ ၂၃လမ်း၊ အမှတ် ၉၁၅နေ တရားပြိုင်များဖြစ်သည့် ဦးစောဟန်၊ ဒေါ်သိန်း၊ ဦးအပါ(ခ)ဦးပါ (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင်တို့အပေါ်၌ ဦးညီညီထွန်းက အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇူလိုင် ၈ရက် (၁၃၇၆ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇွန် ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောစံလှညို)
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ပခုက္ကူတွင် ဒေသဝါးအခြေခံ စက်မှုလက်မှုသင်တန်းဖွင့်

ပခုက္ကူ ဇွန် ၁၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့တွင် ဒေသဝါးအခြေခံ စက်မှုလက်မှုသင်တန်းဖွင့်ပွဲကို ဇွန် ၁၆ ရက်က ပခုက္ကူမြို့ သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်တန်းရက်ကန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မကွေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူရိန်ချစ်ဆွေက ဒေသထွက် သယံဇာတဖြစ်သည့် ဝါးကိုအခြေခံပြီး တန်ဖိုးမြင့် လူသုံးအိမ်သုံးနှင့်အလှဆင်ပစ္စည်းများ တွင်ကျယ်စွာ ထုတ်လုပ်နိုင်ပါက တန်ဖိုးမြင့်ပစ္စည်းများအဖြစ် ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ သယံဇာတ



အရင်းအမြစ်များအား အကျိုးရှိရှိအသုံးချရာရောက်ကြောင်း၊ ထုတ်လုပ်မှုတွင်ကျယ်ပြီး ပြည်တွင်းသာမက ပြည်ပဈေးကွက်တွင်ပါ နေရာရသည်အထိ ရည်ရွယ်မျှော်မှန်းထားကြစေလိုကြောင်း၊ ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မယ်၊ သမဝါယမအသင်းတစ်သင်း ထုတ်ကုန်တစ်မယ်ဖြစ်အောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သင်တန်းတွင် အနုပညာဆန်မှု၊ နည်းပညာပေါင်းစပ်မှု၊ တီထွင်ဖန်တီးမှုများကို အသားပေးသင်ကြားပေးမည်ဖြစ်ရာ သင်တန်းမှရရှိသည့်အတတ်ပညာများမှတစ်ဆင့် မိမိတို့စိတ်ကူးစိတ်သန်းနှင့် တီထွင်ဖန်တီးထုတ်လုပ်နိုင်သည်အထိ ကြိုးစားစေလိုကြောင်းပြောကြားခဲ့သည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပုဂံယွန်းသင်တန်းကျောင်းမှ လက်ထောက်ကထိက ဦးတင်ဝင်းက သင်တန်းနှင့်ပတ်သက်၍ အကြံပြုပြောကြားခဲ့ကာ သင်တန်းတွင် ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြိုတို့မှ သင်တန်းသား သင်တန်းသူ ၃၀ ကို စာတွေ့လက်တွေ့ ၁၅ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

တက္ကသိုလ်ဝင်တန်းအောင်ကျောင်းသားများအတွက် အနာဂတ်ပညာရေးဆွေးနွေးပွဲများ ကျင်းပမည်

ရန်ကုန် ဇွန် ၁၈

ယခုနှစ်တက္ကသိုလ်ဝင်တန်းအောင်မြင်သော ကျောင်းသားများအတွက် အနာဂတ်ပညာရေးဆိုင်ရာ ဗဟုသုတဖြစ်ဖွယ်အကြောင်းအရာများကို စုံစမ်းမေးမြန်းနိုင်ရန် အထောက်အကူပြု ပညာရေးဆွေးနွေးပွဲများကို Crown Education နှင့် Kaplan Global အဖွဲ့အစည်းတို့ ပူးပေါင်း၍ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့အတွက် ဆွေးနွေးပွဲကို Summit Park View ဟိုတယ်၌ ဇွန် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မန္တလေးမြို့ဆွေးနွေးပွဲကို ဇွန် ၂၂ ရက်တွင် Hotel Mandalay (စံပယ်ဖြူခန်းမ)၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မိမိတို့ စိတ်ပါဝင်စားသော ဘာသာရပ်ကို ရွေးချယ်နိုင်ရန်၊ ဘာသာရပ်ရွေးချယ်မှု မမှားရန်၊ နိုင်ငံတကာရှိ တက္ကသိုလ်များသို့ တက်ရောက်ရန် နည်းလမ်းများစသည်ဖြင့် ကျောင်းသားများသိသင့်သည်များကို ဆွေးနွေးမေးမြန်းနိုင်မည်ဖြစ်ပြီး ဆွေးနွေးပွဲများသို့ လာရောက်သူများအား နိုင်ငံတကာပညာရေးလမ်းညွှန် ၂၀၁၄ စာအုပ်များကို အခမဲ့ပေးဝေသွားမည်ဖြစ်ကာ အသေးစိတ်အချက်အလက်များသိရှိလိုပါက Crown Education ဖုန်း-၀၁-၅၂၇၈၃၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သွန်းဝသန်**

တောင်ငူတွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

တောင်ငူ ဇွန် ၁၈

တောင်ငူမြို့ မင်းကြီးညိုရပ်ကွက် နန္ဒကျော်ထင်လမ်းရှိ အလှပြင်ဆိုင် တွင် WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ ကို ဇွန် ၁၆ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ အလှပြင်ဆိုင်သို့ ကယားပြည်နယ် ဒီးမော့ဆိုမြို့တွင် နေထိုင်သော စောအောဒေထူး(၃၁နှစ်) ဆိုသူသည် မူးယစ်ဆေးဝါးများ သယ်ဆောင်လျက်ရောင်းချရန်ရောက်ရှိနေကြောင်း သတင်းအရ တောင်ငူမူးယစ်လှုပ်ရှားမှုအဖွဲ့မှ ဒုရဲအုပ် အောင်ဇေမျိုးဦးဆောင်သည့်အဖွဲ့၊ တောင်ငူခရိုင် မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲအုပ်ဇော်ဝေဦးစီးသောအဖွဲ့၊ တောင်ငူမြို့မရဲစခန်းမှ နယ်ထိန်းဒုရဲအုပ်ဝင်းကိုကို ခေါင်းဆောင်သောအဖွဲ့များသည် သက်သေများနှင့်အတူ သွားရောက်ရှာဖွေရာ စောအောဒေထူး လွယ်ထားသည့် လွယ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၈၈ပြား၊ အစိမ်းရောင် ၁၂ပြား ကာလတန်ဖိုး ကျပ်သိန်း ၆၀ ခန့်နှင့် ဆေးပြား ရောင်းရငွေကျပ် ၁၉၁၀၀ ကို သက်သေများရှေ့တွင် ရှာဖွေတွေ့ရှိခဲ့သည်။ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသူ စောအောဒေထူးကို တောင်ငူမြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူထားကြောင်း သိရသည်။

သူရ(တောင်ငူ)

ဝက်လက်မြို့နယ်တွင် မြေသားရေလှောင်ကန်များတူးဖော်မည်

ဝက်လက် ဇွန် ၁၈

ဝက်လက်မြို့နယ်အတွင်း နွေရာသီရေရှားပါးသည့်ကျေးရွာများတွင် ရေရရှိရန်အတွက် နိုင်ငံတော်သမ္မတ၏ အထူးသီးသန့်ရန်ပုံငွေကျပ် ၇၆ ဒသမ ၁၅သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ကာ ပေ(၄၀၀×၃၀၀×၃)ရှိ မြေသားရေလှောင်ကန်များကို ကျေးရွာ ၂၀ တွင် တူးဖော်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရဲချုပ်နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးတို့၏မှာကြားချက်များ ထပ်ဆင့်ရှင်း

မန္တလေး ဇွန် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ခွဲမှူးတို့၏ မှာကြားချက်များအား အမှတ် (၁၁) ယာဉ်ထိန်းဒုတိယ ရဲတပ်ဖွဲ့ခွဲမှူး (မန္တလေး) ရဲမှူးသိန်းကိုကိုက ယာဉ်ထိန်းရဲအရာရှိနှင့် အခြားအဆင့်တပ်ဖွဲ့ဝင် ၁၇၅ ဦးတို့ကို ဇွန် ၁၅ ရက် နံနက် ၅ နာရီက ထပ်ဆင့်ရှင်းလင်းခဲ့သည်။

ရဲမှူးသိန်းကိုကိုက ရှင်းလင်းပြောကြားရာတွင် စစ်ဆေးအရေးယူမှုများ ပြုလုပ်ရာတွင် အများပြည်သူနှင့် ယဉ်ကျေးစွာပြုမူပြောဆိုဆက်ဆံကြရန်၊ တာဝန်ယူဆောင်ရွက်နေစဉ် တိကျပြတ်သားစွာအရေးယူကြရန်၊ လိုင်စင်မဲ့ယာဉ်များတွေ့ရှိပါက ပြတ်သားစွာအရေးယူဆောင်ရွက်ကြရန်၊ လာဘ်ပေး လာဘ်ယူမှု အဂတိလိုက်စားမှုကင်းရှင်းရန်၊ ဆက်သွယ်ရေးစက်ဖြင့် စဉ်ဆက်မပြတ်ချိတ်ဆက်ပြီး အရေးယူဆောင်ရွက်ကြရန်၊ ဆိုင်ကယ်ဖြင့် လုယက်မှုများ ဖမ်းဆီးရမိရေးကို တိုင်းဒေသကြီး ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ ပိတ်ဆို့ဖမ်းဆီး ဆောင်ရွက်ရန်၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းများ လိုက်နာရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို ပြည်သူအား ရှင်းလင်းပေးရန်၊ တာဝန်ထမ်းဆောင်ရာ၌လည်း စစ်ဆေးအရေးယူခြင်းများ လုပ်ဆောင်ရာတွင် ဒဏ်ငွေရရှိရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ဘဲ စည်းကမ်းလိုက်နာကြစေရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်းကို ပြည်သူအား ရှင်းလင်းပေးရန်၊ တာဝန်ထမ်းဆောင်ရာ၌လည်း စည်းရုံးရေးအသွင်ဖြင့် စနစ်တကျဆောင်ရွက်ကြရန်၊ ကျောင်းဖွင့်ချိန် ကျောင်းသား ကျောင်းသူများ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အလေးထား ဆောင်ရွက်ရန်နှင့် စုဖွဲ့ထားသော ရွေ့လျားလှည့်ကင်းအဖွဲ့ဖြင့် ယာဉ်ကြောရှင်းလင်းရေးကို လုပ်ဆောင်ကြရန် စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

အမှတ်(၁၁)ယာဉ်ထိန်း ဒုတိယရဲတပ်ဖွဲ့ခွဲအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲများကို အစဉ်တစိုက် လုပ်ဆောင်လျက်ရှိပြီး ညဏ်စမ်းမေးခွန်းများ ဖြေဆိုစေကာ လုံခြုံစိတ်ချရသည့် ဆိုင်ကယ်စီးဦးထုပ်များကို အခမဲ့ဖြန့်ဝေပေးနေခြင်း၊ နေ့ညမပြတ် စစ်ဆေးအရေးယူမှုများ ပြုလုပ်နေခြင်းတို့မှာ စည်းကမ်းလိုက်နာစေရေးအတွက် လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် နေပူမိုးရွာမရှောင် ယာဉ်ကြောရှင်းလင်းရေး၊ ကျောင်းတက်ကျောင်းဆင်းယာဉ်ကြောရှင်းလင်းရေးတို့ကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

စည်ပင်သာယာရေး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

ကျောက်မဲ ဇွန် ၁၈

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးဌာနရှိ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ ရက်က မြို့နယ် စည်ပင်သာယာရေးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင်က ပညာသင်စရိတ်ထောက်ပံ့မှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြခဲ့ကာ တက္ကသိုလ်အဆင့် တစ်ဦးလျှင်ကျပ် ၃၀၀၀၀၊ အထက်တန်းအဆင့် တစ်ဦးလျှင် ကျပ် ၂၀၀၀၀၊ အလယ်တန်းအဆင့် တစ်ဦးလျှင် ကျပ် ၁၄၀၀၀၊ မူလတန်းအဆင့် တစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဖြင့် စုစုပေါင်း ကျပ် ၃၈၈၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ **ကိုကို(ကျောက်မဲ)**

ASPECT ဝန်ထမ်းအလိုရှိသည် (ပြည်တွင်းမှိုသာဝန်ထမ်းများ)
Aspect Management Security(Myanmar) Co.,Ltd
အောက်ပါမြို့နယ်များတွင် လုံခြုံရေးဝန်ထမ်းများခန့်အပ်ထားရန်
ရန်ကုန်တိုင်း ⇨ မှော်ဘီ
ပဲခူးတိုင်း ⇨ ပြည်၊ အုတ်တွင်း၊ ပေါင်းတည်၊ မြူး၊ အုတ်ဖို၊ လက်ပံတန်း၊
နေပြည်တော် ⇨ ဥတ္တရသီရိ၊ လယ်ဝေး၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ
စစ်ကိုင်းတိုင်း ⇨ ရှောင်းဦး
မန္တလေးတိုင်း ⇨ အောင်မြေသာစံ၊ ပုသိမ်ကြီး၊ ကျောက်ဆည်၊ စဉ့်ကိုင်း၊ တံတားဦး၊ မိတ္ထီလာ၊ နွားထိုးကြီး၊ ရမည်းသင်း
၁။ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား(၃၀)ဦး
(၂၅-၆-၂၀၁၄) ထိ လာရောက်လျှောက်ထားနိုင်ပါသည်။ လစာကောင်းကောင်းပေးမည်။
စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှုရင်း CV Form ဓာတ်ပုံ(၂)ပုံ ရပ်ကွက်ထောက်ခံစာ ... လာရောက်လျှောက်ထားနိုင်သည်။
အမှတ်(39-A)... (Holiday Hotel ...)... ရန်ကုန်မြို့။
Ph : 01-541758, 549069, 540291 Email : aspectmyanmar@gmail.com

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၈စ/၁၃၈၉ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဗိုလ်ကြီးမျိုးလွင်(ငြိမ်း)ကိုယ်တိုင်ဦးစီးသင်ကြားသော
DSA, DSTA, DSMA ဗိုလ်လောင်းဝင်ခွင့်သင်တန်းများ
ဝင်ခွင့်ရေးဖြေ (ENGLISH, MATHS, BIO)
GENERAL KNOWLEDGE,
PHYSICAL & PERSONALITY SKILL
အမှတ် ၃၂၊ ရူဝံလမ်း၊ ဗိုလ်တိုက်ချွန်းလမ်း၊ မင်္ဂလာဒုံ၊
ခရေပင်လမ်းမကြီး၊ (၂/က)စံပြရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ဖုန်း-၀၉-၇၃၀၉၂၁၄၄၊ ၀၉-၄၂၀၀၄၄၀၃၃

ကျေးဇူးဆပ်ပါမည်
ကျွန်တော် မောင်သန့်ဇင်ဦး၏ မှတ်ပုံတင်အမှတ် ၉/ပသက(နိုင်)၀၉၃၇၃၄ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉-၄၃၁၈၃၅၁၅၊ ၀၉-၂၅၄၀၅၃၁၁၃

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၄၄၃၊ အကျယ်အဝန်း(၄၀'×၆၀') နှစ် ၆၀ ဂရန်မြေကွက်၊ အရပ်ခေါ် အိမ်အမှတ် ၄၄၃၊ အနော်ရထာလမ်း၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်နှင့်ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခုရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ အမည်ပေါက် ဒေါ်ခင်စန်းကြည် ၁၃/လရန(နိုင်)၀၀၆၂၂၂ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။
ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းလင်းအောင် LL.B., D.B.L., D.M.L ဒေါ်ဖြူဖြူခိုင် LL.B., D.B.L., D.M.L
တရားလွှတ်တော်ရှေ့နေများ
ဒေါ်ငြိမ်းချမ်းစုရည် LL.B., D.B.L အထက်တန်းရှေ့နေ
အမှတ် ၂၇/ဘီ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၆၊ မြေကွက်အမှတ် ၂၇၇၊ မြေကွက်တည်နေရာအမှတ် ၂၇၇၊ (၈၆)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဒေါ်ချိုအမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ချို၁၂/မဂတ(နိုင်)၀၁၅၄၉၅ ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ဂရန်ပျောက်ဖြင့် ဂရန်မိတ္တူလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉(A)၊ မြေကွက်အမှတ် ၂၄၇၊ မြေကွက်တည်နေရာအမှတ် ၂၄၇၊ ၃၉(A) ရပ်ကွက်၊ ဒဂုံမြောက် ဦးတင်စော AA-၀၉၄၀၁၃ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်စောနှင့်ဇနီး ဒေါ်အေးကွယ်လွန်သဖြင့်(၁) ဦးခင်မောင်ဦး ၁၂/တမန(နိုင်)၀၃၁၉၁၀၊ (၂)ဒေါ်စန်းကြည် ၁၂/တမန(နိုင်)၀၃၁၉၄၁၊ (၃)ဒေါ်ကြည်ကြည်ဝင်း ၁၂/တမန(နိုင်)၀၃၂၄၁၉ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၄၂

မန်နေဂျာ နှင့် ၁။ ဦးခင်မောင်
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်အေးညွှန့်
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၁၁ခုနှစ် တရားမကြီးမှုအမှတ်-၄၁ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁၈ ရက်(၁၃၇၆ခုနှစ် ဝါဆိုလပြည့်ကျော် ၇ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

၁။ သာစည်မြို့၊ ရွာပုလဲအုပ်စု၊ ကျီတိုင်ကုန်းကျေးရွာ၊ ကွင်းအမှတ် (၁၈၀၃/ကျီတိုင်ကုန်း)(ဝါးရုံစုကွင်း)၊ ဦးပိုင်အမှတ် ၁၇၉၊ မြေကွက်အမှတ် ၁၁၈၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၂၉ဧကရှိမြေ ယင်းမြေပေါ်ရှိ ပေ (၂၅×၂၀)သွပ်မိုးတစ်ထပ်တိုက်၊ ပေ (၁၅×၁၈) သွပ်မိုး၊ မီးဖိုချောင်၊ အိမ်သာ၊ အုတ်ရေကန်၊ ပေ (၂၇×၁၆)သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဂိုဒေါင်။
၂။ သာစည်မြို့နယ်၊ ရွာပုလဲအုပ်စု၊ ကျီတိုင်ကုန်းကျေးရွာ၊ ကွင်းအမှတ် ၁၈၀၁(ဝါးရုံစုကွင်း)၊ မြေကွက်အမှတ် ၁၁၇၃၊ မြေချိန်ဧရိယာ ၀ ဒသမ ၂၀ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ပေ (၂၅×၁၉×၁၈) သွပ်မိုးနှစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၈၅၀။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ ခုနှစ် ဇွန် ၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဌေးဝင်း)
ဒုတိယခရိုင်တရားသူကြီး (၁)
မိတ္ထီလာခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ကမာရွတ်မြို့နယ်တရားရုံးတော်၌
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၈

ဦးတင်မောင်ရွှေ နှင့် ဦးဝင်းကြည်
(၄င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နီနီကျော်)
တရားလို **တရားပြိုင်**

ဦးဝင်းကြည် အမှတ်(၉)၊ ဦးလော်ခြိ၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးတင်မောင်ရွှေက ရောင်းသူ၏တာဝန်ဝတ္တရားများအတိုင်း အိမ်နှင့်မြေအရောင်းအဝယ်မှတ်ပုံတင်အမှတ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဇွန် ၂၆ ရက် (၁၃၇၆ ခုနှစ် နယုန်လကွယ်နေ့) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြတ်ဇင်)
တွဲဖက်မြို့နယ်တရားသူကြီး
ကမာရွတ်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၁)၊ အကွက်အမှတ် (အေ-၁၁၆)၊ ဧရိယာ ၅ ဧက (၁ ယူနစ်)ရှိ မြေကွက်အား မူလလုပ်ကိုင်ခွင့်ရှိသူ ဦးအုန်းမြိုင် AE-211676 ထံမှဝယ်ယူ၍ တန်ဖိုးငွေအပြီးပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အား တန်ဖိုးငွေအပြည့်အဝပေးချေပြီးဖြစ်သဖြင့် လုပ်ငန်းရှင်အမည်ပြောင်းလဲလုပ်ကိုင်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမှုရင်းများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဒေါ်မြင့်မြင့်မွန်(ခ)အမီး
၁၀/မလမ(နိုင်)၀၁၆၇၉၀
အမှတ် ၃၂၊ အင်ကြင်းမြိုင်အိမ်ရာ၊ ဗိုလ်ချို (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၉၁၉၁၁၊ ၀၉-၃၁၀၃၃၉၈၇

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/သဘောကျင်း)၊ မြေကွက်အမှတ် (က/၁၄၂)၊ မြေကွက်တည်နေရာအမှတ် ၁၄၂၊ မြို့မလမ်း၊ သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးပွအမည်ပေါက် နှစ်၆၀ ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၅၁/၂၀၁၁) အနိုင်ဒီကရီ၊ (တရားလိုဒေါ်ခင်နွဲ့ရီက တရားပြိုင် ဦးပွအပေါ် မြေနှင့်အိမ်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ဂရန်တွင် တရားလို၏အမည်ပေါက်သည်အထိ တရားပြိုင်မှ ဆောင်ရွက်ပေးစေရန် အနိုင်ဒီကရီ) တရားမဇာရီမှုအမှတ် (၁၉/၂၀၁၂) အမိန့်တို့အရ တရားရုံးဦးပွကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄/ သဘောကျင်း)၊ မြေကွက်အမှတ် (က/၁၆၈)၊ မြေကွက်တည်နေရာအမှတ် ၁၆၈၊ ၅ လမ်း၊ သဘောကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်စောခင် AHT-၀၇၅၇၄၆+ဦးထွန်းအောင် ၁၂/သကတ(နိုင်)၀၃၁၇၂၆ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်(၅၃/၂၀၁၁) အနိုင်ဒီကရီ(တရားလို ဦးမှုနာဆာမိ၊ ဒေါ်တင်မယ်က တရားပြိုင် ဒေါ်စောခင်+ဦးထွန်းအောင်အပေါ် မြေနှင့်အိမ်အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု)၊ တရားမဇာရီမှုအမှတ်(၂၀/၂၀၁၂)အမိန့်တို့အရ တရားရုံး ဒေါ်စောခင်+ဦးထွန်းအောင်တို့ကိုယ်စား ဘီလစ် ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်(၁)၊ မြေတိုင်း(၁၀)၊ ပိတောက်လမ်း၊ အမှတ် ၁၈၆/က၊ ဧရိယာပေ (၂၀×၆၀) အမည်ပေါက် ဒေါ်စန်းညွှန့် YKI-၀၂၅၂၉၄ မြေချပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း

အသိပေးကြေညာခြင်း

အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြည်ကြည်အေး ၁၂/လမန(နိုင်)၀၉၁၃၄၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမှုရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ဝင်းနိုင် LL.B, D.B.L, D.I.T **ဒေါ်မိမိထိုက် LL.B**
အထက်တန်းရှေ့နေများ
အမှတ် ၃၆/က၊ ဗိုလ်အောင်ကျော်လမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၁၁၃၀၇၄၉၊ ၀၉-၄၂၅၃၀၄၇၃၁

ကန်ထရိုက်တာ ဦးချစ်စိန် ၁၂/မဂတ(နိုင်)၁၀၅၈၂၄ လိုင်စင်အမှတ် (၄၂၄)နှင့်

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းစိန်+၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၂ လမ်း၊ အမှတ် ၅၈၊ တိုက်အပါအဝင်နှစ်ခန်းကို ခြောက်ထပ်တိုက်သစ်ဆောက်လုပ်ရန် ကန်ထရိုက်တာ ဦးချစ်စိန်နှင့်သဘောတူ ၂၀-၁၁-၂၀၁၁တွင် ပြုလုပ်ချုပ်ဆိုခဲ့ပြီးဖြစ်၍ စာချုပ်ပါ(၄)(က)စာချုပ်အပိုဒ်တွင် ဒေါ်သန်းစိန်+၄ဦး အမည်ပေါက်ပြုလုပ်ရန် ကန်ထရိုက်တာမှ တာဝန်ယူ ဦးဆောင်ပြုလုပ်ခဲ့ပြီး ၄င်းတို့၏ ဦးဆောင်ပြုလုပ်တင်ပြချက်အပေါ် မြို့မြေစာရင်းတွင် ကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်ကြောင်းစာချုပ်ပါ အမွေဆက်နှင့် တရားမကြီးမှု ၁၄၆(ခ)၁၉၉၀ပါ အမွေဆက်ဖော်ပြချက် ကွဲလွဲနေမှုအပေါ် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ၃၀-၅-၂၀၁၄ အကြောင်းကြားစာအပေါ် ကန်ထရိုက်တာ ဦးချစ်စိန်မှ တာဝန်ယူဖြေရှင်းပေးမည်ဟု အကြိမ်ကြိမ်ပြောဆိုသော်လည်း ယနေ့တိုင်အထိ ဖြေရှင်းဆောင်ရွက်ခြင်းမရှိသည့်အတွက် ဤကြော်ငြာချက်ပါရှိသည့်ရက်မှ ၁၄ရက်အတွင်း အမြန်ဆုံးဆက်သွယ်ဖြေရှင်းပေးရန် အကြောင်းကြားပါသည်။ လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ပါက ကန်ထရိုက်တာ၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်အိအိအောင် LL.B,D.B.L (အထက်တန်းရှေ့နေ) (စဉ်-၅၁၄၈/၁၀)
အမှတ်၉၃၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်/တောင်ရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၁၇၅၅၄၀၆၊ ၀၉-၃၁၂၇၃၆၄၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊ ၁၃ လမ်း(အလယ်ဘလောက်)၊ အမှတ် ၅၈(ဘီ)၊ ဝလွှာရှိ ၁၂½ပေ×ပေ၅၀အကျယ်ရှိ တိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်စန်း ၁၂/လမတ(နိုင်)၀၀၄၉၂၅ထံမှ ဦးယုလွင် ၁၂/လသန(နိုင်)၀၁၈၃၂၆ဆိုသူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်၍ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိုက်ခန်းပိုင်ဆိုင်မှုအထောက်အထားမှုရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ပြည့်မြောက်သည့်ရက်တွင် ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဦးမြင့်သန်း (မင်းဘူး) LL.B (WIPO) တရားလွှတ်တော်ရှေ့နေ (၃၁၂၉)
အမှတ် ၁၂၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၁၉၅၂၉၅

ကန့်ကွက်နိုင်ပါကြောင်း [illegible]

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/သမိုင်း၊ မြေကွက်အမှတ် ၅/စ[၁၅-A])၏အစိတ်အပိုင်း(၁၁၈/ ၁၁၃×၄၇/၃၈)ပေ၊ မြေကွက်တည်နေရာအမှတ် ၈၉၊ ဦးရေခဲလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ မောင်ဘညိန်းနှင့် မသိန်းညွှန့်အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက်မောင်ဘညိန်းနှင့် မသိန်းညွှန့်တို့အနက် ဒေါ်သိန်းညွှန့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၅၉၈/၁၉၈၁ (၁-၁၀-၁၉၈၁)ဖြင့် ဒေါ်မြတင်မှ ပိုင်ဆိုင်လာပြီး ၄င်းထံမှအမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် ၁၈၉၇/၂၀၁၄ (၂၉-၄-၂၀၁၄) ဖြင့်ပိုင်ဆိုင်လာသူ ဒေါ်ဘေဘီရွှေ(ခ)ဒေါ်အေးမွန် ၁၂/မရက(နိုင်)၀၄၇၈၄၁၊ ဒေါ်အေးအေးသန့် ၁၂/မရက(နိုင်)၀၄၄၆၈၈၊ ဦးသိန်းဇော်မြင့် ၁၂/မရက(နိုင်)၀၂၂၅၅၁၊ ဦးထွန်းအောင်ကျော် ၁၂/တတန(နိုင်)၀၂၉၃၀၃၊ ဒေါ်တင်ရီ ၁၂/မရက(နိုင်)၀၂၄၁၉၉၊ ဒေါ်သက်သက်ဝင်း ၁၂/အလန(နိုင်)၀၂၇၆၆၇ တို့မှ မြေကွက်ခွဲစိတ်ရန်အတွက် မြေပုံကူးနှင့် မြေတိုင်း လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စာမူပိတ်ခေါ်ခြင်း

[illegible] (၅)နှစ်ပြည့် [illegible] (၁၉၉၀-၂၀၁၅)ကို ထုတ်ဝေမည်ဖြစ်ပါ၍ [illegible] နှင့် [illegible] များကို [illegible] ပါသည်။
စာမူများကို ၂၀၁၄ခုနှစ် [illegible](၃၁)ရက်နေ့ နောက်ဆုံးထား [illegible] ဆက်သွယ်နိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၈၀၊ မြေကွက်ကြီးအမှတ် (၁)၊ ဧရိယာ ၇ဒသမ ၅၄၉ဧကအတွင်းမှ တစ်စိတ်တစ်ဒေသ(၂၅'×၅၀')= ၀ ဒသမ ၀၂၈ဧက၊ မြေကွက်တည်နေရာအမှတ် ၂၄၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေပိုင်မြေအမည်ပေါက် ဒေါ်ရွှေတင် မြေအား ၄င်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၇၉၇/၁၇-၁-၆၂ ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်သင်နှင့် ဇနီးဒေါ်သန်းတို့ ကွယ်လွန်သဖြင့် ဒေါ်စောမြင့် ၁၂/ဒလန(နိုင်)၀၀၁၄၄၆ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းမှုရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် (၃၇၉/က)၊ မြေကွက်တည်နေရာအမှတ်(၃၇၉/က)၊ ပုလဲလမ်း၊ (ဌ)ရပ်ကွက် ဦးအောင်ကိုကိုထွန်း အန်/အိုကေအေ ၀၆၇၆၃၁ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအောင်ကိုကိုထွန်းကွယ်လွန်သဖြင့် ဒေါ်သင်းသင်းလှိုင် ၁၂/ဥကမ(နိုင်)၀၄၂၈၇၈၊ ဒေါ်ခင်အေးဟန် ၁၂/ဥကမ(နိုင်)၂၂၂၅၆၉၊ ဦးအောင်နိုင်ထွန်း ၁၂/ဥကမ(နိုင်)၁၅၅၉၀၁၊ ဦးဇော်မင်းထွန်း ၁၂/ဥကမ(နိုင်)၁၇၆၉၅၉ တို့က မောင်နှမသားချင်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ ၄င်းတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၆၇၅/၂၀၁၃)ဖြင့်လည်းကောင်း၊ (၂၆၁၀၆/၂၀၁၃)ဖြင့်လည်းကောင်းရရှိသူ ဦးဖြိုးကြိုင် ၁၂/ဥကမ(နိုင်)၀၉၃၃၅၈ မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ ယာယီအိမ်ရှင်အဖြစ်ဆောင်ရွက်၍ ဆောက်လုပ်ခဲ့သောတိုက်ရှိ ကန်ထရိုက်တာအကျိုးအမြတ်ရရှိသောတိုက်ခန်းအား ကန်ထရိုက်တာထံမှ အဆင့်ဆင့်ဝယ်ယူ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ်
၁။	ကန်ထရိုက်တာဦးရှိန်ဝင်း(မှ) ဒေါ်သန်းသန်းအုန်း ၁၂/ဒဂန(နိုင်)၀၂၃၁၁၆ (မှ) ဦးဝင်းသိန်း ၁၂/ဥကမ(နိုင်)၁၇၅၄၅၃(မှ)	ဒေါ်ကြည်ကြည်ညွှန့် ၇/အတန(နိုင်)၀၀၈၀၈၄	အမှတ်(၁၅၃/၁၅၇)၊ လမ်းမှ မျက်နှာမူကြည့်လျှင် ပထမထပ် (ယာအစွန်) အခန်း၊ လမ်း(၅၀)၊ ပုဇွန်တောင်မြို့နယ်

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

ကန့်ကွက်နိုင်ပါကြောင်း

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါအကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဤဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

စဉ်	လျှောက်ထားသူ			လျှောက်ထားသည့်				လျှောက်ထားသည့် အကြောင်းအရာ
	အမည်	မှတ်ပုံတင်	လိပ်စာ	မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	
၁	ဒေါ်အေးအေးဝင်း+၁	၁၂/လမန(နိုင်)၀၀၉၉၂၆	[illegible]	[illegible]	၂၀/က+ခ	၁၁	[illegible]	[illegible]

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်အုပ်စု၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးအထူးဇုန်၊ မြေကွက်အမှတ်ဇုန်(၂)၊ အကွက်အမှတ် စက်မှု ၃၀၅၊ ဧရိယာ ၅ ဧကရှိမြေကွက်အား အမည်ပေါက် ဒေါ်ထက်ထက်အိ ၁၂/ဒဂတ (နိုင်)၀၂၁၇၃၈ထံမှ [illegible] ဝယ်ယူပြီး အမည်ပြောင်း ကိစ္စအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများသည် [illegible] စာရွက်စာတမ်း အထောက်အထားများဖြင့် ကန့်ကွက် [illegible] ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။ အများသိရှိစေရန် ကြေညာအပ်ပါသည်။
[illegible] ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန်(၁)၊ လှိုင်သာယာ

ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမျိုးအောင် [illegible] **ဦးတင်မောင်မြင့် [illegible]**
LL.B, D.I.L, D.B.L, D.M.L, D.B.L **LL.B, D.I.L**
တရားလွှတ်တော်ရှေ့နေများ (Emperor Law Firm)
[illegible]

ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ အထက(၂)၊ ပဉ္စမတန်း(က)မှ မစိုးမြတ်ဖြူစင်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်တင့် ၁၄/မအန(နိုင်)၀၁၆၂၆၁ ဖြစ်ပါကြောင်း။

ဦးကျော်တင့်

ဖခင်အမည်မှန်

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်ကျေးရွာအုပ်စု အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်ချစ်မင်းသူ၏ဖခင်အမည်မှန်မှာ ဦးချစ်ဝင်း ၇/ညလပ(နိုင်)၁၀၃၇၆၅ ဖြစ်ပါကြောင်း။ **ဦးချစ်ဝင်း**

လူမှုရေးကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးချုပ်စိုးမြင့် (ငြိမ်း)
ဂျပန်ခေတ်ဗိုလ်သင်တန်းကျောင်း (ဒုတိယပတ်)
လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယဆင့်)
နိုင်ငံဂုဏ်ရည် (ပထမဆင့်)
B.C. ၆၂၃၄
ဗိုလ်သင်တန်းအပတ်စဉ် (၇)
အသက် (၉၀)

ဦးသန့်စိုး-ဒေါ်သီတာ (Rainbow International Ltd)တို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း) အသက် (၉၀)သည် ၁၆-၆-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၅း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

Rainbow International Ltd မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာန
အသက် (၈၃)နှစ်

ဦးသိမ်းထွန်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
ဘူမိဗေဒဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးအုန်းမောင် (ငြိမ်း)
O.T.S (31)
အသက် (၈၁)နှစ်

ဗိုလ်မှူးအုန်းမောင်(ငြိမ်း)သည် ၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ် (၃၁)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်စိမ်းလှ
အသက် (၇၅)နှစ်

သူငယ်ချင်း ဒုဗိုလ်မှူးကြီးကျော်စံဦး(ငြိမ်း)၏မိခင် ဒေါ်စိမ်းလှသည် ၁၄-၆-၂၀၁၄ ရက်(စနေနေ့) နံနက် ၀၅း၀၀နာရီတွင် တောင်ကြီးမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်သင်တန်းအမှတ်စဉ် (၈၈)မှ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးဝင်း အသက် (၆၁)နှစ်

ယူနန်လေ့လာရေးခရီးစဉ်အတူသွားခဲ့စဉ် မဇာဇာ(MRTV)၏မိခင် ဒေါ်အေးဝင်း အသက် (၆၁)နှစ်သည် ၉-၆-၂၀၁၄ ရက်တွင် နေအိမ်၌ကွယ်လွန်သွားကြောင်းသိရသဖြင့် မဇာဇာနှင့်ထပ်တူ ဝမ်းနည်းစိတ်မကောင်းဖြစ်ရပါကြောင်း။

သဉ္ဇာနွယ်၊ နန္ဒာဝင်း၊ ခင်ရတနာ၊ ခင်ရွှေဝါဖူး

ဝမ်းနည်းကြေကွဲခြင်း
ဦးမိုးဇော်လှိုင် (ME. EP) အင်ဂျင်နီယာမှူး
အသက် (၃၈)နှစ်

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ အလုံပင်မဓာတ်အားခွဲရုံမှူး ဆရာဦးမိုးဇော်လှိုင်သည် ၁၄-၆-၂၀၁၄ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် အစ်မဒေါ်မိုမိုဟန်၊ သမီးဟေသာ၊ သားဇေဇေတို့နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတပည့်များ
မြင်းခြံမြို့

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကဝိပုညလမ်း၊ အမှတ် ၆၅၄/၆၅၅ ဟုခေါ်တွင်သည့် လေးခန်းတွဲလေးထပ်တိုက်အဆောက်အအုံ၏ မြေညီထပ် အခန်းအမှတ် ၀၀၁ တိုက်ခန်းအား ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာဖြစ်သည့်တိုက်ခန်းကို ရန်ကုန်မြို့ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အမည်ပေါက် ဗိုလ်ကြီးစိုးကျော်ဦး (ကြည်း-၂၁၉၄၇)အမည်ပေါက်ထံမှ အရပ်ရပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုအဆိုပြုသူ ဒေါ်ဆည်းဈာ ၁၀/ကထန(နိုင်) ၀၀၀၃၅၁ ထံမှဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေများပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဘူမောင် LL.B (စဥ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း LL.B (စဥ်-၂၇၀၇၅)
လင်း အိမ်၊ ခြံ၊ မြေတိုက်ခန်းအကျိုးဆောင်အထက်တန်းရှေ့နေများ
အမှတ် ၅/၁၁၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၂၇၈၃၃၆

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၁၀၄၄/က၊ မြေကွက်တည်နေရာအမှတ် ၁၀၄၄/က၊ ရန်ပြေ ၁၈ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျော်စိုး)အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်စိုး(ဖခင်)နှင့် ဒေါ်စန်း(မိခင်)တို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်မြင့်မြင့်စိန် ၁၂/သကတ(နိုင်)၀၄၀၉၉၂၊ (၂)ဦးနေစိုး ၁၂/သကတ(နိုင်)၀၄၂၇၂၄၊ (၃)ဒေါ်စန်းစန်းစိုး ၁၂/သကတ(နိုင်)၀၄၀၈၀၂ တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉၊ မြေကွက်အမှတ် ၃၈၄၊ မြေကွက်တည်နေရာအမှတ် (၂၉) ရပ်ကွက်၊ အမှတ် ၃၈၄ ဦးဘစီ BW-၀၀၃၁၇၇ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးဘစီ ကွယ်လွန်သဖြင့် ဒေါ်ကျင်စွမ်(ခ)ဒေါ်အေးသိန်းက ဦးဘစီ (ကွယ်လွန်)၏ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ/ ၂၇၇ / ၇-၅-၁၄ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာန
အသက် (၈၃)နှစ်

သူငယ်ချင်း ဒေါက်တာဝင်းမာထွန်း (မျက်စိအထူးကုဆရာဝန်ကြီး)၏ဖခင် ဦးသိမ်းထွန်းသည် ၁၅-၆-၂၀၁၄ရက်တွင် ကွယ်လွန်ကြောင်းသိရှိရသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၃-၁၉၈၈ ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာန
အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၅၇/ခ၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်နေ ဒေါက်တာဇော်လွင်ထွန်း ညွှန်ကြားရေးမှူး(၂)၊ ဒီဇိုင်းပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၏ ဖခင် ဦးသိမ်းထွန်း ညွှန်/ချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ၊
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၊ နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၅၇/ခ၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်နေ ဒေါက်တာဇော်လွင်ထွန်း ညွှန်ကြားရေးမှူး(၂)၊ ဒီဇိုင်းပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၏ ဖခင် ဦးသိမ်းထွန်း ညွှန်/ချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဝန်ထမ်းများ၊
ဆည်မြောင်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာန အသက် (၈၃)နှစ်

ဦးသိမ်းထွန်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
တည်ဆောက်ရေး(၇)
ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၅၇/ခ၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်နေ ဒေါက်တာဇော်လွင်ထွန်း ညွှန်ကြားရေးမှူး(၂)၊ ဒီဇိုင်းပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၏ ဖခင် ဦးသိမ်းထွန်း ညွှန်/ချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၅၇/ခ၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်နေ ဒေါက်တာဇော်လွင်ထွန်း ညွှန်ကြားရေးမှူး(၂)၊ ဒီဇိုင်းပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၏ ဖခင် ဦးသိမ်းထွန်း ညွှန်/ချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့

ဝမ်းနည်းကြေကွဲခြင်း
ဦးသိမ်းထွန်း
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန
အသက် (၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၅၇/ခ၊ ဇေယျာခေမာလမ်း၊ (၆)ရပ်ကွက်နေ ဒေါက်တာဇော်လွင်ထွန်း ညွှန်ကြားရေးမှူး(၂)၊ ဒီဇိုင်းပုံထုတ်ဌာနခွဲ၊ ဆည်မြောင်းဦးစီးဌာန၏ ဖခင် ဦးသိမ်းထွန်း ညွှန်/ချုပ်(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၁၅-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဆည်မြောင်းဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိန်မောင်
အသက် (၈၅) နှစ်

ဦးလှဦး (မန်နေဂျာ) သိန်းသန်းကုဒ္ဒေဆေးကုမ္ပဏီ (မန္တလေးရုံးခွဲ) ၏ ဖခင် ဦးစိန်မောင် အသက် (၈၅) နှစ်သည် ၁၅.၆.၂၀၁၄ ရက် ညနေ ၄ း ၃၀ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

သိန်းသန်းကုဒ္ဒေဆေးကုမ္ပဏီ
ရန်ကုန်ရုံးချုပ် နှင့် မန္တလေးရုံးခွဲ ဝန်ထမ်းများ

ထပ်တူဝမ်းနည်းကြေကွဲခြင်း

ဦးလှဦး (မန်နေဂျာ) သိန်းသန်းကုဒ္ဒေဆေးကုမ္ပဏီ (မန္တလေးရုံးခွဲ) ၏ ဖခင် ဦးစိန်မောင် အသက် (၈၅) နှစ်သည် ၁၅.၆.၂၀၁၄ ရက် ညနေ ၄ း ၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါ၍ ဦးလှဦးနှင့် မိသားများခြင်းတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးစိုးသိန်း(သိန်းသန်းကုဒ္ဒေဆေးကုမ္ပဏီ)နှင့်
၁၉၅၇-၇၄ ဖြောင့်ဖြူဆရာအတတ်သင်
ကျောင်းဆင်းသူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာဦးသိန်းဝင်း
အသက် (၆၂)နှစ်

ဆရာဦးသိန်းဝင်း(ရူပဗေဒဘာသာပြ)သည် ၁၃-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

လမင်းသာပညာရိပ်မွန်
ဆရာ ဆရာမများ
ကျောင်းသား ကျောင်းသူများ
ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း
ဆရာဦးသိန်းဝင်း
အသက် (၆၂)နှစ်

ဆရာဦးသိန်းဝင်း(ရူပဗေဒဘာသာပြ)သည် ၁၃-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

၂၀၀၉-၂၀၁၀ ပညာသင်နှစ်
မြို့သစ်(၃)လမ်းဝိုင်း၊ ဟိန်းဝင်းထွဋ်၊ ကျော်ဟိန်းစိုး၊
ကျော်ဇော၊ ငွေပြည့်စိုး၊ စုလှိုင်ထွန်း၊ နှင်းဦးဝေ၊ ချိုဇင်သန့်၊
ချစ်ချစ်ချော၊ ခင်ဝေလွင်၊ စုနန္ဒာဝင်း၊ ယမုံဦး၊ စုသီအောင်

ကျေးဇူးတင်ရှိခြင်း

၁၂-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားသော ဦးထန်ဘိ (ဒုမြို့နယ်အုပ်ချုပ်ရေးမှူး၊ အမ်းမြို့နယ်)၏ နာရေးတွင် ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင်ပေးခဲ့ကြသော အထွေထွေအုပ်ချုပ်ရေးဌာနမှ ဝန်ထမ်းများ၊ ချင်းပြည်နယ်မှ ဆွေမျိုးများနှင့် အခြားဆွေမျိုးမိတ်ဆွေသင်္ဂဟများ၊ မင်းလှမြို့နယ်မှ သူငယ်ချင်းများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

အစ်ကိုဒေါက်တာထာလင်းနှင့် အစ်မဒေါ်အေးအေးခိုင်
သမီးကြီး - မဆုအိထာ
သမီးလတ် - မဆုလာဘ်ထာ
သားငယ် - မောင်ဂျူးသုထာ

(၃)နှစ်ပြည့်အလွမ်း
ကိုသုတ
(၁၉-၆-၂၀၁၁)-(၁၉-၆-၂၀၁၄)

ဆုံတွေ့ကြတာ - တစ်ဘဝ၊
ပြုံးပျော်ရတော့ - တစ်ခဏ၊
ခွဲရပြန်တော့ - တသသ၊
တို့ရဲ့ရင်မှာ - မေ့မရ၊
ပြောကြတော့လည်း - သင်္ခါရ၊
မြင်ယောင်ဆဲပါ - မနေ့က၊
ဆုံမယ့်ရက်ကို - မျှော်လင့်ကြ၊
သခင့်အိမ်မှာ - ထာဝရ

ချစ်သူငယ်ချင်းရောင်းရင်းများ
ရွှာမနှစ်ခြင်းခရစ်ယာန်အသင်းတော်
အင်းစိန်

ကြော်ငြာ

သဲအင်းယောဂီ(ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်မေး-ဒေါ်မြရွှေ)တို့၏သမီး (ဦးဘိုးရှိန်-ဒေါ်သန်း)တို့၏သမီး ချွေးမ၊ ဦးမောင်မောင်လှ၏ဇနီး၊ ဒေါ်ဆွေဆွေလှ၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်-ဒေါ်ကြူကြူလှ၊ (ဒေါ်စိုးစိုးလှ)၊ ဒေါ်ဝေဝေလှ၊ ဦးသန့်ဇော် (ဦးကြည်လင်)တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ကိုလင်းမြတ်ဖြိုးလှ-မခင်သီရိသက်မွန်၊ ကိုအောင်သက်မွန်၊ မဖူးဖူးမြင့်အောင်၊ ကိုအောင်ပြည့်စုံ-မမျိုးရတနာထိုက်၊ မသဲသဲပုလဲသွယ်၊ မောင်မြတ်သူရိန်ဦးတို့၏ အဘွား၊ မြစ်နှစ်ဦးတို့၏ ဘွားဘွားကြီး ဒေါ်အုန်းလှသည် ၁၇-၆-၂၀၁၄ (အင်္ဂါနေ့) ည ၈ နာရီ ၅၅ မိနစ်တွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့၏မိခင် ဒေါ်အုန်းလှ အသက်(၈၆)နှစ်သည် ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈ နာရီ ၅၅ မိနစ်တွင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
နှင့်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

ဝမ်းနည်းကြေကွဲခြင်း
သဲအင်းယောဂီ (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့၏ ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ (သဲအင်းယောဂီ) အသက်(၈၆)နှစ် (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)သည် ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈နာရီ ၅၅မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးတင်အေးနှင့်ဇနီး ဒေါ်ကြည်ကြည်အုန်း မိသားစု

ဝမ်းနည်းကြေကွဲခြင်း
သဲအင်းယောဂီ (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့၏ ချစ်လှစွာသောမိခင် ဒေါ်အုန်းလှ (သဲအင်းယောဂီ) အသက်(၈၆)နှစ် (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)သည် ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈ နာရီ ၅၅ မိနစ်တွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့်ဇနီး ဒေါ်နီနီမိသားစု
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
သဲအင်းယောဂီ (ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး)
ဒေါ်အုန်းလှ
အသက်(၈၆)နှစ်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်-ဒေါ်ကြူကြူလှတို့၏ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုန်းလှ (သဲအင်းယောဂီ) အသက်(၈၆)နှစ်သည် ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) ည ၈နာရီ ၅၅မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်အမှတ်စဉ်(၁၉)မှ
သူငယ်ချင်းများနှင့် မိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး
ဒေါ်ခင်လှလှ (မန္တလေး)
အသက်(၆၇)နှစ်

မန္တလေးမြို့နေ (စောင်းကောက် ဦးလှကျော်-ဒေါ်သက်မေ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးထွန်းမြတ်-ဒေါ်သိန်း)တို့၏သမီးချွေးမ၊ (ဦးစိန်၊ ငွေစာရင်းမင်းကြီးရုံး၊ ယခင် အင်္ဂလန်နိုင်ငံဆိုင်ရာ မြန်မာသံရုံး)၏ဇနီး၊ ဦးရဲဝင်း(ဘောဂမဏ္ဍိုင် သစ်ခွဲစက်) - ဒေါက်တာမာလာစိန် (Country Manager, Anglo-French)၊ ဦးရဲမြင့်(ညွှန်ကြားရေးမှူး၊ ရေကြောင်းဦးစီးဌာန)-ဒေါ်နီလာစိန် (Annie) (HR Manager PETRONAS Myanmar)၊ ဦးဇော်နိုင်စိန်(Charles) (Aviation Executive, PET- RONAS Myanmar)-ဒေါ်ခင်မိုးဝေ၊ ဦးလွင်နိုင်ထွန်း(ခ)ကိုညီ(သီရိမင်္ဂလာ ယာဉ်ရောင်းဝယ်ရေး)-ဒေါ်သင်းသင်းမာတို့၏မိခင်၊ မောင်သန့်စင်ဖြိုး(HND, KMD)၊ မမေဇွန်ဖူးပြည့်(MIS)၊ မဆုစန္ဒီထွန်း (Gr.5,TTC)တို့၏အဘွားသည် ၁၇-၆-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၄နာရီတွင် ရန်ကုန်မြို့ အမှတ် ၇၊ အဝေရာလမ်း၊ ဒုတိယထပ်၊ ရှောက်ပင်ခြံ၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၄ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးဘို (ကျိုက်ထိုမြို့)
အသက်(၇၉)နှစ်

ကျိုက်ထိုမြို့၊ ကံ့ကော်ရပ်ကွက်၊ ကံ့ကော်လမ်းမကြီး၊ အမှတ် ၅၉/ကနေ ဦးချစ်-ဒေါ်အေးစိန်တို့၏သား၊ ဦးထွန်းစိန် - ဒေါ်သန်းရင်တို့၏ သားသမက်၊ ကိုသက်ဦး-မရွှေမြိုင်၊ ကိုတင့်နိုင် (အထက-၁)-မခင်မိုးအိစိန်(အထက-၁)၊ (ကိုဝင်းနိုင်-မခင်ဥမ္မာ)၊ မမြင့်မြင့်ဝင်း(မူလွန်၊အမှတ်-၁)၊ကိုသန်းဇော်-မခင်ခင်ထွေး၊ ကိုကျော်စိုး(မြန်မာ့ကြံလုပ်ငန်း)-မသန်းသန်းဝင်း (အထက-၂)၊ မသန်းသန်းမော် (ပြန်/ဆက်ဦးစီးမှူး၊ ကျိုက်ထို)တို့၏ဖခင်၊ မြေး ငါးယောက်တို့၏အဘိုး၊ ဒေါ်တင်ကြည်၏ခင်ပွန်းသည် ၁၈-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ ရက်(သောကြာနေ့)မွန်းလွဲ ၁နာရီတွင် ဇေယျာမွန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမကြီး
ဒေါ်စိန်ရီ
အသက်(၆၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုးကြောင်ကလေးကျေးရွာနေ (ဦးကျော်-ဒေါ်လှကြည်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ (ဦးလွင်-ဒေါ်ခင်မြင့်)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊၂၀(က)ရပ်ကွက်၊ ရတနာလမ်း၊အမှတ် ၁၄၈(ခ)နေ ကိုလှမျိုး(ကညန)၊ ကိုကျော်လွင်-မနှင်းယုခိုင်(ငွေစုဘဏ်ခွဲ-၄)၊ ကိုကျော်ဇင်မင်း (Premier Coffee)တို့၏မိခင်၊ မဝင့်ဝါအောင်၏အဘွား၊ ဦးအောင်မြင့်၏ဇနီးသည် ၁၈-၆-၂၀၁၄ရက် နံနက် ၂း၀၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ကျီစုအအေးတိုက်မှကျီစုသုသာန်သို့ပို့ဆောင်သဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
John Langh Kop Zen Thang (NGAIH TE BEH)
အသက်(၆၂)နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ ဗန်းတဲ့ကျေးရွာနေ(Pu Zam Cin Leh-Pi Dim Khaw Ciang)တို့၏သား၊ (Pa Ngin Khan Thang, Nu Kot Khan Nuam, Pa Piang Khan Sing, Pa Suan Khan Nang) တို့၏ညီ/မောင်၊ အမှတ် ၇/၁၀၉၊ ခမ္မရိပ်သာလမ်း၊ တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်နေ John Langh Kop Zen Thang သည် ၁၇-၆-၂၀၁၄ရက် နံနက် ၇း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၉-၆-၂၀၁၄ရက် (ကြာသပတေးနေ့)နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံ သုသာန်၌ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ [ပိတောက်ကွေ့(ယုဇန)၊ ဓမ္မနေ့လသဘုရားကျောင်းရှေ့၊ ဖာတိမာဘုရားရှိခိုးကျောင်းမှ နံနက် ၈း၃၀နာရီ၊ နေအိမ်နှင့်ဝါယာလက်ထိပ် တို့မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဦးခင်မောင်နိုင်(မုံရွာ/အလုံ)
အသက်(၅၄)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ အလုံတပ်မြို့၊ အောင်ကွက်သစ်ရပ်နေ ဦးခင်မောင်-ဒေါ်တင်အေးတို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးငယ်-ဒေါ်အေးခင်တို့၏သား၊ဒေါ်သင်းသင်းမွေး၏ခင်ပွန်းသည် ၁၇-၆-၂၀၁၄ရက် ည ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၄ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် နာနတ်တောကုန်းသို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
ရခိုင်အမျိုးသမီးအသင်းနာယကကြီး
ဒေါ်မြမေ(ခ) Nelie Kyaw (စစ်တွေ)
အသက်(၉၆)နှစ်

သရေစည်သူ ဦးကျော် (O.B.E. KSM အငြိမ်းစားပဲခူးတိုင်းမင်းကြီး)-ဒေါ်စံဒါဖြူ]တို့၏သမီးလတ်၊ ဦးစောရွှေ(ဖက်စပ်အမှတ် ၁၁၊ မန်နေဂျင်းဒါရိုက်တာ)၏ဇနီး၊ ဒေါ်ဖြူမာဝေ(ညွှန်မှူး၊ပြည်ထောင်စုရှေ့နေချုပ်ရုံး)၊ Capt ထွန်းနီ-ဒေါက်တာမြသူဇာ(တွဲဖက်ပါမောက္ခ၊ဓာတုဗေဒဌာန၊ပြည်တက္ကသိုလ်)၊ ဦးမောင်မောင်တင်(ခေတ္တ-စင်ကာပူ)-ဒေါ်မြသန္တာ၊ ဦးရဲကျော်သိန်း-ဒေါ်သန္တာအေး၊ ဒေါ်စိုးနှင်းဖြူ၊ ဒေါက်တာမြစန္ဒာ(ဓာတ်မှန်အထူးကုဆရာဝန်၊ ပြည်သူ့ဆေးရုံရွှေဘို)၊ ဦးမြကျော်အောင်၊ ဦးကျော်ဇင်အောင်-ဒေါ်ဆွေမာငြိမ်း (မြို့တော်စည်ပင်)၊ ဦးစောရွှေမောင်၊ သဇင်ကိုကိုအောင်တို့၏အဘောင်ရှင်၊ မြစ် လေးယောက်တို့၏အဖီးရှင်သည် ၁၇-၆-၂၀၁၄ရက်(အင်္ဂါနေ့) နံနက် ၉း၁၅နာရီတွင် အမှတ် ၁၀၅၊ ၄အေ၊ ၁၂၃လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးချုပ်စိုးမြင့် (ငြိမ်း)
စစ်ရာထူးခန့်ချုပ်(ငြိမ်း)
အသက်(၉၀)

ဗိုလ်မှူးချုပ်စိုးမြင့်(ငြိမ်း) စစ်ရာထူးခန့်ချုပ်(ငြိမ်း)သည် ၁၆-၆-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်နှင့် ဇနီး ဒေါ်ခင်မလေး
သာသနာရေးဝန်ကြီးဌာန

ဒေါ်ခင်လေးဆွေ(ခ)ဒေါ်ခင်ဆွေ (တောင်တွင်းကြီး)
အသက်(၈၈)နှစ်

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ တောင်ပြင် (၂)ရပ်ကွက်၊ ငမင်လမ်းနေ (ဦးလွင်-ဒေါ်ကရင်)တို့၏သမီး၊ ရွှေကြာအင်းရပ်နေ (ဦးဘိုးသာ-ဒေါ်ရွှေအပ်)တို့၏ချွေးမ၊ (ဦးဘသွင်၊ ပ-ပစ္စည်းအရာရှိ၊ ကမ်းလွန်ရေနံ)၏ဇနီး၊ (ဦးစိုးသိမ်း) (MOGE)၊ ဒေါ်နီနီသွင်(S.A.E၊ တိုက်ကြီးစည်ပင်)၊ (ဦးဇော်လှမျိုး၊ A.G.T.I.MP)၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက် ၂၀/၂၄၊ အခန်း ၂၀၁နေ ဦးမျိုးသန့်-ဒေါ်အိအိခင်၊ ဦးဇော်လှမင်း (Asia Water Treatment)-ဒေါက်တာအိသီဂီထွန်းတို့၏မိခင်၊ မအိရှုပါမျိုး(G-8,D၊ အထက-၂၊ ကမာရွတ်)၊ မောင်လင်းထက်အောင်(G-4,B၊ အထက-၂၊ ကမာရွတ်)၊ မလင်းရတီလွင်(G-1,D၊ အလက-၁၊ ဒဂုံ)တို့၏ ဘွားဘွားကြီးသည် ၁၈-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစိုင်းထွန်းစိန် (ကျောက်မဲ)
ကျောင်းကျန်းမာရေး(ငြိမ်း)
အသက်(၈၁)နှစ်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၊ (၈)ရပ်ကွက်၊ ကုန်းမုန်ရပ်နေ (ဦးစင့်-ဒေါ်ရွှေစိန်)တို့၏သား၊ မွန်ပြည်နယ်၊ သထုံမြို့နယ်နေ (ဦးပါ-ဒေါ်အေးသင်)တို့၏သားသမက်၊ ဒေါ်သန်းကြည်၏ခင်ပွန်း၊ (ဦးစိုင်းကျိုန်းခမ်း)-ဒေါ်ခင်စန်းမြင့်၊ ဦးအေးကိုကို-ဒေါ်နန်းကျိုန်းတောင်း၊ ဦးကိုကိုလွင်-ဒေါ်နန်းကျိုန်းယွန်း၊ (ဦးစိုင်းကျိုန်းမွန်း)-ဒေါ်ခင်မာရွှေ၊ (ဦးစိုင်းကျိုန်းလင်း)-ဒေါ်ငွေငွေ၊ ဦးမြင့်သူ-ဒေါ်နန်းကျိုန်းဖုန်း၊ (ဦးစိုင်းကျိုန်းဟိန်း)-ဒေါ်ခင်ခင်အေး၊ ဒေါက်တာနေမျိုး-ဒေါက်တာနန်းရွှေအိမ်စည်တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်ငါးယောက်တို့၏အဘိုးသည် ၁၈-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှ တောင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၄ရက်တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်အောင်(ခ)အံ့ရတ်ရမ်
လောက်ဗီစိန် ယုန်တံဆိပ်မုန့်ဆိုင်၊ လမ်း(၂၀)
အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၆၇၃နေ ဦးကျန်စိန်-ဒေါ်ဘီရတ်တို့၏သား၊ ဦးခိုက်ရာ-ဒေါ်တင်နားတို့၏သားသမက်၊ ဒေါ်ချို၏ခင်ပွန်း၊ မနွေးနွေးအိ-ကိုကျော်ဇေယျ၊ ကိုသန်းထွန်းအောင်တို့၏ဖခင်၊ မောင်ဝေယံကျော်၏အဘိုး၊ ဒေါ်သန်းရင်-ဦးအောင်ခင်တို့၏မောင်၊ ဒေါ်လှရင်-ဦးဝင်းအောင်၊ ဦးကျော်စိုး-ဒေါ်ခင်နှောင်း၊ ဒေါ်သန်းသန်းမြင့်-ဦးသိန်းလွင်၊ ဒေါ်တင်တင်မြင့်-ဦးစိုးတင့်၊ ဒေါ်ရင်ရင်-ဦးသန်းမြင့်တို့၏အစ်ကို၊ တူ၊ တူမ ၂၀တို့၏ဦးလေးသည် ၁၈-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးဖုကျန့်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်သန်းသန်းအေး အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်အရှေ့ရပ်ကွက်နေ (ဦးကျော်ညွန့်-ဒေါ်ကြည်)တို့၏သမီး၊ ဦးလှဆိုင်(လျှပ်စစ် စစ်ဆေးရေး၊ ရန်ကုန်တိုင်း)-ဒေါ်ညိုညိုမာ၊ ဦးမြင့်လှိုင်-ဒေါ်နုနုဝင်း၊ မသန်းသန်းငွေတို့၏ညီမ၊ မောင်သန်းညွန့်၏အစ်မ၊ဦးစိုးတင့်၏ဇနီး၊ ကိုသက်၏မိခင်သည် ၁၇-၆-၂၀၁၄ရက်(အင်္ဂါနေ့)ညနေ ၅း၅၅နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၁၄ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးငြိမ်းချမ်းစိုး (ဒုကြီးကြပ်ရေးမှူး၊ အကျဉ်းဦးစီးဌာန)
အသက်(၃၃)နှစ်

မုံရွာမြို့နေ ဦးစိုးသိန်း-ဒေါ်ညိုညိုဝင်းတို့၏သား၊ သန်လျင်မြို့နေ ဦးရဲမြင့်ဆွေ-ဒေါ်ခင်စန်းကြည်တို့၏သားသမက်၊ ဒုဦးစီးမှူး မောင်ငြိမ်းကျော်စိုး(ထွေ/အုပ်)၏အစ်ကို၊ နေပြည်တော် ဥဏ္ဏသိဒ္ဓိရပ်ကွက်၊ တိုက်အမှတ် ၃၃၆၅၊ အခန်း ၃၅နေ ဒေါ်စိမ်းလဲ့ဝါ၏ခင်ပွန်း၊ မောင်ပြည့်ငြိမ်းသာ(တော်ဝင်ရတနာမှုကြို)၏ဖခင်သည် ၁၈-၆-၂၀၁၄ရက် နံနက် ၉း၂၀နာရီတွင် နေပြည်တော် (ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ရက် မွန်းလွဲ ၁၂း၁၅ နာရီတွင် (ခုတင်-၁၀၀၀)ဆေးရုံမှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၆-၂၀၁၄ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ ဒေါ်စိမ်းလဲ့ဝါ၏နေအိမ်တိုက်ခန်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းအေး(ခ)ကြီးကြီးသန်း
မော်လမြိုင်အသင်း၊ မုဒုံအသင်း၏သက်ကြီးပူဇော်ခံ
ရန်ကုန်အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏နာယကကြီး
အသက်(၁၀၆)နှစ်

ရန်ကုန်မြို့၊ တိုက်အမှတ် ၄၂-ခ၊ အခန်းအမှတ် ၃-က၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်နေ (ဦးအုန်းခင်-ဒေါ်မမ)တို့၏သမီး၊ (ဦးချစ်ဆွေ-ဒေါ်ညွန့်ညွန့်သိန်း)၊ (ဒေါက်တာဦးကျော်ထွန်းလှ-ဒေါ်ရီရီသိန်း)၊ (ဦးထွန်းမြင့်-ဒေါ်တင်တင်ကြည်)တို့၏အစ်မကြီး၊ ဦးဇော်ဝင်း-ဒေါ်အေးအေးလွင်(ခ)မဟား၊ ဦးရဲမင်းထွန်း-ဒေါ်ကြိုင်ကြိုင်ထွန်း(Zeya & Associate Co., Ltd.)၊ ဒေါ်ဥမ္မာဆွေ၊ ဦးမောင်မောင်-ဒေါက်တာမီမီထွန်း (မျက်စိအထူးကုဆရာဝန်ကြီး၊ မီးရထား)၊ ဦးနေဝင်း(MD-Win Ne Win Co., Ltd.) - ဒေါ်နှင်းမာမာဖြိုး၊ ဒေါက်တာအေးကျော်-ဒေါ်စီစီဆွေ(သန့်ဆေးခန်း၊ ရန်ကင်း)၊ ဦးကျော်ခင်လှိုင်-ဒေါ်မူမူထွန်း၊ ဦးဟန်စိန်-ဒေါ်မော်မော်ထွန်း(BKK)၊ Mr. David-ဒေါ်မိုးမိုးထွန်း (U.S.A)၊ ဦးကျော်သက်စု-ဒေါ်ချိုချိုဆွေ (U.S.A)၊ ဦးဇော်တင့်လွင် (Ocean Tanker)-ဒေါ်ခင်နှင်းခိုင်တို့၏ကြီးကြီး၊ မြေး ၁၄ယောက်၊ မြစ်သုံးယောက်တို့၏ဘွားဘွားကြီးသည် ၁၈-၆-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၆-၂၀၁၄ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကြည်အောင်
ကုန်သွယ်ရေး(ဆေး)(ငြိမ်း)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စံပြရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ အမှတ် ၆၇၊ သုံးလွှာနေ(ဦးခင်-ဒေါ်စိန်တင်)တို့၏သား၊(ဒေါ်ခင်ရွှေ)၏ခင်ပွန်း၊ ဦးပညာနန္ဒ (MA - သီရိလင်္ကာ)၊ (ဦးကျော်ထွန်း)၊ ဒေါ်နီနီအောင် (လဝက)၊ ကိုငွေအောင်တို့၏ ဖခင်၊ မအင်ကြင်းထွန်း၊မောင်သစ်မင်း၊ မဖြိုးခွာညိုဖူး၊မောင်ဒီပါထွန်း(ခ)Anthony တို့၏အဘိုးသည် ၁၈-၆-၂၀၁၄ရက် နံနက် ၁း၂၅နာရီတွင် ရွှေဗဟိုရ်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၁၄ရက် မွန်းလွဲ၁၂း၃၀နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်စမ်းတိုး
အသက်(၇၀)

ရန်ကုန်မြို့၊ပုဇွန်တောင်မြို့နယ်၊ (၅)ရပ်ကွက်၊ အမှတ် ၁၀၊ အောက်ပုဇွန်တောင်ဈေးလမ်းနေ (ဦးဝင်းဖေ)၏ဇနီး၊ ဦးကျော်ကျော်ဦး၊ (ဒေါ်သင်းသင်းလှ)၊ (ဒေါ်တင်တင်လှ)-ဦးကျော်ဦး၊ ဦးမိုးကျော်ကျော်၊ ဒေါ်မိုးစန္ဒာဝင်း၊ ဒေါ်မိုးသီဂီဝင်းတို့၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၁၈-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၇နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၆-၂၀၁၄ ရက်(သောကြာနေ့)တွင်ရေဝေးသုသာန်၌သဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးညွန့်သိန်း(ခ)ဦးကေတု
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊အမှတ် ၁၁၆၊ အခန်း ၂၃၊ ဒုတိယထပ်နေ(ဦးမောင်မောင်ခင်-ဒေါ်တင်မေ)တို့၏သား၊ ဦးတင်ဝင်း၊ ဦးသိန်းဝင်းတို့၏ညီ၊ ဦးတင်ရှိန်(C.E, Uniteam Marine Ltd.)-ဒေါ်တင်တင်ထွေးတို့၏အစ်ကို၊ ဦးကျော်မင်းထွန်း(Sun Marinetime Ltd.)-ဒေါ်မွှေးမွှေးသိန်းတို့၏ဖခင်သည် ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) ည ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးညီညီလွင်(ခ)
အငယ်လေး (တပ်ကြပ်၊ငြိမ်း)
အသက်(၄၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲ (၃)ရပ်ကွက်၊ အင်ကြင်းလမ်း၊ အမှတ် ၆၂၃နေ (ဦးနော်ဆင်)-ဒေါ်အုံးသွင်တို့၏သားထွေး၊ ဦးယောဟန်-ဒေါ်ဖွားကြည်တို့၏တူ၊ ဦးကြည်မြင့်-ဒေါ်စန်းဝင်းမာ၊ ဦးထွန်းထွန်းဝင်း-ဒေါ်ခင်ပြုံးရီ၊ ဦးကြည်လွင်-ဒေါ်စန္ဒာလွင်တို့၏ညီ/မောင်၊ တူ/တူမလေးယောက်တို့၏ဦးလေးသည် ၁၈-၆-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၆-၂၀၁၄ရက် (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးထွန်းအေး(တောင်ကုတ်မြို့)
အသက်(၉၇)နှစ်

တောင်ကုတ်မြို့၊ ကံပိုင်ရပ်ကွက်၊ မာလာမြိုင်လမ်း၊ ဈေးကြီးအနီးနေ (ဦးလှထွန်းအောင် - ဒေါ်အစိန်)တို့၏သား၊ဒေါ်တင်မြိုင်၏ခင်ပွန်း၊ဒေါက်တာမောင်မောင်ချို - ဒေါ်သွယ်သွယ်အေး၊ ဦးဇော်ဝင်းထွန်း (ခေတ္တ - New Jersey) - ဒေါ်ခင်ဝေဝေတို့၏ ဖခင်၊ မောင်ကောင်း၊ ဆောင်းသဇင်၊ မြတ်မိုးသွင်၊ Michael Thurah Htun, Jordan Minn Htun တို့၏အဘိုးသည် ၁၇-၆-၂၀၁၄ရက်(အင်္ဂါနေ့) ည ၈း၂၀ နာရီတွင် တောင်ကုတ်မြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၄ ရက်(ကြာသပတေးနေ့)တွင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး
ဦးခင်မောင်ဝင်း(ဒေါင့်ကြီး)
ကုန်သွယ်/လယ်ယာ၊ စား/ထွေ(ငြိမ်း)
အသက်(၇၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရန်ပြေ(၃)ရပ်ကွက်၊ ရန်ပြေ ၁၄လမ်းအနောက်၊ အမှတ် ၂၂နေ (ဦးစံအေး-ဒေါ်သိန်း)တို့၏သားကြီး၊ ဒေါ်လှရီ၏ခင်ပွန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ်၊ ဒေါင့်ကြီးကျေးရွာနေ ဦးမြကြိုင် - (ဒေါ်တင်ဝေ)တို့၏အစ်ကို၊ ဦးမြင့်ငွေ-ဒေါ်စန္ဒာဝင်း (ကောင်းမင်း)စတိုးတို့၏ဖခင်၊ မောင်ကောင်းမင်းခန့် [Grade (10) B၊ အထက(၅)ဗိုလ်တထောင်]၏ အဘိုးသည် ၁၇-၆-၂၀၁၄ရက်(အင်္ဂါနေ့) ည ၁၀း၃၅နာရီတွင် ရန်ကုန်မြို့ (ခုတင်-၅၀၀)ဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၆-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
ဒေါ်ကြီးမြင့်(ခ)
ချွာစွမ်ကြူး (ဗိသုကာ)
(ထူးဆန်ရောင်းဝယ်ရေး)
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်းမ၊ အမှတ် ၂၅၂နေ(ဦးစိန်ကြည်) - ဒေါ်လှတင့်တို့၏ သမီးကြီး၊ ပဲခူးမြို့နေ (ဦးဟံစိန်-ဒေါ်ကျင်မွှေး)တို့၏သမီးချွေးမ၊ မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ခရေလမ်း၊ အမှတ် (ဂ-၁၆)နေ ဦးစိုးလွင်၏ဇနီး၊ ဒေါက်တာဦးတင်စိန် - ဒေါ်ဝင်နီ (U.S.A)၊ (ဦးတင်မြင့်)-ဒေါ်အေးအေးသန်း(ခ)ဒေါ်ရှုတီတို့၏ညီမ၊ ဦးတင့်ဇော် (ထူး ဆန်ရောင်းဝယ်ရေး)-ဒေါ်လှမျိုးစု၊ ဒေါ်စိုးစိုးဝင်း (Sincere Myanmar Tour Co.,Ltd.)၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းမြင့်တို့၏အစ်မ၊ တူ၊ တူမ ရှစ်ယောက်တို့၏ အဒေါ်သည် ၁၇-၆-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၉-၆-၂၀၁၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (အမှတ် ၂၅၂၊ ကမ်းနားလမ်းမ၊ ကြည့်မြင်တိုင်မြို့နယ်နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒုတိယဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၉/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

ဒုတိယဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၅၊ ပုဒ်မခွဲ(ခ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၈၊ ပုဒ်မခွဲ(ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မျိုးမြင့်အား ၎င်း၏သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၀/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

ဒုတိယဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ သမ္မတရုံးဝန်ကြီးဌာန(၁) ဒုတိယဝန်ကြီး ဦးသန့်ရှင်းအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ပြောင်းလဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၁/၂၀၁၄)
၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၁၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေခြင်း

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းအား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

သဘာဝနှင့်လူ့မှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေး ရေအားလျှပ်စစ်စီမံကိန်းများဖော်ဆောင်မည်

နေပြည်တော် ဇွန် ၁၈

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ဒသမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ သဘောတူညီသည့် "လမ်းနှင့်တံတား အသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"နှင့် "ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" တို့ကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း လွှတ်တော်နာယက က ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော "အသင်းအဖွဲ့များမှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ပါဝင်သော အစီရင်ခံစာကို ကော်မတီဝင်က ဖတ်ကြားတင်သွင်းသည်။

ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသည့် အချက်များနှင့် တိုက်ရိုက်သက်ဆိုင်သော

စာမျက်နှာ ၉ ကော်လံ ၁ ❏

ယနေ့ မာတိကာ

ရန်ကုန် – ပြည် အမြန်ရထား ဘီးချော် စာ – ၅

ကလေးဝမြို့ ယာဉ်လိုင်းများ မိုးရာသီ ယာကြီးလမ်းသွားလာမှုခက်ခဲ ကလေးဝ – ရေဦး – မုံရွာ လမ်းကြောင်းမှ ပြောင်းလဲပြေးဆွဲ စာ – ၁၁

နွားနောက်မုန်တိုင်းကြောင့် ဘုတ်ပြင်းမြို့တွင် ပျက်စီးမှုများ အမြန်ဆုံး ပြန်လည်တည်ဆောက်ရန် ပေါင်းစည်းညှိနှိုင်း စာ – ၁၂

စတာလင်းက ရှန်းနေနှင့် ပွဲထွက်ကစားလို စာ – ၁၄

ကုန်စည်အလေအလွင့်နှင့် ဈေးနှိမ်ခံရမှုမှကာကွယ်ရန် အစိုဓာတ်တိုင်းကိရိယာများ ထက်ဝက်ဈေးဖြင့်ရောင်းချပေးမည်

ရန်ကုန် ဇွန် ၁၇

သတင်း–ခင်ရတနာ

မိုရိုးဖလာ နည်းစနစ်များဖြင့် ကုန်စည်သိုလှောင်ထားရှိပါက အလေအလွင့်များ နှစ်စဉ်ကြုံတွေ့ရသဖြင့် ကုန်စည်ရောင်းချသည့်အခါ ပြည်တွင်းပြည်ပ ဈေးကွက်များအတွင်း ဈေးနှုန်းအနှိမ်ခံရခြင်းသည် စိုက်ပျိုးရေးထွက်ကုန်များအတွက် ကြီးမားသောအခက်အခဲတစ်ခု ဖြစ်ခြင်းကြောင့် သီးနှံသိုလှောင်ခြင်းတွင် အစိုဓာတ်များတိုင်းတာသည့် စက်ပစ္စည်းများအသုံးပြုနိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က အကူအညီများပေးအပ်မည်ဖြစ်ကြောင်း သိရသည်။ စိုက်ပျိုးရေးကို အားထားနေရသည့်တောင်သူများ လုပ်ငန်းခွင်တွင် ကျယ်စေရေးနှင့် လက်မှုလယ်ယာမှ

စာမျက်နှာ ၃ ကော်လံ ၅ ▼

ရန်ကုန်မြို့တွင်း ဟိုင်းလပ်အစားထိုး မီနီဘတ်စ် ၄၇ စီး မကြာမီ ထပ်မံတိုးချဲ့ပြေးဆွဲပေးမည်

သတင်း– မောင်စိန်လွင် (မြန်မာ့အလင်း)
ဓာတ်ပုံ– မင်းထက်

ရန်ကုန်မြို့စည်ပင်နယ်နိမိတ်အတွင်း ဟိုင်းလပ်အစားထိုးပြေးဆွဲပေးနေသည့် မီနီဘတ်စ်ခရီးသည်တင်ယာဉ်တစ်စီးကို တွေ့ရစဉ်။

ရန်ကုန် ဇွန် ၁၈

ရန်ကုန်မြို့တွင်း ခရီးသည်တင် ဟိုင်းလပ်ယာဉ်အစားထိုး မီနီဘတ်စ် ၄၇ စီး မကြာမီ ထပ်မံတိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီ မထသ(ဗဟို) မှ သိရသည်။

မေ ၁ ရက်မှစတင်ပြီး ရန်ကုန်မြို့စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင် ဟိုင်းလပ်ယာဉ်များ မြို့တွင်းပြေးဆွဲမှုကို ယာဉ်အမျိုးအစားအရ ကန့်သတ်တားမြစ်ခဲ့ခြင်းကြောင့် အဆိုပါယာဉ်လိုင်းများ နေရာကို မီနီဘတ်စ်ကားယာဉ်လိုင်းများ အစားထိုးပြေးဆွဲမှုအနေဖြင့် မထသ(ဗဟို)က ဦးစီးလုပ်ဆောင်ပေးလျက်ရှိသည်။ ယခုဆိုလျှင် ရန်ကုန်မြို့တွင်း၌ ဧပြီ ၁ ရက်မှစတင်၍ ပြောင်းလဲပြေးဆွဲပေးသည့် မီနီဘတ်စ် ၁၁၉ စီး၊ မေ ၂၇ ရက်က အစီး ၈၀ စုစုပေါင်း ၁၉၉ စီး ပြေးဆွဲပေးလျက်ရှိပြီး မကြာမီ မီနီဘတ်စ် ၄၇ စီးကို ထပ်မံတိုးချဲ့ပြေးဆွဲပေးရန် မထသ(ဗဟို) က သက်ဆိုင်ရာအစိုးရအဖွဲ့သို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၃ ✪

Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS
R/488

ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်။ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။

Ph:09-512-1284, 09-420-707802

ဖော်ဝိတ္ထူး ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

ဗုဒ္ဓဂယာထုရားဖူးသွားမည်ဆိုပါက စိတ်ချစွာ ...

ရင်မှာကြည်နူး **'ဖော်ဝိတ္ထူး'** နှင့်

ဆက်သွယ်ဆိုလိုပါ။

FAME Nature A®

Carotenoid complex

သဘာဝ ဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Phototec®

Natural antioxidant for eye

မျက်စိဆေး

ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

"ဂုဏ်ယူဝမ်းမြောက်ခြင်း"

တက္ကသိုလ်ဝင်တန်းစာမေးပွဲ (၂၀၁၃- ၂၀၁၄ ပညာသင်နှစ်) တွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ၊ မိဘ မိသားစုနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

သင်္ချာသန်းနိုင်(ကျောင်းအုပ်ကြီး)၊ ဆရာ ဆရာမ နှင့် ဝန်ထမ်းများ၊

'ကောင်းစုံ' ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်စာသင်ဝိုင်း နှင့် ဘော်ဒါ

'အစစ်အမှန်သည် အောင်မြင်ခဲ့သည်'

(ဘာသာစုံ) ၆ ဘာသာဂုဏ်ထူးရှင် (၅)ဦး

၅ ဘာသာဂုဏ်ထူးရှင် (၁၁)ဦး

၄ ဘာသာဂုဏ်ထူးရှင် (၁၁)ဦး

၃ ဘာသာဂုဏ်ထူးရှင် (၁၆)ဦး

၂ ဘာသာဂုဏ်ထူးရှင် (၁၂)ဦး

၁ ဘာသာဂုဏ်ထူးရှင် (၂၀)ဦး

သင်္ချာသန်းနိုင် တည်ထောင်သည့်

ကောင်းစုံ

ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်စာသင်ဝိုင်း နှင့် ဘော်ဒါ

ပြည့်စုံအောင်

Dressmaking & Pattern Cutting Course

ဆိုင်မသိမ်း၊ ပွဲတက်နှင့် ဝိုင်စုံစုံအမျိုးမျိုးကို ပုံစံတူချုပ်နိုင်စေရန် စံတိကျသောနည်းဖြင့် သင်ကြားပေးပါသည်။

စတည်နေ့ - ဇူလိုင် (၁) ရက်စတင်ဖွင့်လှစ်ပါမည်။

အချိန် - နံနက် (၈:၀၀) နာရီမှ (၁၁:၀၀) နာရီ / ညနေ (၆:၀၀) နာရီမှ (၉:၀၀) နာရီ

လူဦးရေကန့်သတ်ထားပါသည်။

PMP

Practice Makes Perfect

ပြီးခဲ့သည့် ၁ နှစ်လုံး ဆရာ၊ မိဘ၊ ကျောင်းသားများ ကောင်းမွန်းသိခဲ့သည့် တချို့ အသိနောက်ကျခဲ့သည့် PMP စာသင်သား၊ ဂျာနယ်

အင်္ဂလိပ်နှင့်သင်္ချာ နှစ်ဘာသာ

တစ်ဘာသာချင်း၊ တစ်တန်းချင်း (Grade 1 မှ Grade 9 အထိ)

ပထမနှစ်ဝက်အတွက် ထွက်နေပါပြီ။

အိမ်းဆုံးဆိုင်များတွင် စာသင်သားကိုယ်တိုင်သော် လည်းကောင်း၊ စာသင်သား မိဘများနှင့် ဆရာများကိုယ်တိုင်သော်လည်းကောင်း လေ့လာနိုင်ပါပြီ။

စုပေါင်းဝယ်ယူပါက ကော်မရှင်ခံစားခွင့် ပေးပါသည်။

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား။ SEVEN စံနဲ့ ဆက်သွယ်လိုက်ပါ။ အိမ်အရောက် ငွေပေးချေသည်။ ပွဲခလုံးဝမယူပါ။

ဖုန်း-၀၁-၂၀၅၇၄၈၊ ၀၉-၃၃၃၃၃၅၁၄၊ ၀၉-၇၃၁၁၉၀၉၉

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၅၀)ရပ်ကွက်၊ မြေကွက်အမှတ် ၄၂၆၊ ဧရိယာ ပေ(၄၀×၆၀) ဒေါ်မြင့်ဝင်း အမည်ပေါက်ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်လျက်ရှိပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးတင်စိုး ၈/ခမန(နိုင်)၁၄၈၈၆၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့် ရက်မှစ၍ ၇ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်မြတ်ညဏ်(ဥပဒေဘွဲ့) ဦးကျော်ကျော်မိုး(ဥပဒေဘွဲ့)

အထက်တန်းရှေ့နေများ

(ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်

ဖုန်း-၀၉-၄၂၅၂၉၀၃၄၄၊ ၀၉-၇၃၂၁၃၄၉၀

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

(B.Sc., H.G.P., R.L., D.B.L) ([illegible])

[illegible] (D-7/8) ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့၊ ဖုန်း - [illegible]

POST ဝင်ခွင့်သင်တန်း

Tel: 0973161140

LO ဥပဒေအရာရှိ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈B2၊ မြေကွက်အမှတ် ၆၉/၈၅၊ ဧရိယာပေ(၂၅×၅၀)အကျယ်ရှိ ဦးသိန်းမောင် အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၇၊ မိုးမခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဆက်စပ် စာချုပ်အရ ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ထွန်း ၁၂/ဥကတ(နိုင်)၁၀၆၃၄၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားနှင့် တကွ ကျွန်ုပ်ထံတွင် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဤမြေနှင့်အိမ် အရောင်း အဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်စိန်လွင်(စဉ်-၇၀၉၇) ဦးနိုင်ဝင်း(စဉ်-၃၁၁၁၁)

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ

အမှတ် ၂၇/ဘီ၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၅၄၁၆၁၂၂၊ ၀၉-၄၄၂၀၇၄၇၉၀

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ ခုနှစ်၊ နိုင်ငံတော်သမ္မတ၏ နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု (ပြည်နယ်အဆင့်)တွင် နိုင်ငံတော်အတွက် **"ဘဏ္ဍာထူးချွန်အခွန်ထမ်းဆု"** များကို ချီးမြှင့်ရာတွင် Inn Pauk Wa Group of Companies မှ ပထမဆုရရှိသော **အင်းပေါက်ဝကုမ္ပဏီလီမိတက်** နှင့် ဒုတိယဆုရရှိသော **ရွှေမင်းဂံကုမ္ပဏီလီမိတက်**တို့အတွက် လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်နှစ်များတွင်လည်း ယခုကဲ့သို့ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာဆထက်ထမ်းပိုး သမ်းဆောင်နိုင်ပြီး နိုင်ငံ့အကျိုးပြု ဆိုင်ရာ ကဏ္ဍအသီးသီး၌လည်း တိုးတက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။

- ရခိုင်ပြည်နယ်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း
- ရခိုင်ဆန်စပါးကုမ္ပဏီလီမိတက်
- ရခိုင်ဘက်စုံကုန်သွယ်မှုကုမ္ပဏီလီမိတက်
- ငါးခင်းလန်းဖွံ့ဖြိုးရေးအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
- သစင့်ဂုဏ်ရောင်ကုမ္ပဏီလီမိတက်
- Shwe Family Holdings Pte.Ltd
- Vanguard Myanmar Co.,Ltd
- Asia Pacific Management Holdings Pty.Ltd
- Mrauk Oo Nawarat Hotel
- Good Life Purified Drinking Water
- ရွှေရိုးမစက်သုံးဆီအရောင်းဆိုင်များ
- သက်တန့်ရောင်စက်သုံးဆီအရောင်းဆိုင်များ

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံ၊ အဆောက်အအုံငှားရမ်းထားသူ ပိုင်ရှင်များအတွက် နှိုးဆော်ချက်

အိမ်၊ ဆိုင်၊ မြေ၊ ဂိုဒေါင်၊ စက်ရုံ၊ အဆောက်အအုံများ ငှားရမ်းခြင်းဖြင့် ရရှိသောဝင်ငွေများသည် တည်ဆဲအခွန်ဥပဒေအရ အခွန်စည်းကြပ်ရန်အတွက် ထည့်သွင်းစဉ်းစားသော ဝင်ငွေအမျိုးအစားတွင် ပါဝင်လျက်ရှိပါသဖြင့် အထက်ပါလုပ်ငန်းဖြင့် ဝင်ငွေရရှိသူများအနေဖြင့် အောက်ပါသတင်းအချက်အလက်များကို စာဖြင့်ဖော်ပြလျက် မိမိတို့နေထိုင်သောမြို့နယ်ရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ မပျက်မကွက်ပေးပို့ကြပါရန် မေတ္တာရပ်ခံပါသည်-

ငှားရမ်းသည့် အဆောက်အအုံနှင့် မြေတည်ရှိရာလိပ်စာ၊ ပိုင်ရှင် အမည်၊ နေရပ်နှင့် တယ်လီဖုန်းအမှတ်၊ ငှားရမ်းယူသူအမည်၊ ငှားရမ်းသည့်ကာလ၊ တစ်လငှားရမ်းခ။

ပြည်တွင်းအခွန်များဦးစီးဌာန

MPDC EDUCATION

Study ABAC Certificate in Myanmar

International Business Management Certificate Program

Class Begin in July,2014

Contact Us

Assumption @ Myanmat Offshore Campus, Yangon

MICT Park, Building (15),Ground Floor

t : 95 1 507043, 507047

m : 95 73103785,256146919,421013792

e : sandra@newklink.com

w : www.myanmarpdc.net, www.grad.au.edu

Enroll Now

ဆရာရှင်မင်း (B.A)



☎ :01-512443, 09-73017656

ရှာပုံ ပေါ်ဆန်းမွှေး

Ks-34000

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ် ၁၅၁၊ မြေကွက်အမှတ် ၁၉၀၇၊ မြေကွက်တည်နေရာအမှတ် ၁၉၀၇၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဒေါ်အေးချစ် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဒေါ်အေးချစ် ၁၂/မဂဒ(နိုင်)၀၂၈၄၀၃ က မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့ တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ရောင်းမည်

၁။ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပန်းခင်းရပ်ကွက်၊ လမ်းနှစ်ဖက်ဖွင့်၊ မြေပေ (၁၀၀×၁၀၀)၊ ရုံးခန်း၊ Show Room၊ စားသောက်ဆိုင်၊ KTVလုပ်ငန်းများအားလုံးအတွက် အထူးသင့်တော်သည်။

၂။ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်းရပ်ကွက်၊ လမ်းရှေ့နောက် နှစ်မျက်နှာဖွင့်(Unison လက်ဖက်ရည်ဆိုင်အနီး)၊ မြေပေ(၇၂×၁၂၀)။

၃။ ထန်းတပင်မြို့နယ်၊ ဒိတ်ကုန်းကျေးရွာ၊ လှိုင်မြစ်ကမ်းဘေး၊ ရွှေပြည်သာတစ်ဖက်ကမ်း၊ လယ်မြေ(၂၇)ဧက။

ဆက်သွယ်ရန်-ဖုန်း-၆၄၂၃၂၄၊ ၆၄၃၆၃၆

CALIFORNIA UNITEC Institute of Engineering

edexcel Approved Centre No. 93845

15th July 2014 တွင်ဖွင့်လှစ်မည့် သင်တန်းသစ်အတွက်ကျောင်းသူ/ကျောင်းသားများအား လက်ခံနေပါပြီ။

BTEC HND Higher National Diploma in Civil Engineering

(Practical & Site Visits) ... English – Myanmar (၂) ဘာသာဖြင့် သင်ကြားပေးနေပါသည်။

- GCE "O" Level ... Civil Engineering Foundation Course ...
- GCE "A" Level , Foundation Course, ... GTC/GTU ... HND Civil Engineering ...
- HND Higher National Diploma ပြီးပါက B.E (Hons) Civil Engineering သို့ California Unitec တွင်ဆက်လက်တက်ရောက်နိုင်ပါသည်။

BTEC National Diploma in Civil Engineering

- ... Secondary II ... BTEC Level 2 မှ စ၍ HND Level 5 အထိ ... တက်ရောက်နိုင်ပါသည်။
- ... BTEC Level 3 သို့ တက်ရောက်နိုင်ပါသည်။
- BTEC Level 3 ပြီးပါက ... National Diploma ... BTEC HND Level 4,5 သို့ဆက်လက်တက်ရောက်နိုင်ပါသည်။

Pathway to B.E(Civil) Degree

BTEC Level 2 → BTEC Level 3 → HND Level 4 → HND Level 5 → B.E(Civil)

Block C နှင့် D ... F2 ... ရန်ကုန်မြို့။

09 250 555 558 ,09 250 555 559, 09 255 71 72 30 , 09 255 71 72 40, 09 421 00 55 44

www.californiaunitec.com www.facebook.com/californiaunitec

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

KBZBank(AccountNo.00730200701690301)

“GLOBAL EDUCATION FAIR 2014”

Organized by CROWN EDUCATION & KAPLAN

Grade (10)

International School

USA
UK
SINGAPORE
AUSTRALIA

YANGON 20 June

MANDALAY 22 June

REGISTER NOW : 01 527 838, 09 730 40 688, 09 732 732 77

ဆရာဦးမင်းသိန်း

နေ့မှားဗေဒင်

အခန်းတွင်းဒီဇိုင်းအလှဆင်ရေးဆွဲခြင်း
Interior Design သင်တန်း ဖွင့်မည်။
Decoration Interior Designer Interior Design 3Dsmax Material lighting Animation, Photoshop
PROMOTION Computer 0973184525 ,09255776471

အမည်ပြောင်း

ဦးဇေယျာဦး ၁၀/ကထန(နိုင်)၀၇၃၅၂၈ ၏သမီး ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ် အထကကျောင်း၊ ပဥ္စမတန်း(B)မှ မတုန်တုန်အား မသုန်သုန်ဟု ပြောင်းလဲခေါ်ပါရန်။

မသုန်သုန်

ဖောင်းကြွန်ပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉က/၇၃၇၇၏ ဖောင်းကြွန်ပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွန်ပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သုခလမ်း၊ အမှတ် ၈၂၊ မြေညီ(အေ)တိုက်ခန်းကို ပိုင်ဆိုင်သူဒေါ်နီနီမွန် ၁၀/မဒန(နိုင်)၀၆၆၃၄၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်ရန်ရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ပြီးမြောက်အောင်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ

ဒေါ်စန္ဒာအောင်
၁၄/ဝခမ(နိုင်) ၀၇၂၃၆၀

ဦးမြင့်ဝင်း
B.A(Law)LL.B တရားလွှတ်တော်ရှေ့နေ(၇၅၈၀)
၆၃၊သီတာလမ်း၊ ကျောက်မြောင်း၊တာမွေမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၂၈၀၀၆၁၉၆

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မိကျောင်းကန်အပိုင်း(၃)ရပ်ကွက်၊ သီရိရတနာရိပ်သာ၊ သီရိမြိုင်လမ်း၊ အမှတ် ၅၃/ကနေ ဒေါ်သင်ဇာဦး ၁၂/ဒဂန(နိုင်)၀၀၀၁၅၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးတင်ထွန်းအောင် ၁၂/သဃက(နိုင်)၁၃၇၆၀၇သည် ၂၀၀၂ခုနှစ်မှစ၍ ဒေါ်သင်ဇာဦးနှင့် လက်ထပ်ပေါင်းသင်းခဲ့ရာ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားခဲ့ပါသည်။ ၂၀၀၉ ခုနှစ်တွင် ဇနီးနှင့်သားသမီးနှစ်ဦးအား ကျွေးမွေးထောက်ပံ့ခြင်းမရှိဘဲ စွန့်ပစ်ထားသည့်အတွက် ဒေါ်သင်ဇာဦးမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတွင် ဥပဒေနှင့်အညီ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု စွဲဆိုခဲ့ရာ(၂၀၁၃ ခုနှစ် တရားမကြီးအမှတ်-၃၀၀)ဖြင့် လက်ခံစစ်ဆေးပြီး (၂၀၁၄ ခုနှစ် ဇန်နဝါရီ ၃ ရက်)တွင် လင်မယားကွာရှင်းပြတ်စဲသည့် ဒီကရီချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်သင်ဇာဦး

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းရွှေ၊B.A, R.L, Dip Ed — **ဦးလှကိုB.A, R.L, Dip-Business Law**
တရားလွှတ်တော်ရှေ့နေ(၃၁၈၀) — **တရားလွှတ်တော်ရှေ့နေ(၂၃၁၃)**
အမှတ် ၂၈၊ ၂၉လမ်း၊ ၇၁×၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း-၀၂-၆၅၁၉၄

၁၃-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးမြင့်ဦး၏ရှေ့နေများ ကန့်ကွက်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-အီး)၊ မြေကွက်အမှတ် ၁၂၇/၅၈၊ ဧရိယာ ၀ဒသမ၀၂၉ ဧက၊ နှစ် ၆၀မြေငှားဂရန်မြေကွက် တည်နေရာလိပ်စာ အမှတ် ၁၂၇၊ အောင်ဇေယျလမ်း၊ လွှတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ်ကို ဒေါ်သန်းသန်းဝင်း ၁၂/အလန(နိုင်)၀၂၅၂၃၉ထံမှ ဝယ်ယူထားသူ ဦးအောင်သန်း၏ ပြန်လည်ရှင်းလင်းအသိပေးကြေညာခြင်း

အထက်ပါမြေကွက်ကို ဒေါ်သန်းသန်းဝင်းထံမှ ဦးအောင်သန်း ၁၂/လသန(ဧည့်)၀၀၁၂၂၁သည် ၃-၆-၂၀၁၄ရက်တွင် စရန်ငွေနှင့် ၆-၆-၂၀၁၄ရက်တွင် ပထမအရစ်ငွေပေးချေကာ မြေကွက်လွှတ်ကို ဒေါ်သန်းသန်းဝင်းကပေးအပ်သဖြင့် အလုံမြို့နယ်၊ လွှတ်လပ်ရေးရပ်ကွက် အုပ်ချုပ်ရေးမှူးကို အသိပေးကာ ခြံခတ်လျက်လက်ရောက်ရယူထားပါသည်။ ဦးမြင့်ဦး ၁၂/လမတ(နိုင်)၀၂၉၀၄၇သည် ဒေါ်သန်းသန်းဝင်းထံမှ ၂၀၀၁ခုနှစ်က ဝယ်ယူထားသည်ဆိုသော်လည်း လက်ရောက်ရယူထားခြင်းမရှိပါ။ ဦးမြင့်ဦးလက်ဝယ်ရှိ နှစ် ၉၀မြေငှားဂရန်နှင့် ဦးအောင်သန်း၏ လက်ဝယ်ရှိ နှစ် ၆၀ မြေငှားဂရန်သည် မြေကွက်တစ်ကွက်တည်းတွင် ဒေါ်သန်းသန်းဝင်း အမည်ဖြင့် ဂရန်နှစ်ခုရှိသည့်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဦးအောင်သန်းက ၁၁-၆-၂၀၁၄ရက်တွင် စာဖြင့်တင်ပြတိုင်ကြားထားပါသည်။ အချင်းဖြစ်မြေကွက်ကို အလုံမြို့နယ်၊ လွှတ်လပ်ရေးရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးထံ အငြင်းပွားကာလတွင် မည်သူ့ထံသို့မျှ လွှဲအပ်ခြင်းမပြုရန် ထိန်းသိမ်းထားရှိရေးအတွက် ဦးအောင်သန်းက အပ်နှံထားပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်သန်းထံသို့ နှစ် ၆၀မြေငှားဂရန်မူရင်းနှင့် မြေကွက်လွှတ်လက်ရောက် ပေးအပ်ရောင်းချသူ ဒေါ်သန်းသန်းဝင်းသည် ဤကိစ္စရပ်ကို အမြန်ဆုံးလာရောက် ဖြေရှင်းပေးပါရန် အသိပေးတောင်းဆိုပါသည်။ ချန်အလျောင်(ခ)ဦးမြင့်ဦး၏တရားလွှတ်တော်ရှေ့နေများက မြန်မာ့အလင်းသတင်းစာ၌ ၁၃-၆-၂၀၁၄ရက်စွဲပါ ကန့်ကွက်ခြင်းကြော်ငြာကို အထက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှမြင့်(ဒဂုံ)စဥ်-၉၀၁၂
H.G.P,D.L.P(101)WIPO(SWITZERLAND)
၁။ ဦးတင်အောင်ကြည်(တောင်သုံးလုံး) စဥ်-၃၀၇၂၂ (LL.B)
အထက်တန်းရှေ့နေများအဖွဲ့၊ ဖုန်း-၀၉-၅၀၃၁၈၁၀
အမှတ် ၇၊ မြေညီ၊ ၃၃လမ်း(အောက်)၊ (၁)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၆၉)ရပ်ကွက်၊ မြေကွက်အမှတ် ၁၁၄၈၊ မြေဧရိယာပေ(၁၀×၆၀)မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်မာမာချို ၁၂/ဥကတ(နိုင်)၁၁၅၃၅၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းရီ ၁၂/ဥကတ(နိုင်)၁၃၉၂၂၀က ၁၅-၆-၂၀၁၄ရက်တွင် အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်ပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေသိရှိခြင်းမရှိဘဲ မည်သူမျှ လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ကျူးကျော်နေထိုင်ခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စန်းစန်းရီ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ကျော်မိုး(ဥပဒေသွဲ့)
အထက်တန်းရှေ့နေ
(ရုံး)-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်
ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ် ၃၅၆/ခ၊ မြေကွက်တည်နေရာအမှတ် ၃၅၆/ခ၊ ကျန်စစ်သားလမ်းသွယ်(၁)လမ်း၊ ကြီးပွားရေး/မြောက်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးသာထွန်းအောင်အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသာထွန်းအောင်(ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်မြင့်သန်း ၁၂/သဃက(နိုင်)၀၅၉၀၅၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီခန့်ခွဲရေးဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ မြေကွက်အမှတ် ၄၈၉၊ မြေကွက်တည်နေရာအမှတ် ၄၈၉၊ ခေမာသီလမ်း၊ (ဂ)ရပ်ကွက် ဒေါ်လှမြိုင် ၁၂/မဂဒ (နိုင်)၀၃၁၅၅၁၊ ဦးခင်မောင်ထွန်း ၁၂/ဥကမ(နိုင်)၁၅၃၅၅၈ အမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ခင်ပွန်းဦးခင်မောင်ထွန်း ကွယ်လွန်သဖြင့် ဒေါ်လှမြိုင် ၁၂/မဂဒ(နိုင်)၀၃၁၅၅၁က တစ်ဦးတည်းသောဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ/ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၁၅၉၊ မြေကွက်တည်နေရာအမှတ် ၁၁၅၉၊ နတ်ဝရက် ၅လမ်း၊(၂၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးသန်းဝင်း ၁၂/ကမတ(နိုင်)၀၃၈၈၃၂ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသန်းဝင်းက ဂရန်မူရင်း ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက် ဌာနဝန်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့တင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ် ၈၇/က၊ မြေကွက်တည်နေရာအမှတ် ၈၇/က၊ နဝရက်(၁၁)လမ်း၊(၈)ရပ်ကွက်၊ သာကေတမြို့နယ် ဦးသက်တင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးသက်တင်(ဖခင်)နှင့် ဒေါ်တင်ကြည် (မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်သန်းသန်းဧ ၁၂/သကတ(နိုင်)၁၅၄၆၄၃က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကြော်ငြာ ကြော်ငြာ ကြော်ငြာ

MYANMAR MICROFINANCE BANK

MMB

MYANMAR MICROFINANCE BANK

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်

မြန်မာအသေးစားငွေရေးကြေးရေးဘဏ်၏ သစ္စာလမ်းဘဏ်ခွဲ(တောင်ဥက္ကလာ)ကို ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်တွင် ၁၉.၆.၂၀၁၄ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

"အားလုံးအတွက် M M B"

သစ္စာလမ်းဘဏ်ခွဲ(တောင်ဥက္ကလာ)

အမှတ်(၁၁/၁၃)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Tel: (၀၁) ၈၅၀၀၇၉၀၊ ၈၅၀၀၇၉၁၊ ၈၅၀၀၇၉၂၊ ၈၅၀၀၇၉၃၊ ၈၅၀၀၇၉၄၊ Fax: (၀၁) ၈၅၀၀၇၈၈၊ ၈၅၀၀၇၈၉။

ကျွန်တော်များ Myanmar Jade Crown Service Co.,Ltd မှ အောက်ဖော်ပြပါစာရွက်(မူရင်း)များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

Ph: 01-570516

No	ID No.	BL No.	BL	ID
ILV 11_12 1413 08/02/2012				
1	718330 (24.2.2012)	SBTG-232	✓	
2	729428 (13.3.2012)	TTG-366	✓	
3	733331 (30.4.2012)	TTG-010	✓	
4	732033 (10.4.2012)	TTG-318	✓	✓
5	736204 (2.5.2012)	KTG-013	✓	✓
6	736141 (9.5.2012)	SBTG-432	✓	
7	724391 (19.3.2012)	TTG-333	✓	✓
8	733124 (10.4.2012)	TTG-308	✓	✓
9	729689 (4.4.2012)	SBTG-328	✓	✓
ILV 12-13 0214 04/06/2012				
10	736390 (26.7.2012)	YNTG-0840-2463	✓	
11	736391 (26.7.2012)	YNTG-0820-2463	✓	
12	736392 (16.7.2012)	KBTG-0200-2463	✓	
ILV 12-13 0782 20/07/2012				
13	738453 (27.7.2012)	YNTG-0810-2463	✓	✓
14	738452 (27.7.2012)	YNTG-0800-2463	✓	
15	738450 (27.7.2012)	KBTG-0180-2463	✓	
16	738451 (27.7.2012)	YNTG-0830-2463	✓	
ILV 13-14 0337 17/10/2013				
17	723183 (7.8.2013)	NTG-093		✓
18	723224 (8.8.2013)	KWTG-164	✓	
19	732090 (21.8.2013)	NYKS-003167863		✓
ILV 13-14 1852 01/11/2013				
20	778862 (5.11.2013)	SBTG-311		✓
21	783057 (14.11.2013)	NTG-212	✓	
ILV 12-13 1671 17/10/2012				
22	816413 (6.12.2012)	NTG-507	✓	

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
လိုင်စင်မဲ့မော်တော်ယာဉ်များအိတ်ဖွင့်တင်ဒါဖြင့်ရောင်းချရေးကော်မတီ
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

၁။ တနင်္သာရီတိုင်းဒေသကြီး လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကိုယ်စား လိုင်စင်မဲ့မော်တော်ယာဉ် ၃၃ စီးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချသွားမည်ဖြစ်၍ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များ (တင်ဒါရောင်းချမည့်ယာဉ်များကို ဝယ်ယူမည့်သူများ သွားရောက်ကြည့်ရှုနိုင်ရန်အတွက် ယာဉ်အမျိုးအစား ထုတ်လုပ်သည့်ခုနှစ်၊ တည်နေရာများပူးတွဲထားလျက်)အား ပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ အိတ်ဖွင့်တင်ဒါအဆိုပြုတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် (၅၀၀၀ိ/-) (ကျပ်ငါးထောင်တိတိ)ဖြင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့တွင် ၂၃-၆-၂၀၁၄ ရက်မှ ၄-၇-၂၀၁၄ရက်အထိ ရုံးချိန်အတွင်းဝယ်ယူရရှိနိုင်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံသည် မူရင်းအိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများကို ဥက္ကဋ္ဌ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ၊ ထားဝယ်မြို့ထံလိပ်မူ၍ ၄-၇-၂၀၁၄ရက် ၁၆း၃၀နာရီထက် နောက်မကျဘဲ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့ရှိ တင်ဒါပုံးအတွင်းသို့ ထည့်သွင်းရမည်ဖြစ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာဖွင့်ပွဲကို ၇-၇-၂၀၁၄ရက် ၉း၃၀နာရီတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ ထားဝယ်မြို့တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၂၃၅၆၃၊ ၀၅၉-၂၃၅၆၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လိုင်စင်မဲ့မော်တော်ယာဉ်များ အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချရေးကော်မတီ
ထားဝယ်မြို့

အမည်ပြောင်း မြောက်ဥက္ကလာပမြို့နယ်၊ အထက(၁) အင်္ဂမတန်း(A)မှ ဦးခင်မောင်ရင်၏သား မောင်အာကာထက်ပိုင်အား မောင်ထက်အောင်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။
မောင်ထက်အောင်ကျော်

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ

Hein Htet San Law Firm

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

[illegible]

Hein Htet San Law Firm

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်

[illegible]

B.A (Eco), D.A, R.L, DBL, DML, DIL, M.A (Business Law P1), WIPO (Switzerland)

၇-၆-၂၀၁၄ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ-၂၂ပါ ဦးစံမြ(ပုလော)တရားလွှတ်တော်ရှေ့နေ၏ဦးတင်ဦး(ခ)ဦးတင်လှနှင့် အများသိစေရန် ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ဦးတင်ဦး(ခ)ဦးတင်လှ ၁၂/သဃက(နိုင်)၁၂၂၇၂၇၏လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရှင်းလင်းကြေညာအပ်သည်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၂)၊ ဦးစလမ်း၊ မြေကွက်အမှတ် ၆၃၉၊ မြေဧရိယာပေ(၄၀×၆၀)အကျယ်အဝန်းရှိ အိမ်နှင့်မြေကို မူလမြေဂရန်အမည်ပေါက် ဒေါ်မွန်ရည်ထံမှ ဦးဇစ်တာဒီမှူးက ၁၀-၇-၂၀၀၂ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး ဒေါ်မွန်ရည်က ဦးဇစ်တာဒီမှူးအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ်-၁၂၃၃၃/၂၀၁၁ဖြင့် (၅-၇-၂၀၁၁)ရက်က လွှဲအပ်ခဲ့ပါသည်။ ဦးဇစ်တာဒီမှူးထံမှ ဦးတင်ဦး(ခ)ဦးတင်လှက ၁၆-၃-၂၀၀၉ရက်စွဲပါ အိမ်နှင့်မြေကွက်အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုပြီး ဦးဇစ်တာဒီမှူးက ဦးတင်ဦး(ခ)ဦးတင်လှအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာနံပါတ်-၁၀၉၀၅/၂၀၁၁ကို လွှဲအပ်လျက်အပြီး အပိုင်ဝယ်ယူလက်ရောက်လွှဲပြောင်းရယူခဲ့ပါသည်။ ဦးတင်ဦး(ခ)ဦးတင်လှက မိမိလက်ရှိလက်ရောက်ရရှိ ပိုင်ဆိုင်ထားသည့် ၎င်းမြေကွက်နှင့်နေအိမ်အား အိမ်ငှားအဆင့်ဆင့် ငှားရမ်းထားရှိခဲ့ပြီး နောက်ဆုံးဦးတင်မောင်ထွန်းအား အိမ်ငှားအဖြစ် ၂၀-၂-၂၀၁၃ရက်မှ ၂၀-၂-၂၀၁၄ရက်အထိ ငှားရမ်းထားခဲ့ပါသည်။

ဒေါ်နော်လားပွေဖောက ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတော်၌ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ မြေကွက်၏အလျားပေ(၆၀×၂၀)ကို ဝယ်ယူပိုင်ဆိုင် လက်ရှိနေထိုင်ကြောင်း ကြေညာချက်မှာ လုံးဝမှန်ကန်မှုမရှိပါ။ ဒေါ်နော်လားပွေဖောသည် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ဥပဒေနှင့်မညီသောနည်းလမ်းဖြင့် ရရှိအောင်ဆောင်ရွက်ခဲ့ခြင်းအပေါ် ဥပဒေနှင့်အညီ တရားစွဲဆိုမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအေးဝင်း(ဖျာပုံ၊ B.Sc(Geol),H.G.P.,R.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၂၁)
အမှတ် ၄၉/၇၅၆၊ ရွှေနှင်းဆီ(၅)လမ်း၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၄၃၀၇၈၇၂၂

ဦးစိမ်းသစ်လူ(LL.B)
အထက်တန်းရှေ့နေ
(စဉ်-၃၇၅၂၂)
ဖုန်း-၀၉-၇၃၁၂၁၆၆၄

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်-သကမ(၁၆)၊ မြေကွက်အမှတ် ၂၈(က+ခ)၊ မြေအကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဒေါ်ငွေးငွေး၊ ဒေါ်တင်တင်ဝေ အမည်ပေါက် နှစ် ၆၀ဂရန်မြေ၊ အရပ်အခေါ် အမှတ် ၂၈(က+ခ)၊ မော်လမြိုင်လမ်းမကြီး(ခ)အနော်ရထာလမ်းမ၊ သကမ(၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်ရှိ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်အမည်ပါ မြေကွက်ပိုင်ဆိုင်မှုများနှင့်ပတ်သက်၍ ဒေါ်ငွေးငွေး ၉/ကပတ (နိုင်)၀၇၉၄၀၉၊ ဒေါ်တင်တင်ဝေ ၉/ညဥန(နိုင်)၀၇၈၇၁၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးနိုင်ထွဋ်လင်း(ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
ဖူးပွင့်ဝေစာချုပ်စာတမ်း(အထူး)ဝန်ဆောင်မှု
အမှတ်(၉၉)၊ ဒုတိယထပ်(ယာ)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၅၀၆၁၅၇

စောင့်ကြည့်ရတော့မည့် ဥရုဂွေး၏လားရာ . . . .

ကမ္ဘာ့ဖလားပြိုင်ပွဲမစခင်က ဥရုဂွေးနဲ့ပတ်သက်ပြီး အမြင်တစ်ခုချပြခဲ့ဖူးတယ်။ အဲဒါက သူတို့ရဲ့တိုက်စစ်ပိုင်းကို စိုးတထင့်ထင့် ဖြစ်မိတဲ့အကြောင်း။ အဲဒီတုန်းက နည်းနည်းမကတုံ့ပြန်ခံရဖူးတယ်။ ဆွာရက်ဇ်၊ ဖော်လန်၊ ကာဗာနီတို့ရှိနေတဲ့ တိုက်စစ် အစုအဝေး အပေါ် အများစုက အကောင်းမြင်ကြတယ်။ တကယ်လည်း ဆွာရက်ဇ်၊ ဖော်လန်၊ ကာဗာနီတို့ ရှိနေတဲ့ ဥရုဂွေးတိုက်စစ် ကို ပြီးပြည့်စုံမှုလို့ မဆိုချင်တာတောင် ထက်မြက်တဲ့အစုအဝေးအဖြစ်မြင်တယ်။ မြင်ခဲ့တယ်။

ဒါပေမယ့် ပြောခဲ့မိ တာက ဆွာရက်ဇ်၊ ဖော်လန်၊ ကာဗာနီတို့ သုံးဦးစလုံးစုံတဲ့အားမဟုတ်ဘူး။ အဲဒီအထဲက တစ်ဦးဦး ပွဲထွက်ခဲ့ရင်ဆိုတဲ့အတွေး။ အဲဒီအတွေးကို ကမ္ဘာ့ဖလား အကြို ကာလ ဆွာ ရက်ဇ် ဒဏ်ရာ ရရှိနေချိန်မှာ စပြီးရခဲ့တာ။ ပြောပြ၊ ချပြ မိတော့ အများစုက သိပ်လက်မခံချင် ကြဘူး။ ဒါပေမယ့် လက်တွေ့ပွဲထွက်လာတဲ့အခါ ကျတော့ ဆွာရက်ဇ်မပါတဲ့ ဥရုဂွေးတိုက်စစ်က ကော်စတာရီကာကို တစ်ဂိုးပဲသွင်းနိုင်တယ်။ အဲဒီဂိုးကလည်း ပယ်နယ်တီဂိုး၊ ဒီတော့ တွေးထင်မှန်းဆခဲ့မှုအပေါ် ထပ်ရှင်းပြချင်တဲ့စိတ်ဖြစ်လာတယ်။

တကယ်တော့ ဆွာရက်ဇ်၊ ကာဗာနီ၊ ဖော်လန်ဆိုတဲ့ မြားသုံးချောင်းဟာ ဥရုဂွေးထိုးစစ်မှာ သူ့တာဝန်နဲ့သူရှိတယ်။ ဆွာရက်ဇ်နဲ့ ကာဗာနီက လက်ရှိအချိန်မှာ အကောင်းဆုံးခြေစွမ်းကို ပိုင်ထားတဲ့အချိန်။ သူတို့နှစ်ဦးရဲ့ တွဲဖက်ထိုးဖောက်မှုအားကို တော်ရုံခံစစ် တောင့်မခံနိုင်ဘူး။ ပြီးတော့ သူတို့နှစ်ဦးစလုံးက အဆုံးသတ်ပိုင်းအားကောင်းကြတဲ့သူတွေ။ တိုးအား၊ အဆုံးသတ်၊ တွဲဖက်မိမှုတွေမှာ အားအကောင်းဆုံးဖြစ်တဲ့ အဲဒီနှစ်ယောက်ကို နောက်ကနေ ဖော်လန်က အတွေ့အကြုံနဲ့ အနားကွပ်ပေးတယ်။ ပြောရရင် ဖော်လန်က အသက်အရ အကောင်းဆုံးအချိန် မဟုတ်တော့ဘူး။ အဆုံးသတ်အားလျင်မြန်မှု၊ အကြမ်းခံနိုင်တဲ့အား။ မိနစ် ၇၀ပြည့် ခြေမကျစတမ်း ကစားနိုင်မှုဆိုတာတွေမှာ ဖော်လန်ဟာ အားကိုးအားထားပြုလို့မရတော့ဘူး။ ဒါပေမယ့် သူ့မှာအတွေ့အကြုံရှိတယ်။ သမ္ဘာရှိတယ်။ အဲဒီကနေ အခြေခံပြီးထွက်လာတဲ့ အကွက်မြင်မှု၊ ဘယ်လိုခံစစ်ကို ဘယ်လိုထိုးဖောက်ရမယ်ဆိုတဲ့အသိ။ အဲဒီအသိ၊ အဲဒီမြင်နိုင်အားနဲ့ ဖော်လန် ဖန်တီးပေးတဲ့ဘောလုံးလမ်းကြောင်းကနေ ဆွာရက်ဇ်နဲ့ ကာဗာနီက အပြိုင်ထိုးဖောက်၊ နားလည်မှုရှိရှိ တွဲဖက်မှုမိမိနဲ့ အပြန်အလှန်ဖန်တီးထိုးဖောက်မှုကနေ အဆုံးသတ်တယ်။ ဒီတော့ ဥရုဂွေးဟာ ဂိုးရဖို့မခက်ဘူး။ ဒါပေမယ့် ပြောခဲ့ပြီးသလို အဲဒီသုံးဦးထဲကတစ်ဦးဦးပွဲ့တာနဲ့ ဟန်ချက်ပျက်တတ်တဲ့သဘောရှိတယ်။ အခြေအနေရှိတယ်။

အထူးသဖြင့် အဲဒီသုံးဦးထဲမှာ ဆွာရက်ဇ်က ပိုအဓိကကျတယ်။ ပြီးတော့ ကာဗာနီ၊ ပြီးမှ ဖော်လန်၊ ဖော်လန်ပွဲထွက်ခြင်းဟာ ဖိအားဖြစ်နိုင်ပေမယ့် ကာဗာနီ၊ ဆွာရက်ဇ် နှစ်ဦးထဲက တစ်ဦးဦးပွဲထွက်တာကျတော့ ဟာကွက်ကကြီးသွားတယ်။ ပြောရရင် ပြောခဲ့ပြီးသလို ဒီနှစ်ယောက်က တိုးအား၊ အဆုံးသတ်၊ တွဲဖက်မိမှုတွေမှာ အကောင်းဆုံးဆိုတော့ သူတို့နှစ်ဦးရဲ့တွဲလုံးတွေကို ထိန်းဖို့ခက်တယ်။ ဆွာရက်ဇ်ကိုထိန်းရင် ကာဗာနီက ဂိုးသွင်းတယ်။ ကာဗာနီကိုထိန်းရင် ဆွာရက်ဇ်က ဂိုးသွင်းတယ်။ ဒါပေမယ့် အဲဒီနှစ်ယောက်ထဲက တစ်ယောက် ပွဲထွက်တဲ့အခါ ကျန် တစ်ယောက်ကို ထိန်းလိုက်ရုံနဲ့ ဥရုဂွေး

စာမျက်နှာ ၂ သို့

“ဆွာရက်ဇ်၊ ကာဗာနီ၊ ဖော်လန်ဆိုတဲ့ မြားသုံးချောင်းဟာ ဥရုဂွေးထိုးစစ်မှာ သူ့တာဝန်နဲ့သူရှိတယ်”

ဝေမိုးဆက်

အင်္ဂလန်နဲ့ အိုင်ဗရီကို့စ် ဂိုးမပြတ်ဘဲ အနိုင်ရရှိသွားမယ့် ပွဲစဉ်များ

အုပ်စုအဖွင့်ပွဲတွေမှာ နိုင်ပွဲကိုယ်စီရရှိခဲ့တဲ့ကိုလံဘီယာနဲ့ အိုင်ဗရီကို့စ် တို့ဆုံတွေ့ရမယ့်ပွဲက အကြိတ်အနယ်ရှိနိုင်ပြီး ပြတ်သားတဲ့ ရလဒ်ထွက်ပေါ် လာဖို့ ခက်တယ်။ ဥရုဂွေးနဲ့ အင်္ဂလန်အသင်းတို့ကလည်း ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းတဲ့ ပြိုင်ဘက်တွေဖြစ်လို့ ဒီနှစ်သင်းဆုံတွေ့တဲ့ပွဲဟာ စိတ်ဝင်စား ဖို့ ကောင်းနေတယ်။

ကိုလံဘီယာ Vs အိုင်ဗရီကို့စ်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၁၉-၆-၂၀၁၄၊ ည ၁၀း၃၀ Estadio Nacional
နောက်ဆုံးဆုံတွေ့မှုရလဒ်	မရှိ

အဖွင့်ပွဲမှာ အနိုင်ရထားတဲ့ ကိုလံဘီယာဟာ နောက်တစ်ဆင့်တက်နိုင်ရေး အတွက် အထူးအားစိုက်ကစားလာမှာပါ။ ကိုလံဘီယာရဲ့ အသင်းလိုက်စုစည်းမှု ကောင်းမွန်တယ်ဆိုပေမယ့် အဖွင့်ပွဲမှာ ဂရိကို အနိုင်ရခဲ့စဉ်က ဘောလုံးပိုင် ဆိုင်မှုအပိုင်းမှာ အသာစီးမရခဲ့တဲ့အချက်ကိုတော့ သတိပြုရမယ်။ ကိုလံ ဘီယာရဲ့ခံစစ်ကစားပုံက နောက်ပိုင်းပွဲတွေမှာ တည်ငြိမ်မှုရှိနေတယ်။ အသင်း ရဲ့ အဓိကတိုက်စစ်မှူး ဖယ်ကာအို မပါဝင်နိုင်ပေမယ့် ဂူတီရက်ဇ်၊ ရိုဒရီဂေးဇ် တို့လို ဂိုးသွင်းခြေရှိတဲ့ ကစားသမားတွေ ပါဝင်နေလို့ တိုက်စစ်ကစားပုံလည်း ကောင်းမွန်နေတယ်။ ဒါပေမယ့် ဥရောပအခြေစိုက်ကစားသမားကောင်း ပါဝင်နေတဲ့ အိုင်ဗရီကို့စ်အသင်းကလည်း ခြေစွမ်းပိုင်း ထက်မြက်မှုရှိလို့ ကိုလံ ဘီယာကို အကောင်းဆုံး ယှဉ်ကစားနိုင်စွမ်းရှိတယ်။ အိုင်ဗရီကို့စ်ရဲ့ ခံစစ်ပိုင်း က အနည်းငယ်အားနည်းနေတာမှန်တယ်။ ဒါပေမယ့် ယာယာတိုရေး၊ ဆီရေး ဒိုင်း၊ တိုင်အိုတီတို့ရဲ့ အိုင်ဗရီကို့စ်ကွင်းလယ်ဟာ ကိုလံဘီယာကွင်းလယ်ကို ဖိအားပေးနိုင်စွမ်းရှိတယ်။ ဂါဗင်ညို၊ ကာလူးတို့က ဂိုးသွင်းခြေရှိတဲ့ တိုက်စစ် ကစားသမားတွေဖြစ်သလို ပွဲထွက်ကစားသမားစာရင်းမှာ ဒရော့ဘာ ပါဝင် လာခဲ့ရင် အိုင်ဗရီကို့စ်တိုက်စစ် ပိုမိုထက်မြက်နိုင်တယ်။ ခြေမကွာပေမယ့် အိုင်ဗရီကို့စ်အသင်းပဲ ကပ်နိုင်သွားဖို့ များတဲ့ပွဲပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၂

ဥရုဂွေး Vs အင်္ဂလန်	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၀-၆-၂၀၁၄၊ နံနက် ၁း၃၀ Arena de Sao Paulo
နောက်ဆုံးဆုံတွေ့မှုရလဒ်	အင်္ဂလန် ၂-၁ ဥရုဂွေး (၁-၃-၂၀၀၆)

ကမ္ဘာ့ဖလား အုပ်စုအဖွင့်ပွဲမှာ အသင်းငယ်လေး ကော်စတာရီကာကို မထင်မှတ်ဘဲ အရေးနိမ့်ခဲ့ရတဲ့ ဥရုဂွေးအသင်းအနေနဲ့ အုပ်စုအဆင့်က တက်နိုင်ရေး မျှော်လင့်ချက်အတွက် ခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် လူဂါနို၊ ဂိုဒင်တို့ ဦးဆောင်တဲ့ ဥရုဂွေးအသင်းခံစစ်ဟာ လုံခြုံမှုအားနည်းနေသလို အသင်းရဲ့ အဓိကညာတောင်ပံခံစစ်မှူး ပရီရာကလည်း ပွဲပယ်ပြစ်ဒဏ်ကြောင့် ပါဝင်နိုင်မှာ မဟုတ်လို့ ဥရုဂွေးခံစစ် ပိုမိုအားနည်းသွားနိုင်တာကို သတိပြု ရမယ်။ ကော်စတာရီကာနဲ့ပွဲမှာ ကာဗာနီ၊ ဖော်လန်တို့ ဦးဆောင်တဲ့ ဥရုဂွေး တိုက်စစ်က သိသိသာသာ အလုပ်မဖြစ်ခဲ့ပေမယ့် အခုပွဲမှာ ဒဏ်ရာကြောင့် အနားယူနေရတဲ့ တိုက်စစ်မှူး ဆွာရက်ဇ် ပါဝင်လာနိုင်ဖွယ်ရှိလို့ တိုက်စစ်ပိုင်း ထက်မြက်လာနိုင်တယ်။ ဒါပေမယ့် ဥရုဂွေးအသင်းရဲ့ အသင်းလိုက်ကစားပုံ သာမန်သာရှိလို့ အင်္ဂလန်ကို ဖိအားပေးနိုင်ဖို့ခက်တယ်။ အင်္ဂလန်အနေနဲ့ ဒီပွဲမှာ ရွန်နေ၊ စတာရစ်တို့ တိုက်စစ်အတွဲကိုပဲ အသုံးပြုလာနိုင်ပြီး ရွန်နေကို ကွင်းလယ်ဗဟိုနေရာမှာ ပြောင်းလဲအသုံးပြုခဲ့ရင် အင်္ဂလန်ရဲ့ တိုက်စစ်ပိုင်း ပိုမိုထက်မြက်လာနိုင်တဲ့ အလားအလာရှိတယ်။ စတားလင်း၊ ဂျရတ်၊ ဝဲလ် ဘတ်တို့ရဲ့ကွင်းလယ်က ဥရုဂွေးကွင်းလယ်ကို ယှဉ်နိုင်စွမ်းရှိတယ်။ ဒါပေမယ့် အင်္ဂလန်အသင်းရဲ့ ခံစစ်ပိုင်း အနည်းငယ်အားနည်းနေတယ်။ အင်္ဂလန် အသင်းရုန်းကန်ရနိုင်ပေမယ့် တစ်ဂိုးအသာနဲ့ အနိုင်ရမှာပါ။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၂

ဂျပန် Vs ဂရိ	
ကစားမည့် ရက်၊ အချိန်နှင့် ကွင်း	၂၀-၆-၂၀၁၄၊ နံနက် ၄း၃၀ Arena das Dunas
နောက်ဆုံးဆုံတွေ့မှုရလဒ်	ဂရိ ၀-၁ ဂျပန် (၁၉-၆-၂၀၀၅)

ဂျပန်အသင်းဟာ အသင်းလိုက်ရုန်းအားကောင်းမွန်တဲ့ အသင်းဖြစ် တယ်။ လျင်မြန်မှုကို အားပြုကစားတတ်ပေမယ့် တိုက်စစ်နဲ့ ကွင်းလယ်ပိုင်း ချိတ်ဆက်နိုင်မှု အနည်းငယ်အားနည်းမှုရှိနေတာကို သတိပြုရမယ်။ ဒါပေ မယ့် ကာဂါဝါ၊ ဟွန်ဒါ၊ အိုကာဇာကီ၊ ဟာဆီဘီတို့လို ဥရောပအတွေ့အကြုံရှိတဲ့ ကစားသမားတွေရှိနေလို့ ပွဲကိုထိန်းချုပ်ကစားသွားနိုင်စွမ်းရှိတယ်။ ဂျပန် အသင်းခံစစ်ပိုင်း အားနည်းမှုရှိနေတာမှန်ပေမယ့် ဆာမာရက်စ်၊ ဂီကက်စ် တို့အပေါ် အဓိကအားပြုနေရတဲ့ ဂရိအသင်းတိုက်စစ်ဟာ အဆုံးသတ်ပိုင်း အားနည်းနေတာကြောင့် ဂျပန်ခံစစ်အားနည်းနေမှုကို အသုံးချနိုင်ဖို့ ခက် တယ်။ ဂရိအသင်းဟာ ကိုလံဘီယာနဲ့ပွဲမှာ ရှုံးပွဲကြုံခဲ့ရပေမယ့် ဘောလုံးပိုင် ဆိုင်မှုအပိုင်းမှာတော့ အသာစီးရအောင် ကစားနိုင်ခဲ့တဲ့အသင်းမို့ ဂျပန်ကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်စွမ်းရှိတယ်။ ဒါပေမယ့် ဂရိအသင်းရဲ့ ခံစစ် ဟာ အားနည်းချက်တွေရှိနေလို့ ဂျပန်ရဲ့ ထိုးစစ်ကို ခက်ခက်ခဲခဲ ဟန့်တား ရနိုင်တယ်။ အုပ်စုအဖွင့်ပွဲမှာ ရှုံးပွဲတွေ ကြုံတွေ့ခဲ့ရတဲ့ အသင်းတွေမို့ နောက် တစ်ဆင့်တက်ရေး မျှော်လင့်ချက်အတွက် အမှားမခံဘဲ အားထည့်ကစားလာမှာ ပါ။ ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းပေမယ့် ဂျပန်အသင်း ကပ်နိုင်သွားမယ်လို့ သုံးသပ်မိတယ်။

ဖြစ်နိုင်ဖွယ်ရလဒ် ၁-၀

■ ထက်အောင်

ဂရိနှင့်ပွဲတွင် တိုက်စစ်ဆင်ကစားသွားမည်ဟု ဂျပန်ကွင်းလယ်ကစားသမား ကာဂါဝါပြောဆို

ဂျပန်ကွင်းလယ်ကစားသမား ရှင်ဂျီကာဂါဝါက အုပ်စုဒုတိယပွဲစဉ်ဖြစ်သည့် ဂရိနှင့်ပွဲတွင် ဂျပန်အသင်းက တိုက်စစ်ဆင်ကစားသွားမည်ဟု ပြောဆိုလိုက်သည်။

ဇာချီရိုနီကိုင်တွယ်သည့် ဂျပန်အသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် အိုင်ဗရီကို့စ်အသင်းကို ၂-၁ ဖြင့် ရှုံးနိမ့်ခဲ့သလို ဂျပန်နှင့်ကစားရမည့် ဂရိအသင်းမှာလည်း အဖွင့်ပွဲစဉ်တွင် ကိုလံဘီယာကို ၃-၀ ဖြင့် ရှုံးနိမ့်ခဲ့ရသည့်အတွက် ယခုပွဲစဉ်တွင် နှစ်သင်းစလုံးအတွက် နောက်တစ်ဆင့်တက်နိုင် ရေးအတွက် အနိုင်ရလဒ်ထွက်ပေါ်လာရေး အရေးပါနေသည်။

မန်ယူကွင်းလယ်ကစားသမား ကာဂါဝါသည် အဖွင့်ပွဲစဉ်တွင် ရလဒ်ကောင်းများရယူနိုင်ခြင်း မရှိခဲ့သဖြင့် စိတ်ပျက်မိကြောင်းနှင့် လက်ကျန်ပွဲစဉ်များကိုလည်း သတိထားကစားသွားရမည်ဟု ပြောသွားသည်။

ကာဂါဝါက "အိုင်ဗရီကို့စ်နဲ့ပွဲမှာ ကျွန်တော်တို့ ထိန်းချုပ်မကစားနိုင်ခဲ့ပါဘူး။ ဒါကြောင့် နောက်ကစားရမယ့် ပွဲမှာတော့ အကောင်းဆုံးပြင်ဆင်သွားရမှာပါ။ ဂရိအသင်းဟာ ကျွန်တော် တို့ကို တိုက်စစ်ဖွင့်ကစားလာမှာဖြစ်သလို ကျွန်တော်တို့ကလည်း ဂရိအသင်းကို တိုက်စစ်ဆင် ကစားသွားမှာပါ"ဟု ပြောသွားသည်။

ဂျပန်အသင်းသည် ကမ္ဘာ့ဖလား ပြိုင်ပွဲကို လေးကြိမ်တိုင် ပါဝင်ယှဉ်ပြိုင်ထားခဲ့ရာ အုပ်စု အဆင့်မှ နှစ်ကြိမ်ကျော်ဖြတ်နိုင်ခဲ့သည်။

ဖြိုးဒေါ်လာ

ကမ္ဘာ့ဖလားပွဲစဉ်များ				
၂၀-၆-၂၀၁၄ ရက်	၄း၃၀(နံနက်)	ဂျပန်	-	ဂရိ
၂၀-၆-၂၀၁၄ ရက်	၁း၃၀ (နံနက်)	ဥရုဂွေး	-	အင်္ဂလန်
၂၀-၆-၂၀၁၄ ရက်	၁၀း၃၀ (ည)	အီတလီ	-	ကော်စတာရီကာ
၂၁-၆-၂၀၁၄ ရက်	၁း၃၀ (နံနက်)	ဆွစ်ဇာလန်	-	ပြင်သစ်
၂၁-၆-၂၀၁၄ ရက်	၄း၃၀ (နံနက်)	ဟွန်ဒူးရပ်စ်	-	အီကွေဒေါ



ကာဂါဝါ

ဒီထက်စွမ်းဆောင်ပြချင်တဲ့ လီကွမ်ဟို

လီကွမ်ဟို

တောင်ကိုရီးယားဟာ ၂၀၁၄ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ သရေတစ်မှတ်နဲ့ ခရီးစတင် ခဲ့ပါပြီ။ ရုရှားအသင်းကို တစ်ဂိုးစီသရေပွဲဖြစ်အောင် အားထုတ်နိုင်ခဲ့တာဟာ ချီးကျူးစရာဖြစ် ပေမယ့် တောင်ကိုရီးယားအသင်းရဲ့ ကစားပုံဟာ အကောင်းဆုံးပုံစံတော့ မဟုတ်ခဲ့ပါဘူး။

စိတ်ချရသူတစ်ဦး

ဒီပွဲမှာ တောင်ကိုရီးယားကို တစ်မှတ်ရအောင် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သူကတော့ တိုက်စစ်မှူး လီကွမ်ဟိုဖြစ်ပါတယ်။ တကယ်တော့ လီကွမ်ဟိုဟာ အသက် ၂၉ နှစ်အရွယ် ရှိပြီး ကျရိပ်သမ်းနေတဲ့ ကစားသမားတစ်ဦးဖြစ်ပေမယ့် အဆုံးသတ်ဂိုးသွင်းမှုအပိုင်းမှာ စိတ်ချရသူတစ်ဦး ဖြစ်ပါတယ်။

ပထမဦးစားပေးပွဲထွက်တိုက်စစ်မှူး မဟုတ်ပေမယ့် ရုရှားနဲ့ကစားတဲ့ပွဲမှာ ပွဲချိန် ၅၆ မိနစ်မှာ ပတ်ချူယောင်အစား ဝင်ကစားခဲ့ရပေမယ့် ၆၈ မိနစ်မှာ လီကွမ်ဟိုဟာ တောင်ကို ရီးယားအသင်းအတွက် ဂိုးသွင်းနိုင်ခဲ့ပါတယ်။ အဲဒီဂိုးဟာ တောင်ကိုရီးယားအသင်းအတွက် ကမ္ဘာ့ဖလားပွဲမှာ သူ့ရဲ့ပထမဆုံးသွင်းဂိုးလည်း ဖြစ်ခဲ့ပါတယ်။

ဝင်ရောက်ကစား

"ကမ္ဘာ့ဖလားပွဲမှာ ကျွန်တော်ဒီထက်စွမ်းဆောင်ပြခွင့်တွေရရှိဦးမှာပါ" လို့ ပွဲအပြီးမှာ လီကွမ်ဟိုက ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ လီကွမ်ဟိုဟာ တောင်ကိုရီးယား လက်ရွေး စင်အဖြစ် စုစုပေါင်း ၅၈ ပွဲ ကစားပြီးချိန်မှာ ၁၈ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်ပြီး ဒီနှစ်ကမ္ဘာ့ ဖလားပြိုင်ပွဲကတော့ သူ့ရဲ့ နောက်ဆုံးကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ရောက်ကစားမှုဖြစ်မှာပါပဲ။

တောင်ကိုရီးယားနည်းပြ ဟောင်မြောင်ဘိုကတော့ "လီကွမ်ဟိုရဲ့ စွမ်းရည်နဲ့ အားထုတ် မှုကို ကျွန်တော်ယုံကြည်ပါတယ်။ သူ့ကို လက်ရွေးစင်အဖြစ် ရွေးချယ်ခဲ့တဲ့အချိန်မှာ ဝေဖန် မှုတွေရှိခဲ့ပေမယ့် ကျွန်တော်ဟာ သူ့ရဲ့ စွမ်းဆောင်မှုကို အဓိကထား ရွေးခဲ့တာဖြစ်ပါတယ်" လို့ ပြောကြားနေပါတယ်။

လီကွမ်ဟိုဟာ နယ်သာလန်မှာ ကျင်းပတဲ့ ၂၀၀၅ ဖီဖာကမ္ဘာ့ဖလား ချန်ပီယံရှစ်ပြိုင်ပွဲမှာ တောင်ကိုရီးယားအသင်းကိုယ်စားပြုကစားခဲ့ပြီး ခြေစွမ်းပြနိုင်ခဲ့သလို အခုကမ္ဘာ့ဖလား ပြိုင်ပွဲမှာလည်း သူ့ကို အခွင့်အရေးပေးရန် အကောင်းဆုံးလုပ်ဆောင် ပြသွားမယ်လို့ ဆိုနေပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုကမ္ဘာ့ဖလားပွဲမှာ ရုရှားအသင်းကို တစ်ဂိုးစီ သရေကစားနိုင်ခဲ့တဲ့ အတွက် အဖွင့်ပွဲမှာ တစ်မှတ်ရရှိခဲ့တဲ့ တောင်ကိုရီးယား အသင်းဟာ ဇွန် ၂၃ ရက်မှာ အယ်ဂျီးရီးယားအသင်းနဲ့ ကစားရမှာဖြစ်သလို ဇွန် ၂၇ ရက်မှာ ဘယ်လ်ဂျီယံနဲ့ ကစားရ မှာဖြစ်လို့ ဒီပွဲတွေမှာ လီကွမ်ဟို ခြေစွမ်းပြဂိုးတွေ သွင်းနိုင်မလားဆိုတာ စောင့်ကြည့်ရမှာပါ။

ကိုဝ

ဥရုဂွေးရဲ့ လားရာမှ

တိုက်စစ်က အသက်မဲ့သွားတယ်။ အရှင်းဆုံးပြောရရင် ဖော်လန်ဟာ အဲဒီနှစ်ယောက်ထဲက တစ်ယောက် ယောက်ရဲ့တာဝန်ကို လွှဲယူနိုင်တဲ့ အရွယ်မဟုတ်တော့ဘူး။ သူ့မှာ လျင်မြန်မှုနည်းသွားပြီး ကြံ့ခိုင်မှုကျ သွားပြီ။ အဲဒါနဲ့အမျှ အခွင့်အရေးရ ယူနိုင်မှုပါ ကျလာတော့ ဂိုးရဖို့ပါ ခက် လာတယ်။ ထပ်ပြောရရင် တိုက်စစ် မှူးတစ်ဦးဟာ ရွေ့လျားနေတဲ့ ကစား ကွက်အတွင်း ရောက်သင့်တဲ့နေရာကို ရောက်သင့်တဲ့အချိန်မှာ ရောက်နိုင်ဖို့ သိပ်လိုတယ်။ဒါမှဘောလုံးကို လက်ခံ ရရှိမယ်။ နေရာလွတ်ကိုရပြီး အဆုံး သတ် နိုင်မယ်ဆိုတော့ လျင်မြန်မှုနဲ့ ကြံ့ခိုင်မှု ကျလာတဲ့ ဖော်လန်က အား မကိုးရတဲ့အခါ ဥရုဂွေးတိုက်စစ်မှာ ဆွာရက်ဇ်နဲ့ ကာဗာနီတို့အထဲက တစ်ဦးမှ ပွဲထွက်လို့မရဘူး။ အဲဒါကို ချပြခဲ့တယ်။ အဲဒါကို ဆွေးနွေးခဲ့တာ။

ပြောရရင် ကာဗာနီနဲ့ ဆွာရက်ဇ် မှာတောင် ဆွာရက်ဇ်က အခရာပိုကျ တယ်။ ဆွာရက်ဇ်က စိတ်ဓာတ်၊ ခြေ စွမ်းအရ လက်ရှိအကောင်းဆုံး အချိန်။ ပြီးတော့ အဆုံးသတ်အားမှာ လည်း ကာဗာနီထက်ပိုကောင်းတယ်။ အလိမ်အလှည့်နဲ့ ထိုးဖောက်ရာမှာ လည်း ဆွာရက်ဇ်က ပိုထက်မြက် တယ်။ ခြေစစ်ပွဲတွေတုန်းကလည်း ဆွာရက်ဇ်ပဲ အဓိကဂိုးတွေကို သွင်း ယူပေးခဲ့တာ။ ဒီတော့ ဆွာရက်ဇ်ပွဲ ထွက်ခဲ့ခြင်းဟာ ဥရုဂွေးတိုက်စစ်ရဲ့ အဓိကအားတစ်ခုပွဲထွက်ခဲ့ခြင်းဖြစ် သလို ဥရုဂွေးတိုက်စစ်တစ်ခုလုံးရဲ့ ဟန်ချက်ကိုလည်း ထိထိခိုက်ခိုက်ဖြစ် သွားစေတဲ့သဘော။ ပြောရရင် အဲဒါ ကြောင့်ပဲ ကော်စတာရီကာနဲ့ပွဲမှာ ဥရုဂွေးတို့ ပယ်နယ်တီတစ်ဂိုးပဲရပြီး ရှုံးခဲ့တာ။ အထူးသဖြင့် ဥရုဂွေးပါနေ တဲ့ အုပ်စုက တစ်ချက်အမှားမခံဘူး။

အခုဥရုဂွေးမှားခဲ့တဲ့အမှားက ကြီးကြီး မားမားအမှား။ အုပ်စုတွင် အား အနည်းဆုံးအသင်းကိုရှုံးတာ။ အဲဒီ အတွက် အသေချာဆုံးသုံးမှတ်ကို သူတို့မရခဲ့ဘူး။ လက်ကျန်နှစ်ပွဲမှာက အင်္ဂလန်နဲ့ အီတလီ၊ ဘယ်အသင်း မှ နိုင်မယ်လို့ ယတိပြတ်ပြောမရတဲ့ အသင်းတွေ။ အထူးသဖြင့် အခုတွေ့ ရမယ့် အင်္ဂလန်နဲ့ပွဲမှာ သူတို့နိုင်ဖို့လို ကိုလိုတယ်။ ဒါကို လက်ရှိအခြေအနေ အရ သူတို့ဆောင်ရွက်နိုင်ပါ့မလား။

အထူးသဖြင့် အင်္ဂလန်ကလည်း အီတလီကို ရှုံးခဲ့လို့ ဒီပွဲမှာ မဖြစ်မနေ အနိုင်ရဖို့ ဖွင့်တိုက်မှာသေချာတယ်။ ပြောချင်တဲ့အဓိပ္ပာယ်က အင်္ဂလန် ကလည်း လျှော့တွက်လို့မရဘူး။ အီ တလီကို ရှုံးပေမယ့် ခြေမရှုံးဘူး။ ပြီး တော့ သူတို့မှာ ခြေစွမ်းခြေစရှိသူ တွေပါတယ်။ ဂျရတ်၊ ရွန်နေတို့လို အကောင်းဆုံးကစားသမားတွေပါ တယ်။ ဒါကို သူတို့ဘယ်လိုတုံ့ပြန် မလဲ။ လက်ရှိအခြေအနေအရတော့ ဆွာရက်ဇ် အဲဒီပွဲမှာ ပြန်ပါလာဖို့ ရှိ တယ်။ မသေတော့ မသေချာဘူး။ တကယ်လို့ ပါလာခဲ့ရင်ရော ကြံ့ခိုင်မှု ပြည့်ဝနိုင်ပါ့မလား။ ပြီးတော့ အဲဒီပွဲ နိုင်ရင်တောင် အီတလီနဲ့ပွဲကကျန် သေးတယ်။ ဒီတော့ ဥရုဂွေးရဲ့ တစ် ချက်အမှားက တစ်ချက်ဆိုသလောက် ပြင်းတယ်။ ထိထိမိမိကို ခံရတယ်လို့ ပြောမလား။

အရှင်းဆုံးပြောရရင် ကမ္ဘာ့ ဖလားပွဲမတိုင်ခင်က ဥရုဂွေးတိုက်စစ် နဲ့ပတ်သက်ပြီး သံသယရှိမိကြောင်းကို ချပြမိတော့ တချို့က လက်မခံဘူး။ ဒါပေမယ့် အခု အဲဒီတိုက်စစ်က ပယ်နယ်တီတစ်ဂိုးပဲရပြီး အသင်းက လည်း ရှုံးခဲ့ရပြီဆိုတော့ အဲဒီပွဲမှာ သရေ လောက်ရရင်ပဲ ခံသာမယ့် အနေအထားမှာ ဥရုဂွေးရဲ့ အနာဂတ် ကို အင်္ဂလန်နဲ့ပွဲကပဲ ဆက်ပြီးစောင့် ကြည့်ရမယ်။ ။

အရှုံးကို သင်ခန်းစာယူပြီး ပိုမိုကောင်းမွန်စွာ ကစားမယ်လို့ ဆိုလိုက်တဲ့ ဖာနန်ဒိုဆန်းတို့စ်

ဂရိအသင်းနည်းပြ ဖာနန်ဒိုဆန်း တို့စ်ဟာ ဖိအားတွေနဲ့အတူ ရုန်းကန် နေရပေမယ့် ဂရိအသင်းအနေနဲ့ လာမယ့်ပွဲတွေမှာ ပိုမိုကောင်းမွန်လာ လိမ့်မယ်လို့ ထုတ်ဖော်ပြောဆိုလိုက် ပါတယ်။

ဂရိအသင်းဟာ အဖွင့်ပွဲစဉ်မှာ ကိုလံဘီယာအသင်းကို ၃-၀နဲ့ရှုံးနိမ့်ခဲ့ ပါတယ်။ ဒါကြောင့် လူတိုင်းရဲ့ရင်ထဲ မှာတော့ ၂၀၀၄ယူရိုချန်ပီယံဖြစ်တဲ့ ဂရိအသင်းအနေနဲ့ အုပ်စုအဆင့် ကနေပဲ ထွက်ပြီး စောစောစီးစီး အိမ် ပြန်ရလေမလားဆိုပြီး ထင်ကြေးပေး ပြောဆိုမှုတွေ တောင်ထွက်ပေါ်လာခဲ့ ပါတယ်။

ဒါပေမယ့် ဂရိအသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ်ကတော့ အဲဒီနေ့မှာ အချို့ကစားသမားတွေအနေနဲ့ အကောင်းဆုံး ကစားနိုင်ခဲ့ခြင်းမရှိခဲ့ ကြောင်းနဲ့ လာမယ့် ဂျပန်၊ အိုင်ဗရီ ကို့စ်ပွဲတွေမှာ ယခုထက် ပိုပြီး အကောင်းဆုံးကစားနိုင်ဖို့အတွက် ကစားသမားတွေကို တောင်းဆိုထား ကြောင်းလည်း ပြောဆိုခဲ့ပါတယ်။

ဒါ့အပြင် ဂရိအသင်းနည်းပြ ဖာနန်ဒိုဆန်းတို့စ်က "ပြီးခဲ့တဲ့ပွဲမှာ ရှုံး နိမ့်ခဲ့မှုဟာ ကျွန်တော်တို့အသင်းကို ပိုမိုခက်ခဲမှုတွေ ရှိနေစေခဲ့ပါတယ်။ ရှုံးခဲ့တဲ့အမှားတွေကို သင်ခန်းစာ ယူ တတ်ဖို့ကိုလည်း ကစားသမား တွေကို ပြောထားပါတယ်။ ကျွန်တော်တို့အသင်းဟာ ကောင်းမွန် တဲ့ အခြေအနေတစ်ခုကို ရရှိမယ် ဆိုတာ သေချာပါတယ်။ ကျန်ရှိနေ တဲ့ နှစ်ပွဲမှာအကောင်းဆုံး ကစားနိုင် ဖို့ကိုလည်း ပြင်ဆင်မှုတွေ ပြုလုပ် ထားပါတယ်။ အသင်းအနေနဲ့ အုပ်စု အဆင့်ကနေ ဖြတ်ကျော်နိုင်မယ် လို့လည်း ကစားသမားတွေအနေနဲ့ ယုံကြည်မှုရှိနေပါတယ်" လို့လည်း ပြောဆိုခဲ့ပါတယ်။

ဂရိအသင်းနည်းပြ ဖာနန်ဒိုဆန်း တို့စ်သည် နိုင်ငံအသင်းနည်းပြအနေ ဖြင့် အတွေ့အကြုံရင့်ကျက်ခြင်းသိပ် မရှိပေမယ့် ကလပ်အသင်းပေါင်းများ စွာကို အောင်မြင်စွာကိုင်တွယ်နိုင်ခဲ့ တဲ့ နည်းပြတစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ဂရိအသင်းကို ၂၀၁၀ခုနှစ်မှာ စတင်ကိုင်တွယ်ခဲ့တာဖြစ်ပြီး အသင်း ကို ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင် ဖို့ အကောင်းဆုံးကိုင်တွယ်ပေးနိုင် ခဲ့သူ လည်းဖြစ်ပါတယ်။

■ အောင်က

ဆွာရက်ဇ်ကို ထိန်းချုပ်ရန် အကောင်းဆုံးနည်းလမ်းဆိုတာမရှိဟု လမ်းပတ်ပြောဆို

ဖြိုးဒေါ်လာ

အင်္ဂလန်အသင်း၏ ဝါရင့်ကွင်းလယ်ကစား သမားလမ်းပတ်က ဥရုဂွေးတိုက်စစ်မှူး ဆွာရက်ဇ် ကို ထိန်းချုပ်နိုင်ရန်အတွက် အထူးနည်းလမ်းများ မရှိနိုင်ဟု ပြောဆိုသွားသည်။

ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာသည့် ဆွာရက်ဇ်သည် အင်္ဂလန်နှင့် ကစားရမည့်ပွဲတွင် ပါဝင်လာနိုင်ဖွယ်ရှိနေသည်။

လမ်းပတ်က "ဆွာရက်ဇ်ဟာ ထူးချွန်တဲ့ကစား သမားတစ်ဦးပါ။ နောက်ပြီး သူဟာ ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီက ပရီမီယာလိဂ်ကစားသမားတွေ က ရွေးချယ်သတ်မှတ်ပေးထားတဲ့ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ သူ့အကြောင်းတွေကို သိတယ်ဆို တာက ရိုးရှင်းပါတယ်။ သူ့ကိုထိန်းချုပ်ဖို့ နည်း လမ်းကောင်း မရှိနိုင်ပါဘူး။ ဒီအတွက် မှန်ကန်တဲ့ ပြင်ဆင်မှုလုပ်ဖို့အတွက်ဆို တစ်ယောက်ချင်းစီ ရော အသင်းလိုက်ပါ အကောင်းဆုံးပြင်ဆင်ထား ဖို့လိုပါတယ်။ ထိပ်တန်းအဆင့်မှာရှိနေတဲ့ ကစား သမားတွေဟာ အဆင့်မြင့်တဲ့ပြိုင်ပွဲတွေမှာ အထူး ခြေစွမ်းပြလာနိုင်လို့ ထိန်းချုပ်ဖို့ခက်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အသင်းမှာလည်းအဆင့် ရှိ နောက်တန်းကစားသမား တွေရှိနေတာမို့ ဒါကို ရပ်တန့်နိုင်ဖို့အတွက် ကြိုးစားသွားမှာပါ"ဟု ပြောသွားသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အုပ်စု(D) တွင် ပါဝင် နေသည့် အင်္ဂလန်နှင့် ဥရုဂွေးတို့သည် ပွဲဦးထွက် ပွဲစဉ်များတွင် အရှုံးရလဒ်များဖြင့် ရင်ဆိုင်နေခဲ့ ရသည်။



လာမိုချီ

ကိုလံဘီယာ ပွဲသည် အိုင်ဗရီကို့စ်အတွက် ခက်ခဲသည့်ပွဲဖြစ်လာမည်ဟု နည်းပြ လာမိုချီမှတ်ချက်ပြု

ဖြိုးဒေါ်လာ

အိုင်ဗရီကို့စ်နည်းပြ လာမိုချီက ကိုလံဘီယာနှင့်ကစားရမည့် အုပ်စုဒုတိယပွဲစဉ်သည် ခက်ခဲသည့်ပြိုင်ပွဲဖြစ်လာမည်ဟု ပြောဆိုသွားသည်။

အဖွင့်ပွဲစဉ်တွင် ဂျပန်ကို ၂-၁ ဖြင့် အနိုင်ရရှိထားသည့် အိုင်ဗရီကို့စ်သည် ယခုကိုလံဘီယာနှင့်ပွဲကိုပါ အနိုင်ရရှိခဲ့ပါက ၁၆ သင်းအဆင့်သို့ တက်ရောက်သွားနိုင်မည်ဖြစ်သည်။ သို့သော်လည်း လာမိုချီက ကစားသမားများအနေဖြင့် ကိုလံဘီယာနှင့်ပွဲတွင် ဘောလုံးပိုင်ဆိုင်မှုဖြင့် ပွဲကိုထိန်းချုပ်ကစားသွားရမည်ဖြစ်ကြောင်း ထပ်မံပြောဆိုသွားသည်။

လာမိုချီက "သေချာတာကတော့ ဒီပွဲကို အနိုင်ရနိုင်ဖို့ ဂျပန်နဲ့ပွဲထက် ပိုပြီးအာရုံစိုက်ကစားသွားရမယ်ဆိုတာပါပဲ။ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆက်ပြီးကစားခွင့်ရချင်တယ်ဆိုရင် မှားယွင်းနေတဲ့ နည်းစနစ်ပိုင်းတွေကို ပြင်ဆင်သွားဖို့လိုပါတယ်။ ကျွန်တော်တို့ ဒီပွဲကိုစိတ်ဓာတ်အားနဲ့ကစားသွားရမှာပါ။ နောက်ပြီး ပွဲရဲ့အနေအထားကို ကောင်းကောင်းနားလည်နိုင်ဖို့လည်းလိုပါတယ်"ဟု ပြောသွားသည်။

ထို့အပြင် လာမိုချီက "ကိုလံဘီယာအသင်းဟာ အတွေ့အကြုံရင့်ကစားသမားတွေရှိနေသလို လူငယ်ကစားသမားကောင်းတွေလည်းပါဝင်နေပါတယ်။ နောက်ပြီး တောင်ပံကနေထိုးဖောက်နိုင်တဲ့ အိုင်ဘရာဘိုနဲ့ ကျူဒါဒိုတို့လို ကစားသမားတွေ ရှိနေပါတယ်။ ဒါကြောင့် ကိုလံဘီယာဟာ တိုက်စစ်၊ ခံစစ်နှစ်ခုလုံးနဲ့ ပြည့်စုံနေတဲ့အသင်းပါ။ ကွင်းလယ်ပိုင်းကနေ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားတတ်တဲ့အသင်းမျိုးနဲ့ ကစားရမှာမို့ ကျွန်တော်တို့အတွက် ဂျပန်နဲ့ကစားခဲ့တဲ့ပွဲလိုပဲ ခက်ခဲမှုတွေရှိလာမှာပါ"ဟု ပြောသွားသည်။

ဆက်လက်ပြီး အိုင်ဗရီကို့စ်အသင်းနည်းပြ လာမိုချီက ဝါရင့်တိုက်စစ်မှူး ဒရော့ဘာသည် အိုင်ဗရီကို့စ်နိုင်ငံတွင်သာမကဘဲ အာဖရိကနှင့် ကမ္ဘာတစ်ဝန်း၏စံပြပုဂ္ဂိုလ်ဖြစ်ကြောင်း ချီးကျူးပြောဆိုသွားသည်။

ဘောလုံးပိုင်ဆိုင်မှုဟာ အဓိကကျတယ်လို့ပြောတဲ့ ဂျပန်ကွင်းလယ်တိုက်စစ်မှူး ဟွန်ဒါ

ဂျပန်ကွင်းလယ်တိုက်စစ်မှူး ဟွန်ဒါကတော့ ဂျပန်အသင်းအနေနဲ့ အဖွင့်ပွဲတွင် အိုင်ဗရီကို့စ်အသင်းကို ရှုံးနိမ့်ခဲ့ပေမယ့် လာမယ့်ပွဲတွေမှာ အောင်မြင်မှုရရှိနိုင်ဖို့ဆိုရင် ဘောလုံးပိုင်ဆိုင်မှုကောင်းကောင်းနဲ့ ကစားဖို့လိုအပ်တယ်လို့လည်း ပြောဆိုခဲ့ပါတယ်။

ဂျပန်အသင်းရဲ့ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်ဖြစ်တဲ့ အိုင်ဗရီကို့စ်အသင်းနဲ့ပွဲမှာ ကွင်းလယ်တိုက်စစ်မှူး ဟွန်ဒါဟာ ပွဲချိန် ၁၆မိနစ်မှာ အဖွင့်ဂိုးကိုသွင်းယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒုတိယပိုင်းမှာ တိုက်စစ်မှူး ဒရော့ဘာဝင်ရောက်လာခဲ့တဲ့နောက်ပိုင်း အိုင်ဗရီကို့စ်ရဲ့ တိုက်စစ်အား ပိုမိုအားကောင်းလာခဲ့ပြီး ၆၄မိနစ်နဲ့ ၆၆မိနစ်တို့မှာ ဖရက်ဘိုနီနဲ့ ဂါဗင်ညိုတို့က ချေပဂိုးနဲ့အနိုင်ဂိုးတွေကို သွင်းပေးခဲ့ပြီး ဂျပန်တို့ ၂-၁နဲ့ ရှုံးနိမ့်ခဲ့ပါတယ်။

ဂျပန်အသင်းဟာ ဒုတိယပွဲအနေနဲ့ ကိုလံဘီယာအသင်းကို ရှုံးနိမ့်ခဲ့တဲ့ ဂရိအသင်းနဲ့ ကစားရမှာလည်းဖြစ်ပါတယ်။ ဟွန်ဒါကတော့ ဂျပန်အသင်းရဲ့ပွဲဦးထွက်ပွဲမှာ ရှုံးနိမ့်ခဲ့တာကြောင့် စိတ်ပျက်မိပေမယ့် အသင်းအနေနဲ့ ကိုယ်ပိုင်ကစားကွက်ကို အားကိုးပြီးယှဉ်ပြိုင်မည်ဆိုပါက အုပ်စုအဆင့်တက်နိုင်ဖို့ရှိနေတယ်လို့လည်း ပြောဆိုလိုက်ပါတယ်။

ဂျပန်အသင်းနဲ့အတူ ၅၇ပွဲ ပါဝင်ကစားထားကာ ၂၃ဂိုးသွင်းယူပေးထားတဲ့ ကွင်းလယ်တိုက်စစ်မှူးဟွန်ဒါက" ဘောလုံးပိုင်ဆိုင်မှုဟာ ကျွန်တော်တို့ ရဲ့အဓိကအင်အားလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ဆီ ဘောလုံးရောက်လာတဲ့အခါ ကိုင်တွယ်မှုကောင်းကောင်းနဲ့ ထိန်းချုပ်ထားရမှာဖြစ်ပြီး လွယ်လွယ်ကူကူနဲ့ ထွက်မသွားစေဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့ဆီကနေ ဘောလုံးလွတ်ထွက်သွားတဲ့အခါ ချက်ချင်းလိုက်လုရမှာလည်းဖြစ်ပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အဓိကအယူအဆလည်းဖြစ်ပါတယ်။ ပထမရှုံးနိမ့်ခဲ့တဲ့ပွဲမှာဆိုရင် ကျွန်တော်တို့အသင်းဟာ ဘောလုံးကို ကောင်းကောင်းထိန်းချုပ်ထားနိုင်ခြင်း မရှိခဲ့ပါဘူး။ ဒါဟာ အဓိကစဉ်းစားရမယ့်အချက်လည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း လာမယ့်ပွဲတွေမှာ အနိုင်ကစားဖို့ဆိုရင် ဘောလုံးကို အကောင်းဆုံးထိန်းချုပ်နိုင်ဖို့အတွက် ကြိုးစားရမှာဖြစ်ပါတယ်"လို့လည်း ပြောဆိုခဲ့ပါတယ်။

ဂျပန်ကစားသမားတွေဟာ ပထမပွဲမှာ ရှုံးနိမ့်ခဲ့တာကြောင့် ဖိအားတွေရှိနေပေမယ့် လေ့ကျင့်ရေးကွင်းမှာတော့ တည်တည်ငြိမ်ငြိမ်နဲ့ နေပူဆာလှုံနေတာကိုတောင် တွေ့နိုင်ပါတယ်။ ဒါ့အပြင် ဟွန်ဒါက အသင်းရဲ့ကံဟာ အပြောင်းအလဲရှိနိုင်ကြောင်းနဲ့ အခွင့်အရေးတွေ ရှိနေသေးကြောင်းလည်း ပြောဆိုထားပါတယ်။

ဒါတင်မကပါဘူး၊ ဂျပန်အသင်းနည်းပြ ဇာချိရိုနီကလည်း အသင်းအနေနဲ့ ပထမပွဲမှာ ရှုံးနိမ့်ခဲ့ပေမယ့် လာမယ့်ပွဲတွေမှာ အကောင်းဆုံးအနိုင်ရရှိအောင် ကိုင်တွယ်သွားမယ်လို့လည်း ပြောဆိုခဲ့ပါတယ်။

ဂျပန်အသင်းဟာ ပြီးခဲ့တဲ့ တောင်အာဖရိကကမ္ဘာ့ဖလားမှာတော့ အုပ်စုအဆင့်ကိုဖြတ်ကျော်နိုင်ခဲ့ပြီး ၁၆သင်း အဆင့်မှာတော့ ပါရာဂွေးအသင်းကို ပယ်နယ်တီအဆုံးအဖြတ်နဲ့ရှုံးနိမ့်ခဲ့တာလည်းဖြစ်ပါတယ်။

အောင်က

ဂျပန်ကွင်းလယ်တိုက်စစ်မှူး ဟွန်ဒါ

စမ်းချောင်းမြို့နယ်ရှိ တိုက်ခန်းရောင်းမည်

ပေ(၁၅×၅၅)၊ အခန်း နှစ်ခန်း၊ Aircon နှစ်လုံး၊ ကျွန်းပါကေးခင်း၊ ရေချိုးခန်း၊ အိမ်သာ၊ ကြွေပြားကပ်၊ ဘိုထိုင်၊ ရှေ့နောက်ဝရန်တာပါ Sunshade ပါ

မှတ်ချက်-ကားနှင့်လဲမည်

ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၀၀၄၆၅၂၁၊ ၀၉-၄၂၀၇၇၃၇၇၄

သာသနာရေးဝန်ကြီးဌာန
အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာသနာပြုတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ဌာနမှူး (စီမံ/ဘဏ္ဍာ)နေအိမ် (၃၀'×၅၀') (၁)ထပ် R.C.C(၁)လုံး

(ခ) သင်ကြား/စာချ ဆရာတော်များ သီတင်းသုံးရန်အတွက် (၄၀'×၁၁၀') (၃)ထပ်တွင် အိပ်ခန်း (၂၄)ခန်းနှင့် ဆွမ်းစားခန်း Hall တစ်ခုအပါအဝင် R.C.C(၁)လုံး

တင်ဒါပုံစံရောင်းချမည့်ရက်နှင့်နေရာ -၁၉-၆-၂၀၁၄ရက်မှ ၃၀-၆-၂၀၁၄ရက်အထိ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓဘာသာသနာပြုတက္ကသိုလ်

တင်ဒါပုံစံတင်သွင်းရမည့်ရက် -၃-၇-၂၀၁၄ရက် ၉း၀၀ နာရီမှ ၁၂း၀၀နာရီအထိ

တင်ဒါဖွင့်မည့်နေရာ -သာသနာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃၁)၊ နေပြည်တော်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဖုန်း-၀၁-၆၅၀၇၀၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်

KME ENGINEERING CO.,LTD

TELECOMMUNICATION TOWER

- Fabrication
- Hot Dipped Galvanizing
- Zinc Plating
- Galvanizing Spray
- Foundation & Erection

Ph: 01 709747, 098650518, 0973026732

No.8, Parami Road, 10 Ward, Mayangone Tsp.

QC သင်တန်း ဆရာအလိုရှိသည်

1. QC သင်တန်းဆရာ (သို့) QC Engineer (BE/B-Tech/GTI- Civil)

-QA/QC နှင့်ပတ်သက်ပြီး လုံလောက်သောအသိပညာရှိ၍ သင်တန်းပို့ချနိုင်သူဖြစ်ရမည်။

နယ်တွင် သွားရောက်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

လစာကောင်းကောင်းပေးမည်။

E-mail ဖြင့်လည်းလျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်-မနောဧရာဆောက်လုပ်ရေးကုမ္ပဏီ

အခန်း (ပ-၂၂)၊ ပွဲရုံတန်း၊ မြို့မဈေး၊ နေပြည်တော် ဖုန်း-၀၉-၅၁၇၂၄၄၁၊ ၀၉-၄၃၁၇၆၄၆၂၊ ၀၉-၄၀၀၅၂၂၆၉၁

E-mail -manawayer@gmail.com

လျှောက်လွှာပိတ်ရက် (၇-၇-၂၀၁၄)

CHIEF ENGINEER အလိုရှိသည်

- ကျွန်တော်များကုမ္ပဏီနှင့် အတူတကွ လက်တွဲဆောင်ရွက်ရန်အတွက် Chief Engineer တစ်ဦးအလိုရှိသည်။
  ကုမ္ပဏီ၏ အင်ဂျင်နီယာဆိုင်ရာ ကိစ္စရပ်များအား တာဝန်ယူဆောင်ရွက်နိုင်သူဖြစ်ရမည်။
  ကုမ္ပဏီရှိ အင်ဂျင်နီယာဌာနအား စီမံအုပ်ချုပ်နိုင်သူဖြစ်ရမည်။
- ဘွဲ့၊ သင်တန်းများ၊ အတွေ့အကြုံနှင့် တာဝန်ယူနိုင်မှုအပေါ်မူတည်၍ လစာအား ၈ သိန်းနှင့် သိန်း ၂၀ ကြားညှိနှိုင်းသတ်မှတ်ပေးမည်။
- နေ၊ စား စီစဉ်ပေးမည်။
  နယ်တွင်သွားရောက်လုပ်ကိုင်နိုင်သူဖြစ်ရမည်။
  E-mail ဖြင့်လည်းလျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် -မနောဧရာဆောက်လုပ်ရေးကုမ္ပဏီ

အခန်း ပ-၂၂၊ ပွဲရုံတန်း၊ မြို့မဈေး၊ နေပြည်တော်၊ ဖုန်း-၀၉-၅၁၇၂၄၄၁၊ ၀၉-၄၃၁၇၆၄၆၂၊ ၀၉-၄၀၀၅၂၂၆၉၁၊ Email-manawayer@gmail.com

လျှောက်လွှာပိတ်ရက် ၇-၇-၂၀၁၄ရက်

ဝန်ထမ်းအလိုရှိသည်

1. PROJECT ENGINEER (ME/BE-Civil) ကျား/မ ၃ ဦး
   - Auto CAD, MS Excel, Internet & Email သုံးတတ်ရမည်။
   - BQ, Structure များတွက်ချက်နိုင်ရမည်။
2. SITE ENGINEER (BE/B.Tech/GTI-Civil) ကျား/မ ၃ ဦး
   - Auto CAD, MS Excel, Internet & E-mail သုံးတတ်ရမည်။
3. JUNIOR ENGINEER (GTI/AGTI/B.Tech-Civil) ကျား/မ ၃ ဦး
   - အတွေ့အကြုံရှိရန်မလို။
4. QS ENGINEER (BE/B-Tech/GTI-Civil) ကျား/မ ၃ ဦး
   - QS သင်တန်းဆင်းပြီးသူဖြစ်ရမည်။
5. DRAFT PERSON(Any Graduate) ကျား/မ ၂ ဦး
   - Auto CAD/ Sketchup/ 3D Max တစ်မျိုးမျိုးကို ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
6. CHIEF ACCOUNT (B.com/LCCI Level III/ACCA) ကျား/မ ၁ ဦး
   - Computerised Accounting System အသုံးပြုနိုင်သူဖြစ်ရမည်။
   - အသက် ၃၀နှင့်အထက်ဖြစ်ရမည်။
7. ကန်ထရိုက်တာများ (ပန်းရံ၊ လက်သမား၊ သံချည်/ကွေး၊ ရေ၊ မီး၊ ဆေး)

အထက်ပါရာထူးများအားလုံးသည် နယ်တွင်သွားရောက်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

လစာကောင်းကောင်းပေးမည်။

E-mail ဖြင့်လည်းလျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် -မနောဧရာဆောက်လုပ်ရေးကုမ္ပဏီ

အခန်း ပ-၂၂၊ ပွဲရုံတန်း၊ မြို့မဈေး၊ နေပြည်တော်၊ ဖုန်း-၀၉-၅၁၇၂၄၄၁၊ ၀၉-၄၃၁၇၆၄၆၂၊ ၀၉-၄၀၀၅၂၂၆၉၁၊ Email-manawayer@gmail.com

လျှောက်လွှာပိတ်ရက် ၇-၇-၂၀၁၄ရက်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊လူနေရပ်ကွက်အမှတ်(၄)၊ ဒေါ်နွဲ့နွဲ့ရီ အမည်ပေါက် မြေကွက်အမှတ် ၇၀၃-A-က၊ အကျယ်အဝန်းပေ(၂၀×၆၀) မြေကွက်နှင့် ဦးချစ်လှအမည်ပေါက် မြေကွက်အမှတ် ၇၀၃-A-ခ၊ အကျယ်အဝန်းပေ(၂၀×၆၀) မြေကွက် နှစ်ကွက်တွဲအား ဦးဘုန်းမြင့်ကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။

ဦးစန်းဝင်း
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၂၉)
 # 07-Pansodan Office Tower
အမှတ် ၁၈၉-၁၉၅၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၈၂၈၆၄

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် CC/7101၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ် ကျောင်းစုကျေးရွာနေ ဦးမြင့်သိန်း၏သမီး မအေးစုမွန်နှင့် မအေးဆုမွန် ၁၄/ကလန(နိုင်)၁၃၄၃၀၀သည် အမည်ကွဲလွဲသော်လည်း တစ်ဦးတည်းဖြစ်ပါကြောင်း။

မအေးစုမွန်(ခ)မအေးဆုမွန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7B/1986 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂၊ မြေကွက်အမှတ် ၁၄၂ကို မူလအမည်ပေါက် ဗိုလ်မှူးမောင်မြင့်ကိုယ်စား ဒေါ်လှလှရီမှ မြေပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် မြေချပါမစ်(အိမ်ရာဆောက်လုပ်ခွင့်၊ မီးခိုသူစာရင်း)ထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

မြေယာရုံးခွဲ(၅)
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော

၁။ Capt. သန့်ဇော်-ဒုဗိုလ်မှူးကြီး ဒေါ်တင်မိုးသန်းတို့၏သား မောင်မင်းသန့် (ဆကရ-၅၀၄) ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူး

၂။ ဒေါက်တာမောင်မောင်ကျော်-ဒေါ်မြမူယာတို့၏သား မောင်ညီထွန်းစံ(ဆဒဂ-၅၀) ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူး

၃။ ဒေါက်တာလှဟန်-ဒေါ်လွင်လွင်မာတို့၏သမီး မသင်းသင်းဟန် (ဆစခ-၁၉၅) ခြောက်ဘာသာ (ဘာသာစုံ)ဂုဏ်ထူး

၄။ ဒေါက်တာဝင်းမြင့်-ဒေါက်တာမြင့်မြင့်သန်းတို့၏သား မောင်လှထူး (ဆဒဂ-၁၂၆) ငါးဘာသာဂုဏ်ထူး

၅။ (ဒေါက်တာကိုကိုနိုင်)-ဒေါ်လှိုင်ယဉ်တို့၏သမီး မအဥ္ဆလီနိုင် (ဆဒဂ-၂၆၂) ငါးဘာသာဂုဏ်ထူး

၆။ ဒေါက်တာရဲလွင်-ဒေါ်တင်တင်ဝင်းတို့၏သား မောင်အာကာမိုးမြင့်(ဆသက-၉၅၄) လေးဘာသာဂုဏ်ထူး

၇။ ဒေါက်တာငွေးကွန်း-ဒေါ်သီတာဝေါ်တို့၏သား မောင်ငွေးနိုင်ထက် (ဆဒဂ-၁၅၂) သုံးဘာသာဂုဏ်ထူး

တို့အတွက် သူငယ်ချင်းတို့ မိသားစုနှင့်ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

15th Batch B.D.S. မှ သူငယ်ချင်းများ

နှစ်ပတ်လည်ညီလာခံဖိတ်ကြားခြင်း

အမျိုး ဘာသာ သာသနာ စောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ နှစ်ပတ်လည်ညီလာခံနှင့် ဩဝါဒခံယူပွဲ အခမ်းအနားကြီးကို မင်းစိန်မြို့နယ်၊ အောင်ဆန်းတောရတောင်ဦးကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်ပါသည်။ မြို့နယ်၊ တိုင်းဒေသကြီး အသီးသီးမှ မဟာသဆရာတော်များ၊ အမျိုးဘာသာ သာသနာကို စိတ်ပါဝင်စားသူ ဆရာတော် သံဃာတော်များ၊ လူပုဂ္ဂိုလ်များ၊ ပရဟိတအသင်းအဖွဲ့များ၊ ဆရာကြီး/ဆရာမလေးများ မည်သူမဆို တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

ပင့်စာ/ဖိတ်စာ မရောက်ပါကလည်း ကြွရောက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

ကျင်းပမည့်ရက် ။ ။ ၂၀-၆-၂၀၁၄ ရက်မှ ၂၂-၆-၂၀၁၄ ရက်အထိ

ကျင်းပမည့်အချိန် ။ ။ နံနက် ၈ နာရီ

ဦးဆောင်ကျင်းပရေးကော်မတီ
နှစ်ပတ်လည်ညီလာခံကျင်းပရေးအဖွဲ့
အမျိုး ဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)

တစ်ဦးတည်း ဖြစ်ပါကြောင်း

လှိုင်းဘွဲမြို့နယ်၊ တဝန်ဖန်ရကျေးရွာအုပ်စု၊ ကော့လံစုရွာနေ နန်းပိမူး(ခ)နန်းပစ်မူး ၃/လဘန(နိုင်)၀၆၇၈၅၉၏ ဖခင်အမည်မှာ ဦးဖိုးမိ(ခ)ဦးဖိုးမို(ခ)ဦးထိုးမိ (ကွယ်လွန်) သည် အမည်အမျိုးမျိုးခေါ်ဆိုသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းသာ ဖြစ်ပါသည်။

တစ်ဦးတည်း ဖြစ်ပါကြောင်း

လှိုင်းဘွဲမြို့နယ်၊ တဝန်ဖန်ရကျေးရွာအုပ်စု၊ ကော့လံစုရွာနေ ဦးဖိုးမိ၏သမီး ၃/လဘန(နိုင်)၀၆၇၈၅၉၏ အမည်မှာ နန်းပိမူး(ခ)နန်းပစ်မူးသည် အမည်နှစ်မျိုးခေါ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းသာ ဖြစ်ပါသည်။

ကျေးဇူးဥပကာရ အထူးတင်ရှိခြင်း

၂၀၁၄ ခုနှစ်၊ ဇွန်လ(၁၄)ရက်နေ့နှင့် (၁၅)ရက်နေ့တွင် ၄၄-အေ၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့သော

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 RESIDENCE SALES GALLERY

စတင်ဖွင့်လှစ်ခြင်း၊ အဆင့်မြင့်အိမ်ယာစီမံကိန်း စတင်ရောင်းချခြင်းနှင့် ကံထူးရှင်များ ရွေးချယ်ပွဲ အခမ်းအနားတွင် 68 RESIDENCE SALES GALLERY ဆိုင်းဘုတ်ကို တက်ရောက်နိုင်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပါသော ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ 68 RESIDENCE SALES MODEL များအား တက်ရောက်နိုင်၍ ဖွင့်လှစ်ပေးပါသော အနုပညာ ညီအစ်ကို မောင်နှမများ၊ တခဲနက် ကြွရောက် ချီးမြှင့် အားပေးခဲ့ကြပါသော ဧည့်သည်တော်ကြီးများအားလုံးကို ရွှေနန်းတော် စိန်ရွှေရတနာ မိသားစုကြီးမှ အထူးပင် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း....

UNITED GP DEVELOPMENT CO., LTD မိသားစု

SHOWROOM :44/A, SAYAR SAN ROAD,
BAHAN TOWNSHIP, YANGON, MYANMAR.
09 4202 88025, 09 4253 10993, 09 730 40513,
09 4500 21758, 09 540 7541, 09 2501 41060

DAILY OPENING HOURS
9:30AM - 7:00PM EVERYDAY

MCC.i
Microsoft

မြန်မာနိုင်ငံ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုံးနှစ်အတွင်း
မြန်မာလူငယ် (100,000) လုပ်ငန်းခွင်အသင့်ဝင်နိုင်မည့် နည်းပညာ
ကျွမ်းကျင်မှုများကို MCC နှင့် Microsoft တို့
ပူးပေါင်းသင်ကြားပေးတော့မည်။

B.Sc (Hons) Business IT

(အင်္ဂလန်နိုင်ငံ University of Greenwich မှ ချီးမြှင့်မည့် ကွန်ပျူတာဘွဲ့ဝတ်စုံ)

Academic

- *Year(1) - Level (4) Diploma in Computing*
- *Year(2) - Level (5) Diploma in Computing*
- *Year(3) - B.Sc (Hons) Business IT*

Microsoft Skills

- *MCSA (Microsoft Certified Solutions Associate)*
- *MCSD (Microsoft Certified Solutions Developer)*
- *MCSE (Microsoft Certified Solutions Expert)*

သင်တန်းဖွင့်မည့်ရက် – June 23 *(Hot Line - 246634, 2304156)*

Open House (ပညာရေးဆွေးနွေးပွဲများကို (June 20, 21) နေ့များတွင်အောက်ပါ Campus များရှိနေရာများ၌ အသေးစိတ်လာရောက်ဆွေးနွေးနိုင်ပါသည်။

MCC.i (Yangon Campus) Ph - 01-245762, 249152, 395512
- June (20) (12:00 am to 1:00 pm) the 2nd education & Career 2014 Exhibition (Seminar Area)
June (21) (9:00 am to 5:00 pm) Building (8) Junction Square (Yangon)

MCC.i (Mandalay Campus)
Ph - 02-77930, 09-91034062, 09-402671562
- June (20-21) (9:00 am to 5:00 pm)
Yatanarpon Super Centre, Ground Floor. Mandalay

MCC.i (Naypyitaw Campus) Ph - 09-31354842, 09-254148940
- June (20-21) (9:00 am to 5:00 pm)
MCC Capacity Center Extension-3, Junction Centre (Naypyitaw)

MCC.i (Yatanarpon Campus) Ph - 02-5178112, 02-5178113, 02-5178132
- June (20) (9:00 am to 5:00 pm) MCC (Pyin Oo Lwin Center), (192) Padauk Street, Block (6) Pyin Oo Lwin.
- June (21) (9:00 am to 5:00 pm) Incubation Center Building (3), Yatanarpon Cyber City